# ပပယဒ္ဒါပေါ်

သဲမြညာ

# မမသဒ္ဒါမောင်

## သဲမြည္ဟာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၂၇၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၈၀၂၀၈

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၈၊ ဇွန်လ။

ထုတ်ဝေသူ - ဦးအေးလွင် (ဝ၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (ဝ၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်


## အခန်း ( ၁ )

သူမ ဈေးမှပြန်လာတော့ လှေကားဝမှာ ပိတ်နေသည့် သံသေတ္တာများ၊ စက္ကူပုံးများ၊ စာအုပ်ထုပ်များ၊ ပန်ကာ၊ ထမင်းပေါင်းအိုး စသည့်တိုလီမိုလီပစ္စည်းများကြောင့် လှေကားပေါ် တက်မရဘဲ စိတ်တိုသွားရ၏။ စောစောစီးစီး အကုသိုလ် ဝင်တယ်ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။ လက်ထဲမှာ သယ်လာသည့် ဈေးခြင်းတောင်းကဲ အတော်လေးနေသည်မို့ သံမံတလင်းပေါ် ချလိုက်ရသည်။ ဘယ်ဘက်လက်ဖြင့် ဆွဲလာရသည့် ကျွတ်ကျွတ်အိတ်ကိုတော့ ချ၍မရပေ။ လှေကားမှ မျက်မှန်ထူထူ တပ်ထားသည့် လူတစ်ယောက် ဆင်းလာပြီး ပေါင်းအိုးနှင့် ပန်ကာကို မ,ယူလိုက်သဖြင့် သူမ ပြောလိုက်ရ၏။

"ဒီမှာ. . . ရှင်တို့ အိမ်ပြောင်းလာတာဆိုရင်လည်း လမ်းပေါက် ဖွင့်ထားပြီးမှ သယ်ကြပေါ့။ ဘယ့်နှယ့်. . . ဒီလိုကြီး လမ်းပေါက် ပိတ်ထားတော့ အပေါ်ကို ဘယ်လိုတက်ရမှာလဲ"

ထိုလူက ဘာမှပြန်မပြောဘဲ သူမကို အငေးသား ကြည့်နေသဖြင့် ဒေါသက ဆောင့်ထွက်လာ၏။ ကြည့်စမ်း. . . လူကို ခြေဆုံးခေါင်းဆုံး ကြည့်နေလိုက်တာများ မျက်စိကျွတ်ကျတော့မလား ထင်ရသည်။

"ဒီမှာ. . . ကျွန်မပြောနေတာ ကြားရဲ့လား။ ရှင့်နားတော့ မလေးပါဘူးနော်"

"ဘာဖြစ်နေတာလဲ. . . ညာဏ်ကြီး"

တစ်ယောက်တောင် ပြော၍မပြီးသေး၊ နောက်ထပ် ခပ်သန့်သန့်လူတစ်ယောက် ထပ်ဆင်းလာပြန်သည်။

"ဘာဖြစ်ရမှာလဲ. . .။ ဒီမှာ ရှင်တို့ပစ္စည်းတွေနဲ့ လမ်းပေါက် ပိတ်နေတာ။ အပေါ်ကို ဘယ်လိုတက်လို့ရမှာလဲ။ နည်းနည်းပါးပါး စဉ်းစားပြီး လုပ်မှပေါ့။ ကိုယ့်ကြောင့်. . . သူတစ်ပါး အနှောင့်အယှက်ဖြစ်မှာကို နည်းနည်းလေးမှ မတွေးတတ်ဘူးလား"

"လမ်းပေါက် ပိတ်နေရင် ဖယ်ပေးပါလို့. . . ယဉ်ယဉ်ကျေးကျေး ပြောလည်းရပါတယ်ဗျ။ ဒီလောက်လေးနဲ့ ဒေါသထွက်စရာ မလိုပါဘူး"

"လမ်းပေါက်ပိတ်တာက စိတ်တိုရုံသက်သက်ပဲ။ ရှင့်လူ





က လူကို သဲမဲပြီးကြည့်တာကမှ ဒေါသဖြစ်လာရတာ။ ဘယ့်နှယ့်လူကို မမြင်ဖူးတာ ကျနေတာပဲ။ ပြူးပြဲကြည့်နေပြီး ပြောနေတာကိုဖြင့် လုပ်ပေးမယ် မပြင်ဘူး"

"ဟာ. . . ခင်ဗျား ပြေပြေလည်လည် ပြောနေတဲ့ကြားက ဗွာနေလိုက်တာ။ လူပဲဗျ. . . မျက်စိပါလို့ ကြည့်တာပဲ။ ခင်ဗျား အသား ပွဲပါသွားတာမှ မဟုတ်ဘဲ. . . ဖြစ်နေလိုက်တာ။ ခင်ဗျား ချပ်က တော်တော်ချောနေလို့ မာန်ဝင့်နေတာလား"

"ကြည့်စမ်း. . . ရှင်. . . ရှင်နော်. . . လူပါးဝလှချည်လား။ သူတို့ဘက်ကလည်း လွန်သေးတယ်။ လူကိုလည်း မချေမငံဆက်ဆံလို့။ ဖယ်ပေး. . . မြန်မြန်. . . အချိန်မရှိဘူး"

"ဖြည်းဖြည်းပေါ့ဗျ. . . ဒီမှာ အကြိမ်ကြိမ် သယ်နေရလို့ အမောဖြေရမလား မှတ်တယ်။ စောစောစီးစီး ငှက်ဆိုးထိုးသံကကြားရပြီ"

"ဘာရှင့်"

"ညာ. . . ဘာဖြစ်လို့လဲ"

"ဒီမှာလေ. . . လမ်းဖယ်ခိုင်းနေတာကို မဖယ်ပေးဘဲနဲ့ ရန်ပြန်တွေ့နေတာ. . . မိန်းမကျနေတာပဲ"

"ဟာ. . . ခင်ဗျား အပြောရင့်လို့ ပြောနေတာပဲဟာ"

"ကဲ. . . တော်ကြပါတော့ရှင်၊ ညာလည်း တော်တော့။ ရှင်တို့လည်း ဒီသေတ္တာတွေပေါ် ဟိုစာအုပ်ထုပ်တွေ၊ စက္ကူပုံးတွေ ထပ်တင်ပြီး ဘေးကပ်ပေးပါ. . . ဒါဆို လူသွားလို့ရပြီပဲ"

သူနှင့် ညဏ်ကြီးက နောက်ထပ် ရောက်လာသည့် ကောင်မလေးပြောသည့်အတိုင်း ရွှေ့ပေးလိုက်ကြသည်။ စွာတေးမက ဈေးခြင်းတောင်းကို မ၍ လေ့ကားထစ်တို့ကို ခြေဆောင့်နင်းပြီး သူတို့ကို မျက်စောင်းတစ်ချက်ထိုးကာ ရှေ့မှတက်သွားတော့၏။ ကျားပါးစပ်ကလစ် ညှပ်ထားသည့်ကြားမှ ခေါက်တင်ထားသည့် ဆံပင်တို့က ဟိုတစ်ချောင်း ဒီတစ်ချောင်း ထိုးထွက်ကျနေကာ၊ လမ်းလျှောက်လိုက်တိုင်း လှုပ်စိလှုပ်စိလေးဖြင့် ကပိုကယိုလေး ဖြစ်နေသည်။ ဒီဘက်ခေတ်မှာ မမြင်ရတော့သည့် Style ဖြင့် ထဘီကို ခြေသလုံးတစ်ဝက်ပေါ်အောင် ခပ်တိုတို ဝတ်ထား၏။ ညဏ်ကြီးကြည့်မိတာလည်း မပြောနှင့်။ စွာတေးမ အသားဖြူဝင်းနေပုံက ခြေသလုံးသား ဝင်းဝင်းလေးကအစ ကြည့်၍လှနေသည်ကိုး. . .။

အနောက်မှ တက်သွားသည့် အသားညိုညက်ညက်နှင့် လုံးကြီးပေါက်လှကောင်မလေးက လက်ထဲမှာ ဘုရားပန်းကပ်ဖို့ ထင့်။ ပန်းစည်းကြီး ပိုက်၍ တစ်ဖက်မှ ကျွတ်ကျွတ်အိတ်တစ်လုံး ဆွဲလျက် လိုက်တက်သွားတော့သည်။ မည်းနက် တောက်ပြောင်သည့်ဆံပင်များကို အရှည်ကြီး ကျစ်ထားသည်မှာ တင်ပါးပင် ကျော်နေ၏။

ဝဏ္ဏနှင့် ကျော်စွာက ဆိုင်ထဲသို့ ပစ္စည်းတွေ တစ်ခါတည်း ထည့်စီနေသဖြင့် တိုက်ခန်းမှာ ပြင်ဆင်ဖို့ တာဝန်ကို သူနှင့် ညဏ်ထူးသာ တာဝန်ယူလိုက်ရ၏။ နေစရာတိုက်ခန်းကို အပိုင်ဝယ်ပြီး ဆိုင်ခန်းကို တစ်ဖက်တိုက်ရှိ မြေညီထပ်မှာဖွင့်ရန် စီစဉ်ထားပြီးပြီ။

တိုက်ခန်းတွဲကိုယ်စီမှာ အပေါ် လေးခန်း၊ အောက် လေးခန်းစီ ရှိပြီး၊ အရှေ့ဘက်မှာ ကော်ရစ်တာရှိ၍ အနောက်ဘက်မှာ ဝရံတာလေးတွေ ထုတ်ထား၏။ အောက်ထပ်မှာ ဆိုင်ခန်းတွေ ဖွင့်ထားပြီးနှင့်ပြီမို့ သူ ဖွင့်ရမည့်ဆိုင်ကို ရှေ့တိုက်အောက်ခန်းမှာသာ ငှား၍ရတော့သည်။

သူက လျှပ်စစ်ပစ္စည်း ရောင်းရန်၊ ပြင်ရန် စီစဉ်ထားပြီး ညဏ်ထူးက စာအုပ်အရောင်းဆိုင်လေး ဖွင့်ချင်၏။ ဝဏ္ဏက မိတ္တူဆိုင် ဖွင့်ချင်တာမို့ တိုက်ခန်းရှည်ရှည်မှာ စနစ်တကျစီမံပြီး ဖွင့်ရန် စီစဉ်ထားသည်။ ဒီတစ်ပတ်အတွင်း နေသားကျသည်နှင့် သူတို့ဆိုင်လေးကို စဖွင့်ရန်၊ ဆိုင်းဘုတ်လည်း အပ်ထားနှင့်ပြီးပြီ။ ကျော်စွာကတော့ ကွန်ပျူတာအရောင်းဌာနမှာမို့ သူတို့ကို OFF ရက်မှသာ ဝိုင်းကူပေးနိုင်မည်ဖြစ်၏။

တိုက်အပေါ်ထပ် ဘယ်ဘက်ထောင့်ခန်းလေး ရသည်မို့ နားအေးပါးအေးနှင့် လွတ်လွတ်လပ်လပ်လေး နေခွင့်ရမှာမို့ သူတို့လေးဦးသား ကျေနပ်နေကြ၏။ မိဘများက နယ်မှာနေကြသည်မို့ ရန်ကုန်မှာ အဆောင်နေပြီး ကျောင်းလာတက်ကြရာမှ လေးဦးသား ဆုံစည်းခဲ့ကြတာဖြစ်သည်။ ကျောင်းပြီးတော့ အလုပ်လုပ်ရန် တိုင်ပင်ကြရာ လခစားဝန်ထမ်းအလုပ်ကို ဝါသနာမပါသည့် သူတို့သုံးယောက်က ကိုယ်ဝါသနာပါသည့် လုပ်ငန်းကို လုပ်ရန်ပြင်ဆင်နေစဉ် ကျော်စွာက ကုမ္ပဏီဝန်ထမ်းအလုပ်ကို ရသွားလေ၏။

စက္ကူပုံးနှစ်ပုံးကို ဆင့်ထမ်းပြီး အပေါ်ကိုတက်ခဲ့စဉ် လှေ

ကား ခပ်ကျဉ်းကျဉ်းမှာ နှုတ်ခမ်းနီရဲရဲလေး ဆိုးထားသည့် ဆံပင်ကောက်ကောက် ကောင်မလေးနှင့် ဆုံပါလေ၏။ ဟိုဘက်ရှောင်၊ ဒီဘက်ရှောင်နှင့် တိုက်ဆိုင်နေသည်မို့ ကောင်မလေး၏ နှုတ်ခမ်းလှလှလေး စူသွားတော့သည်။

"အို. . . ဘယ်လိုလဲ"

"ကျွန်တော်က. . . အလေးအပင်ကြီးနဲ့ တက်လာတာဗျ။ ခင်ဗျား နည်းနည်းလောက် စောင်းပေးပေါ့"

"ကျွတ်. . . ရုံးနောက်ကျတော့မှာပဲ. . . ကဲ. . . ကဲ၊ ရှင်အရင်တက်လိုက်"

သူက ဘေးကပ်ပေးလိုက်သည့် ကောင်မလေးအနားမှ ဖြတ်တက်လိုက်စဉ် ရေမွှေးနံ့သင်းသင်းလေးကို ရှူရှိုက်လိုက်ရ၍ ပြုံးလိုက်မိသည်။ တော်တော့် အမွှေးနံ့သာနှင့် အလှကြိုက်သည့် ကောင်မလေး. . .။ အဝတ်အစားကို နီနီရဲရဲလေး ဝတ်ထားပြီး ဆံပင်မှာရော၊ လက်တွေခြေထောက်တွေမှာပါ Fency ပစ္စည်းဘုစုခရုလေးတွေ တို့လို့တန်းလန်းနှင့် မျက်စိနောက်ချင်စရာ။ လွယ်ထားသည့် ကျောပိုးအိတ် သျှားညိုရောင်လေးမှာလည်း ခေါင်းလောင်းလေးတွေရော၊ ခြူသီးလေးတွေပါ တချွင်ချွင်နှင့် သူမ လမ်းလျှောက်ရာမှ ထွက်ပေါ်နေသည်။

လှေကားဘေးဘက်အခန်းကို ဖြတ်ကျော်စဉ် ပွင့်နေသည့် တံခါးပေါက်ကို လာပိတ်သည့် စွာတေးမမျက်နှာကို မြင်လိုက်ရ၍ သူ မျက်နှာကို တည်လိုက်၏။ စွာတေးမက သူ့ကို မျက်စောင်းထိုး





လိုက်ပြီး တံခါးကို ဒုန်းခနဲ အသံမြည်အောင် ပိတ်လိုက်ပါသည်။ ခြော်. . . ကြုံပဲကြုံတတ်လွန်းပါ၏။ မကြည်လင်သည့် မျက်နှာနှင့် မှ ဘေးချင်းကပ်အခန်းမှာ နေရတယ်လို့။

"ညာရေ. . . ငါသွားတော့မယ်။ တစ်အောင့်နေ. . .၊ သဥ္ဇာ ပြန်လာတော့ နင့်ကို ဝိုင်းကူချက်ပေးလိမ့်မယ်နော်"

"မထင်ပါဘူး ရင်ရင်ရယ်. . .။ သူပြန်လာတာနဲ့ အိပ်ရေးပျက်လို့ မောလိုက်တာ ညာရယ်ဆိုပြီး မိန်းမက တစ်ရေးပြန်နှပ်ဦးမှာပဲ။ ရတယ်. . . ကိုယ့်ဟာကိုယ်ပဲ လုပ်လိုက်ပါ့မယ်. . .။ သွားမှာသာသွားပါ"

"ငါက နင် ပင်ပန်းမှာစိုးလို့ပါဟယ်. . .။ ဒီမနက်မှ ဈေးချိုချိုနဲ့ပစ္စည်းတွေ အများကြီး ဝယ်လာမိတာကိုး"

"ရပါတယ် ရင်ရင်ရယ်. . .။ ညာက ညနေမှ ထွက်ရမှာပဲ။ သွားသွား. . . ဇာခါးတော့ စေ့ခဲ့ဦးနော်"

"အေးပါ. . ."

ရင်ရင် လှေကားမှ ဆင်းလိုက်တော့ ခုနက မျက်မှန်ထူထူနှင့်လူက သံသေတ္တာထမ်းပြီး တက်လာ၍ ဘေးကပ်ရပ်လိုက်ပါသည်။ အကြည့်ချင်း ဆုံသွားချိန်မှာ ရင်ရင် ပြုံးပြလိုက်သဖြင့် ထိုလူက အူကြောင်ကြောင်နှင့် ပြန်ပြုံးပြလိုက်ပါ၏။

ဝယ်လာသည့် အသီးအရွက်၊ အသားငါးတို့ကို စားပွဲအပုလေးအပေါ် စီချလိုက်၏။ ရေခဲသေတ္တာလေးကိုဖွင့်၍ ကြက်ဥ၊ ဘဲဥတို့ကို စီ၍ ထည့်ထားလိုက်ပါသည်။ ဆီသွတ်ဘူးများနှင့် ပန်း

သီး၊ စပျစ်သီးတို့ကို ထပ်မံထည့်လိုက်ပြီး တံခါးကို ပိတ်လိုက်၏။ ဝက်သားကို အနေတော် အတုံးလေးများ တုံးကာ ချင်း၊ ကြက်သွန်ဖြူထောင်း၍ လုံးလိုက်ပြီး ပြုတ်ကြော်အိုး အရင်ဆုံး တည်ထားလိုက်ပါသည်။ ငါးသလောက်ကို ခုတ်ထစ်၍ နနွင်း၊ ဆား၊ ဟင်းချိုမှုန့်တို့ဖြင့် နယ်ကာ ခရမ်းချဉ်သီး၊ နံနံပင်နှင့်ချက်ရန် စီစဉ်၏။ ကန်စွန်းရွက်ကြော်နှင့် တွဲစားရန် အရင်ခြွေထားလိုက်သည်။ ကြက်ကို သေချာ ခုတ်ထစ်၍ အမြန်ကျက်စေရန် အသားတုံးများကို ဓားဖြင့် မွှန်းကာ ကြွပ်ကြွပ်လေးကြော်ရန် ပြင်ထားသည်။

ဝက်သားပြုတ်ကြော်အိုးကျက်တော့ ငရုတ်သီး ဆီသပ်ကာ ငါးဟင်းအိုး တည်သည်။ ကန်စွန်းရွက်ကို ကြက်သွန်ဖြူထု၍ ဆီသပ်ပြီး ဆီရွှဲရွှဲအိအိလေး ကြော်လိုက်၏။ ပြီးမှာ ကြက်သားကို စိတ်ရှည်ရှည်ဖြင့် ကြွပ်နေအောင်ကြော်ပြီး ချဉ်ပေါင်ရွက်ကို ကျေအောင် မွှေထားလိုက်သည်။ ငါးပိရည်ကို ငရုတ်သီးစိမ်းလှော်ကာ ပုစွန်ခြောက်ထောင်း၍ ဖျော်လိုက်ပြီး တညင်းသီးနှင့် ပဲစောင်းလျားသီးကို ရေနည်းနည်းဖြင့်ပြုတ်ကာ သခွားသီး၊ ဖန်ခါးသီး၊ ရှောက်ရွက်တို့နှင့် ပန်းကန်ပြားကြီးထဲမှာ သေသပ်စွာ ပြင်ဆင်ထားလိုက်ပါ၏။

ဇကာကုံးထဲမှာကျန်သည့် ဟင်းသီးဟင်းရွက်တို့ကို ထည့်ပြီးသော် မီးဖိုချောင်အလုပ် ပြီးလေပြီ။ ဘုရားစင်မှ ပန်းအိုးများနှင့် သောက်တော်ရေခွက်များကို စင်ကြယ်အောင် ဆေးကြောလျက် ဝယ်လာသည့် ရေမွှေးနှင်းဆီတို့ကို ဝေနေအောင် ကပ်လှူ ပူဇော်ပါသည်။ သောက်တော်ရေချမ်းနှင့် ဆွမ်းကပ်ပြီးသော် အဝတ်လျှော်





ရေချိုးလိုက်၏။ မျက်နှာကို ထုံးစံအတိုင်း လိမ်းနေကျ သနပ်ခါးရေကျဲ လူးလိုက်ပြီး ကျောလယ်ခန့်ရှိသည့် ဆံပင်တို့ကို ဒီအတိုင်း ကျားပါးစပ်ကလစ်ဖြင့် ခေါက်တင်ညှပ်ကာ တစ်ပတ်စာ သင်ရမည့် Notes စာရွက်တို့ကို ထိုင်ရေးနေစဉ် အထည်ချုပ်စက်ရုံမှ သဥ္ဇာ ပြန်ရောက်လာတော့သည်။

"ညာရေ. . . ပင်ပန်းလိုက်တာဟာ။ ဒီနေ့ ဘာချက်လဲ"

"ငါးသလောက်ဟင်းနဲ့ ကန်စွန်းရွက်ကြော်"

"အမယ်လေး. . . ငါတော့ ဇက်ကြောတက်တော့မှာပဲ"

"ဇက်ကြောတက်မှာစိုးရင် ကြက်သားကြော်နဲ့ စားပေါ့"

"မလုပ်ပါနဲ့. . . ထမင်းချိုင့်ဂိုပဲ ဦးစားပေးပါဟယ်။ ငါ ရေအရင်ချိုးပြီး နှပ်လိုက်ဦးမယ်"

"အေး. . .။ ညာ မိတ္တူသွားကူးဦးမယ်။ တံခါးလာစေ့ဦး"

"ဟာ. . . အပြင်က သော့ခတ်သွား။ ငါ အိပ်ပျော်သွားရင် နင်အပြင်မှာ ဒုက္ခဖြစ်မှာစိုးလို့"

"အိပ်ပုပ်မ. . . အစားပုပ်မ"

သူမ ပျစ်ပျစ်နှစ်နှစ်ပြောတော့ သဥ္ဇာက ရယ်မော၍ ရေချိုးခန်းထဲသို့ ဝင်သွားပါ၏။ စာရွက်တွေကို File ထဲထည့်ပြီး အခန်းထဲမှ သူမ ထွက်လာခဲ့သည်။ အောက်ထပ်စတိုးဆိုင်မှ မမော်က သူမကို လှမ်းနှုတ်ဆက်လိုက်၏။

"ညာရေ. . . ဘယ်လဲ"

"ထုံးစံအတိုင်း မိတ္တူဆိုင်ပေါ့ မမော်ရယ်"

"ဝေးလိုက်တာနော်. . . ဒီနားမှာ မိတ္တူဆိုင်လေးတစ်ဆိုင်လောက် လာဖွင့်ရင် ညှာ့အတွက် အဆင်ပြေမှာ"

"မမော်ပဲ ဖွင့်ပေးမယ်ဆို. . ."

"အရင်းအနှီးများတယ် ညှာရဲ့။ ဒီဆိုင်လေးတောင်မှ ဖြစ်အောင် မနည်းလုပ်နေရတာ"

"မမော်ကလည်း Boss ဖြစ်နေပြီး. . . မညည်းပါနဲ့"

"ပြောတဲ့အတိုင်း ချမ်းသာပါစေတော်"

တစ်ဖက်အခန်းရှိ လက်ဖက်ရည်ဆိုင်မှာ ထိုင်သောက်နေရာမှ သူ လှမ်းကြည့်လိုက်၏။ File လေး ချိုင်းကြားညှပ်ကာ ကားလမ်းကူးသွားသည့် စွာတေးမလေးကို တွေ့လိုက်ရသည်။ ရှပ်ပုံစံဘလောက်(စ်) အဖြူလေးနှင့် အဖြူနှင့်အနက်စင်းလေးတွေ ပါသည့်လုံခြည်ကို ခပ်တိုတို ဝတ်ဆင်ထားပြီး ခေါင်းပေါ်မှာ ဆံပင်တို့က လှုပ်လီလှုပ်လဲ့၊ ထိုးထိုးထောင်ထောင်။ ဘာအလုပ်လုပ်သလဲ မသိသေးပေမယ့် မိတ္တူဆွဲသည်ဆို၍ ဝဏ္ဏနှင့်ဆုံဖို့ သေချာနေလေပြီ။ ဉာဏ်ကြီးအပြောကြောင့် ဆံပင်ရှည်ရှည်နှင့် ကောင်မလေးက သဘောကောင်းပုံရမှန်း သိရပြီ။ အင်း. . . နောက်တော့လည်း သူတို့ ဆုံနေကြရမှာပါပဲလေ။

❁ ❁ ❁



အခန်း ( ၂ )

ကော်ရစ်တာမှာ ဖျာခင်း၍ ထိုင်လိုက်ကြ၏။ ရေနွေးကရားအိုးနှင့် ပဲကြမ်းသုပ်ပန်းကန်ကို အလယ်မှာ ထားလိုက်သည်။ ဝဏ္ဏက ဂစ်တာကြိုးတို့ကို ညှိနေ၏။ ဉာဏ်ထူးက စာအုပ်တစ်အုပ်ကိုကိုင်လျက် ဖျာပေါ် လာထိုင်ပြီး ပဲသုပ်တစ်ဇွန်း ခပ်စားလိုက်သည်။ သူ မတ်တတ်ရပ်လျက် လမ်းပေါ်သို့ ငေးနေမိ၏။ အောက်ထပ်လက်ဖက်ရည်ဆိုင်မှ သီချင်းသံသဲ့သဲ့မျှ ကြားနေရသည်။

အောက်ထပ် ကျန်နှစ်ခန်းက ဗျူတီပါလာနှင့် အခွေအငှားဆိုင်မို့ ည ၉ နာရီအထိ ဖွင့်၏။ လက်ဖက်ရည်ဆိုင်က ၁၀ နာရီကျော်မှ ပိတ်သည်။ စတိုးဆိုင်က ၇ နာရီနှင့် အစောဆုံးပိတ်၏။ သူတို့ဖွင့်မည့်ဆိုင်ခန်းက ထောင့်ဆုံးမှာဖြစ်ပြီး ဘေးမှာ အပ်ချုပ်

ဆိုင်၊ ပြီးရင် လှေကားဒီဘက် တစ်ဖက်မှာ ကုန်စုံဆိုင်၊ ပြီးရင် စာအုပ်ငှားဆိုင်က အနှစ်ဆုံးဖြစ်သည်။ ထိုဆိုင်များသည်လည်း စတိုးဆိုင်နှင့်အတူ ခပ်စောစောပိတ်ပါ၏။

ကျော်စွာ ပြန်မလာသေးသည်မို့ ကားဂိတ်ဘက်ထိပ်ကို လှမ်းမျှော်ကြည့်နေမိ၏။ လမ်းထောင့်ချိုးနေရာမှာ မီးရောင် မရှိသဖြင့် မှောင်ရိပ်ကျနေသည်။ ဒီနေ့ပဲ ပြောင်းလာသည်မို့ မှောင်မှောင်မည်းမည်းမှာ အခန်းကို ကျော်စွာ မှတ်မိပါ့မလား။ တိုက်တွေက ဆင်တူဆောက်ထားတာမို့ မျက်စိမှောက်မှာ စိုးရိမ်သဖြင့် အောက်မှလှမ်းကြည့်လျှင် မြင်သာရန် သူ မတ်တတ်ရပ်နေခြင်းဖြစ်သည်။

ကားပေါ်မှ ဆင်းလိုက်တော့ ဂိတ်အနောက်ဘက် တိုက်လှေကားမှ ကောင်မလေးတစ်ယောက်နှင့် ကောင်ကလေးတစ်ယောက် ဆင်းလာ၏။ လမ်းမီးရောင် မှုန်ပျပျမှာ နှစ်ယောက်စလုံး ဖြူဖြူလေးတွေမို့ ထင်းနေသည်။ ကားလမ်းကိုကူးတော့ သူမတို့နှစ်ဦးပါ အတူလမ်းကူးလိုက်ကြ၏။ လမ်းမကြီးမို့ ကားအသွားအလာများသည်။ ရှေ့မှာ ကြိုရောက်သွားသည့် ကောင်မလေးထံမှ အသံခပ်တိုးတိုးထွက်လာ၏။

"ရပြီဇော်. . . ပြန်တော့။ Bio Spelling တွေ သေချာပြန်ရေးကျက်ဦးနော်။ ပါးစပ်က အထစ်အငေါ့ မရှိပေမယ့် စာလုံးပေါင်း မမှန်ရင် အမှတ်ရမှာ မဟုတ်ဘူး။ ငါးယောက်မှာ. . . ဇော် အတော်ဆုံးပေမယ့် အဲဒီ Bio မှာ အမှတ်သိပ်နည်းတာပဲ"





"ဟုတ်ကဲ့ပါ မမရဲ့"

"ဟုတ်ကဲ့မနေနဲ့. . .။ ညတိုင်း ၁၁ နာရီအထိ စာကျက်ရမှာနော်။ မနက် ၄ နာရီ ထကျက်. . . ပြောစကား နားထောင်ပါ။ ကဲ. . . ပြန်တော့။ ကားလမ်း. . . ကြည့်ကူးဦး"

"သွားပြီနော်. . . မမ"

"အင်း"

ကောင်လေး ကားလမ်းတစ်ဖက် ကူးတာကို စောင့်ကြည့်ပြီးမှ သူမ ခြေလှမ်းကို စလှမ်းသည်။ လမ်းထောင့်အချိုးမှာ ခလုတ်တိုက်မိပြီး ကျော်စွာ့လက်ထဲမှ စာရွက်တွေ အမှောင်ထဲမှာ လွင့်ကျကုန်၏။ ကုန်းကုန်းကွကွဖြင့် လိုက်ကောက်နေစဉ် အနီးသို့ သူမ ရောက်လာလေသည်။

"ဘာရှာနေတာလဲဟင်"

"ဟို. . . ခလုတ်တိုက်မိပြီး စာရွက်တွေ လွင့်ကျကုန်လို့ပါ"

"တွေ့လား. . . အကုန်ရရဲ့လား"

သူမက မြင်နေရသမျှ စာရွက်တို့ကို ကူ၍ လိုက်ကောက်ပေးလိုက်ပြီး လှမ်းပေးလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျွန်တော့်နာမည် ကျော်စွာပါ။ ( ) ကွန်ပျူတာအရောင်းဆိုင်တစ်ခုမှာ လုပ်ပါတယ်"

"ဪ. . . ဟုတ်ကဲ့. . . ညီမ့်နာမည်က သဲမြူညာပါ"

"ကျွန်တော်တို့က ဒီနေ့မှ ပြောင်းလာတာပါ။ တိုက် ၃၊ အခန်း

၄ မှာပါ ခင်ဗျာ"

"ဩော်. . ."

သူမ ဘာမှဆက်မပြောတော့ဘဲ လမ်းမကို ဖြတ်လျှောက်လိုက်သဖြင့် ကျော်စွာပါ အတူယှဉ်လျှောက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်မှ အလင်းကြောင့် ကပိုကရို ဆံပင်လေးနှင့် ဝင်းပြောင်နေသည့် မျက်နှာဖူးဖူးလေးကို မြင်လိုက်ရ၏။ ပြစ်မျိုးမဲ့မထင်ဆိုတာ ဒီလိုမျက်နှာလေးကိုခေါ်တာ ထင်ပါရဲ့။

ကော်ရစ်တာမှနေ၍ အတူယှဉ်လျှောက်လာသည့် ကျော်စွာနှင့် သူမကို တွေ့နေရသည်။ ကျော်စွာက ခေါင်းငုံ့၍ စကားပြောနေသည်ကို သူမ ပြန်မော့၍ ဖြေနေပုံလေးက အထင်းသား။ ဒီနေ့ပဲ စပြောင်းတာ့ယ်. . . ဒီညမှာပဲ ကျော်စွာနှင့် သူမ ရင်းနှီးနေပါရောလား။ တိုက်ပေါ် တက်လာတော့ သူမက အခန်းတံခါးကို ခေါက်လိုက်ပြီး ပွင့်သွားသောတံခါးမှ အခန်းထဲ ဝင်သွားတော့သည်။

"ဘယ်လိုလဲ ကျော်စွာ. . . မွေးမာတာကျေးဇူးကြောင့် မင်းရှုပါ ဖြူးနေလို့ မိစ္စတေးနဲ့ အဆင်ပြေလာသပ. . .။ ဟုတ်လား"

"ဉာဏ်ကြီးကတော့ လုပ်ပြန်ပြီ၊ မိစ္စတေး မဟုတ်ပါဘူး။ ညာပါကွ"

"ဟင်. . . ဘာညာလဲ. . .။ နာမည်ကြီးကိုက"

"ရှူး. . . တိုးတိုး. . .။ ညာ့နာမည်က သဲမြညာတဲ့ကွ"

"သဲမြညာ. . ."





သူ ခပ်တိုးတိုး ရေရွတ်လိုက်မိပြီး ရင်ထဲမှာ တစ်မျိုးလေး ဖြစ်သွားတော့သည်။ နာမည်လေးက ဆန်းသလိုနှင့် ရိုးရှင်းပါလား။ ကျော်စွာက အခန်းထဲဝင်၍ အဝတ်အစားလဲကာ သူတို့အနီးသို့ ပြန်ရောက်လာ၏။

"ဘယ်နှပုဒ်. . . ဆိုပြီးပြီလဲ"

"တစ်ပုဒ်မှ မစသေးဘူး. . .၊ မင်းကို စောင့်နေတာ။ ငါတို့အုပ်စုထဲမှာ မင်းနဲ့ ငရဲပဲ အသံကောင်းတာလေ"

"တစ်ဖွဲ့လုံး. . . အတူတူ ဆိုနေကျပါကွာ။ လုပ်မနေနဲ့ရအောင်"

"ဘာသီချင်းနဲ့ စမှာလဲ"

"ဒီဇင်ဘာ"

Intro ကို ဝဏ္ဏ စတီး၏။ သူက ကော်ရစ်တာကို ကျောပေး၍ ထိုင်လိုက်သည်။ ကျော်စွာက သူ့ပခုံးကို မှီထိုင်လိုက်ပါ၏။ ညာဏ်ကြီးက ဖတ်နေသည့်စာအုပ်ကိုပိတ်၍ ပက်လက်လှန် လှဲချလိုက်သည်။ ကောင်းကင်ထက်မှာ ကြယ်ရောင်က မလင်းတလင်း။

သူမ ခြေလက်တို့ ဆေး၍ အဝတ်အစား လဲလိုက်သည်။ ဘင်နှစ်လုံး ဆက်ထားသည့် အပေါ်မှာ သဥ္ဇာက မှောက်ခုံလှဲ၍ ကြာစေ့ တဖျောက်ဖျောက် ဝါးနေ၏။ စန်းက မှန်တင်ခုံရှေ့မှာ ဆံပင်ကို အလိပ်လေးတွေဖြစ်အောင် လိပ်နေ၏။ ရင်ရင်က ပြင်းစာရွက်တို့ကို ခုတင်ထက်မှာ ခြေဆင်း၍ ပြန်စစ်နေသည်။ သူမ ခုတင်ပေါ် တက်ထိုင်လိုက်ပြီး အာလူးကြော်ထုပ်ကို ဖောက်

လိုက်၏။

"ဟိုးအဝေးက နှင်းတွေ ကျဆင်းဆဲ×××
ဒီအချိန်တွေဆိုရင် သူ ရောက်လာ×××
မေ့မရတဲ့ အတိတ်ရဲ့ရနံ့များနဲ့ သူဟာ ပြန်လာမြဲပဲ×××
အိုး×××ဒီဇင်ဘာ××ကိုယ့်ရင်ခွင်မှာ××× အချစ်ရယ်
နှင်းတွေ တဖွဲဖွဲကျ××× သိပ်သတိရ×××မင်းဘယ်ဆီမှာ×××မင်း
ပြန်လာပါ ××× အချစ်ရယ် အလွမ်းတွေ တဖွဲဖွဲကျ သိပ်သတိရ"

"ဟယ်. . . ညာ. . . နှင်ကြိုက်တဲ့သီချင်းဟဲ့"

သဥ္ဇာက မှောက်လျက်လှဲနေရာမှ ပြတင်းလိုက်ကာကို ဆွဲမ,လိုက်တော့ သူမ သဥ္ဇာ့ခြေထောက်ကို အမြန်ဆွဲချလိုက်ပါ၏။

"မိန်းမ. . . မနေတတ် မစားတတ်. . .။ ချောင်းကြည့်စရာလား"

"ဟိဟိ. . . ငါက ဘယ်သူဆိုတာလဲ သိချင်လို့ပါ ညာရယ်"

"သိချင်စရာလား. . . တော်တော်ရှု"

"ညာ. . . သူတို့လည်း လေးယောက်အုပ်စုတဲ့။ ငါ နှစ်ယောက် မြင်ဖူးပြီးပြီ. . .။ နှင်ရော"

"သူတို့ဟာသူတို့ လေးယောက်မကလို့ လေးဆယ်ပဲဖြစ်ဖြစ် စိတ်မဝင်စားဘူး. . . စနိုးရေ"

"အဲဒီလိုလည်း မဟုတ်ဘူးလေဟယ်. . .။ တိုက်ခန်းချင်းကပ်လျက်ဆိုတော့ ခင်မင်အောင် ပေါင်းထားရမှာပေါ့။ ငါတို့က မိန်းမသားတွေချည်းလေ။ အထူးသဖြင့် နှင်က ည ၈ နာရီကျော်မှ





န်ပြန်လာတာ အန္တရာယ်ရှိတယ်"

"ဘာမယ်လေး. . . အခုမှ အားငယ်နေတတ်လိုက်တာ ရင်ရယ်။ ဘာလဲ. . . ရှင် ဟိုလေးလုံးခေါ်တောကို အားကိုးချင်နေလား။ တကတည်းမှ. . . နေလာတာပဲ သုံးလေးလ ရှိနေပြီ။ ညာကြောက်တတ်ဘူး။ အပိုတွေ ပြောမနေနဲ့"

သူမ ဟောက်လိုက်သဖြင့် သုံးယောက်စလုံး ဇက်ကလေးတွေ ပုသွားကြတော့၏။ တစ်အုပ်စုလုံးမှာ ညာက ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီး စိတ်အမာဆုံးဖြစ်၏။ စနိုးက အလှလည်းကြိုက်၊ မှုကိစ္စဝန်ထမ်းလည်းဖြစ်သူမို့ ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းအလည်း။ သဥ္ဇာဆိုတာကလည်း အထည်ချုပ်မှာ Superviser မို့ ဝင်ငွေကောင်းသလို အလုပ်ထဲမှာပင် ချိတ်တိတ်တိတ်လူကြီးတွေက မြူသား။ ရင်ရင်ဆိုလျှင် ဖြောင့်စင်း ပျော့ပျောင်းသည့် ဆံပင်ရှည်နှင့် ကိုယ်လုံးကိုယ်ပေါက် လှလှလေးကြောင့် အရာရှိ အရာခံတွေက်စိကျချင်စရာ။ မျက်နှာလေးက သိပ်အချောစားကြီး မဟုတ်မယ့် ဆံပင်နှင့် ခန္ဓာကိုယ်က ထိန်းထားတာကြောင့် မင်းကြိုက်ကြိုက်ရုပ်မျိုး။

ကျောင်းတက်စဉ် အဆောင်မှာ နေကတည်းက သူမ အုပ်န်းလာခဲ့၍ တစ်ယောက်မှ ချစ်သူ မထားဖြစ်ခဲ့ကြချေ။ ကျောင်းဘွဲ့ယူပြီးတော့ လုပ်ငန်းခွင် အသီးသီးဝင်ကြရာတွင် သူမ ဘွားဆီမှ ရသည့် အမွေလေးနှင့် ဒီတိုက်ခန်းလေးကို ဝယ်ပြီး စုနေဆုံးဖြတ်ခဲ့သည်။ အလုပ်ကိုယ်စီ ရှိကြသော်လည်း အချိန်ပြည့်

အလုပ်ဆင်းနေကြသည့် သူငယ်ချင်းသုံးယောက်ဟာ သူမလောက် ဝင်ငွေမကောင်းခဲ့။ အဆောင်မှာ နေစဉ်ကတည်းက ၉ တန်း၊ ၁၀ တန်းကို Guide လုပ်ခဲ့သည့် သူမက၊ အခုလည်း ၁၀ တန်း ၅ ယောက်တစ်ဝိုင်းတင် တစ်သိန်းခွဲရပြီး၊ ၉ တန်း ၃ ယောက်က ခြောက်သောင်း ရနေပြီ။ ၉ တန်းဝိုင်းကို ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ သင်ပြီး ၁၀ တန်းကို ၅ နာရီခွဲမှ ၈ နာရီအထိ သင်ပေးသည်မို့ စာလေ့လာချိန်၊ ပြန်ဖတ်ချိန်ကလွဲပြီး ကျန်တစ်နေ့လုံးလိုလို သူမ အားလပ်ချိန် ဖြစ်နေသဖြင့် ဈေးဝယ် ချက်ပြုတ်သည့် တာဝန်ကို သူမ ယူလိုက်၏။ ရင်ရင်က ဝိုင်းကူချက်ပြုတ်ပြီးမှ အလုပ်သွားသူဖြစ်ပြီး ညဘက်မှာ အဝတ်တွေကို မီးပူတိုက်သည့် တာဝန်ကို ယူသည်။

သဉ္ဇာက အထည်ချုပ်မှာ မိုးလင်းက မိုးချုပ်အထိ ဆင်းရ၍ အချိန်အဆင်းရဲဆုံးဖြစ်၏။ အိပ်ချိန်ကို ရသမျှ အကုန်ယူ၍ အပျင်းကြီးတတ်ပေမယ့် အစားမက်၊ အအိပ်မက်တာကလွဲရင် သဘောကောင်းလေးဖြစ်သဖြင့် သူမတို့ အနိုင်ကျင့်သမျှကို အခံရဆုံးဖြစ်သည်။ ခြေသည်းလက်သည်း အမြဲသ၍ အလှအမြဲပြင်တတ်သည့် စန်းကတော့ သူမ၏မှန်တင်ခုံကို အပိုင်စားယူထားပြီး အချိန်ပြည့် မှန်ကြည့်နေတတ်သူဖြစ်သည်။ အလှမက်သူမို့ အိမ်အလုပ်ကို ဘာမှ စိတ်မဝင်စားပေမယ့် တိုက်ခန်းလေးကို အလှဆင်ရန် သူ့မျက်စိဖြင့် ပိစိပေါက်စ ပစ္စည်းလေးတွေ ဝယ်ဝယ်ပေးလာတတ်လို့ သူမ၏ တိုက်ခန်းလေးဟာ အခြားတိုက်ခန်းတွေလို ရှင်းရှင်းကြီး





ဖြစ်မနေဘဲ ချစ်စရာလေး ဖြစ်နေတော့သည်။

လေးယောက်စလုံးဟာ သူသာသည်၊ ငါနာသည် ထည့်မတွက်ကြဘဲ တစ်အူတုံဆင်း ညီအစ်မတွေလို ချစ်ချစ်ခင်ခင် နေလာကြတာ အတော်လေးကြာနေပြီ။ အခန်းလည်းပိုင်ပြီး အိမ်အလုပ်မှန်သမျှ ဒိုင်ခံလုပ်နေသည့် သူမကို တစ်လလျှင် သူတို့ အင်္ကျီတစ်စုံ ဝယ်လာတိုင်း သူမကို အမြဲ တစ်စုံစီ ဝယ်ပေးလေ့ရှိကြ၏။ ဆန်အိတ်ကုန်လျှင်၊ ဆီပုံးကုန်လျှင် ကြုံသလို ဝယ်ပေးတတ်ဘာ၊ လျှပ်စစ်မီတာဖိုး ရှင်းပေးကြတာ၊ ရေသန့်ဘူးဖိုးပေးတာ စတာတွေကို ကြုံသလို သုံးယောက်သား စုပြီး ရှင်းပေးကြလျှင်ဖြင့် သူမဆူဆောင့်၍ လကုန်တိုင်း စကားများကြရစမြဲ။ အားလုံးထဲမှာ သူမက ဝင်ငွေကောင်းသည့်အပြင် အရှေ့တိုက်အောက်က 'ရင်ခွင်ဦး' အပ်ချုပ်ဆိုင်က မမချိုထံမှ အပ်ထည်တို့ကို ပန်းကြယ်သီး၊ ထုပ်သီး၊ လက်ချုပ်၊ ပန်းထိုးတို့ကို ကူလုပ်ပေး၍ ရသည့်ဝင်ငွေကလည်း မသေးလှ။ ဒီကြားထဲ အပ်ချုပ်ဆိုင်မှာ ကြိုးထိုးအိတ်တို့၊ သိုးမွှေးအနွေးထည်၊ ဝေ့စကုပ်၊ လက်ကိုင်ပဝါအနားကို တက်တင်းကွပ်ပြီး တင်ရောင်းသည့်အရာတို့မှလည်း မြတ်မြတ်လေး ရနေသည်မို့ သူမက အချမ်းသာဆုံးဖြစ်နေ၏။

မျက်စိအာရုံ စိုက်ရသည့် အလုပ်တွေပဲမို့ တစ်ခါတစ်ခါကြည့်မျက်မှန်ကို တပ်ရသေးသည်။ အထူးသဖြင့် ဆောင်းရာသီမျိုးမှာ ပိုဝါး၍ တပ်ရသည်ကို စိတ်အပျက်ဆုံး၊ စာဖတ်တာကလည်း ဒါသနာပါလွန်းသည်မို့ ညတစ်ချက်တီး၊ နှစ်ချက်တီးအထိ ဝတ္ထု

ဖတ်တတ်သဖြင့် ဒီမျက်စိ မထိနိုက်ဘဲ နေမလား။

လူက ဂျစ်ကန်ကန်၊ မှုန်ကုပ်ကုပ် ဖြစ်နေပေမယ့် စာသင်ပေးတဲ့အခါ ဝါသနာပါ၊ စိတ်ရှည်သည်ကို သူမ စာသင်ပေးရသည့် ကလေးတွေ၏မိဘတွေ အသိဆုံးပင်။ မျက်နှာကို သနပ်ခါးရေကျဲ လိမ်းရုံကလွဲပြီး ဘာအလှပစ္စည်းကိုမှ မလိမ်းခြယ်။ ဆံပင်ကို ကျောလယ်ကျော်သည်နှင့် သူငယ်ချင်းတစ်ယောက်ယောက်ကို ဖြတ်ခိုင်းပြီး ဘယ်တော့မှ ရှည်အောင် ဆက်မထားဖြစ်။ ဆံပင်ကို လှပအောင် ပြုစုဖို့ထက် ကျားပါးစပ်ကလစ်ဖြင့် ခေါက်တင်ပြီး ဖိုသိဖတ်သီ နေတတ်၍ သူငယ်ချင်းများက ဘယ်လိုပြောပြော၊ သူမ၏ ဝသီကို ပြင်၍မရနိုင်တော့။

အလှ မမက်မောတော့သည့် သူမအကြောင်းကို အကုန်အစင် သိထားပြီးသားမို့ အတင်းအဓမ္မ ဖွတ်မပြင်ခိုင်းတော့ဘဲ နောက်ဆုံးမှာ နားလည်ပေးလိုက်ကြတာသာဖြစ်သည်။ သက်တူရွယ်တူအားလုံးထဲမှာ ရည်းစားနဲ့ကွဲပြီး အသည်း ဟက်တက်ကွဲဖူးသည့် သူမက ဆရာကြီးတစ်ဆူလို ကျန်သုံးယောက်ကို အုပ်ထိန်းထားတာ မှန်ပေမယ့် အမှန်အကန် အကောင်းစားလေးမျိုးဆိုရင်တော့ ရွေးချယ်ဖို့ သူငယ်ချင်းတွေကို ခွင့်ပြုထားပြီးသားပါ။ သူမလို ငယ်ငယ်ရွယ်ရွယ်၊ ရူးရူးမိုက်မိုက်နှင့် အချစ်ကို ကစားမိခဲ့တဲ့ နောင်တမျိုး၊ သူတို့ကို မရရှိစေလိုတာ သူငယ်ချင်းဆိုတဲ့ ၅၂၈ မေတ္တာကြောင့်ပါပဲ။ တစ်ခါတလေ တိုက်ဆိုင်မှုတစ်ခုခုကြောင့် ဖျတ်ခနဲ သတိရခဲ့ရင်တောင်မှ လွမ်းခွင့်မရှိတော့တဲ့ဘဝမို့ ရင်ထဲမှာ နာကျင်





ုတွေသာ ပြည့်နှက်နေပေပြီ။ သြော်. . . ကိုကြီးရယ်. . . ။ အချစ်ဆိုတာ ညာ့အတွက်တော့ ဘယ်တော့မှ ပြန်မမက်သင့်တော့တဲ့ အိပ်မက်ဆိုးကြီးတစ်ခုပါပဲ။

ဇော်ဇော်တို့ကို စစ်ခဲ့သည့် အမှတ် ၅၀ ဖိုး အဖြေလွှာတွေကို စာကြည့်စားပွဲမှာ စစ်နေတုန်း ဟိုအုပ်စုထဲမှ ဝိုင်ဝိုင်းရဲ့ 'စည်းသီချင်းကို ကြားလိုက်ရ၏။ သူမလက်ထဲမှ မင်နီဘောပင်လေး ကြမ်းပေါ်သို့ ဒေါက်ခနဲ ပြုတ်ကျသွားတော့သည်။

"ဝမ်းနည်းတတ်သူကို မင်း ထပ်မနှိပ်စက်နဲ့တော့xxx အချစ်က ကိုယ့်အတွက်ဆို အမြဲတမ်းရှုံးမယ့် တိုက်ပွဲတစ်ခုxxx

နောက်တစ်ခေါက် မရှုံးချင်ပါ။ မင်း ငါ့အတွက် မတွေးနဲ့တော့xxx

ဟိုး အဝေးဆုံးတစ်ဖက်မှာ ဘဝကို ပြန်အသစ်စ xxx

မင်းကြောင့်သာ မပြောရက်ပါxxx မလွန်ဆန်နိုင်ရဲတဲ့ ကံတရားxxxရှိခဲ့လို့ပဲxxx ဒီလိုဇာတ်သိမ်းဖို့ ပညတ်ထားxxx နောက်လူရင်မှာ ပျော်နိုင်မှာပါ ငါ့အနား မလာနဲ့တော့xxx အခုလိုပြောတာ မချစ်လို့ မဟုတ်ဘူးနော်xxx (ဒီလိုနဲ့ပဲ)xxx သိပ်မကြာခင် အဆင်ပြေမှာပါ ငါ နားလည်ပြီးသားxxx မင်းနဲ့ကိုယ်နဲ့ စည်းခြားနေပြီကွာxxx"

သူမ ထိုင်ခုံမှ အသာထလာရင်း နောက်ဖေးတံခါးပေါက်မှ ထွက်ကာ ဝရံတာမှာ ရပ်နေမိ၏။ မှုန်ပျပျလရောင်ကို ကြည့်ရင်း မျက်ရည်တို့ တစ်စက်ချင်း ကျလာတော့သည်။ နောက်လူရင်မှာ

ပျော်နိုင်ပြီပေါ့ ကိုကြီးရယ်. . .။ ကိုကြီးနဲ့ ညာ့ကြားမှာ ခြားထားတဲ့ စည်းက ဘယ်လိုမှ ပြန်ကူးလာလို့ မရနိုင်တော့တဲ့ သမုဒ္ဒရာကြီးပါ ပဲ. . . ကြာခဲ့ပါပြီလေ။ ဒါပေမဲ့ ညာ့ရင်ထဲမှာ မနေ့တစ်နေ့ကလိုပဲ ပီပီပြင်ပြင် ပြန်မြင်နေဆဲပါ။ အတိတ်ဆိုတာ ပြန်တမ်းတကောင်း တဲ့အရာတစ်ခု မဟုတ်ပါဘူး။ အထူးသဖြင့် ညာ့လို အသည်းနုတဲ့ မိန်းကလေးအတွက် ပိုပြီး ဆိုးရွားလွန်းတာပေါ့။ ဒါတွေကို ကိုကြီး သိလျက်နဲ့များ ညာ့အသည်းကို ခွဲရက်တယ်။ ကိုကြီး သိပ်ရက်စက် လွန်းပါတယ်။

● ● ●





လွန်ခဲ့သော သုံးနှစ်ကျော်ကာလများဆီက . . .

မေမေ မှာလိုက်သည့် ဈေးစာရင်းအတိုင်း အားလုံး ဝယ်ပြီးသည်နှင့် စက်ဘီးရှေ့ ခြင်းတောင်းထဲ အသေအချာ စီထည့်ကာ တွန်းလာခဲ့၏။ လူများရာနေရာကို ကျော်လွန်၍ စက်ဘီးလေးကို အရှိန်ဖြင့် တွန်းပြီး တက်စီးလာခဲ့သည်။ ကတ္တရာ လမ်းမကြီးပေါ် တက်လာစဉ် ဟွန်းသံမပေးဘဲ မြန်းခနဲ ကွေ့ချ လိုက်သည့် ဂျစ်ကားတစ်စီးကြောင့် သူမစက်ဘီးကို လမ်းဘေးသို့ နင်းချလိုက်ရင်း လဲလေတော့၏။

ကားပေါ်မှ လူတစ်ယောက် ဆင်းလာပြီး သူမစက်ဘီး လဲသည့်နေရာကို လျှောက်လာ၏။ သူမ ကျုံးထလိုက်ပြီး ခြေလက် နှင့် ဂျင်းဘောင်းဘီရှည်ကို ဖုံခါလျက် စက်ဘီးကို ပြန်ထောင်လိုက် ပါသည်။

"ချာတ်. . . ဘာဖြစ်သွားသေးလဲ"

"ရှင်ပြောကယ် မဟုတ်လား. . .။ ဒီမှာ မေမေ ဝယ်ခိုင်း လိုက်တဲ့ပစ္စည်းတွေ အကုန်ကွဲကုန်ပြီ. . .။ ပြန်လျော်ပေး"

နှစ်ဖက်စည်းထားသည့် ဆံပင်ဖားဖားလေးကို လှုပ်ယမ်း လျက် ခပ်စွာစွာလေး ပြောနေသည့် မိန်းကလေးကို သက်ပိုင်မှုး သေချာကြည့်မိသွားရသည်။ တော်တော်ချစ်စရာကောင်းသည့် ချာ တိတ်မလေးပေပဲ။ သူမက ခြင်းထဲ ငုံ့ကြည့်နေရာမှ ဖျတ်ခနဲ သူ့ကို ခပ်စူးစူးလေး ပြန်ကြည့်လိုက်ပါ၏။ သူမကို ခပ်ပြုံးပြုံး ကြည့်နေ သည့် မျက်လုံးတစ်စုံကြောင့် မကျေမနပ် မျက်စောင်းထိုးပစ်လိုက် မိသည်။

"ကိုယ်ပြန်လျော်ပေးမှာပါ. . .။ ဒါဖြင့် ဈေးကို တစ်ခေါက် ပြန်လိုက်ခဲ့လေ"

"အာ. . . မလိုက်နိုင်ပါဘူး။ မေမေက အချိန်အတိကျ မှတ်ပြီး လွှတ်လိုက်တာ။ ညာ့မှာ အချိန်မရှိဘူး၊ ရှင်ကြီး ဝယ်ပေး ချင်ရင် ရော့. . . ဟောဒီမှာ စာရွက်ရှိတယ်။ အဲဒီထဲကအတိုင်း ဝယ်ပြီး လာပို့ပေါ့"

သူမက ရှပ်အင်္ကျီအိတ်ကပ်ထဲမှ ဈေးစာရင်းစာရွက်ကို နှိုက်၍ ပေးလိုက်သဖြင့် သူ လှမ်းယူလိုက်ပါ၏။ ဝိုင်းစက် လှပသည့် လက်ရေးတို့က ကလေးတစ်ယောက်၏ လက်ရေးဖြစ်မှန်း သိသာ စေသည်။

"ကိုယ် ဝယ်လာပြီးရင်. . . ဘယ်ကို လာပို့ရမှာလဲ"





"ယုဇနလမ်းမှာ သဲမြညာဆိုရင်. . . မသိသူ တစ်ယောက် မှ မရှိဘူး။ ဒါပဲ. . . ညာသွားပြီ"

သူမက ပြောပြောဆိုဆို စက်ဘီးကိုနင်း၍ ထွက်လာခဲ့၏။ အိမ်ကို ပြန်ရောက်တော့ ဝယ်ခိုင်းသည့် ပစ္စည်းတွေကြားထဲမှာ ကြက်ဥ၊ ဘဲဥတွေ အကုန်ကွဲလာသဖြင့် မေမေ ဗိုက်ခေါက်လိမ် ခေါင်းခေါက်တာကို သူမ ခံရတော့သည်။

"ခိုင်းလိုက်ရင် နမော်နမဲ့နဲ့. . . အဲဒါမိန်းကလေးတဲ့လား ညာ။ ဘယ်လောက်ပြောပြော ပြာကလပ်စိန် လုပ်နေတာပဲ။ စာ လေးတော်လို့ ငါ သိပ်မပြောချင်တာ။ အကြီးမလို ဘယ်တော့မှ ငြိမ်မြေမရှိဘူး. . .။ ညည်းတော့နော်"

"ညာ ကောင်းကောင်းဝယ်လာတာပဲ မေမေရဲ့။ လမ်းမှာ ကားနဲ့တိုက်မိမလိုဖြစ်ပြီး စက်ဘီးလဲသွားတာ ဘယ်တတ်နိုင်မှာလဲ"

"ပြောလိုက်ရင်. . . ဆင်ခြေဆင်လက်တက်ဖို့ပဲ သိတယ်။ အဲဒါတွေကြောင့် ညည်းကို ငါကြည့်မရတာ။ ဖအေက ဖူးဖူးမှုတ် အလိုလိုက်ပုံနဲ့ ညည်း ငယ်ငယ်နဲ့ယောကျ်ားရမှာ မြင်ယောင်သေး"

"ဘာဆိုင်လို့လဲ မေမေရဲ့။ ညာ အခုမှ ကလေးပဲ ရှိသေး တဲ့ဟာ. . .။ အဲဒီလိုတော့ မပြောပါနဲ့"

"မပြောလို့ရမလား. . .။ ဘယ်အချိန်ကြည့်လိုက်ကြည့် ဘိုက် ယောကျ်ားလေးတွေ တရှုန်းရှုန်းနဲ့ ညည်းကိုယ်ညည်း ဘာများ ထင်နေလဲ။ ငါ မပြောလိုက်ချင်ဘူး. . . ဟင်း"

"အဲဒါ သူငယ်ချင်းတွေပါ မေမေရဲ့. . .။ ယောကျ်ားလေး

တွေနဲ့ပေါင်းရတာ ကောင်းတယ်။ မိန်းကလေးတွေလို မဟုတ်ဘူး။ မိန်းကလေးတွေက ပေစ်ဆိတ်ရှိ စိတ်ကောက်ရတာနဲ့. . . မနာလို ရတာနဲ့. . . စကားနာထိုးရတာနဲ့. . . ရှုပ်နေတာပဲ"

"ဟင်. . . ဘာကောင်းတာလဲ။ ညည်းတော့နော်၊ ပြော လေကဲလေး. . . မန်းလေပြလေ. . . သွား သွား. . . ငါ့ရှေ့က မြန် မြန် ထွက်သွားစမ်း။ ငါ စိတ်ရှိလက်ရှိ လုပ်လိုက်ရင် သေတော့မှာ ပဲ"

သူမ ခြေဆောင့်၍ နောက်ဖေးပေါက်မှ ဆင်းခဲ့တော့ မေ မေ့ထံမှ ပွစိပွစိ ရေရွတ်သံကို ကြားရပြန်၏။

"ကြည့်ပါလား. . . လူကြီးကို မခန့်လေးစားနဲ့"

ခြံထဲကို ကားဝင်လာသံ ကြားလိုက်ရသဖြင့် ဒေါ်မြနှစ် အိမ်ရှေ့ထွက်လာခဲ့၏။ ဂျစ်ကားတစ်စီးပေါ်မှ လူရည်သန့်လေး တစ်ဦး ဆင်းလာလေသည်။

"ဒါ. . . သဲမြညာတို့အိမ်ပါလား ခင်ဗျာ"

"ဩော်. . . ဟုတ်ပါတယ်ကွယ်"

ဘုရားရေ. . .။ မိညာဆီ လာနေကျကောင်လေးတွေလို စက်ဘီးနဲ့ မဟုတ်ဘဲ ဒီတစ်ခါတော့ ဂျစ်ကားနှင့်လာသည့် ဧည့် သည် ဖြစ်နေပါရောလား။ သူက ကားဘေးခုံပေါ်မှာ တင်ထားသည့် ကျွတ်ကျွတ်အိတ်ကို ယူလိုက်ပြီး အိမ်ပေါ်တက်လာပါသည်။ ဒေါ် မြနှစ် ဧည့်ခန်းရှိခုံမှာ ထိုင်ခိုင်းလိုက်ပါ၏။

"ထိုင်ပါကွယ်. . .။ ဒေါ်ဒေါ်က မိညာရဲ့အမေပါ"





"ဩော်. . . ဒါဆို ဒေါ်ဒေါ့်ကိုပဲ ကျွန်တော် ပေးခဲ့ပါ့မယ်။ ညာလေးနဲ့ ကျွန်တော့်ကား လမ်းကွေ့မှာ တိုက်မိမလိုဖြစ်သွားလို့ ညာလေးဝယ်လာတဲ့ပစ္စည်းတွေ. . . ကွဲကုန်တယ်လေ။ အဲဒါတွေ ကျွန်တော် ပြန်ဝယ်လာပေးတာပါ"

"အို. . . အားနာစရာသားရယ်။ ဒီကောင်မလေးကိုက ရှုပ် ရှုပ်ပြာ လုပ်လွန်းပါတယ်။ ကွဲတာက ကြက်ဥ၊ ဘဲဥတွေပါပဲ။ န်တာတွေက အကောင်းတွေပါ. . .။ နေပါစေတော့"

"မလုပ်ပါနဲ့. . . ဒေါ်ဒေါ်ရယ်။ ယူပါဗျာ. . . ကလေးမှာ ပြစ်မရှိပါဘူး။ ကျွန်တော့်ကြောင့် ဖြစ်သွားရတာပါ။ ဒါနဲ့ ညာ သးရော"

"ရှိတယ်သားရဲ့. . . ခဏစောင့်ဦးနော်။ ဒေါ်ဒေါ် ခေါ် းမယ်"

ဒေါ်မြနှစ် မီးဖိုဆောင်ထဲ ပြန်ဝင်လာပြီး တံခါးမှ ကြည့် က်တော့ ချဉ်ပေါင်ခင်း ရေလောင်းနေသည့် မိညာကို မြင်ရ၏။ နေအထိုင်မတတ်လို့ ဆူသာဆူနေရပေမယ့် အငယ်မက သူ့ ာင်ဝေ့းပင်။ ဖင်ပေါ့ပေါ့နှင့် ခိုင်းသမျှကို မညည်းမညူ လုပ်ပေး ာ။ အကြီးမက အပျို့အရွယ်လေးမို့ ဘယ်ကိုမှ မလွှတ်မခိုင်း ၊ အငယ်မက ယောကျ်ားလေးဆန်ဆန် ဝတ်စား ဆင်ယင်ပေ သူ့ကိုယ်သူ မိန်းကလေးမှန်းတော့ သိသေးတာမို့ တော်ပါသေး သည်။

"မိညာ. . . အငယ်မ. . . လာဦး"

"ဘာခိုင်းမလို့လဲ မေမေ. . .။ ညာ ခဏနေ ရေချိုးတော့မှာနော်. . .။ ကျောင်းချိန် နီးနေပြီ"

"လျှာက ရှည်ပြန်ပြီ. . . ဧည့်ခန်းမှာ ဧည့်သည်ရောက်နေတယ်. . . သွားဧည့်ခံထားစမ်း။ မေမေ ကော်ဖီနဲ့မုန့် ယူလာမယ် သွား. . . သွား"

"ရှုပ်လိုက်တာ. . .၊ ကလေးက ဧည့်သည်ကို ဧည့်ခံရမယ်လို့ ကြုံဖူးပါဘူး"

သူမ ပွစိပွစိဖြင့် ဧည့်ခန်းလိုက်ကာကို ဖွင့်ထွက်လိုက်တော့၊ လား လား. . . လမ်းမှာ တွေ့ခဲ့သည့်လူကြီး ရောက်နေတာပါလား။ လူကြီးက သူမကို ပြုံးပြလိုက်သဖြင့် သွားတက်ချွန်ချွန်လေး ပေါ်လွင်သွား၏။

"ရှင်ကြီး. . . ဘာလာလုပ်တာလဲ။ အာလဲ. . . ရှင့်ကြောင့် ညာ ခေါင်းခေါက်ခံရ ဗိုက်ခေါက်အလိမ်ခံရတာတောင် မကျေနပ်သေးဘူး။ ကြိမ်လုံးနဲ့ပါ အရိုက်ခံရအောင် လာလုပ်တာပေါ့လေ"

"ဟင်. . .ကိုယ့်ကြောင့် ညာလေး အရိုက်ခံရတာပေါ့ဟုတ်လား။ ကိုယ် စိတ်မကောင်းလိုက်တာ ကလေးရယ်. . .၊ တကယ်ပါ"

"အပိုတွေ လျှောက်ပြောမနေပါနဲ့. . . ရှင်နဲ့ ညာ့ကြားမှာ ဘာမှ ပတ်သက်စရာအကြောင်း မရှိဘူး. . .။ ရှင်ပြန်တော့"

"ဟဲ့. . . ဒီကလေးမ၊ ဧည့်သည်ကို ဘယ့်နှယ့်ပြောနေတာလဲဟင်. . . နင် တော်တော်ရိုင်းပါလား။ ဒီလောက် အတန်တန်





ဆုံးမနေတဲ့ကြားက. . . လာစမ်း"

"အား. . . နာတယ် မေမေရဲ့"

နားရွက်ကို ဆွဲလိမ်တာ ခံလိုက်ရသဖြင့် သူမ အော်လိုက်တော့ သူ ပျာယာခတ်သွားရသည်။

"မလုပ်ပါနဲ့ ဒေါ်ဒေါ်. . .။ ကျွန်တော့်ကြောင့် ညာလေး အရိုက်ခံရတာပါ။ ကလေးက ငယ်သေးလို့ အပြောအဆို မတတ်ဘာ. . . ခွင့်လွှတ်ပေးလိုက်ပါဗျာ"

"သူ့အဖေ မြှောက်စားထားလို့ အဲဒီလိုဖြစ်နေတာ သားရေ. . .။ ကော်ဖီနဲ့မုန့် သုံးဆောင်ပါဦး"

သူမ ထိုင်ခုံမှာ ထိုင်နေရာမှ နောက်ဖေးဝင်၍ ရေချိုး၊ နပ်ခါးလိမ်းကာ ကျောင်းဝတ်စုံလဲ၍ ပြန်ထွက်လာခဲ့၏။ လူကြီးနဲ့ မေမေက စကားတွေ ပြောလို့ကောင်းတုန်း. . .။

"မေမေ. . . ညာ ကျောင်းသွားတော့မယ်။ မုန့်ဖိုး. . ."

"မနေ့က ပေးထားတာ ကုန်ပြီလား. . . သိပ်အသုံးကြမ်းတာပဲနော် မိညာ။ ညည်းနဲ့တော့ ခက်ပါတယ်အေ"

"ဟာ. . . ညာလည်း ဝယ်စရာရှိတာ ဝယ်ရတာကိုး မေမေရဲ့၊ မမကိုတော့ ပူဆာသမျှ အကုန်ဝယ်ပေးပြီး. . . ညာ့ကိုကျတော့ ဒီးလေးတောင် မပေးချင်ဘူး. . .။ သိပ်မျက်နှာလိုက်တာပဲ"

"ဟဲ့. . . ဟိုက တက္ကသိုလ်ကျောင်းသူလေ။ ညည်းက ကလေးသာသာလေး ရှိသေးတာကို နှိုင်းယှဉ်စရာလား မိညာနော်"

"အခု ညာတောင်းတာ စက်ဘီးပြင်ဖို့ပါ မေမေရဲ့။ မုန့်

စားဖို့ မဟုတ်ဘူး။ မုန့်များ စည်သူတို့၊ နိုင်ဦးတို့ ဝယ်ကျွေးနေကျ"

"ကြည့်စမ်း. . . ကောင်လေးတွေ ကျွေးတာကို ညည်း အရှက်မရှိ စားတာပဲလား မိညာရယ်"

"စက်ဘီးပျက်ဟာ ကိုယ့်ကြောင့်ပဲ ညာလေးရယ်. . .။ ကိုယ် ဖြင့်ခပေးပါ့မယ်. . . ဒေါ်ဒေါ် ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေးကွယ်. . . သား နောက်လမ်းကြုံရင်လည်း ဝင်နော်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

သူ, သူမနှင့်အတူ အိမ်ပေါ်မှ ဆင်းလာခဲ့ပြီး၊ သူမက စက်ဘီးပေါ် တက်စီးလျက် သူက ကားကို မောင်းထွက်လာခဲ့၏။ လမ်းထိပ်ရှိ စက်ဘီးပြင်ဆိုင်မှာ စက်ဘီးအပ်ပြီးတော့ လူကြီးက ကားဖြင့် ကျောင်းကို လိုက်ပို့ပေးပြီး ကျောင်းရှေ့မှာ ကားရပ်လိုက်ပါ၏။

"ကဲ. . . ကိုယ့်ကြောင့် ညာလေး အရိုက်ခံရတဲ့အတွက် နာကျင်ခ မုန့်ဖိုး ယူသွားနော်"

သူမ ဒေါသမျက်နှာဖြင့် ဆတ်ခနဲ သူ့ကို ကြည့်လိုက်၏။ ကားပေါ်မှ ခုန်ဆင်းကာ ပြန်ပြောလိုက်ပါသည်။

"စက်ဘီးပြင်ခပေးရုံနဲ့ ကျေနပ်ပါပြီ။ ညာ သူများ ပေးတိုင်း ယူ၊ ကျွေးတိုင်း မစားတတ်ဘူး။ လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူမ လွယ်အိတ်ကို ပြင်လွယ်၍ ကျောင်းထဲ ဝင်သွားတော့သည်။ အဲဒီနေ့ ညနေ အိမ်ကိုပြန်ရောက်တော့ ညှော်ခန်းထဲမှာ





ဖေဖေနှင့်မေမေက လူကြီး၏အကြောင်းကို ပြောနေကြ၏။ သက် င်မှုဆိုတာ သူမတို့မြို့လေးမှာ ဒိတ်ဒိတ်ကျဲ ချမ်းသာသည့် မြို့ ချက်နှာဖုံး မိဘနှစ်ပါး၏ တစ်ဦးတည်းသော သားတဲ့။ သားမက် တော်ချင်နေသည့်လူတွေ တန်းစီနေသလို၊ ကောင်မလေးတွေ ဝိုင်း ဒိုင်းလည်နေသူတစ်ဦးလည်း ဖြစ်သည်တဲ့။

သူ အိမ်ကို လာလည်သွားသည့်သတင်းက ရပ်ကွက်ထဲမှာ ဘစ်ခဏချင်း ပျံ့နှံ့သွားတော့သည်။ ဤအိမ်မှာ အလွန်တရာမှ သုပလွန်းသည့် မမသက်ပုံစု ရှိနေသောကြောင့် မိန်းကလေးရှင်တွေ နာလိုမရှုစိမ့် ဖြစ်လိုက်ကြတာ မပြောပါနှင့်တော့။ ကြားထဲမှာ ဘမသိဘမသိ သူမကတော့ ဝိုင်းစပ်စုကြသည့်လူတွေကို ဘုပြော ာွတ်ရင်း သူမတို့မိသားစုနှင့် လာပတ်သက်သည့် လူကြီးကိုသာ ဒေါပွနေမိတော့သည်။

မမနှင့် သူမဟာ အသက်လေးနှစ်ကျော် ကွာပေမယ့် ညီ အစ်မချင်း သိပ်အစေးမကပ်လှ။ သူများညီအစ်မတွေလို ကယု ာယင်လည်း မရှိ။ ဒီကြားထဲ မေမေက သမီးအကြီးမှအကြီး ဖြစ် နေသလို ဖေဖေက အငယ်မှအငယ် ဖြစ်နေ၍ ဂိုဏ်းတွေ ကွဲကုန် ၏၊ မေမေ့သမီးနှင့် ဖေဖေ့သမီးတို့၏ ကွာခြားချက်တို့ဟာ သူမတို့ အိမ်တွင်း၌သာမက ရပ်ကွက်ထဲရော၊ မြို့လေးအတွင်းမှာပါ တစ် ယောက်ကို နာမည်တစ်မျိုးစီ ကြီးနေသည်ကို ငယ်ရွယ်လွန်းပါသည့် ူမက ထိုအချိန်က ဘာတစ်ခုကိုမှ မရိပ်မိ မသိရှိခဲ့ပါချေ။

● ● ●

## အခန်း ( ၄ )

ဘုန်းကြီးကျောင်းမှာ အရဏ်ဆွမ်းအတွက် ဟင်းချိုင့်ကို ပွိုယကြီးဆီမှာအပ်ပြီး ကျောင်းကြမ်းပြင်ကို ပြောင်နေအောင် က်ချွတ်နေစဉ် ကျောင်းဝင်းအတွင်းသို့ ကားတစ်စီး ဝင်လာ၏။ ားပေါ်မှ စိန်တွေရွှေတွေ ပြောင်ပြောင်လက်လက် ဝတ်ဆင်ထား သည့် အန်တီကြီးနှစ်ယောက်က ကျောင်းပေါ် တက်လာပြီး ကျောင်း င်ဆရာတော် ဦးပညာကို လာလျှောက်တင်ကြလေသည်။

"ဟော. . . ဒကာမကြီး ဒေါ်ထိပ်ထားပါလား"

"မှန်ပါ့ဘုရား"

"ဘာအကြောင်းကိစ္စ ရှိလို့တုန်းကွယ့်"

"တင်ပါ့. . .။ တပည့်တော်ရဲ့မေမေမွေးနေ့ကို ဘုန်းဘုန်း

ရဲ့ကျောင်းမှာ သံဃာတော်တွေ ဆွမ်းကပ်ပြီး. . . အလှူလုပ်ချင်လို့ လာလျှောက်တင်တာပါ ဘုရား။ လာမည့်လပြည့်နေ့မှ ဘုန်းဘုန်းတို့ အားမယ်ထင်ပြီး မေမေက လျှောက်ခိုင်းလိုက်လို့ပါ"

"ကောင်းတာပေ့ါ ဒကာမကြီးရယ်။ တကယ်လို့ တခြားအိမ်တွေမှာ ဆွမ်းကပ်ချင်တယ်ဆိုရင်လည်း ဦးပဥ္စင်း တခြားကိုယ်တော်တွေကိုပဲ လွှတ်မှာပါ။ ဒကာမကြီးတို့မိသားစုက ဆွေမျိုးတွေလို ရင်းနှီးတော့ ဦးပဥ္စင်းက ဦးစားပေးရမှာပေ့ါ"

"တပည့်တော်တို့ ထမင်းကျွေးဖို့ စီစဉ်ထားပါတယ် ဘုန်းဘုန်းဘုရား. . .။ ကျွေးမွေးဖို့ကလည်း ကျောင်းမှာက ပစ္စည်းစုံလင်လို့ ကျောင်းမှာပဲလုပ်ဖို့ ဆုံးဖြတ်လိုက်ရတာပါ။ တစ်မြို့လုံး မီးခိုးတိတ် လှူဒါန်းမှာပါ ဘုရား"

"အိမ်း. . . ကြားရတာ ဝမ်းသာသပ ဒကာမကြီးရယ်။ သာဓု. . . သာဓု. . . သာဓု"

"တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦးဘုရား"

"အေးအေး. . . ဟဲ့. . . ဒကာမလေး မိညာ။ နင့်ကြီးကြီးတွေကို ကျောင်းအောက် တောင်းထဲက နာနတ်သီးသုံးလုံး ယူပြီး အိတ်နဲ့ ထည့်ပေးလိုက်စမ်း။ ဒကာမကြီး ဒေါ်ကြွေက နာနတ်သီးကြိုက်တယ်ကွယ့်"

"တင်ပါ့ဘုန်းဘုန်းဘုရား"

"နေပါစေ ဘုန်းဘုန်း. . .။ ဘုန်းကြီးဆီက ပြန်ယူသလိုဖြစ်နေလို့ ငရဲကြီးမှာစိုးလို့ပါ"





"ရပ်ဆွေရပ်မျိုးတွေပဲ ဒကာမကြီးရယ်. . .။ ကျောင်းမှာ အများကြီးသီးလို့ ဒီလိုပဲ ကြုံသလို. . . ဦးပဥ္စင်း ဝေနေကျပါ။ ယူသွားချေ"

သူမ ကျောင်းအောက်သို့ ခပ်သုတ်သုတ် ဆင်းသွားပြီး ဘွတ်ကျွတ်အိတ်နှစ်အိတ်ထပ်ကာ နာနတ်သီးသုံးလုံးကို သေချာထည့်လိုက်ပါ၏။ ကြီးကြီးတို့ ကားပေါ်အတက်မှာ ကားတံခါးပေါက်မှ တရိုတသေ ကမ်းပေးလိုက်ပါသည်။

"ကျေးဇူးပါပဲကွယ်. . .။ သမီးလေးက သဲမြညာဆိုတဲ့ ကလေးမလေးလား"

"ဟုတ်ပါတယ် ကြီးကြီး"

အန်တီကြီးနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ပြုံးလိုက်ကြသည်။ ထို့နောက် ခေါင်းညိတ်ပြလိုက်ပြီး သူမကို နှုတ်ဆက်ကာ ကားမောင်းထွက်သွားတော့၏။ သူမ ကြမ်းတိုက်ပြီး၊ လက်စင်အောင်ဆေးကာ ဘုရားသောက်တော်ရေအိုးနှင့် သောက်ရေအိုးများကို ဆေးကြော၍ ရေဖြည့်ပြီးမှ စက်ဘီးဖြင့် အိမ်ကိုပြန်ခဲ့တော့သည်။ အိမ်ပေါ်တက်လိုက်စဉ် ဧည့်ခန်းမှာ ထိုင်နေသည့် မေမေ့ထံမှ အသံထွက်လာ၏။

"မိညာ. . . ဆွမ်ဟင်းချိုင့်လေး သွားပို့ခိုင်းပါတယ်။ ပြန်ကို ပေါ်မလာတော့ဘူး။ အဲဒါတွေကြောင့် ညည်းနဲ့ငါ. . . အကြောတည့်တာပေ့ါ"

"ညာ. . . ကျောင်းမှာ ကြမ်းတိုက်ပြီး သောက်ရေအိုးတွေ

ဖြည့်ပေးနေလို့ပါ မေမေရယ်။ ဘယ်မှ လျှောက်မသွားပါဘူး"

"အေးလေ မြရယ်. . .၊ မင်းမလည်း ဒီသမီးအငယ်ကိုပဲ တစ်နေ့တစ်နေ့ မျက်စိဒေါက်ထောက် ပြောနေတာ မမောဘူးလား။ ကလေးက သူ့ဟာသူ အေးအေး နေ့နေတဲ့ဟာ"

"ပြောလိုက်ရင်. . . ရှင် ရှေ့က ကာဆီးကာဆီးလုပ်နေလို့ သူ ရောင့်တက်နေတာ ကိုဘချစ်ရဲ့။ ဘယ့်နှယ့်. . . မိန်းကလေးတဲ့၊ ကောင်လေးတွေနဲ့ တရုန်းရုန်း၊ ရယ်လိုက်ရင် ဝါးလုံးကွဲ. . . ကျွန်နေ့ က တစ်စက်လေးမှ မရှိ။ အဲဒီလိုတွေ ဖြစ်နေတာ ရှင် မြှောက်ပေးလို့ရှင့်. . . သိရဲ့လား"

"သိတယ်. . . ငါ့သမီးအကြောင်း ငါအသိဆုံးနော်။ ဘယ် သူ့ကိုပဲမေးမေး. . . ငါ့သမီးသတင်းက မွှေးလို့ပဲ။ ယောကျ်ားလေး တွေနဲ့ပေါင်းတာ ဘာကျွန်နေ့မရစရာရှိလဲ။ အဲဒီကောင်လေးတွေရဲ့ မိဘတွေကတောင် ငါ့ကိုပြောပြကြတာ။ သူတို့သားတွေ ကွမ်းစား ဆေးလိပ်နိုးသောက်တာကအစ သမီးငယ် ပြန်တိုင်လို့ အခုဆို သူတို့ ဆုံးမပြီး လိမ္မာနေကြပြီတဲ့။ ကျောင်းမှာ မသိနားမလည်တာ မှန် သမျှ ငါ့သမီး ရှင်းပြပေး၊ စာစစ်ပေးလို့ အခု ဘာသာစုံအောင်တဲ့၊ စာကြိုးစားတဲ့ ကလေးတွေ. . . ဖြစ်နေပြီတဲ့။ ချီးမွမ်းလိုက်ကြတာ မပြောပါနဲ့။ ဘယ်မှာလဲ နာမည်ဆိုး. . .။ မျက်တောင်မွေးတစ် ဆုံး မကြည့်ဘဲ မျက်စိတဆုံး ကြည့်စမ်းပါ မြရာ။ ငါ့သမီးက သူ့ ကိုယ်သူ ထိန်းတတ်တယ်၊ ဘာမှ မဖြစ်ဘူး၊ ငါ စိတ်ချပြီးသားဟ။ ဒီ လောက် လူချစ်လူခင်ပေါ်တဲ့ ကလေးကို ဘယ်သူမှ ဒုက္ခမပေးဘူး။





မင်းရဲ့သမီးကိုသာ မင်း နိုင်အောင်ထိန်း။ တစ်လတစ်လ ပေါ်သမျှ ဆား၊ အလှပြင်ပစ္စည်းကအစ မင်း. . . အကုန်ဖို့ပေး။ ဆယ်တန်း တောင် ပျော့ပျော့လေး အောင်သွားတာ ကံကောင်း။ အခုလည်း နောက်ဆုံးနှစ် တက်ပြီးရင် မိဘကို ကူဖို့တော့ တယ်မမြင်ပေါင်။ ဘပိုက်ဆံကို ဘယ်လိုနည်းနဲ့ ဖြုန်းပေးရမလဲပဲ စဉ်းစားနေတာ။ ါသမီးလေးများ. . . ဘယ်နှခါ ဘာများ ပူဆာဖူးလို့လဲ ပြောပါဦး"

"ချီးမွမ်း. . . ချီးမွမ်း. . . တစ်နေ့ ငယ်ငယ်ရွယ်ရွယ်နဲ့ ယောက်မမြင်းစီး ထွက်သွားမှ ဟုတ်ပေ့ဖြစ်နေမှာ. . . ဟွန်း"

"မင်းကွာ. . . မဦးမချွတ်. . . ငါ့သမီးကို"

●

သူမ အိမ်အနောက်ဘက် စံပယ်ရုံမှ စံပယ်ဖူးလေးများ ကိုခူး၍ သီလိုက်ပြီး ရေတောက်လိုက်ပါသည်။ အိမ်ရှေ့ပြန်ထွက် သာတော့ မေမေ့ထံမှ မျက်စောင်းတစ်ချက် ရလိုက်ပြန်၏။

"ဒါက ဘယ်တုန်း. . ."

"ဘုရားကြည် စံပယ် မှာထားတာ သွားပို့မလို့ပါ မေမေ"

"နင် တော်တော်ဆင်းရဲနေလား. . .။ မိဘက မျက်နှာ ငယ်ရအောင် ထားပါလျက်နဲ့ ဒီအလုပ်မျိုးတွေ လုပ်ပြန်ပြီလား"

"မေမေကလည်း ညာက ပိုက်ဆံနဲ့ရောင်းတာမှ မဟုတ် ဘာ. . .။ မနက် မုန့်ဟင်းခါး သွားစားရုံပဲဟာ"

"ပြောနေတဲ့ကြားက. . . တွေ့လား"

"ဘာဖြစ်လဲ. . . ။ ငါ့သမီး သူ့ဟာသူ ဝင်ငွေရှာတတ်တာ နည်းလား။ သွားသာ သွား သမီးလေး. . . ။ စက်ဘီးတော့ ယူမသွားနဲ့တော့. . . ။ မှောင်နေရင် ကားနဲ့တိုက်မိမှာစိုးလို့. . . ကြားလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

သူမ လမ်းထိပ်ရှိ မုန့်ဟင်းခါးရောင်းသည့် ဘွားကြည်၏ အိမ်လေးဆီ လမ်းလျှောက်လာခဲ့၏။ တဲအိမ်လေးမှာ မီးခွက်တောင် ထွန်းထားလေပြီ။

"ဘွားကြည်ရေ. . ."

"ဟေ. . . မြေးလေး မိညှာလား။ တက်လာလေကွယ်"

"မတက်တော့ပါဘူး ဘွားကြည်ရဲ့. . . ၊ မှောင်တော့မှာမို့ မေမေ စိတ်ပူနေလိမ့်မယ်။ ညှာ စံပယ်ဖူးကုံးလေးတွေ လာပို့တာပါ။ ရေ မတောက်နဲ့တော့နော်။ ဒီအတိုင်းပဲ ချိတ်ထားလိုက်တော့။ မနက် သူ့ဟာသူ ပွင့်လိမ့်မယ်"

"အေးအေး. . ကျေးဇူးပဲမြေးရယ်။ ပန်းဖိုး ယူသွားဦးလေ"

"မယူတော့ဘူး ဘွား. . ။ မနက်စောစောမှ မုန့်ဟင်းခါး လာစားမယ်လေ. . . နော်။ ညှာ ပြန်တော့မယ်"

"ဩော်. . . အေး အေး မြေးလေး. . ."

"ဘယ်သူတုန်း. . . မကြည်ရဲ့"

"ထွန်းတောက်ပွဲရုံပိုင်ရှင် ကိုဘချစ်နဲ့ မမြနုစ်တို့ရဲ့သမီး အငယ်လေ. . . ။ မက္ကန္တြာရဲ့"





"ဟဲ့ ဟုတ်လား. . . ခဏစောင့်ပါဦး၊ ငါ အိမ်ပြန်မလို့။ နင့်သမီးကို သေချာပြောလိုက်နော် မကြည်၊ နင်တို့သားအမိ လက်ရာက ကောင်းလွန်းလို့ ငါ အကူအညီ တောင်းရတာပါ။ အလှူမှာ ချက်တော့ ကလေးတွေ ကူချက်ပေးမှာပေါ့။ နင်က ဦးစီးဦးဆောင်ပဲ။ လိုအပ်တာတွေဝယ်ဖို့ စာရင်း လာရေးပေးကြဦး။ ငါ သွားမယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ မက္ကန္တြာ။ မြေးရေ. . . ဒီမှာ ညည်း ဘွားဘွားကို အိမ်ပြန်ပို့ပေးပါဦး။ ညနေဘက် လမ်းလျှောက်ဆိုပြီး ရောက်လာတာ. . . ၊ လေကောင်းနေတာနဲ့ မှောင်သွားပြီ"

သူမက တဲလေးပေါ်မှ ဆင်းလာသည့် ဘွားဘွားကြီးကို တွဲလိုက်ပါ၏။ ဘွားဘွားကြီးက မီးရောင်မှိန်မှိန်မှာ မျက်မှောင်ကြုတ်၍ သူမကို သေချာကြည့်လိုက်သည်။

"ငါ့မြေးက. . . အချောလေးပဲ။ ကိုကိုပိုင်နဲ့ သိတယ်ဆို"

"ဟင်. . . ဘယ်က ကိုကိုပိုင်လဲ ဘွားရဲ့"

"ဟော. . . ဘွားမြေး သက်ပိုင်မှူးကိုတောင် မသိဘူးလား. မြေးရဲ့။ မြေးတို့အိမ်ကိုတောင် လာလည်ဖူးတယ်လေ. . ."

"ဩော်. . . အဲဒီလူကြီးက ဘွားရဲ့မြေးလား။ မသိပါဘူး ညှာနဲ့ ဘွားမြေးက မတည့်ဘူး။ ဘွားမြေးကြောင့် ညှာ အရိုက်ခံရတယ် ဘွားရဲ့။ ညှာ. . . မခင်ချင်ဘူး"

"ဟော. . . ဟင်း ဟင်း မြေးက အသွက်လေးပဲ။ ဒါကြောင့် သားပိုင်. . . ပြော,ပြောနေတာ"

ဗုဒ္ဓေါ. . . ဒီလူကြီး ဘာတွေလျှောက်ပြောထားသည်မသိ။

ညနေကပဲ သူ့အမေနှင့် အဒေါ်က သူမကို ပြုံးစိစိဖြင့် ကြည့်သွားကြသေးသည်။ ယခု သူ့ဘွားဘွားကပါ ပြောနေပြန်ပြီ။ ဒီလူကြီးတော့ မဟုတ်တော့ပါဘူး။ သူမ ကွယ်ရာမှာ ဘာတွေ အတင်းအုပ်ထားလဲ မသိ။

တိုက်အိမ်ခြံဝင်းထဲရောက်တော့ ဘွားဘွားက သူမလက်ကို ဆွဲ၍ တိုက်ထဲအထိ ခေါ်လာခဲ့တော့သည်။ မီးရောင်တွေ ထိန်လင်းနေသည့် ဧည့်ခန်းမှာ မိသားစု စုံစုံညီညီထိုင်၍ ဝိုင်းဖွဲ့စကားပြောနေကြပါ၏။

"ဟော. . . မေမေရယ်။ ဒီနား လမ်းလျှောက်ဆိုပြီး ခုမှ ပြန်ရောက်လာတယ်။ မေမေ့မြေးက စိတ်ပူပြီး လိုက်ရှာမလို့။ ထမင်းတောင် မစားဘဲ အဝတ်အစား လဲနေပြီ"

"ပူတတ်ရန်ကောအေ. . .။ ဒီမြို့မှာ ငါ့ကို ဒုက္ခပေးဝံ့သူ မရှိပါဘူး။ လာ မြေး. . . ခဏထိုင်ဦး"

"ဟို. . . မထိုင်တော့ပါဘူး ဘွား. . .၊ ညှာ ပြန်တော့မယ်။ အပြင်မှာ မှောင်နေပြီမို့လို့ပါ"

"အမယ်လေး. . . သမီးရယ်။ သမီးကိုကို လိုက်ပြန်ပို့လိမ့်မယ်။ လာ. . . ခဏထိုင်ပါဦး. . .။ စကားလေးဘာလေး ပြောရအောင်. . .။ ကိုဦးရေ. . . အဲဒါ သားပြောတဲ့ ညှာလေးဆိုတာပေါ့။ ခု. . . တွေ့ဖူးပြီ မဟုတ်လား"

"ဩော်. . . သမီးက ချစ်စရာလေးကိုး"

"ငါ့မြေးသတင်းကတော့ ဘွားတို့မြို့လေးမှာ မွှေးမှမွှေး





ဟေ့. . .။ စွာလွန်းတဲ့ ဆိုးသတင်းထက် သတင်းကောင်းက ပိုများပေါ့. . .။ ဟုတ်လား မြေး"

"ညှာ. . . မသိဘူး ဘွားရဲ့"

လူကြီးတွေ တီးတိုးရယ်လိုက်ကြသည်။ လူကြီးရဲ့အန်တီက သူမကို နွားနို့ဖန်ခွက်ကြီးနှင့် ကိတ်မုန့်တစ်ပန်းကန် လာချပေးပါ၏။

"သောက်နော် သမီးလေး. . . အားမနာနဲ့"

"ဟင်. . . ညှာ မသောက်တော့ပါဘူး"

"ဩော်. . . လူကြီးတွေကျွေးရင် မငြင်းကောင်းဘူး မြေးရဲ့. . .။ ပူတုန်းလေး သောက်လိုက်နော်"

သူ အင်္ကျီကြယ်သီးတပ်ရင်း ဆင်းလာတော့ ဧည့်ခန်းရှိ လူကြီးတွေ ဝိုင်းထိုင်နေသည့်ကြားမှာ သူ၏ကလေးမလေးကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရ မေ့မေ့ဘေးမှာ ဝင်ထိုင်လိုက်ပါသည်။

"သူက လူသာငယ်တာ ဘွားရေ. . .။ မာနကတော့ မိုးထိအောင် တက်နေတာပဲ"

"ဟွန်းနော်. . ."

သူမက သူ့ကို မျက်စောင်းထိုးလိုက်သဖြင့် လူကြီးတွေ သဘောကျစွာ ရယ်လိုက်ကြပြန်၏။

"ကဲ. . . သောက်ပါ. . .။ မသောက်ရင် အိမ်ပြန်မပို့ဘူးနော်. . .။ တကယ်ပြောနေတာ"

"ဟင်. . . ညှာတစ်ယောက်တည်း ဒီအချိန်ကြီး မပြန်ရဲဘူး

ရှင့်"

"ဒါဖြင့်. . . သောက်ပေါ့"

သူမ စိတ်ညစ်ညစ်ဖြင့် နားရွက်ကို လက်ဖြင့် ကုတ်လိုက်မိတော့ သူက ခပ်ပြုံးပြုံး ကြည့်နေတော့သည်။ သူ့မျက်ဝန်းများမှ အရောင်တလက်လက် စိုစွတ်တောက်ပနေလျက် သူမကို တစိုက်မက်မက် ငေးနေသည်မို့ ခေါင်းကို ငုံ့လိုက်မိပြီး နွားနို့ကို တစ်ရှိန်ထိုး မော့ချလိုက်ပါ၏။

"သွားတော့မယ်"

"မုန့်စားဦးလေ"

"ဟင့်အင်း. . . မစားတော့ပါဘူး။ နွားနို့ သောက်ပြီးရင် ပြန်ပို့မှာဆို"

"အေး. . . မင်းထက် ပိုလည်တယ်သားရေ။ တွေ့လား"

"ဟင်း ဟင်း. . . အန်တီလေးရေ။ ညှာလေးကို ဒီမုန့်တွေ အိတ်နဲ့ထည့်ပေးပါ။ ညှာလေးက ကိတ်မုန့်ကြိုက်တယ်"

"ဟင်. . . ကြိုက်ပါဘူး"

"အမယ်. . . မသိဘူးများ ထင်နေလား။ သိထားတာတွေ ပြောပြရမှာလား။ မာလကာသီး ကြိုက်တယ်၊ ကျောက်ကျော ကြိုက်တယ်. . .၊ မုန့်ဟင်းခါး ကြိုက်တယ်။ ခေါက်ဆွဲသုပ်ကြိုက်တယ်၊ ပြီးတော့. . ."

"ဟို. . . ညှာ ပြန်တော့မယ်. . .။ နွားနို့ တိုက်တဲ့အတွက် ကျေးဇူး အများကြီးတင်ပါတယ်။ ခွင့်ပြုပါဦး သွား. . .၊ ဘဘနဲ့





ကြီးကြီး. . .၊ ပြီးတော့ အန်တီလေးပါနော်"

သူမက မျက်လုံးပြူး၍ သူ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ လူကြီးတွေကို နှုတ်ဆက်ကာ ထရပ်လိုက်ပါ၏။ လူကြီးများက သူမ ၏အမူအရာကို သဘောကျနေတော့သည်။ သူ့ကားပေါ်တက်စဉ် က အန်တီလေး ကမ်းပေးသည့် မုန့်ထုပ်ကိုယူ၍ ကျေးဇူးတင်စကား ပြောလိုက်ရ၏။

အိမ်ကို ပြန်ရောက်စဉ် အိမ်ဝမှ ဆီး၍ဆူချင်နေသည့် မေမေက သူ့ကိုမြင်လိုက်ရသဖြင့် ပါးစပ်ပိတ်လိုက်တော့သည်။ အိမ်ပေါ်မှာ ခဏတဖြုတ်ထိုင်၍ စကားစမြည်ပြောပြီးမှ သူ ထ၍ပြန်သွား၏။

အိပ်ခန်းထဲဝင်စဉ် မမက မှန်တင်ခုံမှာထိုင်လျက် ဆံပင်ညှပ်တို့ကို ဖြီးသင်နေ၏။ ညမိုးချုပ်တာတောင် အလှပြင်ချင်တုန်း . သူမ နှာခေါင်းရှုံ့လိုက်မိသည်။ ခြေထောက်ရေဆေး၍ သုတ်ကာ ခုတင်ပေါ် လှဲချလိုက်တော့ သူမခုတင်ပေါ်သို့ မမ လာထိုင်၏၊

"အငယ်မ. . . နင် သူနဲ့ခင်တာ တော်တော်ကြာပြီလား"

"ဘာလုပ်ဖို့ မေးတာလဲ"

"သိချင်လို့ပေါ့"

"ညှာ. . . သူနဲ့ မခင်ပါဘူး"

"ဟဲ့. . . မခင်ဘဲနဲ့ သူ့ကားပေါ် နင်. . . လိုက်စရာလား။ ဘယ်လိုမိန်းကလေးလဲ။ အဲဒါကြောင့် သူများတွေ ငါ့ကို ဝိုင်းပြော

ကြတာ။ နင့်ညီမ ကြည့်ထိန်းဦးတဲ့...၊ ဟိုကောင်လေး စက်ဘီးကယ်ရီယာပေါ် ပါလာပါရဲ့...၊ အခုလည်းကြည့် ကားပေါ် ပါပြန်ပြီ"

"အဲဒါ ညှာ့ကိစ္စပါ...မမ အပူမပါဘူး၊ လာရစ်မနေနဲ့။ ခဏနားပြီး စာကျက်မလို့ဟာကို..."

"အောင်မယ်...ဒီလောက် အစ်မက ဆုံးမနေတာကို ပမာမခန့်နဲ့...။ ငါ လုပ်လိုက်ရ"

"မမနော်...ကိုယ့်ဟာကိုယ် နေပါလား။ ညှာ့ကို အပြစ်မရှိ အပြစ်မရှာနဲ့။ အကြီးဆိုပြီး အနိုင်မကျင့်ပါနဲ့"

"ဘာ...နင်...နင် ပေါက်လွှတ်ပဲစားတွေနဲ့ပေါင်းပြီး မိုက်ရိုင်းနေကာယ်။ ကြည့်စမ်း...အဆင့်အတန်းကို မရှိဘူး။ အစ်မကို တစ်ခွန်းမကျန် ပြန်ပက်ဦး...။ ကဲ..."

မမက သူ၏လက်မောင်းနှင့် ကျောပြင်ကို တဖြန်းဖြန်းရိုက်နေသဖြင့် သူမ အသံကုန် အော်ဟစ်လိုက်ပါ၏။

"ဖေဖေရေ...ဟောဒီမှာ ညှာ့ကို မမ အနိုင်ကျင့်နေတယ်"

"ဟိုနှစ်ကောင်"

မေမေက သူမကို့အခန်းကို ကူးလာပြီး မမ ဝိုင်းသမှုအကုန်ယုံကာ သူမကိုသာ အပြစ်ဖို့လေ၏။ သူမ မေမေ့မျက်နှာေးကြည့်လျက် ရင်ထဲမှာ နာကျင်နေမိသည်။ မမ‌ေကော မမလောက် သူမကို ဘာကြောင့် မချစ်တာလဲဟု စဉ်းစား၍ မရနိုင်





ခဲ့။ အချိန်ပြည့် သူမကို ဆူဖို့၊ ရိုက်ဖို့ကိုပဲ သိသည်။ ဒီလောက်အလိုက်တသိဖြင့် ကူညီနေပါလျက် သူမကို အမြဲမျက်စိ ဆံပင်မွေးစူးနေမြဲ။ တက္ကသိုလ်ကျောင်းသူကြီးကိုသာ မေမေနဲ့ ရုပ်လည်းဆင်၊ စိတ်လည်းတူမို့ ပိုအလေးသာလေသလား။ သူမ နားနှစ်ဖက်ပိတ်ကာ ခေါင်းအုံးပေါ် မှောက်လျက် အိပ်ချလိုက်ပါတော့သည်။

● ● ●

## အခန်း ( ၂ )

မနက်အစောကြီးမို့ မိုးက ခပ်အုံ့အုံ့။ ဘုရားပေါ်မှာ ပန်း၊ ဆီမီး ပူဇော်ကာ ရေသပ္ပာယ်ပြီးမှ ခပ်ဖြည်းဖြည်း ဆင်းလာခဲ့၏။ ေလှကားရင်းမှာ ထောင်ထားသည့် စက်ဘီးကို သော့ဖွင့်၍ အသာ ဘွန်းလာခဲ့သည်။ လမ်းထိပ် ခရေပင်ကြီးအောက်မှာ ခဏရပ်၍ ခရေပွင့်တို့ကို တယုတယဖြင့် တစ်ပွင့်စီ ကောက်နေမိ၏။

လူက ခါတိုင်းမနက်တွေလို စိတ်က မကြည်လင်။ သူမ ကို အထင်သေးလွန်းလှသည့် မေမေနှင့် မမ၏စကားသံတို့ကို ကြား ယောင်မိရင်း အံကျိတ်လိုက်မိသည်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပညာဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ မိန်း ကလေးဖြစ်ကြောင်းကို သက်သေပြခဲ့ရမည်။ အချိန်တန်ရင် လူ

တိုင်း သိလာကြမှာပါလေ။

ခရေပွင့်လေးတွေက ခါတိုင်းလို အများကြီး မရဘဲ ဆယ့်ငါးပွင့်လောက်သာ ရသဖြင့် သူမ ခရေပင်ကြီးပေါ်ကို မော့ကြည့်လိုက်၏။ လေအေးတို့က သုတ်ခနဲ ကျီစယ်လာသည်။ ကံများမကောင်းချင်တော့ ခရေပန်းတောင် အရင်လို မရတော့ပါလား။ လက်ထဲမှ ခရေပွင့်တို့ကို ငုံ့ကြည့်ပြီး ရုပ်အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်စဉ် ခပ်တိုးတိုးရယ်သံကို ကြားလိုက်ရ၏။ ဖြန်းခနဲ ကြက်သီးထသွားရင်း ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်တော့လည်း ဘယ်သူ့ကိုမှ မတွေ့ရ။

သူမ စက်ဘီးဒေါက်ကို ဖြုတ်လိုက်စဉ် သစ်ပင်အကွယ်မှ သူ ထွက်လာသည်။ အားကစားဝတ်စုံအဖြူရောင်ကြောင့် ဖြူဝင်းနေသည့် သူ့အသားရောင်က ပို၍တောက်ပနေ၏။ သဘောတကျ ရယ်မောနေသဖြင့် သူ့သွားတက်လေးက ပေါ်လွင်နေသည်။ သူမ မျက်စောင်းတစ်ချက် ထိုးလိုက်တော့ သူက လက်နောက်ပြန်ဝှက်ထားရာမှ သူမရှေ့ကို ထုတ်ပြလိုက်၏။ ယောက်ျားတိုင်း လက်ကိုင်ပဝါ အနက်ရောင်ထဲမှာ ခရေပွင့်လေးတွေက ဖွေးဖွေးလှုပ်လျက်။

"ဩော်. . . ဒါကြောင့် ညာကောက်တော့ ခရေပွင့်တွေ နည်းနည်းပဲ ရှိတော့တာကိုး"

"ကိုယ်က ညာလေးအတွက် ကောက်ပေးထားတာပါ"

"မယူချင်ပါဘူး. . . ရှုပ်ရှုပ်ယှက်ယှက်"

သူမက စက်ဘီးကိုတွန်း၍ လမ်းပေါ်တက်လိုက်သည်။





သူက လက်ကိုင်ပဝါလေးကို ခပ်ဖွဖွ ထုပ်လိုက်ပြီး စက်ဘီးရှေ့ခြင်းတောင်းထဲ ထည့်ပေးလိုက်ပါ၏။

"ညာ မယူဘူးလို့ ပြောနေတယ်နော်. . .။ လွှင့်ပစ်လိုက်မလား"

"ပစ်ရက်ရင် ပစ်လိုက်ပေါ့. . .။ သူတို့ခမျာ တယုတယနဲ့ကောက်ယူ မွှေးကြူမယ့်လူကို မျှော်နေရတာ။ အခုလို လွှင့်ပစ်လိုက်တော့ သူများတွေ ခြေနဲ့နင်းတာ ခံရမှာပေါ့။ သဘောပဲ"

သူ့အပြောကြောင့် သူမ ဘယ်လိုချေပရမလဲ စဉ်းစား၍ ရသဖြင့် သက်ပြင်းတစ်ချက်ကိုသာ ခပ်ဆောင့်ဆောင့်ချလိုက်၏။ လှမ်းမကမ်းမှာ မြင်နေရသည့် ဘွားကြည်၏ မုန့်ဟင်းခါးဆိုင်ဆီသွားရန် စက်ဘီးကို စီးလိုက်တော့ သူက နံဘေးမှ ပြေးလိုက်လာသည်။ သူမက ဆိုင်ဘေးမှာ စက်ဘီးကို ထောင်ထားလိုက်ပြီး တစ်လုံးမှာ ဝင်ထိုင်တော့ သူက သူမ နံဘေးခုံမှာ ထိုင်ချလိုက်လေ၏၊ ဘွားကြည်က သူမကို ပြုံးကြည့်လိုက်ပြီး မုန့်ပွဲ ပြင်ပေးပါသည်။ ဘွားကြည်၏သမီး ဒေါ်လေးနွယ်က ဟိုဘက်မှာ စားနေသည့် လူ ဦးရှေ့ရှိ ကရားအိုးထဲသို့ ရေနွေးဖြည့်ပေးပြီး သူမတို့ရှေ့ ကရား မှာလည်း ထပ်ထည့်ပေး၏။

"သား. . . ကိုပိုင်. . . ဘာနဲ့စားမှာလဲ"

"ညာလေးလိုပဲ ပြင်ပေးပါ ဘွားကြည်"

"ဩော်. . . ငါ့အေးအေး"

သူမက ပဲကြော်နှင့် အိုးဘဲဥလုံးကို ချေနေလျက်မှ သူ့ကို

မော့ကြည့်လိုက်သည်။ သူက စက်ဘီးခြင်းထဲမှ လက်ကိုင်ပဝါကို ဖြည်လျက် နီးကြိုးတစ်စဖြင့် ခရေပွင့်တို့ကို သီနေလေပြီ။ သူမက နံနံပင် ထပ်တောင်း၍ ငံပြာရည်နည်းနည်း ထပ်ဆမ်းကာ မုန့်ပွဲကို အေးအေးဆေးဆေးမွှေနေသည်။ သူမ မုန့် စ,စားစဉ်မှာ သီပြီးသွားသည့် ခရေကုံးကို ခွေကာ သူမခေါင်းထက် ကလစ်ကိုဖြုတ်၍ သူ ပန်ပေးလိုက်၏။ ရုတ်တရက်မို့ သူမ ကြောင်သွားစဉ် သူက မသိချင်ယောင် ဆောင်လျက် မုန့်စားနေသည်။

အစားမြန်သူမို့ သူမနှင့် မရှေးမနှောင်းမှာ သူပါစား၍ပြီးသွားသည်။ မုန့်ဖိုးကို သူနှစ်ယောက်စာ ထရှင်းတော့ သူမက ခပ်ဟက်ဟက် ရယ်ချလိုက်ပါ၏။

"ညာ့အတွက် ပေးဖို့မလိုဘူး သားရဲ့"

"သူက အလကား စားတာလား"

"မဟုတ်ပါဘူး. . . ဘွားကို ပန်းရောင်းထားတာ။ ပိုက်ဆံ မယူဘဲ ဒီမနက်မှ မုန့်လာစားတာလေ"

"ဩော်. . . ဒီလိုလား။ ညာလေးက စီးပွားသောင်းကျန်းနေတာကိုး"

"အမယ်. . . လူကိုများ မို့ချီးမွှစ်ချီး ပြောပြန်ပြီ"

"အလကား စတာပါ ချာတိတ်ရာ. . . သွားကြစို့"

"ဟွန်း. . . သူ့ဟာသူ လမ်းလျှောက်ပြီး ပြန်ရမှာကိုများ။ ဘွားကြည်. . . ညာ သွားပြီနော်"

"အေး. . . မြေးလေး"





ကားလမ်းပေါ် စက်ဘီးတွန်း၍ ပြန်တက်ခဲ့၏။ သူက စက်ဘီးဘေးမှာ လျှောက်လိုက်လာပြီး သူမကို ငုံ့ကြည့်လျက် ပြောလိုက်သည်။

"ကိုယ်ကြားဖူးတာ သဲမြည္ဘာဆိုတဲ့ ချာတိတ်မလေးဟာ အင်မတန် စိတ်ရင်းစေတနာကောင်းတယ်တဲ့။ ခုတော့ မဟုတ်ပါဘူး"

"အခု. . . ညာက ဘာဖြစ်နေလို့လဲ"

"လမ်းကြုံနေတာတောင်မှ ကိုယ့်ကို စက်ဘီးနဲ့ ခေါ်မတင်ဘူးလေ။ အဲဒါ စိတ်ပုပ်တာပေါ့"

"စဉ်းစဉ်းစားစားလည်း ပြောဦးနော်။ ရှင်ကြီး ကိုယ်လုံးအလေးကြီးကို ညာ. . . ဘယ်လိုတင်နင်းနိုင်မှာလဲ"

"ဒါဆို ကိုယ်နင်းမယ်လေ. . . ချာတိတ်ရဲ့"

"ဟွန်း. . . ဒါနဲ့များ မနက်ဘက် လမ်းလျှောက် အပြေးလုပ်တာတဲ့"

"ညောင်းနေပြီလေ ချာတိတ်ရာ. . .။ ကိုယ့်ကို သနားပါ"

"ဩော်. . . တော်တော် သနားစရာကောင်းနေတာကိုး။ ကျွတ်. . . ကျွတ်. . . ကျွတ်. . . "

သူက ရယ်မောရင်း စက်ဘီးလက်ကိုင်ကို ယူလိုက်၏။ သူမက လွှတ်ပေးလိုက်ပြီး သူနင်းသည့် စက်ဘီးနောက်ခုံပေါ် အပြေးတက်လိုက်သည်။ စက်ဘီးက ခါယမ်းပြီး လဲလေတော့၏။

"ဟာ..."

"ဟယ်... ညှာ့ ကိုယ်လုံးလေးတောင် မနိုင်ဘူးလား။ တော်တော်ညံ့သေးတာပဲ"

"နိုင်ပါတယ် ညှာလေးရဲ့"

"ဒါဆို... ဘာလို့ လဲရတာလဲ"

"တကယ်နိုင်ပါတယ်... မယုံဘူးလား"

သူမက လမ်းပေါ်မှာ ထိုင်လျက် လဲကျနေရာက သူ့ကို မျက်စောင်းထိုးဖြစ်အောင် ထိုးလိုက်ပါ၏။ သူက စက်ဘီးကို ဒေါက်ထောက်၍ ထောင်လိုက်ပြီး သူမကို ခွေ့ခနဲ ပွေ့ချီလိုက်လေသည်။

"ဟင်... ဒါ ဘာလုပ်တာလဲ"

"နိုင်ကြောင်း သက်သေပြတာလေ... ညှာလေးရဲ့"

"အာ... ညှာပြောတာက စက်ဘီးပေါ် တင်နင်းနိုင်လား ပြောတဲ့ဟာကို...။ ချပေး... အခုချပေး... ကျွတ်... ဘယ်လိုဟာကြီးလဲ မသိပါဘူး"

"ကိုယ့်ကို ကိုကြီးလို့ခေါ်ရင် ပြန်ချပေးမယ်လေ...။ ဟုတ်ပြီလား"

"ဟာ... အကျပ်မကိုင်နဲ့လေ... ရှင်ကြီးနော်"

"မရဘူးလေ... ခေါ်မှပြန်ချပေးမယ်။ တကယ်ပြောတာ"

"မသိဘူးကွာ... ညှာ အော်လိုက်မှာနော်"

"အော်ပေါ့... လမ်းမှာ ဒီလောက် လူရှင်းနေတာကို"



"အာ..."

သူက သူမကိုယ်ခန္ဓာကျစ်ကျစ်လေးကို ပွေ့ထားလျက်မှ ...က်ခုံးပင့်ပြလိုက်၏။

"ခေါ်မယ်... ခေါ်မယ်... အရင်ချပေး"

"လူလည်မကျနဲ့လေ...။ ဒီတစ်ခါတော့ ကိုယ် မအတော့ ... ကလေးမရဲ့"

"ဟင်... ရှင်ကြီးမှ လူလည်ကြီးအစစ်ရှင့်။ ကဲ... ...ကြီး... ကိုကြီး... ချပေးတော့"

"သင့်ခ်ယူ... ညှာလေး"

သူ နှစ်ခြိုက်စွာ ပြုံးလိုက်ကာ သူမခေါင်းထက်ရှိ ခရေကုံး...းကို ဖျတ်ခနဲ မွှေးလိုက်ပြီးမှ သူမကို အောက်ပြန်ချပေးလိုက်ပါ...ည်။ ထိတ်ခနဲ ခုန်သွားသည့် ရင်ခုန်သံနှင့်အတူ သူမမျက်နှာ...လေး ဖြန်းခနဲ ရဲတက်သွားရ၏။

"လာ... သွားစို့"

သူက ခြေတစ်ဖက်ထောက်ရပ်၍ သူမကို တက်စေပြီးမှ ...ဘီးကို နင်းလိုက်ပါသည်။ နောက်ခုံမှာထိုင်လျက် သူမရင်ထဲ...က မငြိမ်မသက် လှုပ်ရှားနေဆဲ။

"ညှာလေး... နေးနေးလား... မြန်မြန်လား"

"မြန်မြန်... မြန်မြန်...။ အိမ်ရောက်တာ နောက်ကျ... ညှာ... အရိုက်ခံရဦးမှာ"

"OK"

သူက အားစိုက်နင်းလိုက်တော့ စက်ဘီးက အရှိန်ဖြင့် သုတ်ခနဲ ပြေးလေ၏။ သူမ အလန့်တကြား သူ့အင်္ကျီနောက်ကျော ကို ဆုပ်ကိုင်မိသည်။ ခြံထဲကိုကွေ့စဉ် သူမခေါင်းနှင့် သူ့ကျောကုန်း မထင်မှတ်ဘဲ ထိသွားသည်မို့ သူ့ချွေးနံ့သင်းသင်းကို ရှုလိုက်ရသည်။ သူက ခြံထဲမှာ စက်ဘီးကို ရပ်လိုက်ပြီး သူမကို လှည့်ပြောလိုက် လေ၏။

"ကိုယ့်ကို အိမ်ပြန်လက်ဆောင် ပေးပါဦး"

"ဘာကို ပေးရမှာလဲ"

"နာမည်လေးတစ်ခွန်းလောက် ထပ်ခေါ်ပေါ့"

သူမ သူ့ကို လက်သီးဆုပ်ပြလိုက်၏။ သူက ခပ်ပြုံးပြုံးဖြင့် ခြံထဲမှ မထွက်သေး။ အိမ်ပေါ်မှ မေမေ့အသံကို ကြားလိုက်ရသဖြင့် သူမ ကမန်းကတန်း ပြောလိုက်ပါ၏။

"ကိုကြီး. . . ပြန်တော့နော်"

သူမ လှေကားမှ အိမ်ပေါ်သို့ ပြေးတက်ခဲ့ရင်း အိမ်အောက် သို့ ပြန်ချောင်းကြည့်စဉ် သူက စက်ဘီးဘေးမှာ လက်ပိုက်လျက် သူမကို ငေးကြည့်နေဆဲ။ သူမက လက်ဖြင့် ပြန်ရန် အသံတိတ် အချက်ပြလိုက်မှ သူက လက်တစ်ဖက် ထောင်ပြလိုက်ပြီး ခြံထဲမှ ထွက်သွားတော့သည်။ အမယ်လေးနော်. . . အဲဒီပုံစံကို မေမေသာ မြင်ရင် သူမ နားပူခံရဦးမှာ သေချာ၏။ သူမခေါင်းကို ခါယမ်း လိုက်ပြီး အိမ်ထဲသို့ ခပ်သွက်သွက်လေး ဝင်လာခဲ့လေသည်။

❁ ❁ ❁



## အခန်း ( ၆ )

စားပွဲပေါ်မှဖြုတ်၍ ကဗျာရေးထားသည့်စာရွက်ကို သူမ ငုံ့၍ကြည့်လိုက်မိသည်။ ကြည့်စမ်း. . . ဒါ သူမ ဆုရထားတဲ့စာ အုပ်က စာရွက်ပဲ။ အံဆွဲထဲ ဖွင့်ကြည့်လိုက်တော့ အဟုတ်ပင် သူမ စာအုပ်ကို အလယ်မှ ဖြုတ်ထားခြင်းဖြစ်သည်။ သူမ ဒေါသတွေ ထွက်လာရင်း မီးဖိုဆောင်ဘက်.ထွက်လာခဲ့၏။

"မေမေ. . . မမရော"

"ဆွေဆွေ လာခေါ်လို့ လိုက်သွားတယ်။ ဘာလုပ်မလို့လဲ"

"မေမေ့သမီးက စည်းကမ်းမရှိဘူး. . .။ ညာ့စာအုပ်ကို ဖြုတ်ပြီး ကဗျာတွေ လျှောက်ရေးတယ်"

"အဲဒါဘာဖြစ်လဲ. . .။ နင့်စာရွက်က ဘယ်လောက်များ

တန်ဖိုးရှိလို့လဲ။ နေ့ဂျတကာ အစ်မနဲ့ ပြဿနာဖြစ်ချင်. . .၊ ငါ ပြန်ဝယ်ပေးမယ်. . တိတ်တော့"

"ပြန်ဝယ်လို့ရမှန်း ညာလည်း သိတာပေါ့။ အခုက ညာ ဆုရထားတဲ့စာအုပ်ကို့ ဖြုတ်ရတယ်လို့။ ညာ့မှာ စာတောင် မရေး ရက်ဘဲ သိမ်းထားတာ. . .။ နမြောတာပေါ့"

"မိညာ. . . ငါ မအားဘူး. . .။ ဂျိုဂျော်င် လာကျမနေနဲ့။ ငါ ရိုက်မိတော့မယ်. . . သွားစမ်း"

သူမ အိပ်ခန်းထဲ ပြန်ဝင်လာရင်း ဗလာစာအုပ်လေးကို နမြောတသ ငေးကြည့်နေမိ၏။ ကျောင်းသွားရန် ပြင်ဆင်ထားသည့် မျက်နှာပါးကွက်ကျားပေါ်သို့ မျက်ရည်တစ်ပေါက် စီးကျသွားသည်။ သူမ အချိန်ဇယားတိုက်၍ စာအုပ်များကို လွယ်အိတ်ထဲ ထည့်ပြီး စက်ဘီးဖြင့် ကျောင်းသို့ ထွက်လာခဲ့၏။ ဖေဖေ့ပွဲရုံအထိ သွားတိုင်လိုက်လျှင် ကောင်းမလား. . .၊ မဖြစ်သေးပါဘူး။ ဖေဖေ့ မှာ အလုပ်တွေ ရှုပ်နေရသည့်ကြားထဲ သူမကြောင့် စိတ်မရှုပ်စေ ချင်ပါ။ ကျောင်းတက်ရန် အချိန်ကလည်း စောနေသည်မို့ ခရေပင် အောက်မှာပင် စက်ဘီးရပ်ကာ သစ်မြစ်ဆုံပေါ် ထိုင်ချလိုက်၏၊

သူမအပေါ်မှာ မမ အနိုင်ကျင့် ဗိုလ်ကျပေါင်းများပြီ၊ ငယ်စဉ်ကတည်းက အင်္ကျီအဝတ်အစားအသစ် ဝယ်လာတိုင်း မမ ပင် အမြဲအရင်ယူသည်။ သူမကို အငယ်ဆိုပြီး ဘယ်တော့မှ ဦးစား ပေးခြင်း မရှိခဲ့။ အမြဲတမ်း မမထံမှ အကျအဟောင်းတွေကိုသာ သူမ ဝတ်ခဲ့ရ၏။ နောက်ပိုင်း အရွယ်လေး ရောက်လာတော့ မမငေ





ယ်ပေးသမျှ အဝတ်အစားတွေကို သူမ မမက်မောတော့။ ဖေဖေ့ ရှပ်အင်္ကျီအဟောင်းတွေကိုသာ ဝတ်တတ်ခဲ့သည်။

ပွဲလမ်းတက်ရန် မှတ်မှတ်ရရ ကိုယ်တိုင်း၍ ချုပ်ပေးထားသည့် ဇာအင်္ကျီလေးငါးထည်နှင့် ချိတ်နှင့် ပိုးထည်လုံချည်တွေတော့ ရှိပါ၏။ သူမ မဝတ်ချင်ပါ။ နောက်ပိုင်းမှာ ဖေဖေက သူမအတွက် ရှပ်အင်္ကျီအတွက်လေးတွေကို ဝယ်ဝယ်လာပေးသည်။

ဒီနေ့အထိ သူမ ဝတ်လေ့ရှိသည်က ရှပ်အင်္ကျီများနှင့် ချင်းဘောင်းဘီ အတိုအရှည်မျိုးစုံသာ။ ပွဲတွေလမ်းတွေလည်း သူမ သွားဖြစ်ခဲ့။ မေမေပြောသလို သူမက ပွဲမတိုးသူလေ။ မိသားစု ထဲမှာ ဆင်းရဲဇာတာ ပါလွန်းလို့ဆိုပြီး လူပုံအလယ် ချပြောတတ် သည့် မေမေ့အပြောတွေက သူမကို လူတွေတောထဲ ဝင်မဆံ့အောင် ဘားဆီးစေခဲ့ပါသည်။ တစ်ခါတစ်ရံ သူမက မေမေတို့ရဲ့ မွေးစား သမီးလေလားဟု တွေးမိနေသေးသည်။ ဖေဖေပြောတာတော့ ဖေဖေ့ရဲ့ဖေဖေ (သူမ၏ဘိုးဘိုး)နှင့် ချွတ်စွပ်တူသော သမီးတဲ့။ လွယ်အိတ်ကို ပေါင်ပေါ်တင်ထားရင်း လက်လေးထောက်ကာ ငေး င်ရာငေး၊ တွေးချင်ရာတွေးနေမိ၏။ အနီးမှဖြတ်သွားသည့် ဆိုင် ယ်က သူမထံ ကွေ့ချလာသည်။

"ဟိတ်. . . ကျောင်းချိန်စောလာပြီး ဒီမှာ တစ်ယောက် ည်း ဘာထိုင်လုပ်နေတာလဲ"

သူမ စိတ်ရှုပ်ရှုပ်ဖြင့် ထရပ်လိုက်ပါ၏။ မှုန်ကုပ်ကုပ်ဖြင့် ကို ဂျစ်ကန်ကန် တစ်ချက်ကြည့်လိုက်သည်။

"ဟာ. . . တစ်ယောက်တည်း ထိုင်ငိုနေတာလား။ ဘာဖြစ်လို့လဲ ညာလေး"

"ဘာမှမဖြစ်ပါဘူး"

သူမက ပါးပေါ်မှ မျက်ရည်ကို ခပ်မြန်မြန်သုတ်လိုက်ရင်း ငြင်းဆန်လိုက်၏။ သူက ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပြီး သူမအနားသို့ လျှောက်လာလေသည်။

"ဘာမှမဖြစ်ရင် ဒီလိုမျက်ရည်တွေ ကျစရာ ဘယ်ရှိမှာလဲ။ ပြောစမ်း. . . ကိုကြီးရဲ့ညာလေးကို ဘယ်သူက မျက်ရည်ကျအောင် လုပ်လိုက်သလဲ"

သူမ နှစ်ဖက်စည်းထားသည့် ဆံပင်တိုတိုလေး လှုပ်ယမ်းသွားသည်အထိ ခေါင်းကို ခါလိုက်ပါ၏။

"ကျွတ်. . . မဟုတ်သေးပါဘူး။ အခုမှ ၁၀ နာရီကျော်ကျော်ပဲ ရှိသေးတဲ့ဟာ. . . ကျောင်းတက်ဖို့ အစောကြီး။ ဒီမှာတစ်ယောက်တည်း မနေသင့်ဘူးလေ။ ကိုကြီးကို ပွင့်ပွင့်လင်းလင်း ပြောမှပေါ့ ကလေးရဲ့. . .။ ပြော. . . ဘာဖြစ်လဲ"

"မမ. . . ညာ့. . ."

သူမ စကားသံ ထပ်ထွက်မလာဘဲ မျက်ရည်တို့ကသာ ပေါက်ခနဲ ကျလာပြန်၏။ သူ့ကို အားကိုးတကြီးဖြင့် ရင်ထဲမှာ ဝမ်းနည်းရှိုက်က တရိပ်ရိပ်တက်လာလေသည်။

"ဘာလဲ. . . ညာလေးကို မမ ဘာလုပ်လိုက်တာလဲ"

"ဟင့်အင်း. . . ညာစာအုပ်ကိုဖြဲပြီး လျှောက်ရေးလို့"





"ဘာစာအုပ်လဲ ညာလေးရဲ့"

"ညာ ဆုရထားတဲ့ဗလာစာအုပ် ကိုကြီးရဲ့။ ညာ အရမ်းပြောတာပဲ သိလား။ အဲဒီမမ. . . ညာ့ကို အနိုင်ကျင့်ပေါင်းများနေပြီ၊ မေမေကလည်း ညာပြောရင် မမဘက်ကပဲ အမြဲဘက်လိုက်တယ်၊ ညာ့ကို မချစ်ဘူး"

"ဟော. . . ကလေးကို ကလေးရဲ့မေမေ ချစ်တယ်လေ။ ပြီးတော့ ကိုကြီးလည်း ချစ်တာပဲ။ ကိုကြီးတို့တစ်အိမ်လုံးကလည်း ညာလေးကို ဝိုင်းချစ်နေတာပဲလေ။ ဝမ်းမနည်းရဘူး. . . ကြည့်ပါဦး. . . သနပ်ခါးတွေ ပျက်ကုန်ပါပြီ။ ကဲ. . . လာ လာ. . . ကိုကြီးအိမ် ခဏလိုက်ခဲ့ဦး။ ပြီးမှ ကျောင်းကို လိုက်ပို့ပေးမယ်. . . လာ"

"ညာ. . . မလိုက်ချင်ဘူး"

"မလိုက်လို့ရမလား. . . ဒီအငိုမျက်နှာကြီးနဲ့ ကျောင်းသွားရင် သူများတွေ ဝိုင်းစမှာပေါ့။ လာ. . . လိုက်ခဲ့. . . ကိုကြီးညာလေးက လိမ္မာတယ်. . . လာ"

သူမလက်ကို ဆွဲခေါ်နေသဖြင့် စက်ဘီးပေါ် တက်လိုက်၏၊ ဆိုင်ကယ်နှင့် ယှဉ်မောင်းလျက် သူတို့လမ်းဘက်သို့ ချိုးချခဲ့သည်။ ကြီးကြီးက ခြံထဲမှာ နှင်းဆီပန်းအိုးတွေနား ရပ်နေရင်း သူမတို့ကို မြင်သွား၏။

"ဟယ်. . . သမီးလေး လာလည်တယ်ပေါ့။ မေမေရေ. . . ဟာ မေမေ့မြေး လိုက်လာတယ်။ လာ. . . လာ. . . သမီး. . . ဟာတော့. . . မျက်နှာမှာလည်း မျက်ရည်တွေက ရွှဲလို့ပါလား။

ဘယ်လိုဖြစ်ရတာတုန်း. . .။ သမီးကိုကြီး အစလွန်လို့လား. . .။ ဟုတ်လား"

"မဟုတ်ပါဘူး မေမေရာ. . . သူ့အစ်မနဲ့ ပြဿနာဖြစ်လာတာပါ။ လာ. . . ညာလေး. . .၊ မျက်နှာသစ်. . . ပြီးရင် သနပ်ခါး ပြန်လိမ်းရမယ်"

"ဟင်. . . နေပါစေ"

"ဩော်. . . ဘာနေပါစေလဲ. . .။ လာ. . . သမီးကိုကြီး လိမ်းပေးလိမ့်မယ်"

သူမ မျက်လုံးပြူး၍ကြည့်လိုက်တော့ သူက ရေချိုးခန်းထဲသို့ သူမကို ဆွဲခေါ်သွားပြီး မျက်နှာသစ်ပေး၏။ ထို့နောက် အောက်ထပ်ရှိ ဘွားဘွားအခန်း၌ပင် ကျောက်ပျဉ်ဖြင့် သနပ်ခါးသွေးလျက် သူမကို လိမ်းပေးပါ၏။ ပါးကွက်ကျားကို သွားပွတ်တံဖြင့် ညီမေ အောင် ဆွဲပေးကာ အမြန်ခြောက်စေရန် ယပ်တောင်ဖြင့် ခပ်ပေး လေသည်။ ဘွားဘွားက ထိုင်ခုံမှာထိုင်၍ စာဖတ်နေရာမှ ပြုံးပြုံးကြီး ကြည့်နေလေ၏။ သူမဝမ်းဗိုက်ထဲမှ ဂွီခနဲ အသံထွက်လာသည်။

"ဟော. . . ကလေး ထမင်းမစားလာဘူး မဟုတ်လား"

"အင်း. . . ကျောင်းရောက်မှပဲ မုန့်ဝယ်စားလိုက်ရတော့ မယ်"

"မုန့်က ဘယ်ဗိုက်ဝမှာလဲ ကလေးရယ်. . .။ နေဦး. . . ကိုကြီးတို့အိမ်မှာ ဒီနေ့ ငါးဥကြော်နဲ့ ကင်ပွန်းချဉ်ရွက်ဟင်းချို ချက် တယ်၊ ချိုချဉ်ကြော်ရှိတယ်. . .၊ ပြီးတော့ ငါးခြောက်ထောင်းကြေ





ရှိတယ်. . .။ စားသွားရမယ်နော်. . . လာထ"

"ဟင့်အင်း. . . မစားတော့ပါဘူး"

"ဟဲ့. . . မစားလို့ ဘယ်ဖြစ်မှာလဲ မြေးရဲ့. . . စားသွား ချေ. . .။ သမီးရေ ထိပ်ထား"

"ရှင်. . . မေမေ"

"ဒီမှာ. . . မြေးလေး ထမင်းစားဖို့ ပြင်ပေးလိုက်ကွယ်။ ကလေး သူ့အိမ်မှာ စိတ်ကောက်လာတာ. . . ထမင်းမစားခဲ့ရဘူး။ ဗိုက်ထဲမှာ အသံစုံမြည်နေပြီ. . . သနားပါတယ်"

"ဟုတ်ကဲ့ မေမေ"

"နေ. . . နေပါစေ ကြီးကြီး. . . ညာ မစားချင်လို့ပါ"

"လာပြန်ပြီ ဒီ နေပါစေကြီး. . .။ ညည်းကို မ,နေပါစေလို့ နာမည်ပြောင်းပေးရမယ်။ နေရာတကာ အားနာတာနဲ့. . . လာ"

သူက သူမကို ထမင်းစားခန်းထဲ ဆွဲခေါ်လာခဲ့ပြီး ထိုင်ခိုင်းလိုက်ပါ၏။ စားပွဲပေါ်မှာ စားချင့်စဖွယ် ဟင်းလျာများကို ခဏ ချင်း ပြင်ဆင်ပြီးသွားလေသည်။ သူက ဟင်းတစ်မျိုးစီကို ခပ်ထည့် ပေးလိုက်ရင်း ပြော၏။

"စားလေ. . . ညာလေး"

"မစားလို့မရဘူးလားဟင်"

သူ့မျက်နှာ ချက်ချင်းတည်သွားပြီး သူမကို ငုံ့ကြည့်လိုက် ၏၊ ခပ်တင်းတင်း သူ့အကြည့်ကြောင့် သူမ လန့်သွားရင်း ထမင်း ပန်းကန်ရှိဇွန်းကို ကောက်ကိုင်လိုက်မိသည်။ ကတုန်ကယင်ဖြင့်

ကြောက်စိတ်ကြောင့် လက်တုံသွားစဉ် ဇွန်းက ပန်းကန်ထဲ ပြန်ကျသွားလေ၏။ သူက ပန်းကန်ကို ဆွဲယူလိုက်ပြီး နယ်ကာ သူမကို ခွံ့ကျွေးလိုက်ပါသည်။ ကြီးကြီးက ရေပုလင်းထဲမှ ရေကို ဖန်ခွက်ထဲငှဲ့ပြီး သူမရှေ့မှာ ချပေး၏။

"စား. . . သမီးလေး. . .။ တော်ကြာ ကျောင်းမမီဘဲ နေဦးမယ်။ သမီးကိုကြီး ခွံ့ကျွေးတော့ ပိုမြန်တာပေါ့. . . စား စား"

ကြီးကြီးက အိမ်ရှေ့သို့ ပြန်ထွက်သွားတော့သည်။ သူမ သူ့မျက်နှာကို မော့ကြည့်လိုက်တော့ ခုချိန်ထိ တည်တင်းနေဆဲ။

"ကိုကြီးက အဲဒီလိုကြီး မနေနဲ့လေ. . .။ ညာ မနေတတ်ဘူး"

"ဒါဆို စားပေါ့. . .။ လူကြီးကပြောရင် ကလေးဆိုတာ နာခံရတယ်. . . ပါးစပ်ဟ"

သူမ ပါးစပ်ကို အသာဟပေးလိုက်ရတော့သည်။ သုံးလေးဇွန်း စားအပြီးမှာ ရေတစ်ငုံကို အမြန်မော့ရ၏။ သူက သဘောကျရင်း ပြုံးလိုက်ပါသည်။

"ဘာဟင်း. . . အကြိုက်ဆုံးလဲ"

သူမက ငါးခြောက်ထောင်းကြော်ပန်းကန်ကို လက်ညှိုးထိုးပြလိုက်တော့ သူ ခေါင်းညိတ်လိုက်ပါသည်။

"အဲဒါ အလျှုံနဲ့လည်း ချက်ကျွေးမှာလေ။ အဲဒီတော့ ညာလေး နောက်ထပ် အဝစားရဦးမှာပေါ့. . . ဟုတ်ပြီလား. . .။ ကဲ. . . စားဦး. . .။ ၁၁ နာရီ ထိုးနေပြီ. . . မြန်မြန်"





သူမ ထမင်းစားအပြီး ထွက်လာစဉ်၊ အန်တီလေးက ကျောင်းရောက်လျှင်စားရန် အုန်းနို့ကျောက်ကျောကို အိတ်ဖြင့်ထည့်ပေးသည်။ ဘွားဘွားကို နှုတ်ဆက်ပြီး အိမ်ပြင်ခြံထဲရောက်တော့ ကြီးကြီးက သူ့ထံ နှင်းဆီအဝါရောင်လေးကို ပေးလိုက်လေ၏။ သူက သူမ စည်းထားသည့် ဆံပင်ကြားထဲ အသာလေး ထိုးစိုက်၍ ပန်ပေးလိုက်ပြီး စက်ဘီးကို ရှေ့မှတက်နင်းကာ ကျောင်းအထိလိုက်ပို့ပေးလေ၏။ ကျောင်းကိုရောက်တော့ သူငယ်ချင်းများကို သူနှင့် မိတ်ဆက်ပေးလိုက်ပြီး ကျောင်းတက်ခေါင်းလောင်းထိုးမှ သူပြန်သွားလေသည်။

အတန်းထဲမှာ သူမက မုန့်ကျွေးသည့် အစ်ကိုဟစ်ယောက်ပြီဟု အကြွားပိုနေတော့ စည်သူနှင့် နိုင်ဦးတို့ တိုရှည်တွေဖြစ်နေသည်ကိုကြည့်၍ သူမ ရယ်မဆုံးတော့။ သူမအပေါ် မကြင်နာသည့် အစ်မအကြောင်းကို သိပြီးသားမို့ သူမအပေါ်မှာ ချစ်ခင်သည့် သူ့ကို နောက်ဆုံးတော့ သူတို့လည်း ဝိုင်းချစ်ပေးကြတာပင်။ အဲဒီရက်နောက်ပိုင်းမှာ ကျောင်းသွားကျောင်းပြန် ကြိုပို့တာဝန်၊ သူ့ခြံထဲဝင်၍ သူပန်ပေးသည့်ပန်းကို ငြိမ်ငြိမ်လေး ခံယူရတာ၊ သူကျွေးသမျှကို မငြင်းဆန်ရဲဘဲ စားရသည့်အလုပ်တို့ဟာ နိစ္စဓူဝအစဉ်တွေသာ ဖြစ်လာခဲ့၏။ ဒိတ်ဒိတ်ကျဲသူဌေးသားနှင့် အမနာပပြောချင်နေကြသည့် ပါးစပ်ပေါက်တို့သည် ဘွားကြွေ့ခြာ၏ အရှိန်အဝါကြောင့် တစ်ခွန်းမှ မဟုတ်တရုတ် ထွက်မလာခဲ့။

သူမအတွက် မုန့်ဗီရိုလေးတစ်လုံး ဝယ်ပေးပြီး ဗီရိုထဲမှာ

သူ့အဆင့်နှင့်သူ ပစ္စည်းတွေကို ထည့်သို သော့ခတ်စေ၏။ သူကိုယ်တိုင် လိုက်ဝယ်ပေးသည့်စာအုပ်များ၊ အရုပ်ကလေးများသည် တစ်မျိုးပြီးတစ်မျိုး ဗီရိုထဲ ရောက်ရှိနေတတ်ပြီ။ ဗီရိုသော့ကို မမေ့မလျော့ သိမ်းဆည်းတတ်၍ အရင်လို မမက သူမပစ္စည်းတွေကို လိုက်ယူ၍ မသုံးဖြစ်တော့တာက သူမအတွက် ပို၍ ဝမ်းသာစရာကောင်းခဲ့ပါသည်။

● ● ●



## အခန်း ( ၇ )

အိမ်ပေါ်မှ ဖေဖေ၊ မေမေနှင့် မမတို့ ဆင်းသွားတော့ သူမ အိမ်တံခါးကို အတွင်းမှ ကလန့်ထိုးပိတ်လိုက်ပြီး အိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။ ကျောင်းစာအုပ်များကို ခုတင်ပေါ်ဖြန့်၍ ဖွင့်သွားလိုက်ပြီး ဘာတစ်ခုမှ မကျက်ဖြစ်။ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်ရင်း လူက ငူငူငိုင်ငိုင်. . .။ ဒီနေ့ ကိုကြီးတို့အလှူပွဲနေ့. . .။ သွားတို့မိသားစု သူမကို မျှော်နေမည်ကို သိနေပါ၏။ ကလေးနှင့် သက်ဆိုင်သည့်ပွဲမို့ မသွားရ တားမြစ်ချက်မှာ စာမေးပွဲ ရှိနေသည့် အကြောင်းက ပိုနိုင်မာနေသည်မို့ ဖေဖေကလည်း ဝင်မပြောသာဘော့။

ခဏတစ်ဖြုတ်လေး သွားတာ၊ သူမအတွက် ဘာများ ထိ

ခိုက်စရာ ရှိလို့လဲ။ အတန်းထဲမှာ အဆင့် ၁ မှ ၁၀ အတွင်း အမြဲ ဝင်နေပါလျက် ဆယ်တန်းဟူသည့် အကြောင်းတရားက သူ့မ အတွက် အထွန့်မတက်ရဲအောင် တိတ်ဆိတ်စေခဲ့ပါသည်။ ဘွား မွေးနေ့မှာ ပေးဖို့ ထုပ်ပိုးထားသည့် နှံ့သာဖြူယပ်တောင်ဘူးလေးက ဗီရိုထဲမှာ ငြိမ်သက်လျက်သား။ ဒီလိုသာသိရင် သောကြာနေ့ ကတည်းက ဘွားအိမ်မှာ ပေးခဲ့ရင်ကောင်းမှာ။ အခုတော့. . .

●

ကျောင်းပေါ်ရှိ ဘုရားစင်မှာ ဝေနေအောင် ထိုးထားသည့် နှင်းဆီပန်းတို့ကို ကြည့်ရင်း ဘွားက္ကန္တာ ပီတိဖြစ်နေပါ၏။ ဒါ မြေး လေးကိုယ်တိုင် မနေ့ညနေကတည်းက လာကပ်ခဲ့တာတဲ့။

ဘယ်လောက် ချစ်စရာကောင်းလိုက်တဲ့ ကလေးမလေး လဲ။ တရားနာအပြီး သံဃာတော်များကို ဆွမ်းကပ်လှူအပြီးမှာ ညှိသည်များက တဖွဲဖွဲကျလာ၏။ ဟိုဟိုဒီဒီ လျှောက်ညှိခံနေ စဉ်မှာ ကျောင်းဝင်ဝ၌ ဦးဘချစ်တို့မိသားစု ဝင်လာသည်ကို တွေ့ရ ၍ သူ ပြေးကြိုလိုက်ပါသည်။

“ဦးတို့. . . ဒီဝိုင်းမှာ ထိုင်ကြပါခင်ဗျာ။ ညီလေးစည်သူ ရေ. . . ဒီမှာ မင်းသူငယ်ချင်းရဲ့ မိဘတွေအတွက် ပြင်ပေးပါဦး”

“ဟုတ်ကဲ့ပါ အစ်ကို”

“ဒါနဲ့ ညာလေးရော. . . ဒေါ်ဒေါ်”





“အငယ်မ စာမေးပွဲရှိလို့ အိမ်မှာ စာကျက် ကျန်ရစ်ခဲ့တယ် သားရဲ့”

“ခဏလေးတောင် လိုက်မလာဘူးလား။ ဒီမှာ သူ့သူငယ် ချင်းတွေတောင်. . . လာကြသေးတာ”

“သူက စာလောဘကြီးတယ် ကိုပိုင်ရဲ့. . .။ အဆင့်ပြုတ် သွားမှာ သိပ်ကြောက်တာ”

“ဘွားတော့ စိတ်မကောင်းဖြစ်တော့မှာပဲ. . .။ မနက်က ည်းက မျှော်နေတဲ့ဟာကို”

“ဟဲ့. . . မမြနှစ်တို့ ရောက်လာပြီလား။ ငါ့မြေးရော”

“မလိုက်လာဘူးတဲ့ ဘွားရဲ့”

“ဒါဆို လူရှင်းမှလာမှာလား. . .။ အင်း. . . ငါ့မြေးက ရှက်ကလည်း. . . သည်းပါ”

“လာမှာမဟုတ်ဘူး ဘွားရေ. . .။ စာမေးပွဲရှိလို့ စာကျက် တယ်တဲ့”

“ဟဲ့. . . ငါ့ကို သောကြာနေ့က သူ သေချာပြောသွားတဲ့ ။ သူကြိုက်တဲ့ ငါးခြောက်ထောင်းကြော် ချန်ထားပေးဖို့တောင် သွားတဲ့ဟာကို. . .။ ဘယ်လိုဖြစ်တာတုန်း”

ဒေါ်မြနှစ်နှင့် သက်ပုံစုတို့ မျက်နှာပျက်သွားသည်ကို သူ ိထားမိသည်။ ဒီလောက်ဆို သူ သဘောပေါက်လေပြီ။ ကလေး ဘမင်မလာစေချင်တာပေါ့။ သူ ထမင်းဝိုင်းအနီးမှ ထထွက် တော့၊ မေမေက လှမ်းမေးလိုက်၏။

"သား. . . ဘယ်လဲ"

"ညှာလေးကို သွားခေါ်မလို့"

"ဟယ်. . . သမီးလေး ပါမလာဘူးယား"

"အင်း. . . ဒါကြောင့် သွားခေါ်မှာ"

သူ ကားမောင်း၍ ထွက်လာခဲ့၏။ ကလေးတို့အိမ်ရှေ့ ရောက်တော့ အိမ်တံခါး ပိတ်ထားသည်ကို တွေ့ရသဖြင့် လှေကား ထစ်တို့ကို တက်လာရင်း တံခါးကို ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်"

မှေးခနဲ အိပ်ပျော်သွားရာမှ သူမ လန့်နိုးလာခဲ့ရ၏။ ဖေဖေ တို့ ပြန်လာပြီလားဟုအတွေးဖြင့် အိမ်ရှေ့သို့ ကမန်းကတန်း ထွက် လာခဲ့သည်။ နောက်မှ စဉ်းစားမိသည်က ဒီလောက်မြန်မြန်ကြီး ပြန်မလာနိုင်။ ဘယ်သူများလဲ။ ဘယ်သူမှ မရှိသည်မို့ မကြောက် တတ်ပေမယ့် တံခါးကို ဖြုန်းစားကြီး မဖွင့်ရဲပေ။

"ဒေါက်. . . ဒေါက်"

"ညှာလေး. . . ညှာလေး"

ဘုရားရေ. . . ကိုကြီးပါလား။ အလှူပွဲ လုပ်နေတုန်း သူမ ဆီ ဘာကိစ္စနဲ့များ လာတာပါလိမ့်။ သူမ တံခါးကို ဖွင့်ပေးလိုက်၏။ သူ့မျက်နှာက စိတ်လှုပ်ရှားမှုတို့ဖြင့် အနည်းငယ် ရဲနေသည်။ ညှာ လေး၏မေမေနှင့် မမတို့က ညှာလေးကို တမင်မလိုက်စေချင်တာ ကို သိခဲ့ရ၍ ရင်ထဲမှာ တအုံနွေးနွေး။

"ကိုကြီး"





"ကလေး. . . ဘာလို့ လိုက်မလာတာလဲ။ ဟိုမှာ ဘွားက ဘမျှော်မျှော်နဲ့ဟာကို"

"ညှာ စာကျက်နေလို့ပါ. . .၊ ခဏနော် ကိုကြီး။ ညှာ ဘွားအတွက် လက်ဆောင် ပေးလိုက်ပါရစေ"

သူမ လှစ်ခနဲ အခန်းထဲပြေးဝင်၍ ယပ်တောင်ဘူးလေးကို ယူကာ သူ့ထံ လှမ်းပေးလိုက်ပါသည်။သူက ထိုင်ခုံမှာ ထိုင်နေလျက် ဘူးကိုမယူဘဲ သူမကိုသာ စိုက်ကြည့်နေပါ၏။

"ကိုကြီး. . . ဒါ ယူဖို့လာတာ မဟုတ်ဘူး။ အခု လိုက်မလာ တာ၊ ဦးတို့ မလိုက်ခိုင်းလို့လား. . .၊ညှာလေးဟာညှာလေး မလိုက် ချင်လို့လား. . .။ အဲဒါ အရင်ပြော"

သူမမျက်လွှာကို အသာချလိုက်ပါ၏။ ဖေဖေနှင့် မေမေ့ကို သူ အထင်မလွဲစေလိုပါ။ မိဘအရိပ်ကို ခိုလှုံနေသူမို့ မိဘ၏ကောင်း သတင်းကိုသာ သူ့ကိုကြားစေချင်ပါသည်။

"ညှာက မလိုက်ချင်တာပါ"

"သောကြာနေ့က ဘွားကို ဘာပြောခဲ့လဲ"

သူမ မျက်ရည်တို့ ချက်ချင်းဝဲတက်လာ၏။ တစ်အိမ်လုံး အလိုလိုက်၍ ဖူးဖူးမှုတ်ထားသူမို့ စိတ်တိုင်းမကျသည့်အခါတိုင်း ပေါက်ကွဲတတ်တာကို သူမ အသိဆုံး မဟုတ်လား။

"ညှာ ဘွားကို တောင်းပန်လိုက်ပါတယ်လို့ ပြောပေးပါ"

"အဲဒါဆိုပြီးရောပေါ့ ဟုတ်လား။ ကိုယ်တို့မိသားစု ညှာ အပေါ်မှာ ထားရှိတဲ့မေတ္တာကို ဒီနည်းနဲ့ ရောင်ပြန်ဟပ်ပေး

လိုက်တာပေါ့လေ"

"မဟုတ်ပါဘူး"

"ကိုယ် ဘယ်လောက် မှော်လင့်ထားသလဲ. . .။ ဘွားဆို သက်နီးကပ်ရင် ညှာလေးကိုပါ ကိုင်ခိုင်းပြီး ရေစက်ချစေချင်တာ။ သိရဲ့သားနဲ့ တမင်လုပ်လိုက်သလား မှတ်ရတယ်။ အလွန်ဆုံးကြာလှ. . . နှစ်နာရီပေါ့။ အဲဒီလောက်လေးတောင် မင်း အချိန်မပေးနိုင်ဘူးပေါ့။ မင်းပညာရေးက ဒီနှစ်နာရီလေးနဲ့ မပျက်စီးပါဘူး ညှာလေးရဲ့။ စေတနာကို တန်ဖိုးမထားတတ်တာ ဘယ်လောက် ရင်နာစရာ ကောင်းလိုက်သလဲ။ မင်းကို ပါအောင်ခေါ်ခဲ့မယ်လို့ ဘွားကို. . . ကိုယ်ပြောခဲ့တာ"

"ညှာ မလိုက်ပါရစေနဲ့ ကိုကြီးရယ်"

"သေချာလား. . . မင်း ဒီလိုဆုံးဖြတ်လိုက်တာနဲ့ နောင်ဆို ကိုယ်တို့မိသားစုရဲ့ နွေးထွေးမှုကို ဘယ်တော့မှ ရလိမ့်မယ်မထင်နဲ့။ ဖြတ်ရင် တိခနဲပြတ်အောင် ဖြတ်ချလိုက်ပါ"

"ညှာ. . . ညှာ တောင်းပန်ပါတယ်. . . မလိုက်ပါရစေနဲ့"

သူ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်၏။ ခေါင်းငုံ့ကာ မျက်ရည် တွေတွေကျနေသည့် သူမကို ငုံ့ကြည့်ရင်း ထပ်ပြောလိုက်ပါသည်။

"ကောင်းပြီလေ. . .။ နောက်ဆို လမ်းမှာတွေ့ရင်တောင် ကိုယ်တို့မိသားစုကို မင်း နှုတ်ဆက်ဖို့ မလိုတော့ဘူး. . . ဒါပဲ"

သူ ဖျတ်ခနဲ အိမ်ပေါ်မှ ဆင်းသွားလေ၏။ သူမ အသံ





ထွက်အောင် ကျိတ်ရှိုက်လိုက်ပါသည်။ ဩော်. . . ကိုကြီးရယ်။ ညှာ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ပြောခွင့်ရရင် ပြောပြ ိုက်ချင်ပါရဲ့။

"ညှာ. . . ညှာ. . . လာချင်ပါတယ် ကိုကြီးရယ်။ ဖေဖေတို့ က မလိုက်စေချင်လို့ နေခဲ့ရတာပါ။ ညှာ. . . ညှာ. . . သိပ်ဝမ်း ည်းတာပဲ။ ညှာ့ဘေးမှာ ဘယ်သူမှ ရှိမနေတော့ဘူး။ ညှာ့ကို ယ်သူမှလည်း မချစ်ကြတော့ဘူး။ ညှာ့ကိုက ကံဆိုးလွန်းတာပါ ကြီးရယ်. . .။ ညှာ့ကို. . . ညှာ့ကို မေ့နိုင်ပါစေ"

သူမ စားပွဲပေါ်မှောက်လျက် ငိုချလိုက်ပါ၏။ ရင်ထဲမှာ ့နင့်နေ၍ အသက်ရှူရတာတောင် မဝချင်တော့။ ရုတ်တရက် ူမကို လက်တစ်စုံက အတင်းအကျပ် ထွေးပွေ့ယူလိုက်သည်။ ူမ အလန့်တကြား အော်လိုက်မိ၏။ သူက သူမ၏ ပါးဖောင်း ောင်းလေးကို နမ်းရှိုက်လျက် တီးတိုးဆိုလေသည်။

"ကိုကြီး. . . ညှာလေးကို သိပ်ချစ်တယ်။ ကိုယ်သိတယ်၊ ကိစ္စ ညှာလေးလုပ်တာ မဟုတ်မှန်းကိုပေါ့။ ကိုယ့် စိတ်မကောင်း က်တာ ကလေးရယ်။ ကလေးရင်ထဲမှာ ဘယ်လောက်ထိ နာကျင် ကြကွဲနေမလဲဆိုတာကို ကိုကြီး နားလည်တယ်။ ဘွားတို့လည်း ိမိတာပဲ။ ဘာဖြစ်လို့များ. . . ကိုကြီးရဲ့ကလေးကို ဒီလို နှိပ်စက် ာလဲ။ ကလေးနှလုံးသားနုနုလေးကို. . . ဒဏ်ရာတွေရအောင် ာလို့လုပ်ရတာလဲကွာ"

သူမ သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်၏။ သူက လွှတ်မပေး

သည့်အပြင် ထပ်၍တိုးဖက်လိုက်ပြန်သည်။

"ကိုကြီး . . . ပြန်တော့။ ဖေဖေတို့ ပြန်လာတော့မယ်"

"မပြန်ဘူး"

"ညာ တောင်းပန်ပါတယ်. . .။ ပြန်ပါတော့"

"ပြန်စေချင်ရင် ကိုကြီးကို ချစ်ပါတယ်လို့ ပြန်ပြောပေါ့"

"ဟင့်အင်း. . . ညာကြောက်တယ်။ ကိုကြီး ပြန်ပါတော့"

သူ့ထံမှ ကျိတ်ရယ်သံ တိုးတိုးထွက်လာ၏။ သူမ၏လည်တိုင်မှာ နွေးခနဲ ဖြစ်သွားရပြန်သည်။

"ပြောလေ"

"ညာ. . . ညာ. . . အသက်ရှုကျပ်နေပြီ။ လွှတ်ပါတော့"

"မပြောရင် မလွှတ်ဘူးကွာ"

"ဟင့်အင်း. . . လွှတ်ပါ"

"မရဘူးကွာ"

သူ့မျက်နှာက သူမအနီးသို့ ထပ်တိုးလာပြန်၏။ သူမ ကြောက်လန့်တကြား ငိုချလိုက်လေသည်။

"ညာလေး. . . ညာလေး. . . ဘာဖြစ်လို့လဲကွာ။ ကိုကြီး ညာလေးကို အရမ်းချစ်တာပါ။ ညာလေးကို ကိုကြီး လက်ထပ်မှာ။ တင့်တင့်တယ်တယ်ထားမှာ. . .။ ဘွားကအစ ကိုကြီးတို့မိသားစုအားလုံး ကိုကြီး ညာလေးကို ချစ်နေတာ သိပြီးသား။ အားလုံးက လည်း သဘောတူပြီးသား။ ညာလေး ကိုကြီးကို ပြန်ချစ်ဖို့ပဲလိုတာပါ။ ဒီမှာကြည့်ပါဦး. . .၊ ကိုကြီးမျက်နှာကို ညာလေးကို တစ်နေ့





မတွေ့ရရင် ကိုကြီး မနေတတ်ဘူး။ ညာလေးအသံကို တစ်ရက်မကြားရရင် ကိုကြီး မနေနိုင်ဘူး။ ညာလေးကို ချစ်တဲ့စိတ်နဲ့ ကိုကြီး ရူးသွပ်နေပြီ။ ကလေး ယုံရဲ့လား. . .။ ကလေးယုံအောင် ကိုကြီး ဘယ်လိုသက်သေမျိုးနဲ့ ပြရမလဲဟင်"

သူက သူမမျက်နှာလေးကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်၍ ပင့်မော့စေပြီး တစိုက်မတ်မတ်ကြည့်ကာ တတွတ်တွတ် ပြောနေလေ၏။ သူမက သူ့လက်တို့ကို အတင်းပုတ်ချပြီး ထရပ်လိုက်သည်။ သူက သူမလက်ကို ဆတ်ခနဲပြန်ဆွဲ၍ သူ့ရင်ခွင်ထဲ လဲကျစေလိုက်၏။

"အို. . ."

သူမ ပြန်ရုန်းသော်လည်း သူက သူမကို ပါးချင်းကပ်၍ ဘင်းကျပ်စွာ ဖက်ထားပြန်သည်။ သူမရင်ထဲမှာ လန့်တာရော၊ ကြောက်တာရော၊ ရှက်တာတွေပါ စုပြုံ၍ ထူပူစွာ ရှက်အမ်းနေတော့သည်။

"ညာလေး. . . အသက် သိပ်ငယ်လွန်းမှန်း သိတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ အချစ်က အသက်အရွယ်နဲ့ မဆိုင်ဘူးကွ။ ကိုကြီးထက်အရင်. . . သူများတွေ ဦးသွားမှာစိုးတယ်။ ကလေး ကို ကိုကြီး လက်လွှတ် အဆုံးအရှုံး မခံနိုင်ဘူး။ ဟောဒီလို ရင်ခွင်ထဲမှာ အပြီးအပိုင် ထည့်သိမ်းထားချင်တာ။ ကလေး စာမေးပွဲကြီးပြီးရင် ကိုကြီး စေ့စပ်ခွင့် လာတောင်းမှာ။ ကလေး ကျောင်းပြီးရင် လက်ထပ်ကြမယ်။ ကလေးရဲ့ ဝမ်းနည်းအားငယ်နေတဲ့ ဘဝထဲက

နေ ကိုကြီး. . . အပြီး ဆွဲထုတ်ခေါ်သွားမှာ။ ကိုကြီးတို့အိမ်မှာ ကလေး လိုလေသေးမရှိ. . . ပြည့်ပြည့်စုံစုံ နေရမယ်။ ကိုကြီးရဲ့ ရင်ခွင်ထဲမှာ နွေးထွေးမှုတွေနဲ့ ငြိမ်းချမ်းစေရမယ်. . . သိလား"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ. . .။ ကလေးနော်"

"ညှာ. . . မချစ်ရဲဘူး"

"ဘာဖြစ်လို့လဲကွာ"

"ကိုကြီးကို ကြောက်တာပဲသိတယ်"

"အဲဒါ ကြောက်စရာ မဟုတ်ဘူး. . . ချစ်စရာကွ"

သူ့စကားသံအဆုံးမှာ သူမမေးဖျားလေးထက် နွေးခနဲ ဖြစ်သွားရလေ၏။ အချစ်ဆိုတာ ဘာလဲ. . . သူမ သေချာမသိပါ၊ သို့သော်. . .။

● ● ●

အခန်း ( ၈ )

စာမေးပွဲ အချိန်စေ့ ခေါင်းလောင်းထိုးစဉ်မှာ စားပွဲခုံပေါ် ရှိ ဘောပင်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်တို့ကို အကုန်စုကိုင်၍ အခန်းပြင် ဘက် ထွက်ခဲ့၏။ လွယ်အိတ်ထဲ ထည့်လွယ်ပြီး ကျောင်းပေါ်မှဆင်း သောကာ စက်ဘီးသော့ဖွင့်၍ တွန်းလာခဲ့သည်။ ကျောင်းအပြင်ဘက် ကုက္ကိုပင်အောက်မှာ ရပ်စောင့်နေသည့်သူ့ကို မြင်လိုက်ရ၍ သူမ ကျက်နှာ ရဲခနဲဖြစ်သွား၏။ စာမေးပွဲတွင်း လာမတွေ့တာကို ဝမ်းသာ နေမိသည့် သူမ၊ Bio နေ့မှာတော့ သူ့ကို ရှောင်၍မရတော့ပါလား။

"ဖြေနိုင်လား"

သူမ ခေါင်းကိုသာ ညိတ်ပြလိုက်၏။ စည်သူနှင့် နိုင်ဦးက တွေ့ သိပ်မရသဖြင့် သူမနံဘေးမှ ကျွတ်စီကျွတ်စီ ပြောလာသည်။

"စည်သူရေ. . .၊ ညီတို့သွားရင် ညာလေးအိမ်ကို တစ်ချက် ဝင်ပြောပေးပါ။ ညာလေး ကိုယ်တို့အိမ်မှာပဲ ရှိမယ်။ ညနေမှ ပြန်လာပို့ပေးမယ်လို့. . . နော်"

"ဟုတ်ကဲ့ အစ်ကို. . .၊ ဒါဖြင့် ကျွန်တော်တို့ သွားတော့မယ်။ မီညာ. . . ကျောင်း ဆယ်ရက်ပိတ်တုန်း ငါတို့ကို Bio ပုံဆွဲ ပြန်သင်ပေးဦးဟာ။ အခု အောင်မှတ်လောက်ပဲ ရတယ်ဟ"

"အေးပါ. . .၊ ငါ့အိမ်ကိုပဲ လာခဲ့ကြ"

"ဟာ. . . ငါတို့ မလာချင်ပါဘူး။ နင့်အမေက နင့်ကို ခဏခဏ ခိုင်းနေတဲ့ဟာ။ ငါတို့အိမ်ကိုပဲ လာကွာ"

"အေးလေ. . . ဒါလည်းဖြစ်တာပဲ။ ငါလာရင် ငါ့အကြိုက်ကိုပဲ နင်တို့ ကျွေးရမှာနော်"

"သိပါတယ်ဟ. . .၊ ငါ့အမေနဲ့အဒေါ်က နင့်အကြိုက်ကို သိပြီးသားပဲ. . .။ တို့ သွားပြီ"

လက်ပြ၍ ထွက်သွားသည့် စည်သူတို့ကို လှမ်းကြည့်နေစဉ် သူက စက်ဘီးကို လက်တစ်ဖက်ဖြင့် တွန်း၍ လက်တစ်ဖက်က သူမလက်ဖျားလေးကို ဆုပ်ကိုင်လိုက်လေ၏။ သူမ ဆတ်ခနဲ ပြန်ရုန်းလိုက်တော့ သူက သူမလက်ညှိုးလေးကို ဆွဲချိတ်ထားသည်။

"ကိုကြီး. . . လမ်းမကြီးမှာနော်"

"ကိုကြီး ဘာလုပ်သေးလို့လဲ. . . ကလေးရဲ့"

"အဲဒီလို လက်ကို. . . မဆွဲထားနဲ့လေ"

"ကောင်းပြီလေ. . .။ ဒါ ကိုကြီးပိုင်နက်ထဲမဟုတ်လို့ ခွင့်





တွတ်လိုက်မယ်။ အိမ်ရောက်မှ. . ."

"ဟင်. . . ညာ မလိုက်တော့ဘူး"

"မလိုက်လို့ရမလား. . .။ ဘွားက ဒီနေ့ ကလေးစာမေးပွဲ ပြီးတဲ့နေ့မို့ ညာလေးအကြိုက်ဟင်းတွေ ချက်ခိုင်းပြီး စောင့်နေတယ်"

"ဟင့်အင်း. . . ညာ မလိုက်တော့ဘူး"

"ကလေးနော်. . . ဘာဖြစ်နေတာလဲ။ နောက်သုံးလဆို စာမေးပွဲကြီးပြီးပြီ။ ကိုကြီးတို့ စေ့စပ်ကြတော့မှာ။ စေ့စပ်ပြီးရင် ကိုကြီးက အလုပ်ဝင်မယ်။ ကလေးက ကျောင်းဆက်တက်။ နောက် နှစ် ဖြေပြီးရင် လက်ထပ်မယ်။ လက်ထပ်ပြီးမှ ဘွဲ့ယူပေါ့"

သူမ နားထင်နေရာလေးကို ကုတ်လိုက်မိ၏။ ခက်လိုက်တာနော်။ သူဖြစ်ချင်တာပဲ လျှောက်ပြောနေ။ သူမအိမ်မှာက ဘာတွေဖြစ်ဦးမည်မသိ။ တက္ကသိုလ်တောင် တက်ခွင့်ရပါ့မလား။ အဖြစ် ဆုံးကတော့ ဖေဖေ့ပွဲရုံမှာ သူမ ဝင်ကူလုပ်ပေးရဖို့ များနေ၏။ ကို သုံး၍မရမှန်း သိသဖြင့် ဖေဖေက သူမကိုသာ အားကိုးချင် ပြီ။

"ညာ. . . မလိုက်ရဲဘူး"

"ဟော. . . ဖြစ်ပြန်ပြီ"

"ဟုတ်တယ်. . . ရှက်စရာကြီး။ မလိုက်တော့ဘူးနော်"

"ဟာ. . . ဘာကို ရှက်နေပြန်တာလဲ"

"ကိုကြီးနဲ့ ညာ့ကိစ္စကိုပေါ့။ သူပဲ အတင်းလိုက်ပြီး၊ တော် . . ကြီးကြီးတို့ကို မျက်နှာပူတယ်။ ညာက ဘယ်လိုမျက်နှာမျိုးနဲ့

ကိုကြီးအိမ်ကို လိုက်ရဲမှာလဲ”

“ခါတိုင်းလည်း လိုက်နေကျပဲလေ”

“ဩော်. . . အဲဒီတုန်းက ရိုးရိုးသားသားလေ”

“ဟုတ်လား. . . အခု မရိုးသားတော့ဘူးလား”

“ကိုကြီးနော်”

သူက ခေါင်းကိုမော့၍ တဟားဟားရယ်မောနေ၏။ သူ သူ့လက်မောင်းကို လက်သီးဆုပ်ဖြင့် ပိတ်ထုလိုက်တော့ သူက သူ စည်းထားသည့် ဆံပင်လေးတစ်ဖက်ကို ပြန်ဆွဲ၍ နှာခေါင်းရှုံ့ လိုက်ပါသည်။

“ကဲ. . . တက်တော့”

သူရပ်ပေးထားသည့် စက်ဘီးပေါ်ကို တက်ထိုင်၍ လိုက် ရ၏။ ခြံထဲကို အရှိန်ဖြင့် ချိုးကွေ့၍ တိုက်ရှေ့မှာ စက်ဘီးရပ်လို ပြီး ဘဲလ်ကို အသံကျယ်ကျယ်လေး တီးလိုက်လေ၏။ အိမ်နောက် ဖက်အခန်းမှာ အသံဗလံတွေ ကြားနေရ၍ အကုန်လုံး နောက်ဖေ ရောက်နေမှန်း သိရသည်။ သူက ထမင်းစားခန်း ဝင်ခါနီးမှာ သူ ၏ ပါးတစ်ဖက်ကို ရွှတ်ခနဲ ငုံ့မွှေးလိုက်ပါ၏။

“အာ. . .”

သူမနှုတ်မှ အာမေဍိတ်သံကြောင့် သူ သဘောတ ရယ်မောလျက် မီးဖိုခန်းတံခါးကို အသာတွန်းဖွင့်လိုက်လေ၏။

“ဟော. . . သမီးလေး ပါလာပြီကိုး။ စာမေးပွဲ ဖြေနိုင်လာ သမီး”





“ဟုတ်ကဲ့. . . ဖြေနိုင်ပါတယ် ကြီးကြီး”

“တော်သေးတာပေါ့. . .။ သမီး စာကျက်တာ အနှောင့် ယှက်ဖြစ်မှာစိုးလို့ သမီးကိုကြီးကို သမီးဆီ မသွားခိုင်းတာလေ။ ယ်လေး. . . ငါးရက်လုံးလုံး နားကိုပူနေတာပဲ သမီးရယ်။ အဲဒါ နဲ့ သမီးကို တစ်ညနေလုံး ခေါ်ထားခွင့်ရမှ ကျေနပ်တာ။ မလွယ် ဘူး သမီးရေ. . . ကြီးကြီးတော့ မြင်ယောင်သေးတယ်။ ကလေးက ဆိုးမဆိုးရဘဲ သူချည်း. . . ဗိုလ်ကျနေမှာ”

သူမ တအံ့တသြမျက်နှာဖြင့် သူ့ကို မော့အကြည့် သူက သူ့လက်ဖမိုးလေးကို ဖျတ်ခနဲ မွှေးလိုက်လေ၏။ ကြီးကြီးနှင့် အန် ဒီလေးတို့ထံမှ ရယ်သံတွေ ထွက်လာသည်။ သူမက အသံခပ်တိုး ဖြင့် သူ့ကို ကျိတ်ပြောလိုက်၏။

“ဘယ်လိုဖြစ်နေတာလဲ”

“ဒါ. . . ကိုကြီးပိုင်နက်လေ”

“ကြီးကြီးတို့ ရှိတယ်လေ. . . ဆင်ခြင်မှပေါ့”

“မလိုပါဘူး. . . မေမေတို့ သိပြီးသား။ ရှက်စရာ မဟုတ် ဘူး လိုက်ရှက်မနေနဲ့။ နော်. . . မေမေရယ်”

သူ့အသံပြဲကြီးကြောင့် သူမ စိတ်ညစ်သွားရပြီး သူမလက် ကိုင်ထားသည့် သူ့လက်အား ဆွဲဆိတ်လိုက်ပါ၏။

“အား. . . မေမေရေ။ ဒီမှာ မေမေ့သမီး ကျွန်တော့်ကို နှိင်ကျင့်နေတယ်”

“ဟင်. . . ဘာတွေ လျှောက်အော်နေတာလဲ”

"ဟင်း ဟင်း. . . ကလေးကို လိုက်စမနေပါနဲ့ သားရယ် ထမင်းဆာလှရောပေါ့. . .။ လာ. . . သမီးလေး. . . ကြီးကြီးတို့နဲ့ အတူတူ စားကြရအောင်"

ထမင်းစားခန်းထဲမှာ အဆင်သင့်ပြင်ပြီးနောက် သူမတို့ ထိုင်လိုက်ကြ၏။ နေ့လယ်ပိုင်းမို့ ဘဘ မရှိ။ ဘွားက လူကြီးမို့ ၁၁ နာရီကတည်းက စားပြီးပြီ။ ကြီးကြီးနှင့် အန်တီလေးက တစ်ဖက် ထိုင်၍ သူနှင့် သူမက တစ်ဖက် မျက်နှာချင်းဆိုင် ထိုင်ကြခြင်းဖြစ်သည်။ သူက ကြီးကြီးနှင့် အန်တီလေးကို အရင် ဦးဖယ်၍ ထည့်ပေးလိုက်လေ၏။

"ရော့. . . ဒါက ကလေးအကြိုက် ဝက်သားပေါင်း၊ ဒါက ငါးကြော်နှပ်၊ ဟောဒါက ဘဲဥကို ဝက်အူချောင်းသွပ် ကြော်ထားတဲ့ အောမလက်၊ ဒါက အစိမ်းကြော်၊ အရည်သောက်က ငါးခေါင်းချဉ် ပေါင်ဟင်း. . . ကြိုက်လား"

"ဟုတ်ကဲ့"

"သမီးလေး. . . ထမင်းစားပြီးရင် ဘွားဆီ ခေါ်သွားဦး နော် သား။ မှာထားတာ. . . မမေ့နဲ့"

"အာ. . . မေမေကလည်း စကားပြောချင်။ အန်တီလေး ကလည်း မေးစရာရှိတယ်တဲ့။ အခု ဘွားကလည်း ခေါ်ထားတော့ ကျွန်တော် ကလေးနဲ့ စကားပြောဖို့အချိန် ဘယ်ရှိတော့မှာလဲ။ အခု တောင် မလိုက်ချင်ဘူး ငြင်းနေတာကို မနည်းချော့မော့ပြီး ခေါ်လာ ရတာ"





"ဟယ်. . . ဘွားအခန်းမှာပဲ အကုန်စုပြီး ပြောကြမှာပါ သားရယ်. . .။ စိတ်ကလည်း ထစ်ခနဲရှိ တိုဖို့ပဲသိတယ်"

"ဟုတ်တယ်လေ မေမေရဲ့. . .။ ကျွန်တော့်မှာ အချိန် သိပ်ကျန်တော့တာ မဟုတ်ဘူး။ မသွားခင်လေး ဆုံခွင့်ရဖို့ ကြိုးစား နေတာ"

"အဲဒါဆိုလည်း နင့်ဗိုက်ခွဲပြီး ထည့်ထားလိုက်တော့ သား ငရယ်. . .။ တကတည်း နားကြားပြင်း ကပ်လာပြီ"

"အန်တီလေးက ကိုယ်ချင်းမှ မစာနာတတ်တာကိုး. . .။ ကြောင့် အပျိုကြီး ဖြစ်နေတာ"

"တွေ့လား. . . တစ်ဆိတ်ရှိ ငါ့ကို ခလုတ်တိုက်ပြီ"

ရယ်သံတွေ ထွက်လာ၏။ သူမက ထမင်းစားနေရင်းမှ ့ကို လှည့်မေးလိုက်ပါသည်။

"ကိုကြီးက ဘယ်သွားမလို့လဲဟင်"

"နိုင်ငံခြား"

"ဟင်. . . ဘာသွားလုပ်မှာလဲ"

"သင်္ဘောလိုက်မှာပါ သမီးရဲ့. . .။ သမီး တက္ကသိုလ်တက် နေစဉ်. . . သုံးနှစ်ပေါ့"

"ဩော်"

"ဘာဩော်လဲ. . .။ ဒီမှာ မအောင့်နိုင် ဖြစ်နေတာတော့ သိဘူး။ အသက်ကလည်း မပြည့်သေးတော့ ဘာမှရှေ့ဆက်လို့ ရဘူး။ ဒီအသက်ကလည်း. . . ၁၆ ကနေ ၁၈ ကို မြန်မြန်မပြည့်

နိုင်ဘူး"

"ညှာ့ကို ပြောနေတာလား"

"ဟာ. . . ခင်ဗျားလေးကို မပြောလို့ ကျုပ်က ဘယ်သူ့ကို ပြောရမှာလဲ"

သူမ ဇက်ကလေး ပုသွားတော့ သူက မချင့်မရဲဖြင့် ခေါင်းလေးကို အသာထုလိုက်ပါ၏။

"ကြီးကြီးတို့မှာ အစစအရာရာ ပြည့်စုံပြီးသားပါ သမီးရယ်. . .။ သမီးကိုကြီးကို တမင်အလုပ်လုပ်ခိုင်းတာ။ နို့မို့ သူရှိနေရင် သမီး ကျောင်းပြီးအောင် တက်ခွင့်ရမှာ မဟုတ်ဘူး။ သမီးနဲ့ ဝေးရမှာကိုပဲ တွေးပူနေတာလေ။ အခုလို သူလည်း အလုပ်ဝင်ပြီး ပြန်လာတော့ ဒီမှာ သမီးလည်း ကျောင်းပြီးဘွဲ့ရနေပြီ။ ဒီတော့ တစ်ခါတည်း လက်ထပ်ရုံပဲ. . .။ ဟုတ်တယ်မှတ်လား"

သူမမျက်နှာလေး ရဲသွားရ၏။ သူတို့မိသားစုတွေမှား ပွင့်လင်းလိုက်ကြတာ။ အစစအရာရာ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး. . .။ သူမတို့အိမ်နှင့်မှား တခြားစီ. . .။ တက္ကသိုလ်တက်ခွင့်မရဘဲ ပွဲရုံမှာသာ ဝင်လုပ်ဖြစ်ဖို့ များနေတာကို သူ့ကို မပြောပြချင်ပါ။ သူ စိတ်မကောင်းဖြစ်သွားမှာကို စိုးပါသည်။ ထမင်းစားပြီးတော့ လက်ဆေး၊ ပါးလုပ်ကျင်းပြီး ဘွားအခန်းသို့ ဝင်ခဲ့ရ၏။

"ဟော. . . မြေးလေး၊ လာ. . . ဒီမှာထိုင်။ သားပိုင်. . . ဘွားရဲ့ မီးခံသေတ္တာထဲက ယွန်းဘူးလေး ထုတ်ပေးကွယ်"

"ဟုတ်ကဲ့. . . ဘွား"





သူမ ဘွားခုတင်ပေါ်မှာပင် ထိုင်လိုက်ရ၏။ သူက ဘွား၏ မီးခံသေတ္တာထဲမှ ယွန်းဘူးလေးကို ထုတ်ယူလိုက်ကာ ဘွားကို ကမ်းပေးလိုက်ပါသည်။ ဘွားက ယွန်းသေတ္တာလေးကို ဖွင့်၍ သူမ ရှေ့မှာ ပြလိုက်၏။

"ကြည့်ပါဦး မြေးရယ်. . .၊ မြေးကြိုက်တဲ့ တစ်ဆင်စာကို ဘွားက စေ့စပ်ပွဲနေ့မှာ ပေးမယ်။ လက်ထပ်တဲ့နေ့မှာ မြေးရဲ့ ကြီးကြီးက ရတနာဝမ်းဆက်ရောင်စုံ. . . လက်ဖွဲ့မယ်။ အိမ်ကိုတော့ ဘယ်သန့်ဝယ်မပေးတော့ဘူးနော်။ ဒီအိမ်ကြီးကို မြေးတို့နာမည်နဲ့ တစ်ခါတည်း လွှဲထားပေးမှာပါ။ ဘွားတို့က မြေးတို့နှစ်ယောက် ခွဲမနေချင်လို့ပါ. . .။ မြေး သဘောတူရဲ့လား"

"ဟင်. . . ဘွားကလည်း အစောကြီး ရှိပါသေးတယ်"

"မစောပါဘူး မြေးရယ်. . .၊ နှစ်နှစ်,သုံးနှစ်ဆိုတာ ဟိုညည့်ဒီလှည့်နဲ့ ကုန်သွားမှာ မြေးရဲ့။ ဘွားရဲ့မြေး သားပိုင်ကို မိန်းမညည့်တွေ လက်ထဲတော့ အပါမခံနိုင်ဘူး။ ဟောဒီ ဘွားမြေးလေးနဲ့ သဘောတူတယ်။ အင်း. . . ဘွားတို့ခေတ်နဲ့ဆိုရင် မြေးအရွယ် ယောက်ျားယူလို့ရပြီ။ လူကြီးတွေက ပေးစားတာပဲ။ အခုခေတ် ၁၈ နှစ်ပြည့်ပြီးမှ ယူခွင့်ရှိတော့. . . သားပိုင်စိတ်ထဲ ပူပန်နေတော့တာပေါ့ မြေးရဲ့"

သူမ ရှက်ရဲရဲမျက်နှာလေးဖြင့် ခေါင်းကို ငုံ့လိုက်တော့ ဘွားက သဘောကျစွာ ရယ်လိုက်လေ၏။

"ကဲ. . . ရွေးပါဦး မြေးရယ်။ အခုလောလောဆယ် မြေး

ကို အကုန်မပေးတာက အကြောင်းရှိလို့ပါ"

"ဘာလဲဟင် ဘွား"

"ဩော်. . . ကျန်တာတွေကို ဘွားအတွက် မြေးလေးက မြစ်ဦးလေး ပေးတဲ့အခါမှာ ဘွား အကုန်ပေးအပ်မှာလေ"

"ဟင်. . . ဘွားကလည်း"

အခန်းထဲ ဝင်လာသည့် ကြီးကြီးနှင့် အန်တီလေးတို့ပါ ရယ်လိုက်ကြ၏။ သူက ရဲပြီးရင်း ရဲနေသည့် သူမ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မဝနိုင်တော့ပေ။

"ဂုဏ်ပါ. . . သမီးလေး အရင်ရွေးပါဦး"

"ဟိုလေ. . . ညာက အဲဒါမျိုးတွေ မကြိုက်ဘူး ဘွားရဲ့"

"ဒါတွေက ပုံတုံးလို့လား သမီးရဲ့။ ဒါဆို အန်တီလေးဆီက ယူလေ။ အန်တီလေးကလည်း တစ်ဆင်စာ လက်ဖွဲ့ပေးမှာပါ"

"အာ. . . ဟုတ်ဘူး။ ညာက ရတနာပစ္စည်းတွေ မမက်မောတာကို ပြောတာပါ"

"ဩော်. . . ရိုးလိုက်တဲ့ ကလေးပါပဲလား"

ဘွားဘွား၏ပစ္စည်းတွေက စိန်ထည်အကြီးစားတွေမို့ အန်တီလေးက သူမကို ဘူးတစ်ဘူး ယူလာပြပြန်၏။ သူက မရွေးမနေရ ပြောသဖြင့် သူမက အစိမ်းရောင်ဖျော့ဖျော့ ဘယက်ကလေးကို လက်ညှိုးထိုးပြလိုက်ပါသည်။

"ဟော"

"ဟာ. . . ဥဒေါင်ပေါ့။ ကြည့်စမ်း. . . ကလေးက ကိုကြီး





နဲ့ အကြိုက်တူသွားပြီ. . .။ တော်လိုက်တာ. . . ကဲ"

သူက ထိုင်ခုံပေါ် ထိုင်နေရာမှ ရုတ်တရက် ထရပ်၍ သူမ ...ူးကို ငုံ့မွှေးလိုက်သဖြင့် သူမမျက်နှာလေး ရှုံ့တွသွားရတော့သည်။

ကြီးကြီးက သူမကို နောက်ကျောမှ သိုင်းဖက်လိုက်ပါ၏။

"ဟုတ်တယ်. . . တကယ်အံ့သြစရာပဲ။ အိမ်စည်ကို သား ...က အဲဒီဥဒေါင်ဝမ်းဆက်နဲ့ အရမ်းလိုက်တယ်လို့ ခဏခဏ ပြောဖူး ...ာ။ ကဲ. . . အိမ်စည်ရေ. . . နောက်မှ ညီမလေးကို အသစ်ထပ် ...ပ်ပေးမယ်။ အဲဒါလေး ထုတ်ပေးပါဦး"

"အိမ်စည်က ကစ်စုံပေးမှာပါ မမရယ်"

"ဩော်. . . ဒီဥဒေါင်က တစ်ရောင်တည်းပဲ ရှိတာလေ။ ...စ်လေးကလည်း အဆန်းလေးဆိုတော့ သမီး မျက်စိကျသွားတာ ...နေမှာပေါ့။ ကြည့်ပါဦး သမီးရယ်. . . အစမ်းဝတ်ကြည့်ရအောင်။ ...က်စွပ်က ချောင်မယ်ထင်တယ်၊ သမီးလက်က သေးသေးလေး။ Hand Chain က အတော်ပဲ။ ကဲ. . . မှန်ရှေ့မှာ ရပ်ကြည့်ပါဦး"

သူမ ဘွားဘွားမှန်တင်ခုံရှေ့မှာ မတ်တတ်ရပ်လိုက်မိတော့ ...က နံဘေးမှာ ယှဉ်ရပ်လျက် ပြုံးကြည့်နေလေ၏။ ဘယက်လေး ...က နန်းတွင်းလေးကိုင်းလေး ပက်လက်လှန်ထားသည့်သဏ္ဌာန်ဖြင့် ...ကျောက်လေးတွေ စီထားခြင်းဖြစ်၏။ နားကပ်က နားတွဲဆန်ဆန် ...စ်လေး။ Hand Chain ကလည်း ဘယက်လိုပင် အတွန့်လေးများ ...ပုံလုပ်၍ ကျောက်စီထား၏။ လက်စွပ်က အနည်းငယ် ချောင်နေ ...၏။ သူက မှန်ထဲကို ကြည့်လိုက်ပြီး ကြည်ကြည်နူးနူးလေး ခံစား

နေရပါတော့သည်။ ဪ. . . သူ၏မြတ်နိုးရာ နတ်သမီးလေးကို မပိုင်ဆိုင်သေးခင် အရိပ်တကြည့်ကြည့်ဖြင့် ကြည့်နေရုံမှတစ်ပါး မတတ်နိုင်ပြီ။

❁ ❁ ❁



## အခန်း ( ၉ )

အိမ်ပေါ်ကို တက်လိုက်စဉ် မမက သူမကို မျက်လုံးထောင့်ကပ်၍ ရန်လိုပုံ ကြည့်နေ၏။ မေမေက နောက်လှည့်ကြည့်၍ သူမကိုမြင်တော့ ပြောလေသည်။

"အခုမှပြန်လာရသလား. . . နေ့လယ် ၁၂ နာရီကတည်းက စာမေးပွဲပြီးတာ။ အခု ၄ နာရီ ရှိနေပြီ။ နင် ဘယ်လိုမိန်းကလေးလဲ မိညာ. . . လာစမ်း"

"ဘွား ခေါ်ခိုင်းလိုက်လို့ ဝင်တွေ့နေတာပါ မေမေ"

"ဒီလိုပဲပြောမှာပေါ့. . . ။ သမီး သိပ်ရှက်တယ် မေမေ။ အရွယ်ဖြင့် ရောက်မယ်မကြံသေးဘူး။ နာမည်က ပျက်ချင်နေပြီ၊ ဒီပုံစံအတိုင်းဆိုရင် ဆယ်တန်းတောင် အောင်မှာမဟုတ်ဘူး။ ဘယ့်

နှယ့် ယောကျ်ားလေးအိမ်ကို အရှက်မရှိ ဝင်ထွက်နေတာ၊ သမီးတို့ သိက္ခာ အရမ်းကျတယ်"

မေမေက အနီးသို့ ရောက်လာသည့် သူမ ဗိုက်ခေါက်ကို ဆတ်ခနဲ ဆွဲလိမ်လိုက်ပါ၏။

"အ. . ."

"ပြောစမ်း. . . အခုကြားနေရတဲ့သတင်းတွေ ဟုတ်နေပြီလားဟင် မိညာ"

"ဘာ. . . ဘာကိုလဲ မေမေ"

"နင်နဲ့ ဟိုကောင်လေး ဖြစ်နေတဲ့ကိစ္စလေ။ ငါကတော့ ရိုးသားကြတယ်ထင်နေတာ။ အပျိုတောင် မဖြစ်သေးဘူး။ နန့်နန့်ထတတ်နေပြီ။ ဖအေကတော့ ပေါက်ကျော်မဆိုပြီး ချီးမွမ်းနေတာ။ ကွယ်ရာမှာ ညည်းက. . . ဖြစ်ချင်တိုင်းဖြစ်နေတာပေါ့လေ"

"မဟုတ်. . . မဟုတ်ပါဘူး မေမေ"

"ဘာမဟုတ်ရမှာလဲ. . .။ ဒီမြို့ကျဉ်းကျဉ်းလေးမှာ နင့်သတင်းတွေက နေရာအနှံ့ပဲ။ နင် မရှက်ပေမယ့်. . . ငါ ရှက်တယ် မိညာရဲ့။ နင်နဲ့ငါ ညီအစ်မ တော်နေရတာကိုက ကံဆိုးတာ"

မမက ပြောဆိုပြီး အိပ်ခန်းထဲ ဝင်သွားပါ၏။ မေမေက သူမကို ဆွဲလိမ်ထားတာ မလွှတ်ဘဲ ဆက်ပြောနေပါသည်။

"ညည်း. . . ဒီနေ့ကစပြီး ကျောင်းတက်စရာ မလိုတော့ဘူး။ ငါ. . . ကျောင်းအုပ်ကြီးကို သွားတွေ့မယ်။ အိမ်ထဲက အိမ်ပြင်ထွက်ဖို့တောင် စိတ်မကူးပါနဲ့။ ငါက သမီးအပျိုလေးတွေရှိတာ





စိတ်မချလို့ အိမ်မှာ လူပိုတောင်မှ မထားဘူး။ ဒီပုံအတိုင်းဆို ညည်းကို ငါ ဒေါက်ထောက်ကြည့်နေရမယ်"

"ညာ. . . ညာ. . . စာမေးပွဲကိုတော့ ဖြေပါရစေ မေမေရယ်"

"ဟင်. . . ဒီလောက်လေနေတာ၊ ဒီစာမေးပွဲက အောင်မှာလား။ အလကား အချိန်ကုန်၊ ပိုက်ဆံကုန်ရုံပဲရှိမယ်။ တော်ပါပြီ. . .၊ ညည်းအဖေ ပြောသလိုပဲ ပွဲရုံမှာ ကူဖို့ပဲပြင်တော့။ ဆယ်တန်း မအောင်လည်း ကိစ္စမရှိဘူး။ ညည်းအပြစ်နဲ့ ညည်းပဲ။ ညကျ ညည်းအဖေကို ငါ ပြောတော့မယ်"

"မေမေ. . . ညာ တောင်းပန်ပါတယ်"

"ခုမှ မျက်ရည်ခံထိုးမနေနဲ့. . . သွား"

သူမ အခန်းထဲ ဝင်ခဲ့တော့ မမက ချက်ချင်းပင် အခန်းပြင်သို့ ပြန်ထွက်သွားပါ၏။ ဘွားတို့အိမ်မှာ ပျော်လာခဲ့သမျှ အခုတော့ သူမမှာ မျက်ရည်စက်လက်နှင့် ဖြစ်နေရပြီ။

'ကိုကြီးရေ. . . ညာ့အဖြစ်ကို လာကြည့်လှည့်ပါဦး'

ညနေစာ ထွက်မစားဖြစ်ဘဲ အိပ်ရာထဲမှာ ခွေနေမိ၏။ အဖေ ပြန်လာသည့်အသံကို ကြားပါသော်လည်း ခါတိုင်းလို ထွက်မကြိုမိ။ ည ၇ နာရီလောက်မှာ မမက သူမကို ဖေဖေခေါ်ကြောင်း လာပြောသဖြင့် သူမ ဧည့်ခန်းသို့ ထွက်လာခဲ့၏။ သတင်းစာ ဖတ်နေရင်းမှ ဖေဖေက သူမကို ကြည့်လိုက်လေသည်။

"သမီးမေမေပြောတာ. . . ဟုတ်သလား"

သူမ ဘာတစ်ခုမှ ပြန်မဖြေမိ။ ဖေဖေ့ထံမှ သက်ပြင်းချသံ ခပ်ကျယ်ကျယ်ကို ကြားရသည်။

"ဖေဖေ သိပ်အံ့သြတယ်. . .။ သမီးကို ဖေဖေ အများကြီး မျှော်လင့်ထားတာ။ ဖေဖေ အားကိုးရတဲ့သမီးလေး တစ်နေ့ဖြစ်လာမယ်လို့ ဖေဖေ ယုံကြည်ထားတာတွေကို သမီးက ဒီ ဘာမဟုတ်တဲ့ အပျော်ကိစ္စလေးနဲ့ အားလုံးကို ဖျက်ဆီးပစ်လိုက်တာပဲ။ လုပ်ရက်တယ်. . . သမီးရယ်"

"ညာ. . . ညာ. . . တောင်းပန်ပါတယ် ဖေဖေ။ ညာ စာမေးပွဲကိုတော့ ပြီးအောင်ဖြေပါရစေ။ တက္ကသိုလ် ဆက်မတက်ထားရင် နေပါ. . .၊ ညာ ဆယ်တန်းကိုတော့ အောင်ပါရစေ ဖေဖေရယ်"

ဖေဖေက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေ၏။ ပျက်ယွင်းနေသည့် ဖေဖေ့မျက်နှာကို သူမ ရဲရဲမကြည့်ဝံ့တော့ အို. . . အချစ်ဆိုတာ ဆေးခါးကြီးတစ်ခွက်လိုပဲ ရင်ထဲမှာ အခ ခက်စေပါလား။ ကြုံလာရတဲ့ ပြဿနာတွေက သူမထံကို အမြ အဟုန်ပြင်းပြင်းနဲ့ ချက်ချင်းရောက်လာစေလေပြီ။

"အခုဖြေထားတဲ့ စာမေးပွဲ Report Card ကို စောင့်မယ် ရနေကျအဆင့်ကို မရတော့ရင် အတန်းတင်ကို ဖြေဖို့ စိတ်မကူးနဲ့ ရနေကျအဆင့်အတိုင်း ရရင်လည်း စာမေးပွဲကိုပဲ သွားဖြေရမယ် ကျောင်းဆက်တက်ဖို့ မလိုတော့ဘူး။ ကျန်တာ ဘာဆက်လုပ်ရမယ် ဆိုတာ နောက်မှ ဖေဖေပြောမယ်. . .။ သွားတော့"

သူမ ယိုင်နဲ့နဲ့ခြေလှမ်းတို့ဖြင့် အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။





ကြီး ဝယ်ပေးထားသည့် ဗီရိုလေးကို တယုတယ ကိုင်နေမိစဉ် ဖေခေါ်ထားသည့် အလုပ်သမားတွေက ကျောင်းစာအုပ်မှလွဲ ကျန်သည့် အရာဝတ္ထုမှန်သမျှကို လာရောက်ထုတ်ယူသွားတော့ ၏။

ကြမ်းပေါ် ပုံချခဲ့သည့် စာအုပ်တို့ကို အခန်းထောင့်တစ် ရာမှာ အစီအရီ ပုံနေမိ၏။ မြင်သာတဲ့အရာတွေကို ဆွဲထုတ် းပေမယ့် ညာ့ရင်ထဲက ပုံရိပ်တစ်ခုကိုတော့ ဘယ်သူမှ ဆွဲထုတ် လို့ မရနိုင်ပါဘူး။ ကိုကြီးရေ. . . ညာတို့ အပြင်မှာ ဆုံခွင့်မရပေ အိပ်မက်တွေထဲမှာပဲ ဆုံခွင့်ရပါရစေတော့. . .။ ဒီအခွင့်လေး ညာ့မှာ ပိုင်ဆိုင်ခွင့် ရှိတော့တာပါ။

စိတ်လေပြီဟု ထင်နေသည့် မိသားစုတစ်ခုလုံးအတွက် နိုင်လုံစွာ သက်သေပြရတော့မည်။ အထူးသဖြင့် ဖေဖေ့ ယုံ ည်ချက်တွေကို သူမ ပြန်ယူရပေမည်။ ဖေဖေရယ်. . .၊ ညာ အလိုလိုက်ပြီး အချစ်ကို ရှာဖွေခဲ့တာ မဟုတ်ပါဘူး။ မထင်မှတ် အချစ်ကို တွေ့ခဲ့ရတာပါ။

ညာ ကတိတည်တဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်ချင်ပါ ၏၊ မျက်နှာ မများချင်ပါ။ ညာ့ကို လိုလိုချင်ချင်နဲ့ ဖိတ်ခေါ်နေ သားစုထဲကို ဝင်ခွင့်ရပါရစေ။ ညာ. . . ကိုကြီးကို ချစ်တယ် ချစ်ပါတယ်လေ။

မျက်ရည်တို့က စာအုပ်ပုံပေါ် ပြုတ်ကျသွား၏။ မမ၏ ကို အခန်းသစ်တစ်ခုကို ရွှေ့ကြ၏။ နဂိုက ကြောက်တတ်

သဖြင့် သူမနှင့် တစ်ခန်းတည်း အိပ်နေကျမှ အခုတော့ သူမကို ဥပေက္ခာ ပြုထားရက်လေပြီ။

အခန်းတံခါးကို အပြင်မှ Lock ချလိုက်သံ ကြားရ၏။ မှန်ပြတင်းမှ လရောင်က အခန်းထဲသို့ ဖြာကျနေသည်။ စာကျက်ချင်စိတ် မရှိပေမယ့် မကျက်၍မဖြစ်။ Bio ပုံဆွဲစာအုပ်ကိုယူ၍ စာကြည့်စားပွဲရှိ မီးကိုဖွင့်လိုက်သည်။ ကိုကြီး ဝယ်ပေးထားသည့် စာအုပ်ဖြောင်လေးမှာ Chapter (1) မှစ၍ ပုံတွေကို Label အပြည့်အစုံဖြင့် ငါးပုံစီ ဆွဲနေ၏။ နာရီတို့က တစ်ပတ်ပြီးတစ်ပတ် လည်သွားသည်။ အဝေးမှ သံချောင်းခေါက်သံ သုံးချက်ကို ကြားလိုက်ရ၏။ ပုံဆွဲခဲတံကို စာအုပ်ပေါ် ချလိုက်ရင်း လက်ကိုမြှောက်၍ သန်းလိုက်မိသည်။

သေသပ်လှပနေသည့်ပုံတွေကို ကျေနပ်စွာ ငုံ့ကြည့်၍ စာအုပ်ကိုပိတ်ကာ အိပ်ရာပေါ် လှဲချလိုက်သည်။ ခဏအတွင်း သူမ အိပ်ပျော်သွားလေ၏။ မနက်မိုးလင်းခါနီးမှ အိပ်ဖြစ်သည်မို့ မနက် ၉ နာရီမှ သူမ ဖျတ်ခနဲ လန့်နိုးသွားသည်။ စားပွဲပေါ် လာတင်ထားသည့်ကော်ဖီပင် အေးစက်နေလေပြီ။ မုန့်ပန်းကန်ပေါ်မှာ ပုရွက်ဆိတ်လေးတွေ အစီအရီတက်နေ၏။ သူမ အိမ်သာထဲ အကုန်သွန်ထည့်၍ ရေဆွဲချလိုက်သည်။

မျက်နှာသစ် ရေချိုး၍ အဝတ်အစား သန့်သန့်ပြန့်ပြန့်ဝတ်ကာ ကျက်စာကို စကိုင်သည်။ လေးငါးပုဒ် ရသွားတော့ သချ်ာ တစ်ခန်း ပြီးအောင်တွက်၏။ လက်ညောင်းသွားတော့ ကျက်စာကို





ကိုင်သည်။ ထိုင်ရာမှ စာအုပ်ကို ကိုင်လျက် လမ်းလျှောက်ရင်း English Text ကို အသံထွက်၍ ဘာသာပြန်ကာ ဖတ်သည်။ ထိုင် ကြာကြာထိုင်၍မရတော့၊ ဖျာခင်းလျက် စာအုပ်တွေ ဖြန့်ချ တစ်ယောက်တည်း ရေးလိုက်၊ ခြစ်လိုက်၊ ကျက်လိုက်ဖြင့် ကြီးကို မေ့လျော့နေ၏။

အခန်းတံခါးဖွင့်သံကို ကြားလိုက်၏။ သူမ လှည့်မကြည့် စားပွဲပေါ် တင်ပေးခဲ့သည် လင်ပန်းဆီမှ ဟင်းနံ့မွှေးမွှေးကို လိုက်ရ၏။ ဗိုက်ထဲမှာ လုံးဝမဆာ။ စားပွဲဆီ လှမ်းမကြည့်ဘဲ emistry Equation တွေ ချညှိနေမိ၏။ ကျောင်းမတက်ရတော့ ဖြင့် သူမအတွက် စာလုပ်ချိန် ပိုရနေလေပြီ။ ကိုကြီး ဝယ်ပေး းသည့် မေးခွန်းဟောင်းစာအုပ်များနှင့် အထူးထုတ်တွေက ပြည့်အစုံ ရှိနေသည်မို့ တော်သေးသည်။ ကျောင်းမှာ စာ Cost ၍ Revision ပြန်နေစဉ် စာမေးပွဲစစ်အပြီးမှာ သူမ ကျောင်း က်ရတာဖြစ်၏။

ညနေ ၅ နာရီမှာ အိမ်ပေါ်သို့ တက်လာသည့် လူသံကွေ ကြားရ၏။ ဖေဖေ ပြန်ရောက်နေသည်မို့ လူစုံတက်စုံ စကား ကို ခပ်သဲ့သဲ့ကြားနေရသည်။ ခပ်တိုးတိုးပြောသံကြားမှာ ဗိဗိ သ ပြောတတ်သည့် ဖေဖေ့အသံသာ နားစိုက်၍ ကြားရလေ ည်။

"မဖြစ်နိုင်ပါဘူး. . .။ အခုမှ ၁၆ နှစ်ပဲ ရှိသေးကယ်"

"ဖြေလည်း အောင်မှာမှ. . . မဟုတ်ဘဲ"

"အောင်အောင် မအောင်အောင်. . . ကျွန်တော့်ပွဲရုံမှာ အလုပ် ဝင်နိုင်းတော့မှာပါ"

"သူက အငယ်ပဲ. . .၊အကြီးကိုကျော်ပြီး အိမ်ထောင် အရင်ပြုလို့ ဘယ်ရမှာလဲ"

"ဝမ်းနည်းပါတယ်၊ သူ့အပြစ် သူခံရမှာပဲ။ သူ ကျွန်တော့် သမီးပါ။ ကျွန်တော် ဆုံးဖြတ်တဲ့အတိုင်း သူ လိုက်နာရမှာပေါ့"

"ဒါဆိုလည်း နောက်သုံးနှစ်ကြာမှပဲ ဒီကိစ္စ ဆက်ဆွေးနွေး ကြတာပေါ့။ အခုလောလောဆယ်တော့ ကျွန်တော် သူ့အတွက် မစဉ်းစားပေးနိုင်ဘူး. . .။ ဒါပါပဲ"

ညွှသည်တွေ ပြန်သွားတော့ နီရဲနေသည့် မျက်နှာဖြင့် သူမအခန်းထဲသို့ ဖေဖေဝင်လာ၏။ သူမကို စူးစူးရဲရဲ တစ်ချက် ကြည့်ပြီး ပြောလေသည်။

"ဗလာစာရွက်အလွတ်တစ်ခုမှာ အခုချက်ချင်း စာတစ် ကြောင်းရေးပါ သဲမြညှာ. . .။ အဲဒီစာရေးပြီးရင် စာမေးပွဲဖြေဖို့ ကိစ္စ ငါ စဉ်းစားပေးမယ်။ ဘာရေးရမလဲဆိုတာသိရင် ရေးတော့"

သူမ ဗလာစာရွက်တစ်ဖြုတ်ကို တစ်ခြမ်းဖြဲ၍ ခေါက် ချိုးရာ ပေးလိုက်၏။ လက်ရေးကို မတုန်အောင် သတိထား၍ ရေး လိုက်ပါသည်။

'ညွှာ့ကို မေ့လိုက်ပါ"

ဖေဖေ့ကို လှမ်းပေးတော့ ဖေဖေက ဖတ်၍ ခေါင်းညိတ် ၏။ ပြီးနောက် အခန်းအပြင်သို့ ပြန်ထွက်သွားလေသည်။ သူမ





ာကျင်စွာ ပြုံးလိုက်မိ၏။ ကိုကြီးရယ်. . . အခုတော့ ညှာ သိခဲ့ရ ပြီ။ တကယ်တော့ အချစ်ဆိုတာ ရင်တစ်ခုလုံးကို ကျွမ်းလောင် စေတဲ့ မီးတောက်ကြီးတစ်ခုပါပဲ။ ညှာတို့အဖြစ်အပျက်တွေက ပုံပြင် တစ်ပုဒ် ဖြစ်ခဲ့ရပါပြီ။ ဘယ်ဇာတ် နိုးနိုင်မှာတဲ့လဲ။ မသေချာမရေ ရာတော့. . .။ ညှာ့အနာဂတ်က ဘာလဲ။ ဘယ်နေရာမှာလဲ။ မှုး နောက်နောက် ဖြစ်နေသည့်ခေါင်းကို ဖျာပေါ်လှဲချ၍ ပက်လက် န်လိုက်မိ၏။

မျက်နှာကြက်ဖြူဖြူပေါ်မှာ ဟိုဒီယက်နေသည့် ပင့်ကူလေး တစ်ကောင်ကိုကြည့်ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ် က်မိသည်။ လက်ချောင်းတွေ ပိုသွယ်သွားသလိုပါပဲလား။ ရုတ် ရက် ထရပ်၍ မှန်ထဲကိုကြည့်စဉ် မျက်ကွင်းတွေ ညိုမဲနေသည့် မိန်းမတစ်ယောက်ကို မြင်လိုက်ရ၏။ လူက မိုက်ခနဲ ပြာသွားသည်။ င့်အင်း. . . မဖြစ်သေးဘူး. . .။ စာတွေ အကုန်မပိုင်သေးဘူး။

Bio နောက်ဆုံးဖြေပြီးမှ သေပါရစေ။ ဥပေက္ခာရပ်ဝန်း က အသက်ရှင်နေလို့ရော ဘာထူးဦးမှာလဲ။ လောကကြီးက ဒီလိုပဲ း. . .။ သူမအပေါ်မှာ ဒီလို အမြဲတိုက်ခိုက်နေဦးမှာပဲလား။ ယ်အထိလဲ။ ဘယ်အရွယ်ထိတိုင်အောင်လဲ။ အရွဲ့တိုက်ချင်စိတ် ခ် ခပ်ဟဟ ရယ်မောလိုက်မိတော့ သူမအသံ မဟုတ်သည့် အသံ အက်အက်က လည်ချောင်းဝမှ ထွက်ပေါ်လာ၏။ ဖျာဘေးနား နေသည့် ရေသန့်ဘူးကို ဖွင့်၍ သောက်လိုက်သည်။ အစာမစား ပေမယ့် ရေကိုတော့ တစ်ရက်သုံးဘူးကုန်အောင် သောက်နိုင်

သေး‌သည်။ မဆိုးပါဘူး. . . မသေနိုင်လောက်သေးပါဘူးနော်။

ဖျာပေါ်မှာပဲ စာကျက်၊ ပုံဆွဲ၊ ညောင်းတော့လည်း ဒီအတိုင်းပဲ စာအုပ်ပုံတွေကြားမှာ အိပ်ပျော်သွားခဲ့တာ နာရီပေါင်း မနည်းတော့။ လိုက်ကာချထားသည့် ပြတင်းပေါက်မှ နေနှင့်လ အရောင်အပြောင်းအလဲကို မကြည့်ဖြစ်တာ ကြာပြီပေါ့။ လျှောက်တွေးနေလို့ မဖြစ်သေးပါဘူး။ Physics Light အခန်းပုံတွေ၊ ပုစ္ဆာတွေ ပြန်ကျင့်ဦးမှ။ D တွေအများကြီးနှင့် အောင်မှဖြစ်မည်။ ဒါမှ သာ ဖေဖေ မျှော်မှန်းထားသည့် သမီးလေးဖြစ်မှာလေ။

● ● ●



အခန်း ( ၁၀ )

စည်သူ ပေးလာသည့် Report Card ကို ယူလိုက်၏။ ...င်မယားနှစ်ယောက် ခေါင်းချင်းဆိုင်၍ ကတ်ကိုဖွင့်လိုက်မိသည်။

| | | |
|---|---|---|
| မြန်မာစာ | - | ၇၀ |
| အင်္ဂလိပ် | - | ၇၅ |
| သင်္ချာ | - | ၉၅ |
| ဓာတုဗေဒ | - | ၈၀ |
| ရူပဗေဒ | - | ၉၅ |
| ဇီဝဗေဒ | - | ၈၀ |
| စုစုပေါင်း | - | ၄၈၅ မှတ် |
| အဆင့် | - | ၇/၆၀ |

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၏။ ခါတိုင်း ၅ မှ ၁၀ အတွင်း ရနေခဲ့သည့်အဆင့်က အခုတစ်ပတ်မှ ၃ ရနေသဖြင့် အံ့ဩနေမိသည်။ ကတ်ပြားလေးကိုကိုင်လျက် သူမ အခန်းတံခါးသော့ကို ဖွင့်လိုက်၏။ ဖျာပေါ်မှာ ခွေခွေလေး လှဲနေသည့်သူမန်ဘေးမှာ စာအုပ်တွေက ပြန့်ကျဲလျက်။ လက်ကိုကိုင်၍ နိူးလိုက်စဉ် အေးစက်နေသည့်အသိကြောင့် ဦးဘချစ် လန့်အော်လိုက်ပါ၏။

"သမီးလေး. . . သဲညှာ"

လူကို ဆွဲလှည့်လိုက်စဉ် ဖြူစုပ်စုပ်နှုတ်ခမ်းလွှာများက အက်ကွဲနေလျက် မျက်တွင်းက အနက်ကြီး ချိုင့်ဝင်ကာ ညှိုမဲနေသည်။

"သမီး"

"ခေါ်လို့မရတော့ဘူး ကိုဘချစ်ရေ. . . လုပ်ပါဦး"

အလုပ်သမားတွေကို လှမ်းအော်ခေါ်လျက် သမီးကို ပွေ့ချီလိုက်၏။ ဆေးရုံသို့ရောက်ချိန်အထိ သတိလုံးဝမရ။ ကယောင်ကတမ်းနှင့် ရေရွတ်နေသည်က ကျောင်းစာများသာ။ ဆရာဝန်တွေက အလုပ်ရှုပ်နေစဉ် ဒေါ်မြနှစ်က ယောကျ်ားဖြစ်သူ၏ လက်မောင်းကိုကိုင်၍ တရှုံ့ရှုံ့ငိုနေသည်။ သမီးကြီးက နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများ လေ့လာရေး အပျော်ခရီး ထွက်သွားတာ ၁၀ ရက်ကြာဦးမည်။

နှုတ်ခမ်းများမှ ဂွမ်းကို ရေဆွတ်၍ သုတ်ပေးသည်ကို





ိနေ၏။ အသက်ရှူရတာ မဝလိုက်တာ။ ရင်ထဲမှာ ဖုတ်လှိုက်တ်လှိုက်နှင့် မောနေသည်။ ဘယ်ရောက်နေတာလဲ။ မျက်စိကို င့်၍ မရသေး။ နားထဲမှာ ငိုရှိုက်သံသဲ့သဲ့ကို ကြားနေရသလိုပင်။

"ဘမြင့်သာ. . . သက်ရှိထင်ရှားရှိရင် ငါ့ကို အသေသတ် ာ သေချာတယ်"

"ကျွန်မအပြစ်တွေလည်း ပါပါတယ် ကိုဘချစ်ရယ်။ ကိုယ် မွေးတဲ့သွေးသားကိုပဲ ဦးစားပေးခဲ့လို့ မှားခဲ့ရတာပါ။ ပြီးတော့ ငယ်မက စိတ်မာတယ်။ သူ့အားသူကိုးနိုင်တယ်။ ဒီတော့ သူ့ကို န်မ စိတ်ချတယ်။ ဖအေလိုမျိုး. . . ဗီဇမျိုး ပါလာမှာ စိုးရိမ်ပြီး ်ကွပ်လာခဲ့မိတာ အမှားကြီး မှားပါရောလားရှင်"

"ဟုတ်တယ်. . . အငယ်မက သူ့ကိုယ်သူ ထိန်းနိုင်တယ်။ ်ာ်မာတတ်နိုင်မာတယ်။ အဲဒါ သူ့အဖေရဲ့ ကောင်းတဲ့ဗီဇတွေပဲ။ အတုန်းက ဆိုးသွမ်းပြီး မူးရူးသောင်းကျန်းခဲ့ပေမယ့် သူ ဒီလို ဆိုးမှုမဆိုးခဲ့ပဲ"

"ကျွန်မ. . . အတွေတွေ သိပ်ကြီးနေပြီလား ကိုဘချစ်ရယ်။ ့ကို ဒေါ်ထိပ်ထားတို့ လာတောင်းတော့ ကျွန်မ သဘောမတူချင် ာ သမီးကြီးအတွက်ပါ။ အကြီးမက အဲဒီကောင်လေးကို စိတ်ဝင် းနေမှန်းသိတော့ ကျွန်မ သူ့ကို အရမ်းဒေါသထွက်ခဲ့မိတာပါ"

"အင်း. . . သူ့အသက် အရမ်းငယ်လွန်းပါသေးတယ် ယ်။ သမီးကြီးကိုသာ အရင်အိမ်ထောင်ပြုဖို့ ကြိုးစားပါ။ သူတစ် ကို မှီခိုမှ ဖြစ်မယ့်စရိုက်မို့ ငါလည်း အကြီးမကို နည်းနည်းလေး

စိတ်မချပါဘူး။ အငယ်မကို ငါ့လုပ်ငန်းတွေကိုပဲ ယုံယုံကြည်ကြည်နဲ့ ထိုးအပ်လိုက်တော့မယ်။ အကြီးမကို အားမကိုးရပေမယ့် အငယ်မကိုတော့ အားကိုးလို့ရမှာ သေချာပါတယ်ကွာ"

"ကျွန်မ ယုံပါတယ်။ အငယ်မဟာ ငယ်ငယ်လေးကတည်းက ကျွန်မ အားကိုးရတဲ့ တောင်ဝှေးလေးတစ်ချောင်းပါပဲ။ ရှုပ်ပြာရှုပ်ပြာ လုပ်တတ်လွန်းလို့ ဆူပူငေါက်ငမ်း ရိုက်နှက်ခဲ့တာတွေဟာ အပြီးတကြီးနဲ့ လုပ်ခဲ့တာတွေ မဟုတ်ပါဘူး။ လိမ္မာစေချင်လွန်းလို့ပါရှင်။ ရင်ခွင်ပိုက်အရွယ်လေးနဲ့ . . . ကျွန်မဆီ ရောက်လာတဲ့ ရက်သားလေးဘဝက တွယ်တာခဲ့တဲ့ သံယောဇဉ်က မနည်းပါဘူး ကိုဘချစ်ရယ် . . .။ ကျွန်မ အငယ်မကို ပိုချစ်တာပါ"

"အေးပါကွာ . . .။ တော်တော့ . . . တော်ကြာ သူ နိုးလာတော့မှာ . . .။ မင်းမျက်ရည်တွေ သုတ်လိုက်ဦး"

နားထဲမှာ ပီပီသသ ကြားနေရသည့် စကားသံတို့က သူမ၏နှလုံးသွေးကို ရပ်စေခဲ့လေပြီ။ မွေးစားသမီးဆိုပါလား။ မွေးစားသမီးတစ်ယောက်ကို ဒီလောက်အရွယ်အထိ ပြုစုပျိုးထောင် ကျွေးမွေးပေးခဲ့တဲ့ ကျေးဇူးတွေကို သူမ ဘယ်နည်းနဲ့ ဆပ်ခွင့်ရမလဲ။ ခေါင်းပေါ်မှာ ရွက်ထားရသည့် ဝန်ထုပ်ဝန်ပိုးတွေက လေးလံလိုက်တာ။

မျက်လုံးကို ခပ်ဖြည်းဖြည်းလေး ဖွင့်ကြည့်လိုက်ပါ၏။ မျက်နှာကြက်ဖြူဖြူ၊ Drip ပိုက်၊ ပြီးတော့ ဘေးမှာရပ်နေသည့် နှင်းမလေး၊ ဒီဘက်တစ်ဖက်မှာ ဖေဖေနဲ့မေမေ။ ဆေးရုံကို ရောက်နေ





တာပေါ့။ ဘယ်နှရက်တောင် ရှိနေပြီလဲ။ စာမေးပွဲဖြေရဦးမှာ၊ စာတွေ မပိုင်သေးဘူး။

"သမီး . . . သဲညှာ"

"သမီး သတိရလာပြီလား"

သူမ ခေါင်းကို မသိမသာ ညိတ်ပြလိုက်ပါ၏။ နှင်းမလေးက သူမကို ဇွန်းလေးဖြင့် ရေတိုက်လေသည်။

"သမီး . . . သမီး အဆင့် ၃ ရတယ် သိလား။ စာမေးပွဲဝင်ဖြေရမယ်နော်။ ကျောင်းပြန်တက်ရင် သမီး ပင်ပန်းမှာစိုးလို့ အိမ်မှာ ဆရာမတွေခေါ်ပြီး စာသင်ပေးမယ် . . . သိလား"

သူမ ခေါင်းခါပြလိုက်တော့ မေမေက ကျိတ်ရှိုက်လိုက်လေသည်။ ဖေဖေက သူမနဖူးပေါ်မှ ဆံစလေးများကို ဖယ်ရှားပေးလျက် ပြောပြန်၏။

"သမီး စာမေးပွဲဖြေချင်တယ်ဆို . . .။ ဂုဏ်ထူးတွေနဲ့ အောင်ချင်တယ်ဆို"

သူမ ခေါင်းကို ညိတ်ပြလိုက်၏။ မျက်နှာမှာ အပြုံးနွမ်းနွမ်းဖြင့် ပြုံးမိသည်။

"ကိုယ့်ဟာကိုယ်ပဲ ကျက်မယ်"

"ဖြစ်ပါ့မလား သမီးရယ် . . . တော်ကြာ"

"ရအောင်ကျက်မှာပါ"

ဖေဖေ သက်ပြင်းချသံကို ကြားလိုက်ရ၏။ ဆေးရုံမှာ သုံးရက်ခန့် နေပြီးမှ အိမ်သို့ပြန်လာခဲ့ရသည်။ ထိုအချိန်မှစ၍ မည်သူ

တစ်ဦးတစ်ယောက်နှင့်မျှ သူမ စကားမပြောတော့။ ပြတင်းတံခါးနှစ်ခုကို ဟင်းလင်းဖွင့်လျက် လိုက်ကာများတင်ကာ လေကို ဝင်ထွက်စေ၏။ စာကျက်သည့်ပုံစံကို ဖျာပေါ်မှာပဲ သတ်မှတ်မထားဘဲ ခုတင်ပေါ်၊ ခုံပေါ် စသည်ဖြင့် နေရာအမြဲပြောင်း၏။ ညောင်းညာသည်နှင့် အခန်းထဲမှာ လမ်းလျှောက်သည်။

ညနေစောင်း နေသာချိန်မှာ စာကျက်ခြင်းကို ခဏရပ်ပြီး ခြံထဲမှာ လမ်းဆင်းလျှောက်၏။ ဖေဖေ မှာထားသည့်အတိုင်း ထမင်းစားချိန်ကို ထမင်းစားခန်းမှာပဲ သွားစားဖြစ်သည်။ တိတ်ဆိတ်နေသည့် ထမင်းစားပွဲမှာ အရင်ဆုံး ပြီးသွားသူက သူမပင်ဖြစ်နေ၏။ အရယ်အပြုံးမဲ့လျက် တည်ငြိမ်သွားသည့်ပုံစံကို ဖေဖေရော၊ မေမေပါ ဘာတစ်ခုမှ မဝေဖန်ခဲ့။

သိပ်မကြာခင်ရက်ပိုင်းမှာ ခရီးထွက်ရာမှ ကျောင်းသားကျောင်းသူများ ပြန်ရောက်လာပေမယ့် မမတစ်ယောက် အိမ်ကို ပြန်မရောက်ခဲ့။ မမ၏သူငယ်ချင်းများထံမှ စာတစ်စောင်ကို မေမေရပေမယ့် သူမကို ပေးမသိစေခဲ့ပါ။ သူမကလည်း မစပ်စုခဲ့ပါချေ။ သူမ စာမေးပွဲ ဖြေရတော့မည့်လဆန်းတွင် ညော်ခန်း၌ ထိုင်နေစဉ် အိမ်ပေါက်ဝမှ လူရိပ်များကို မြင်လိုက်ရ၏။

"သမီးလေး..."

"ကြီးကြီး"

ကြီးကြီးက ဘာတစ်ခွန်းမှ မပြောတော့ဘဲ သူမကို ပြေးဖက်လေ၏။ သူမ အံ့အားတသင့်ဖြစ်စဉ်မှာ အိမ်ပေါက်ဝမှ ကိုကြီး





ဝင်လာလေသည်။ အဲဒီနောက် မမ...၊ နောက်မှာ ဘဘ...၊ သူမခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရ၏။ ကြီးကြီးက သူမကို ဖက်ထားရင်း မျက်ရည်ကို ကျိတ်သုတ်နေသည်။ သူမ သတိဝင်သွားပြီး ကြီးကြီးတို့ကို ထိုင်စေလိုက်ပါ၏။

"ကြီးကြီး...ထိုင်ပါဦး...။ ဘဘလည်း ထိုင်ပါရှင်။ ညာ မေမေ့ကို ခေါ်ပေးပါ့မယ်...ခဏနော်"

သူမ အိမ်နောက်ဖက်သို့ ဝင်လာတော့ မေမေက မျက်ရည်တို့ စို့ဝဲလျက် သူမလက်ကို ဆုပ်ကိုင်လိုက်လေသည်။

"မေမေ...အိမ်ရှေ့မှာ"

"မေမေ သိတယ်...။ သမီးဖေဖေကို ဦးမြဖေတို့အိမ်မှာ သွားခေါ်ချေ။ ပဲဈေး သွားညှိနေတယ်"

"ညော်သည်တွေဖို့"

"ရတယ်...၊ မေမေ စီစဉ်နိုင်းလိုက်မယ်။ သမီးသာ ဖေဖေ့ကို သွားခေါ်ပါ"

"ဟုတ်ကဲ့"

သူမ နောက်ဖေးပေါက်မှ ဆင်းလျက် အိမ်ဘေးမှ ပတ်ထွက်ခဲ့ပြီး စက်ဘီးဖြင့် နောက်တစ်လမ်းကို ထွက်ခဲ့၏။ လက်တို့ ကတုန်ကယင်ဖြစ်လျက် စက်ဘီးက ရမ်းချင်ချင်။ ဦးမြဖေအိမ်ရှေ့မှာ စက်ဘီးကို ရပ်လိုက်စဉ် အိမ်ပေါ်မှ ဆင်းလာသည့် ဖေဖေ့ကို တွေ့ရလေ၏။

"ဖေဖေ...အိမ်မှာ ဘဘတို့နဲ့ မမရောက်နေပြီ"

"ဟော. . . ဒအေးအေး"

ဖေဖေက ဂ်သွက်သွက်လျှောက်လိုက်ပြီး နောက်မှ သတိရကာ သူမဘက်သို့ ၫည့်ကြည့်လာ၏။

"သမီး"

"ဖေဖေ. . . ညာ. . . စည်သူ့အိမ်မှာ စာခဏသွားမေးလိုက်ဦးမယ်နော်. . .။ သိပ်မကြာပါဘူး"

"အေး အေး. . . သမီးရယ်"

သူမ စည်သူ့အိမ်ရောက်တော့ နိုင်ဦးပါ ရှိနေ၏။ သူမကို မြင်လိုက်ရ၍ တအံ့တသြ ဖြစ်နေကြသည်။

"မိညာ. . . နင် ဖြေဖြစ်ရဲ့လား"

"အင်း"

"စာတွေ တော်တော်ရနေပြီလား"

"မဆိုးပါဘူး"

"နင် ဘာဖြစ်လာသလဲဟင်"

စည်သူ့မေမေ အန်တီထားက လက်ဖက်သုပ်နှင့် ရေနွေးလင်ပန်းကို လာချပေးစဉ် သူမ မျက်ရည်တစ်ပေါက် လွင့်ကျသွား၏။ မျက်နှာကို ဆတ်ခနဲ မော့ပစ်လိုက်ပါသည်။

"ငါ. . . ငါ စာမေးပွဲအောင်မှဖြစ်မှာ။ မအောင်လို့ မဖြစ်ဘူး"

"သမီးလေး. . . ညာ"

"အန်တီထား. . . ညာကလေ. . . ညာက မွေးစားသမီး





ဲ့ အန်တီထားရယ်. . . မွေးစားသမီးတဲ့။ ညာ မျှော်လင့်မထားဘာတွေ အကုန်ဆက်တိုက်ဖြစ်လာခဲ့ပြီ"

"အို. . . ဒီကိစ္စ သမီးကို ဘယ်သူပြောလိုက်တာလဲ။ ဒီလောက် နှစ်တော်တော်ကြာကြာ ဖုံးအုပ်ထား ဘဲ့ကိစ္စကို"

သူမ အန်တီထားရင်ခွင်ထဲဝင်၍ ရှိုက်ကြီးတငင် ငိုကြွေးက်မိသည်။ အန်တီထားက သူမကို ခပ်တင်းတင်းလေး ပြန်ဖက်ထားပါ၏။

"ညာ. . . ဆေးရုံတက်နေတုန်းက အမှတ်မထင် သိခဲ့ရတာပါ"

"အို. . . ကလေးရယ်. . . ဖြစ်မှဖြစ်ရလေ"

"ဒါ့ကြောင့် ညာ့ကို မေမေက မမလောက် မချစ်ခဲ့တာနော်။ အင်းပေါ့လေ. . .၊ ညာက မေမေ့ရဲ့သွေးမတော် သားယ် သူစိမ်းတစ်ယောက်ဆိုတော့"

"ဟယ်. . . ဘယ်က သူစိမ်းဟုတ်ရမှာလဲ သမီးရယ်။ သမီး ကိုဘချစ်ရဲ့ သွေးသားအရင်းအချာပါ။ ကိုဘချစ်ရဲ့ညီ ကိုဘမြင့်သွားပါ. . . သမီးရယ်။ သမီးဖေဖေဘက်က ကုန်သည်မျိုးရိုးမ်းချမ်းသာကြတယ် သမီးရဲ့။ ကိုဘမြင့်က ဆိုးလွန်းတေလွန်းလို့ ကြောင့် အမေ ဒေါ်ရင်မြက အိမ်ပေါ်က မောင်းချခဲ့တယ်။ နောက် ကော့ မထင်မရှား မိန်းမတစ်ယောက်ကို ကောက်ယူလိုက်တော့ ရင်မြက စိတ်တွေဆိုးပြီး အမွေဖြတ်ခဲ့တယ်။ အန်တီထားတို့ လောက်တော့ ဒေါ်ရင်မြ သေခါနီးမှာ သူ့သား ကိုဘမြင့်ကို

တချုပ်စာတမ်းနဲ့ ငွေတွေ ပေးထားခဲ့တယ်ဆိုတာပဲ။ အဲဒီစာချုပ်ကိုဘချစ်ဆီမှာ နှ ပါ။ သမီးကို တကယ်ချစ်ရိုးမှန်ရင်၊ ပြီးတော့ သူတို့မေတ္တာစစ်မှန် ်င်. . . တစ်နေ့ပေးမှာပါကွယ်"

"ညာ. . . ဒါတွေ မမက်ပါဘူး"

"အန်တီထား သိပါတယ်။ သမီးဟာ အင်မတန် ဖြူစင်တဲ့ ကလေးလေးပါကွယ်။ ဒါတောင်မှ"

"ဒုက္ခပါပဲ. . . မိညာရယ်။ နင်. . . ကိုသက်ပိုင်အကြောင်း သိသွားရင်တော့ ပိုဆိုးတော့မှာပဲ"

"ဒီထက် ပိုဆိုးရွားစရာ မရှိတော့ပါဘူး. . . စည်သူရယ်။ အခု သူတို့ ငါ့အစ်မကို လာအပ်နေပါပြီ"

"ဟာ. . . မိညာရာ"

"အမှန်တော့ ကိုသက်ပိုင်က နင့်ဖြတ်စာရပြီး. . . အစ်မ သက်ပုံနဲ့ အရွဲ့တိုက်ပြီး တွဲတာဟ။ နင့်အစ်မက ကျောင်းတက်စဉ် ကတည်းက ကိုသက်ပိုင်ကို ငြိနေတာလေ။ အဲဒီတော့ သူတို့ ဒီလိုတွေ ဖြစ်ကုန်ကြတာပေါ့။ ဒါပေမဲ့ ကြီးကြီးတို့မိသားစုကတော့ နင့်ကိုပဲ လိုလားကြတာ။ ငါတို့ကို နှုတ်ကတောင် ဖွင့်ပြောတာဟ"

"ငါ. . . ငါသိပါတယ်. . . ပြီးခဲ့တာတွေ ပြီးပါစေတော့ဟာ. . .။ ငါ့ခေါင်းထဲမှာ ရှိနေတာ ငါ စာမေးပွဲအောင်ရမယ်။ ပြီးရင် ငါ ရန်ကုန်ကို အပြီးသွားတော့မယ်။ ဟိုမှာပဲ ကျောင်းဆက်တက်ပြီး ဘွဲ့ယူမယ်။ ငါ့ဘဝကို အဲဒီမှာပဲ မြုပ်နှံလိုက်တော့မယ်"

"နင်. . . နင့်အငဲဖနဲ့အမေကို ခွဲနိုင်လို့လား"





"ခွဲနိုင်အောင် ကြိုးစားရမှာပေါ့ စည်သူရယ်. . .။ ဒီမြို့လေးမှာ ငါ့မျက်နှာကို ငါ ဘယ်လိုထားရမှာလဲ"

"ဒါလည်း ဟုတ်တာပဲ"

"ဒါဆို. . . အန်တီထား ကူညီမယ် သမီး။ သမီးအန်တီ သက်ရဲ့ သူငယ်ချင်းက ရန်ကုန်မှာ အဆောင်ဖွင့်ထားတယ်။ အဲဒီ ငှားနေပေါ့။ အဆောင်မှာနေတော့ သမီးအတွက် လုံခြုံတာပေါ့ သမီးရယ်"

"ကျေးဇူးတင်ပါတယ် အန်တီ. . . မှောင်တောင်နေပြီ။ ညာ ပြန်တော့မယ်နော်။ စည်သူနဲ့နိုင်ဦး ငါပြန်တော့မယ်။ နင်တို့ သိတာ နားမလည်တာရှိရင် လာမေးနော်။ ငါ Bio ပုံတွေ အကုန် ပိုင်နေပြီဟဲ့။ နင်တို့ကို အလွတ်ဆွဲပြလို့ ရနေပြီ။ ကဲ. . . ငါသွား နော်"

"အေး"

သူမ စက်ဘီးစီး၍ အိမ်ကို ပြန်ရောက်တော့ ဘဘတို့ ့တော့ပြီ။ အခန်းထဲ ဝင်ထိုင်စဉ်မှာ တစ်ဖက်ခန်းမှ တိုးတိုးကျိတ် ်အသံတို့ကို ကြားလိုက်ရ၏။

မေမေ၏ခပ်အုပ်အုပ်အသံကြား မှ မမအသံခပ်စူးစူးက ်ချက်တစ်ချက် ထွက်ပေါ်လာသည်။

"တော်ကြတော့. . .၊ ငါ့သမီး စာမေးပွဲရှိတယ်။ စိတ် နှောင့်အယှက် မပေးကြနဲ့"

ဖေဖေ့စကားသံအဆုံးမှာ အသံများ တိတ်ဆိတ်သွားလေ

၏။ သူမ သက်ပြင်းကို မသိမသာချလိုက်ပြီး စာအုပ်ကို ဖွင့်လိုက်ပါ၏။ နောက်တစ်ပတ်ဆို စာမေးပွဲ စဖြေပြီ။

● ● ●



## အခန်း ( ၁၁ )

စာမေးပွဲကို စိတ်အနှောင့်အယှက်ကင်းစွာဖြင့် ကောင်း ...င်း ဖြေဆိုနိုင်ခဲ့၏။ ကျောင်းပေါ်မှ ဆင်းခဲ့တော့ စည်သူနှင့် ...းက သူမကို မေးကြသည်။

"မိညာ. . .၊ နင် ဘယ်နှလုံး. . .မှန်းလဲ"

"အောင်စာရင်းထွက်တော့ ကြည့်ပေါ့ဟာ. . .။ နင်တို့

"ငါတော့ သချာပါမယ် ထင်တာပဲ"

"ငါက ဓာတု မှန်းတယ်"

"အမယ်. . . ငါ့ဘော်ဒါတွေ ဘယ်ဆိုးလို့လဲ"

"အဲဒါ နင့်ကျေးဇူးတွေ အများကြီး ပါပါတယ်ဟာ။ ငါတို့

စာမေးပွဲအတွင်း နင့်အိမ်မှာ စာစုကျက်ဖြစ်တဲ့အကျိုးဟ"

"ဟုတ်ပါပြီ. . . ငါ ဝမ်းသာပါတယ်ဟယ်"

သူမ စက်ဘီးသော့ကိုဖွင့်၍ ကျောင်းပြင်သို့ တွန်းထု လာစဉ် အနောက်ဆီမှ ခပ်တိုးတိုးခေါ်သံကို ကြားလိုက်ရလေသည်

"ညာလေး. . ."

သူမ အလန့်တကြား လှည့်ကြည့်လိုက်တော့ အရမ်း နီးခဲ့ဖူးသည့် မျက်နှာတစ်ခုကို မြင်လိုက်ရလေ၏။

"ကိုယ် စကားပြောစရာရှိလို့ နည်းနည်းလောက် အ ပေးပါလား"

"ညာတို့နှစ်ယောက်ကြားမှာ ဘာစကားမှ ပြောစရာ တော့ပါဘူး ကိုသက်ပိုင်မှူး။ မေမေက. . . ညာ့ကို မှာထားတ ၁၅ မိနစ်အတွင်း အိမ်ကို အရောက်ပြန်လာတဲ့"

"ကိုယ် တစ်ခွန်းနှစ်ခွန်းပဲ ပြောမှာပါ။ အလွန်ဆုံးကြ ၅ မိနစ်ပေါ့ ညာလေးရယ်"

"ငါတို့ ပြန်နှင့်ရမလား မိညာ"

"ဟင့်အင်း. . . အတူတူပြန်ကြမယ် စည်သူ။ ကဲ. . . သူငယ်ချင်းတွေရှေ့မှာပဲ ပြောပါ။ ဘာပြောချင်လို့လဲ"

"ညာလေး ရေးပေးခဲ့တဲ့ စာလုံးလေးငါးလုံးအကြေ ပါ။ ညာလေး သိပါတယ်။ အဲဒီစာဟာ ညာလေးစိတ်နဲ့ ညာ ရေးတာလား. . .။ ဒါမှမဟုတ်. . . တစ်စုံတစ်ယောက်ရဲ့ ပ နဲ့ ရေးခဲ့ရတာလား ဆိုတာပါ။ အဲဒါကို ကိုယ် သိရရင် တော်





န်အတိုင်းပဲ သိချင်ပါတယ်. . .။ ပြောပါ ညာလေး"

သူမ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ခပ်ကျယ်ကျယ်လေး ရယ်လိုက်ပါသည်။ ဩော်. . . ကိုကြီးရယ်. . .၊ ဒီကိစ္စကို အခု အမှန်အတိုင်း သိရတော့ရော ဘာလုပ်လို့ရတော့မှာလဲ။ ကိုကြီး ခဲ့တဲ့ အဖြစ်အပျက်က ဘယ်တော့မှ ပြင်လို့မရနိုင်တော့တဲ့ ားတွေပါ။ နောက်ကျခဲ့ပါပြီ။ နှောင်းခဲ့ပါပြီ ကိုကြီးရယ်. . .။ ယ်ပါ။

"အဲဒါကို သိတော့ ရှင်. . . ဘာလုပ်လို့ရမှာလဲ"

"လုပ်စရာတွေ အများကြီးပေါ့ ညာလေးရယ်။ ညာလေး မယ့် စကားတစ်ခွန်းဟာ ကိုယ် ရှေ့ဆက်လျှောက်ရမယ့် ဘ၀ က်. . . အဆုံးအဖြတ်ပါပဲ"

သူမ မဲ့ပြုံးတစ်ခုကို ပြုံးဖြစ်၏။ ငိုချင်နေသည့်စိတ်တို့ကို ကျင်သည့်ဒဏ်ရာဖြင့် ဖုံးဖိနိုင်ခဲ့ပါသည်။

"ဟင်း ဟင်း. . . ဒီမှာ ကိုသက်ပိုင်မှူး. . . အသက် ၁၆ တဲ့အရွယ်လေးဟာ ရင်ခုန် လှုပ်ရှားမှု အဖြစ်ဆုံးအရွယ်ပဲ။ အရွယ်မှာ တွေ့ခဲ့တဲ့ အချစ်ဟာ စစ်မှန်ပါ့မလား။ ရှင် စဉ်းစား ပေါ့။ ညာ စက်ဘီးစီး စသင်တော့. . . မကျွမ်းကျင်သေးခင် ရာတွေ ရခဲ့တယ်၊ နာကျင်ခဲ့တယ်။ အဲဒီဒဏ်ရာတွေကတော့ က်ခဲ့ပါတယ်။ ရင်ထဲမှာ ရခဲ့တဲ့ဒဏ်ရာက မပျောက်နိုင်ပေမယ့် ပျောက်အောင်ကို ကုသဦးမှာပါ။ ညာ တက္ကသိုလ်ကျောင်းသူ စ်ရင် ရင်ခုန်စရာတွေ အများကြီး တွေ့ရဦးမှာလေ။ အဲဒီတော့

မှ ဟောဒီလက်ညှိုးလေးပေါ်မှာတင်ပြီး တစ်ပတ်လှည့်လိုက်ရုံလေးပဲ။ ပါးပါးလေးပါရှင်. . .၊ မလွမ်းလောက်ပါဘူး။ သဲမြညာက အသည်းခပ်မာမာပဲရှင့်”

သူမ စက်ဘီးကို အရှိန်ဖြင့်တွန်း၍ နင်းခဲ့ပါ၏။ စည်သူနှင့် နိုင်ဦးက သူမကိုရံ၍ ဘေးမှ စက်ဘီးကိုယ်စီ နင်းခဲ့ကြသည်။ ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက် စီးကျသွားလေ၏။

“တောက်”

“စိတ်ကိုလျှော့ချလိုက်ပါ မိညာရာ. . . သွေးရူးသွေးတန်းနဲ့ လျှောက်ပြောတဲ့စကားတွေကို မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ”

“ငါ. . . ဒေါသထွက်မိတာပါ စည်သူရာ။ သူမို့ ကိုယ်ချင်းမစာဘဲ ငါ့ကို လာမေးရက်တယ်”

“အဲဒါ မျက်နှာပြောင်တိုက်တာလို့ ခေါ်တယ်။ ခေါက်ထားလိုက်”

“အေး. . . ဒါပဲကောင်းတယ်”

သူမ အိမ်ရှေ့ရောက်တော့ စည်သူနှင့် နိုင်ဦးက လက်ပြနှုတ်ဆက်ရင်း စက်ဘီး ဆက်နင်းသွားတော့သည်။ အိမ်ပေါ်တက်လိုက်တော့ မေမေက ဧည့်ခန်းမှာ သူမကို ထိုင်စောင့်နေလေ၏။

“သမီးလေး ဖြေနိုင်လား”

“ဟုတ်ကဲ့. . . ဖြေနိုင်ပါတယ် မေမေ”





“ဂုဏ်ထူးရော မှန်းရဲ့လား. . . သမီးရယ်”

“နှစ်လုံး ဒါမှမဟုတ် သုံးလုံးပေါ့ မေမေ. . .။ အောင်စာ င်း ထွက်လာမှပဲ သေချာသိရမှာပေါ့”

“မေမေ ဝမ်းသာပါတယ် သမီးရယ်. . . ဒီကိုလာပါဦး။ ာ မထိပ်ထား ခုဏပဲ လာပေးသွားတယ်။ မင်္ဂလာဆောင်မှာ တ်ဖို့ ဖိတ်စာတွေနဲ့ သမီးအတွက် ဘူးတစ်ဘူး ပေးသွားတယ်”

“မေမေပဲ သိမ်းထားလိုက်ပါ. . .။ ညာ ဒီပွဲကို မတက်ပါ း”

“မကောင်းဘူးထင်တယ် သမီးရယ်. . .။ မထိပ်ထားတို့ သမီးကို ဆက်ဆက်လာစေချင်တာပါ။ ဒါ. . . ရတနာဘူး ထင် ာပဲ”

သူမ ဘူးလေးကို ဖွင့်ကြည့်လိုက်တော့ သူမ တစ်ခါက ္ခခဲ့သည့် ဥဒေါင်းဝမ်းဆက်ကို တွေ့လိုက်ရစဉ် ရင်ထဲမှာ ကျင် ခံစားလိုက်ရသည်။

“ဒါကိုတော့. . . သေချာပြန်ပေးလိုက်ပါ မေမေ။ ညာ ချင်ပါဘူး။ မင်္ဂလာဆောင်လည်း တက်ဖို့ မလိုအပ်ပါဘူး။ လေးက ကလေးလိုနေတာပဲ ကောင်းပါတယ်”

သူမပြောအပြီး လွယ်အိတ်ကို ပြန်လွယ်၍ ထရပ်လိုက်စဉ် ိစ်မျက်နှာပျက်နေသည့် မေမေ့ကို သတိထားမိသွား၏။

“ကန်တော့ပါ မေမေ. . . ညာ ဘာကိုမှ မရည်ရွယ်ပါဘူး။ ယ်မသွားသင့်ဘူးလို့ ယူဆထားလို့ပါ။ ညာ အဲဒီမင်္ဂလာပွဲကို

ဘယ်လိုမျက်နှာထားနဲ့ သွားတက်ရဲမှာလဲ။ ညှာ့နေရာက မေမေ ဝင်ကြည့်ပေးပါ"

"အေးလေ. . . ဟုတ်ပါတယ်"

နောက်ရက်ကစပြီး သူမ ဖေဖေနှင့်အတူ ပွဲရုံမှာ ကူလုပ်ဖြစ်ခဲ့ပါသည်။ အလုပ်တွေရှုပ်နေရင်း အရာရာကို မေ့ပျောက်နိုင်အောင် ကြိုးစားပါ၏။ ဤသို့ဖြင့် သိပ်မကြာခင်မှာ သူနှင့်မမ၏ မင်္ဂလာပွဲကို ကျင်းပဖြစ်ခဲ့သည်။ ပွဲရုံမှာ တော်တော်မိုးချုပ်သည်အထိ နေဖြစ်ပြီးမှ စက်ဘီးဖြင့် ပြန်လာခဲ့၏။ အိမ်ပေါ်သို့ တက်လိုက်စဉ် ဧည့်ခန်းမှာ ဖေဖေနှင့် မေမေ့ကို ကန်တော့နေသည့် မင်္ဂလာမောင်နှံကို တွေ့လိုက်ရ၏။

"ဒီလင်ဒီမယား. . . အိုအောင်မင်းအောင် ပေါင်းနိုင်ကြပါစေ။ သားသမီးရတနာများလည်း မွေးဖွားပြီး ငြိမ်းချမ်းသာယာတဲ့ ဘဝတစ်ခုကို ထူထောင်နိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ"

"လိမ္မာပါ သမီး. . .၊ အစစအရာရာ သည်းခံစိတ်မွေးပါ။ မိဘအိမ်မှာလို ကိုယ့်စိတ်နဲ့ကိုယ် လုပ်ချင်တာ လုပ်လို့မရတော့ဘူး။ ဘယ်အခါမဆို ကိုယ့်အိမ်ဦးနတ်ကို တိုင်ပင်ပါ။ ခွင့်တောင်းပါ။ သားကလည်း သမီးဘက်က မှားတာတွေ လွန်တာတွေရှိရင် နားလည် ခွင့်လွှတ်ပေးပါကွယ်"

"ဟုတ်ကဲ့ပါ"

တိုတိုပြတ်ပြတ်ဖြေသံအဆုံး သူတို့ ထရပ်၍ လှည့်လိုက်





သော် အပေါက်ဝမှာ ရပ်နေသည့် သူမနှင့် တိုးတော့သည်။

"မမ. . . ခဏနော်. . . ညှာ ပေးစရာရှိလို့ပါ"

သူမ အခန်းထဲရှိ စားပွဲပေါ်မှ ဘူးလေးကို ယူ၍ ပြန်ထွက်ာပြီး မမလက်ထဲ ထည့်ပေးစဉ် သူ မျက်နှာအကြီးအကျယ် ပျက်လ၏။

"အားရင်လာလည်နော် မမ. . . ဒီအိမ်ဟာ မမအိမ်ပါပဲ။ ခြဲပဲ တံခါးမရှိ ဓားမရှိ ဖွင့်ထားပါတယ်"

"အေးပါ. . . မမ သွားတော့မယ် အငယ်မ"

"ဟုတ်ကဲ့"

မမက သူ့ကို ငေးကြည့်နေလျက်မှ သိုင်းဖက်လိုက်လေ၏၊ သူမ မျက်တောင်တို့ကို တဖျပ်ဖျပ်ခတ်လိုက်ရင်း မမ ကျောပြင်လေးကို အသာပွတ်သပ်လိုက်ပါသည်။

"ညှာ"

"မမ. . . ညှာ မမကို သိပ်ချစ်ပါတယ်။ အရင်တုန်းကညှာ ဆိုးခဲ့တာ၊ ရိုင်းခဲ့တာ မှန်သမျှကို ခွင့်လွှတ်ပေးပါနော်။ မမဟာညှာ့ရဲ့အစ်မပါ။ ဘယ်တော့မှ သွေးမကွဲတဲ့ ညီအစ်မတွေလို နားလည်ရင်. . . ညှာ ကျေနပ်ပါပြီ"

"ညှာရယ်"

မမ တစ်ချက်ရှိုက်လိုက်ပြီး သူမကိုခွာကာ အိမ်ပေါ်မှ စင်း၏။ သူက အဓိပ္ပာယ်တို့ အများကြီး ထွက်နေသည့် မျက်ဝန်းဖြင့် တစ်ချက်စိုက်ကြည့်လိုက်ပြီး ဘေးမှဖြတ်ကာ ကျော်ခိုင်း

ရွှေပဒေသာစာပေ

ဆင်းသွားတော့သည်။ ဝေးခဲ့ပါပြီ. . . ထာဝရပေါ့နော်။ လွမ်းချင်တာတောင်မှ လွမ်းခွင့်မရှိ။ တမ်းတချင်ပေမယ့် တမ်းတခွင့် မရှိတော့တဲ့ဘဝကြီးပါ ကိုကြီးရယ်။ အခုနေများ ညှာ့အသည်းကို ခွဲစိတ်ခုံပေါ်မှာ ခွဲကြည့်ခဲ့ရင် အစိတ်စိတ်အမွှာမွှာ ကွဲနေတာကို တွေ့ရမှာအမှန်ပါ။ ဩော်. . . ငယ်သူရဲ့ပါးပြင်ထက် အနမ်းဦးရဲ့ အငွေ့အသက်တွေဟာ လေနဲ့အတူ လွင့်ပါး ပျောက်ပျက်ခဲ့ပါပြီလေ။

❀ ❀ ❀



## အခန်း ( ၁၂ )

"ဟွေ့လား. . . မြန်မြန်ရှာလေ"

"ဟာ. . . ရှာနေတာပဲဟ. . .။ နေဦး. . . စည်သူ့ကို အရင်ရှာရမှာ။ ဟော. . . ပါတယ်. . . ပါတယ်. . . သချ်ာတဲ့ ဟေ့. . . ဟေး. . . ဟေး"

"ငါ ဒီမှာ ညှာ့ကိုမြင်ပြီ. . .။ သချ်ာ၊ ဓာတု၊ ရူပ သုံးလုံး ဘောင် ပါတာကွ. . . ဟား. . . ဟား. . . ဟား"

"ဟဲ့. . . ရယ်မနေနဲ့လေ. . .။ နင့်နာမည် နင်ရှာဦး"

"နိုင်ဦး မဟုတ်လား. . . ဒီမှာတွေ့ပါတယ်။ သဲမြညှာ နဲ့. . .။ ဓာတု ပါတယ်"

"ဟား. . . အား"

သူမတို့သုံးဦးသား စက်ဘီးကိုယ်စီဖြင့် အားကုန်နင်းလျက် ပြန်လာခဲ့ကြ၏။ လမ်းမှာ တွေ့သမျှ လူတွေကို အော်ကြီးဟစ်ကျယ် ပြေကြရင်း ပျော်မဆုံးတော့။ အန်တီထားက ကြာဆံချက် ချက်ထား ပြီးပြီမို့ လိုက်စားဖို့ပြင်ပြီး အိမ်ကို ဝင်ပြောရန် ခြံဝမှာ ကျန်ခဲ့ပါ၏။ စက်ဘီးကိုတွန်း၍ အိမ်အောက်သို့ရောက်စဉ် မမအသံကို ကြား လိုက်ရသည်။

"သမီး သဘောမတူဘူး ဖေဖေ. . .။ သူ့အဖေအမွေတွေ ကို လွှဲပေးရင် ပြီးရောပေါ့။ ဖေဖေ့လုပ်ငန်းတွေက သမီးနဲ့ပဲ ဆိုင် တာပါ၊ သူနဲ့ မသက်ဆိုင်ပါဘူး. . .။ သူ့ကို ဘာမှ လွှဲပေးစရာ မလိုပါဘူး"

"မဟုတ်သေးဘူး သမီးရယ်. . .။ သူ့အသက်က ၁၈ နှစ် ပြည့်မှ အမွေက လွှဲလို့ရမှာ။ ခုဟာက ဖေဖေ့လုပ်ငန်းကို သူကျွမ်း ကျင်နေပြီ၊ နားလည်နေပြီ။ အကုန်မဟုတ်တောင် တချို့တဝက် တော့. . ."

"ဟင့်အင်း. . . သမီး မပေးနိုင်ဘူး။ သူ့ကို ဒီအရွယ်ထိ ကျွေးမွေး ပြုစုပေးခဲ့ပြီပဲ။ တော်ပြီပေါ့ ဖေဖေ. . .။ သူ့လမ်းကို သူလျှောက်ပါစေတော့လား"

"သမီးရယ်. . . ဘယ်လိုပြောလိုက်တာလဲ။ သမီးမှာ. . . ယောက်ျားဘက်က အမွေတွေ တစ်ပုံကြီး ရစရာ ရှိပါတယ်။ ဖေဖေ တို့ နည်းနည်းပါးပါး ခွဲပေးရုံနဲ့ သမီး ဘာဖြစ်သွားမှာမို့လို့လဲ"

"မပေးချင်ဘူး. . . ဘာဆိုဘာမှ မပေးချင်ဘူး။ အခုချိန်





ထိ သမီးတို့အိမ်ထောင်ရေးဟာ မသာယာဘူး မေမေ။ သူ့ကြောင့် တကျက်ကျက်ဖြစ်နေတုန်းပဲ။ အိမ်ကလူကြီးတွေနဲ့လည်း မတည့် ဘူး။ မင်္ဂလာဦးညတုန်းက သူပြန်ပေးလိုက်တဲ့ ရတနာဘူးကို ကိုပိုင် က ပြန်သိမ်းပစ်လိုက်တယ်။ သမီးပိုင်မယ့်အ‌ ‌ ၊ကို. . . ဒီလိုလုပ်ရ ကောင်းမလား စကားများကြတော့ ကိုပိုင်က ဘာပြောတယ်ထင်လဲ မေမေရဲ့။ အဲဒါ သူ့နှလုံးသားတဲ့။ သူ့နှလုံးသားကို ဘယ်တော့မှ သမီးကို မပေးဘူးတဲ့ မေမေရယ်။ သမီး သူ့ကို မုဒိတာ မပွားနိုင်ဘူး။ သူဟာ သမီးတို့အိမ်ထောင်ရေးအတွက် ခလုတ်ကံသင်းပဲ မေမေ"

"ဒါတွေဟာ ညည်းလွန်လို့ ဖြစ်ခဲ့ရတာပဲ. . . သက်ပုံစုံ။ ညည်းအမှားတွေပဲဟာ။ ဘာမှ ကလေးကို ပြီးမနေနဲ့။ ကိုယ့်အသက် ကိုယ့်အရွယ်နဲ့ တည်ငြိမ်ပါတော့လား။ အိမ်မှာ ဘော်ကျော့နေ တိုင်း သူများအိမ်မှာ ဒီလိုသွားနေတော့. . . လူကြီးတွေက ဆုံးမမှာ ပေါ့။ ဒါကို ပက်ခနဲ ပြန်ပြောတာ. . . ညည်းရိုင်းတာပဲ။ ညည်း အမေဖြစ်ရတာ ငါ ရှက်တယ်အေ့"

"ခုတော့ မေမေက ဒီစကားမျိုး ပြောပြီပေါ့။ အစကတော့ သမီးထက် သူ့ကို. . . ပိုမချစ်ပါဘူးဆို"

"အေး. . . ဝမ်းမနာသမီးက ဒီနေ့အထိ ငါတို့ကို စိတ်ဆင်း ရဲအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူးအေ့။ ပြောစကားလည်း တစ်ခွန်း ဆိုတစ်ခွန်း နားထောင်လာခဲ့တာ ဒီနေ့အထိပဲ။ ညည်းနဲ့ ဘာမှ မဆိုင်ဘူး။ ငါ ကောင်းကောင်းရိုက်ခဲ့တဲ့အိုးက ကောင်းကောင်းကို ဒေါင်ဒေါင်မြည်နေတာပဲ။ အဲဒါကို ညည်း သိထားပါ။ မထိပ်ထား

တို့ ညည်းကို လိုလို ချင်ချင် မရှိမှန်း ငါ အစကတည်းက သိတာပေါ့။ ညည်းက နှင်းဆီ ... ာ လှတာပါ။ ဘေးမှာ. . . ဆူးတွေက လူကို အန္တရာယ်ပေးစေတာပဲ။ ငါ့သမီးလေးက ခရေပန်းလေးလို သိပ် မာနကင်းစင်တာ။ ... းခြောက်သွားတဲ့အထိ မွှေးမြနေတုန်းအေ့”

“မှန်းတယ်. . . မှန်းတယ်. . .။ သမီး သူ့ကို သိပ်မုန်းတာ ပဲ။ သမီးဘဝထဲမှာ သူ မရှိမှ. . . အေးမှာ”

“တိတ်စမ်း သက်ပုံစု. . .။ မှညာတွေ ဒီလောက်တတ်ပြီး မိုက်ရိုင်းတာ နင်မှအစစ်ပဲ။ နင့်ညီမများ. . . အစ်မကို ချစ်လိုက်ပုံ အခုထိ နင့်မကောင်းကြောင်း တစ်ခါမှ မပြောခဲ့ဘူး။ နင့်အပေါ် ကလေးတုန်းကသာ. . . အနိုင်ကျင့်လွန်းလို့ ပြောခဲ့တာပဲရှိတယ်။ တကယ်တမ်း. . . နင့်အပေါ် ဘယ်လောက် သဘောထားကြီးခဲ့ သလဲ။ အသက် ငယ်ရွယ်သေးပေမယ့် သူ့နှလုံးသားတစ်ခုလုံးကို တောင် နင့်လက်ထဲ အပ်ပေးခဲ့တာဟဲ့။ ဆန်ကောလောက်မှ ဖောက် မနက်တဲ့အတွေးတွေ အပြောတွေနဲ့ ငါတို့အိမ်. . . နောက်ကို ထပ် မလာနဲ့။ နင့်မျက်နှာ ငါ မမြင်ချင်ဘူး။ အမွှေဆိုတာ ထိုက်မှစံရတာ။ နင် ဒီလိုအချိုးမပြေရင် တစ်ပြားမှ မရဘူးမှတ်. . .”

သူမ ခြံပြင်သို့ ပြေးထွက်လာခဲ့စဉ် မိုးက သည်းကြီးမည်း ကြီး ရွာချလိုက်လေ၏။ မျက်စိထဲမှာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ တော့။ လမ်းထိပ် ခရေပင်ကြီးအောက်ကို ရောက်လာခဲ့၏။ ရင်ထဲ မှာ တစစ်စစ်နှင့် နာကျင်နေမိတော့သည်။ ခွာသင့်ပြီပဲ။ ဒီနယ်မြေ က ခွာဖို့အချိန် ကျရောက်ပြီပေါ့။ ဘယ်တော့မှ ပြန်လှည့်မကြည့်





ဘော့တဲ့ခြေလှမ်းတွေနဲ့ သူမ သွားသင့်ပြီပဲ။

သူမ သွားရင် ဖေဖေနဲ့မေမေ ပင်ပင်ပန်းပန်း စီးပွားရှာ နေရဦးမှာပါလား။ ခွင့်လွှတ်ပါ ဖေဖေနဲ့ မေမေရယ်။ ညာ ဘယ် ...ိမှ မသွားရင် မဖြစ်တော့လို့ပါ။ ဖေဖေတို့ ဂျူးဇူးတွေကို အခါ အလှည့်သင့်ချိန်မှာ ညာ ဆပ်ခွင့်ကြုံချင်ပါသေးတယ်။ တကယ် ...။ အခုတော့ ညာ သွားရတော့မယ် ဖေဖေ။ အင်း. . . အန်တီ ...ားဆီမှာ ရန်ကုန်လိပ်စာ သွားတောင်းရဦးမှာပါလား။

ဝင်းခနဲ လက်သွားသည့် လျှပ်စီးရောင်ကြောင့် သူမ နား ...ပ်ဖက်ကို ပိတ်လိုက်၏။ လူက ခိုက်ခိုက်တုန်အောင် ချမ်းလာ ...ည်။ နှုတ်ခမ်းတွေပြာကာ တဆတ်ဆတ်တုန်လေ၏။ မျက်ဝန်း ...က ငိုထားသည့်အရှိန်ရော၊ မိုးရေ ဝင်တာကြောင့်ပါ စပ်ဖျင်းဖျင်း ...င့် ပူနေသည်။ ခြေထောက်တွေ ထုံကျင်ကာ လမ်းလျှောက်ရန် ...ရပ်လိုက်သည်။ ကိုယ်ခန္ဓာက မဟန်နိုင်ဘဲ လဲကျစဉ် သူမ ...က်နှာကို ကားမီးရောင်လားမသိ၊ ဝင်းခနဲ ထိုးလိုက်တာကိုသာ ...ောက်ဆုံးသိလိုက်လေသည်။

ကားကို စက်သပ်၍ ရပ်လိုက်သည်။ ကားပေါ်မှ အပြေး ...င်းလာလျက် သူမကို ပွေ့ချီလိုက်သည်။ ကြည့်ပါဦး. . . တစ်ကိုယ် ...း ရွဲရွဲစိုလျက် သတိလစ်နေပါရောလား။ စိုးရိမ်တကြီးဖြင့် ကား ...ပေါ်တင်၍ သူမအိမ်သို့ အမြန်မောင်းလာခဲ့သည်။ တံခါးကို ထပိတ် ...သည့် သူမ၏မေမေက သူ့ကားကိုမြင်၍ လှမ်းပြောလိုက်လေ၏။

“သမီး ပြန်သွားတာ တအောင့်လောက်ရှိနေပြီ. . . သား။

မိုး စရွာရွာချင်း. . .ပြန်သွားတာ"

"ကျွန်တော်. . .ညာလေးကို လာပို့တာပါ ဒေါ်ဒေါ်။ အိမ်ရာ အဆင်သင့်ပြင်ပါ. . .။ ဆရာဝန်ကို ဖုံးဆက်ခေါ်ပါ"

သူ. . .သူ ကို ပွေ့ချီ၍ အိမ်ပေါ်တက်ကာ သူမအခန်းထဲရှိ အိပ်ရာပေါ် ညင်သာစွာ ချပေးလိုက်ပါ၏။

"အဝတ်အစား အမြန်လဲပေးပါ ဒေါ်ဒေါ်"

"အေး အေး. . .သွား"

သူ ဧည့်ခန်းသို့ ထွက်လာပြီး ဆက်တီမှာ ခဏဝင်ထိုင်လိုက်၏။ ဧည့်ခန်းနံရံပေါ်ရှိ ဓာတ်ပုံထဲမှ သူမက သူ့ကို ပြုံးပြုံးလေး ပြန်ကြည့်နေလေသည်။ နှမြောလိုက်တာ ကလေးရယ်။ ဘဝချင်း ခြားကုန်ပြီပေါ့. . .။ ကိုယ် ရခဲ့တဲ့နောင်တက ဘယ်တော့မှ ပြင်လို့ မရတော့ပါလား။

ဆရာဝန် ဆေးထိုးပေးပြီးမှ အခန်းထဲ သူ ဝင်လာခဲ့သည်။ အိပ်ပျော်နေသည့် မျက်နှာရှင်းရှင်းလေးကို ငေးကြည့်နေမိ၏။ ရှည်လျား ကော့ပြန်နေသည့် မျက်တောင်စိပ်စိပ်လေးတွေကို နှမြောတသဖြစ်နေသည်။ သူ အရင်ဆုံးမြတ်နိုးခဲ့သည့် မိန်းကလေး မဟုတ်ပါလား။

"ကျေးဇူးတင်လိုက်တာ သားရယ်။ အောင်စာရင်း သွားကြည့်မယ်ဆိုပြီး. . .သူ့သူငယ်ချင်းတွေနဲ့ အတူထွက်သွားတာပဲ ဖွ. . .မပြောကောင်း မဆိုကောင်း သူ မအောင်လို့များလား"

"သူ အောင်ပါတယ် ဒေါ်ဒေါ်. . .။ D သုံးလုံးတော





ဘာပါ။ စည်သူနဲ့ နိုင်ဦးက တစ်လုံးစီပါတယ်။ သူ့ကို ခရေပင်ကြီး အောက်မှာ လဲနေတာကို တွေ့ခဲ့ရတာပါ။ တစ်ခုခုကို စိတ်ထိခိုက်သွားပုံပဲ. . .။ ကလေး သနားပါတယ်"

သူက နဖူးပေါ် ဝဲကျနေသည့် သူမ၏ဆံစလေးကို သပ်တင်ပေးလိုက်တော့ ဒေါ်ဒေါ်က အလန့်တကြား ကြည့်နေ၏။ သူ ပြုံးတစ်ချက်ကို ပြုံးဖြစ်လိုက်သည်။ ဪ. . .ကလေးရယ်. . .။ ကိုယ်နဲ့ လုံးဝ မသက်ဆိုင်တော့ဘူးပေါ့နော်။

"ကျွန်တော် ပြန်တော့မယ် ဒေါ်ဒေါ်"

"အေး အေး. . .သား"

သူ, သူမမျက်နှာလေးကို ခဏမျှ စိုက်ကြည့်လိုက်ပြီး လှည့်ထွက်လာခဲ့သည်။ အိမ်ရောက်လျှင် မိန်းမနှင့် ပူညံပူညံ စကားများ ဦးမည်။ အင်း. . .သိပ်မကြာတော့ပါဘူးလေ. . .။ သူ့ပတ်စပို့က လာထဲ ကျလာတော့မှာပဲဟာ။

နားထဲမှာ အသံတွေကြားနေရ၏။ ပစ္စည်းတွေရွှေ့သံ ထင်သည်။ ခေါင်းရင်းဘက် ပြတင်းပေါက်မှ လေအေးတို့က သူမခေါင်း ကိုက်ခတ်လာ၏။ မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်မိသည်။ အိမ် ရောက်နေပြီကိုး။ ခုတင်ဘေးမှာ ထိုင်စောင့်နေသည့် မေမေ သူမလက်ကလေးတစ်ဖက်ကို ဆုပ်နယ်ပေးနေ၏။ အခန်းထဲမှာ အပုလေးကို နေရာတကျ ပြန်ထားပြီးလေပြီ။ သူမမျက်နှာမှာ နလေးတစ်ခု ပေါ်သွားသည်။

"သမီး. . .နေလို့ကောင်းရဲ့လား။ ခုဏပဲ. . .စည်သူတို့

သားအမိတွေ လာသွားသေးတယ်။ ပြီးတော့. . . စည်သူက သမီး
အတွက် စာအိတ်တစ်အိတ် ပေးသွားတယ် သမီးရဲ့။ ဟောဒီ
နောက်တော့ သမီး ဖတ်ကြည့်ပေါ့နော်”

“ဟုတ်ကဲ့ပါ မေမေ”

“မေမေ ညနေစာ သွားစီစဉ်လိုက်ဦးမယ်။ သမီး နေ
ဖြစ်တယ် မဟုတ်လား။ ခေါင်းထဲမှာ ဘာကိုမှ ထည့်စဉ်းစားမ
နဲ့။ စိတ်ကို ရှင်းရှင်းထားနော်။ မေမေ့သမီးလေး တက္ကသိုလ်ကျော
သူကြီးဖြစ်ပြီ။ မေမေ ဂုဏ်ယူပါတယ် သမီးရယ်။ သမီးဖေဖေ
ချင်တာလည်း အဲဒီလို ထူးချွန်မှုမျိုးကိုပါ။ သိပ်တော်တဲ့ သမီးလေ

မေမေက သူမနဖူးလေးကို နမ်းလိုက်ပြီး အခန်းထဲမှ ထွ
သွားတော့သည်။ စိတ်ထဲမှာ ရင်းနှီးခဲ့ဖူးသည့် ကိုယ်သင်းရနံ့
ရလိုက်မိသလိုပင်။ ဘေးဘီဝဲယာမှာ ဘာမှ ရှိမနေပါ။ ဘယ်ဘ
လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည့် အရာလေး
သတိထားမိသွားသည်။ သူမလက်ကို ဖွင့်ကြည့်လိုက်တော့ လက်
အရွယ် အသည်းပုံလော့ကက်လေးနှင့် ရွှေဆွဲကြိုးတစ်ကုံး။ အသည
ပုံလေးကို အသာခွာ၍ ကြည့်လိုက်တော့ တစ်ဖက်မှာ သူမဓာတ်
ထည့်ထားပြီး တစ်ဖက်မှာတော့. . .

သူမ ဆတ်ခနဲ ထထိုင်လိုက်မိ၏။ သူမကို အိမ်ပြန်ပို့
ခဲ့တာ သူပေါ့လေ။ ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရသည်။ နာလို
တာ၊ သေတဲ့အထိ ပျောက်မသွားတော့မယ့် ဒဏ်ရာအနာတ
နာနာကျင်ကျင်ကြီးကို ခံစားလိုက်ရတာပါ။





“တောက်”

ဆွဲကြိုးကို အံဆွဲထဲ ပစ်ထည့်လိုက်ပြီး စားပွဲပေါ် တင်ထား
သည့်စာအိတ်ကို အသာဖောက်လိုက်မိသည်။

*ငြိမ်းချမ်းရေးဆောင်*
*အမှတ်(၄၄)၊ ဓမ္မာရုံလမ်း၊*
*၆ မိုင်ခွဲ၊ ရန်ကုန်မြို့*

သူမ ခုတင်ပေါ်မှ အသာဆင်းလိုက်ပါ၏။ အဝတ်ဗီရို
မှ ဝတ်စုံတို့ကို သားရေအိတ်တစ်လုံးထဲသို့ စီထည့်လိုက်သည်။
ဖေဖေနှင့် ဝိုင်းကူလုပ်ပေးစဉ်မှာ ရရှိထားသည့် မုန့်ဖိုးငွေ နှစ်သိန်း
သေချာထည့်၏။ ပြီးတော့ မှတ်ပုံတင်၊ စားပွဲခုံပေါ်မှာ ထောင်
ထားသည့် ဖေဖေနှင့် မေမေတို့၏ ဓာတ်ပုံ၊ ခုထက် ဖတ်နေသည့်
စာကို အိတ်၏ဘေးဘက်မှာ ထည့်၍ ဇစ်ဆွဲပိတ်လိုက်သည်။

သူ ဝယ်ပေးခဲ့သည့် စာအုပ်စာတမ်းများနှင့် အရုပ်မျိုးစုံ
ကို ဗီရိုထဲ ပြန်ထည့်လိုက်၏။ အံဆွဲထဲ ပစ်ထည့်ထားသည့် လော့
ကက်ထဲမှ သူမ၏ဓာတ်ပုံကို ထုတ်ယူလိုက်သည်။ ဘူးတစ်ဘူးထဲ
ကြိုးကို ပြန်ထည့်ကာ ဗီရိုထောင့်စွန်းမှာ ထည့်လိုက်ပြီး ဗီရိုကို
သော့ခတ်လိုက်ပါ၏။

လေပြင်းတိုက်သဖြင့် ပြတင်းပေါက်မှန်တံခါးက ဂျိုင်းခနဲ
ဆောင့်ပိတ်ထားသည်။ သူမ ပြတင်းဝကို လျှောက်လာ၍ တံခါးကို

ချိတ်ပြန်တပ်၍ ပြန်ဖွင့်လိုက်၏။ အပြင်မှာ မိုးတို့က ရွာသွန်း၍ ကောင်းနေဆဲ။ မျက်ဝန်းမှ မျက်ရည်တို့ ပေါက်ခနဲ ကျလာသဖြ သူမ ဖျတ်ခနဲ သုတ်လိုက်မိ၏။ သစ္စာမဲ့တဲ့ လူတစ်ယောက်အတွ သူမမျက်ရည်တွေ ကျသင့်သေးသလား။

နာတတ်ရပေမည်. . .။ ဖြူစင်ခဲ့တဲ့ အတိတ်ကာလ ပြန်တွေးရင်း သစ်လွင်ခဲ့သည့် သူမ၏နှလုံးသားလေးကို နှမြောဝ ဖြစ်နေမိသည်။ နှုတ်ခမ်းကို သွားဖြင့် ခပ်နာနာလေး ကိုက်ထ လိုက်၏။ မျက်နှာအနံ့အပြားမှာ ရရှိခဲ့ဖူးသည့် အငွေ့အသက်မျာ ပြီးတော့ လည်တိုင်၊ နောက် လက်ဖျားများ၊ နောက်ဆုံး ရင်ထဲ အသည်းနှလုံးအထိ ဒဏ်ရာတွေက ဗလပွပါလား။ ဘယ်တော မေ့ဖျောက်လို့ မရနိုင်တော့တဲ့အရာတွေပေါ့။

သံဇကာတန်းကို ကိုင်ထားလျက် သူမ ဟက်ဟက်ပက် ရယ်မောလိုက်မိသည်။ မျက်ရည်တို့က ဒလဟော ကျလာပြန် ငိုစမ်း. . . ကြိုက်သလောက်သာ ငိုတော့၊ ဒါ နောက်ဆုံးပဲ။ ဒီ က စွန့်ခွာပြီးတဲ့နောက်မှာ ဒီမျက်ရည်တွေ ကျလာစရာအကြော မရှိတော့။ ဒီနေရာက စခွာသည်နှင့် သဲမြညာဟာ အရင်တုန် သဲမြညာ မဖြစ်စေရ။ အသည်းဒေါင်ဒေါင်မြည်တဲ့ မိန်းကလေ လောကကြီးကို စိန်ခေါ်အနိုင်ယူမယ့် မိန်းကလေးသာ ဖြစ်ရမည်

●





နာရီမှ မနက် ၅ နာရီထိုးသံကို ကြားလိုက်ရ၏။ တစ်ည ရပ်နေမိသည့် ခြေထောက်တို့က ထုံကျင်လျက်။ ဂျင်းအကျႌ ရှည်ကို အပေါ်မှ ထပ်ဝတ်လိုက်၏။ သားရေအိတ်ကို အသာ ၍ အခန်းထဲမှ ထွက်လာခဲ့သည်။

"သမီး. . ."

ဖေဖေက အခန်းဝမှာ ရပ်၍ ခေါ်လိုက်ရင်း သူမ၏ လက် လေးကို ဆုပ်ကိုင်လိုက်ပါ၏။ ရင်ထဲမှာ နင့်ခနဲဖြစ်သွားရသည်။

"ညာ. . . သွားတော့မယ် ဖေဖေ။ ညာ ဒီမြေကို ဘယ် ့မှ ပြန်မနင်းတော့ပါဘူး။ အဲဒါ. . . ညာ့ရဲ့ တစ်သက်လုံး ပြန် တော့တဲ့ဆန္ဒပါပဲ"

"သမီးရယ်. . . ဖေဖေနဲ့ မေမေ့ကို"

"ဟင့်အင်း. . . ညာ ဖေဖေနဲ့မေမေကို အရမ်းချစ်ပါ ။ ခွဲလည်း မခွဲချင်ပါဘူး။ ဖေဖေနဲ့အတူ မိသားစုဝန်ပိုးတွေ ပြီးထမ်းပေးချင်တာပါ။ ဒါပေမဲ့. . . ဒါပေမဲ့ ဖေဖေရယ်၊ မှာက ညာ့ကို ဒီမြေက နှင်ထုတ်နေပြီ။ ညာ. . . ညာ. . . တို့ကျေးဇူးတွေကို တစ်နေ့ ပြန်ဆပ်ဖြစ်အောင် ဆပ်မှာပါ။ ကတိပေးခဲ့ပါတယ်"

"ကိုဘချစ်. . . ဟင်. . . သမီးလေး"

"မြ. . . သမီးလေး. . . သမီးလေး. . . ဒီက ထွက်သွား မယ်တဲ့"

"အို. . . မသွားရပါဘူး။ မေမေ့သမီးကို မေမေ မခွဲနိုင်

ဘူး။ သမီးလေး လိမ္မာတယ်နော်။ မေမေ့စကားကို နားထောင်ပါ။ သမီး အသက်ငယ်ငယ်လေး ရှိသေးတာ။ မေမေ စိတ်မချဘူး။ ပြီးတော့ သမီးရဲ့ကျန်းမာရေးကလည်း. . . "

"ညှာ ဆုံးဖြတ်ပြီးပါပြီ မေမေ"

ဖေဖေနှင့်မေမေ အသံတိတ်သွားပါ၏။ သူမက မတ်တတ်ရပ်နေသည့် မိဘနှစ်ပါးရှေ့မှာ ဒူးထောက်၍ ထိုင်ချလိုက်ပါသည်။

"ညှာ့ကို ဒီအသက်ဒီအရွယ်ထိ ပညာထားပေးပြီး ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တဲ့ ဖေဖေတို့ကျေးဇူးတွေကို ညှာ ဘယ်တော့မှ မမေ့ပါဘူး။ အမြဲ အမှတ်တရ ဦးထိပ်ပန်ဆင်ထားမှာပါ။ ညှာ့ကို. . . ညှာ့ကို ဝမ်းနဲ့လွယ်မမွေးခဲ့ပေမယ့်"

သူမအသံ တိုးတိမ်သွားရ၏။ လက်အုပ်ကိုချီ၍ မျက်လုံးအစုံကိုမှိတ်ချလိုက်တော့ မျက်ရည်တွေက ကျလာပြန်တော့သည်။ ပင့်သက်ကို တစ်ချက်ရှိုက်လိုက်ပါ၏။

"ညှာ့ဘဝမှာ ဖေဖေနဲ့မေမေဟာ မိဘအရင်းအချာပါပဲ။ ညှာ ဆိုးခဲ့မိုက်ခဲ့တာတွေကို ရှိခဲ့ရင် ခွင့်လွှတ်ပေးကြပါနော်။ ဖေဖေတို့ကို နောက်ဆုံး. . . ကန်တော့ခဲ့ပါတယ်"

အရင်ဦးဆုံး ဖေဖေ့ခြေဖမိုးကို နဖူးဖြင့်အပ်၍ ကန်တော့၏။ ပြီးမှ မေမေ့ကို ကန်တော့လိုက်ပါသည်။ မျက်ရည်တို့ စီးတူသွားခဲ့သည့် ခြေအစုံကို ခဏမျှ ငေးကြည့်နေမိ၏။ မေမေ့ထံမှ ရှိုက်ကြီးတငင် ငိုချလိုက်သံကို ကြားလိုက်ရသည်။

"ဖေဖေ. . . သမီးကို လိုက်ပို့မယ်"





"ဟင့်အင်း. . . မလိုပါဘူး ဖေဖေ။ ညှာ ကိုယ့်ခြေထောက် ကိုယ်ရပ်တော့မှာပါ။ ညှာ့စိတ်ဓာတ်ကို ယုံကြည်ရင် လေးစားလိုက်မပို့ပါနဲ့လို့ တောင်းပန်ပါရစေ"

"သမီး ဘယ်နေရာမှာ ရှိနေမှာလဲ"

"စည်သူတို့သိတယ် ဖေဖေ. . .။ ဖေဖေနဲ့ မေမေကလွဲလို့ ရှိတဲ့နေရာကို ဘယ်သူ့ကိုမှ အသိမပေးပါနဲ့။ ညှာ ဟိုရောက်နဲ့ ဖေဖေ့ကို ဖုံးဆက်လိုက်ပါ့မယ်"

ညှာ့ခန်းထဲမှာ တိတ်ဆိတ်သွားပါ၏။ ဘေးနားမှာ ချထားသည့် သားရေအိတ်ကို လက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ခနဲထရပ်ကာ အိမ်ပေါ်မှ အပြေးဆင်းလာခဲ့၏။ နောက်နားရင်ကွဲပက်လက် အော်ခေါ်လိုက်ပါသည့် မိဘနှစ်ပါး၏အသံ မိုးသံတွေကြားမှာ တိုးတိမ်လျက် ပျောက်ကွယ်သွားတော့ ညံ၊ နှုတ်ဆက်ခဲ့ပါတယ်. . .၊ ဘယ်တော့မှ ပြန်မလာတော့ပါ ဒီမြေ. . .၊ ဒီရေ. . .၊ ဒီဝန်းကျင် အားလုံးကို တစ်နေ့နေ့တစ်ခုနှမှာ သူမဘဝထဲမှာ အတိတ်ပုံရိပ်တွေအဖြစ် ပျောက်ဆုံးသွားင် အများကြီး ကြိုးစားရဦးမည်လေ။

❁ ❁ ❁

အချစ်ဦးတဲ့
ရင်မှာ ဖူးသစ်
အရင်ဦးဆုံးအဖြစ်နှင့်
စတင်ခဲ့တဲ့အစည်
နောင်ကာလများစွာအထိ
တသသ သတိရနေမယ်
အမှတ်တရ တစ်ခုပေါ့။

သေချာပါတယ်
နှလုံးသား နှင့်လုဆစ်
အချစ်ရုပ်ကြွင်း မော်ကွန်းတင်
သုံးလွန်းတင်ရစ်တဲ့ကြိုး၊
နိုင်မြဲမည်ထင်ရာမှ
ထောက်ခနဲအပြတ်မှာ
ဟက်တက်ကွဲအသည်းနဲ့,
ဘဝလမ်းကို ရှေ့ဆက်ခဲ့





ဟောဒီနေရာမှာ
ဟောဒီအသည်းထက်မှာ
စူးနစ်နေခဲ့တဲ့မြား၊
အဆိပ်ကပြင်းထန်လွန်းလေတော့
ဒဏ်ရာတွေမလွှနဲ့,
ခံစားနေခဲ့ရတာ
အသက်ထွက်လုမတတ်ပါပဲ

သေငယ်ဇောနဲ့တမ်းတ
လွမ်းရတဲ့ရက်တွေမှာ
ရာကျွင်ရောတွေသာ ပြည့်နက်လို့
အတိတ်က
အရိုင်းဆန်လွန်းခဲ့တယ်လေ။

ဪ...
သူမရဲ့အတိတ်ကိုက
အရုပ်ဆိုးလွန်းခဲ့တာ အမှန်ပါ။

## အခန်း ( ၁၃ )

ဈေးခြင်းတောင်းကိုယူ၍ အခန်းပြင်သို့ထွက်ကာ အခန်းခါးကို သော့ခတ်လိုက်ပါ၏။ သော့ကို ပိုက်ဆံအိတ်ထဲသို့ သေချာ ည့်၍ လှေကားမှ ခပ်မှန်မှန်ဆင်းလာခဲ့သည်။ နောက်ပါးမှ ခပ် ခုပ်ခြေသံကို ကြားလိုက်သော်ငြား သူမ လှည့်မကြည့်မိခဲ့။ ဈေး သို့ ရောက်သည်အထိ ထိုခြေသံက သူမနောက်မှ အဆက်မပြတ် ာခဲ့လေသည်။ ဈေးတန်းကို ဆုံးသည်အထိ တောက်လျှောက် ကြည့်ခဲ့၏။ အသားငါးအတန်းကို ရောက်စဉ်မှာ ခြေလှမ်းကို ိုက်ပါသည်။

"ပုစွန် သုံးဆယ်သား ချိန်ပေးပါ အစ်မ. . .။ ပြီးတော့ းရုံ့နှစ်ကောင် ချိန်ပါ"

"ကျွန်တော့်ကိုလည်း အဲဒီလို ချိန်ပေးပါ အစ်မ"

ဘေးနားမှာ ပေါ်လာသည့်အသံကြောင့် သူမ ဆတ်ခနဲ မော့ကြည့်လိုက်တော့ ဟိုဘက်အခန်းမှ ကိုဖိုးစွာ ဖြစ်နေလေ၏။ မျက်စောင်းတစ်ခုကို ဒိုင်းခနဲ သိုးပစ်လိုက်သည်။ ဟင်းရွက်တန်း ဘက် ဆက်လျှောက်လာခဲ့၏။

"ကန်စွန်းရွက် သုံးစည်း၊ ချဉ်ပေါင် ငါးစည်း၊ မှျစ် သုံးဆယ်သား၊ အနီလေး ချိန်ပေးနော်။ ပြီးတော့ အင်း. . . ခရမ်းသီးရယ်၊ သခွားသီးရယ်၊ ရှောက်ရွက်၊ ပဲစောင်းလျားသီး၊ ငရုပ်သီးစိမ်း၊ နံနံပင်၊ ပြီးတော့. . . စပါးလင်ပါ အစ်မ။ တွက်ရလွယ်အောင် အကုန်ထည့်ပေးနော်"

"ကျွန်တော့်ကိုလည်း သူ ပြောသလိုမျိုးပဲ ထည့်ပေးပါ အစ်မ"

"ရှင် ဘယ်လိုလူလဲ. . .။ ဒီမှာ သူများဈေးဝယ်နေတာကို လိုက်နှောင့်ယှက်နေတာလား။ ဘာသဘောလဲဟင်"

"ကျွန်တော်လည်း ကျွန်တော့်ဟာ ဝယ်နေတာပဲ။ ခင်ဗျားကို ဘာမှ နှောင့်ယှက်တာမှ မဟုတ်တာ"

"ဘာမနှောင့်ယှက်ရမှာလဲ။ ကျွန်မဝယ်တဲ့ဆိုင် ဝယ်တဲ့အတိုင်း ရှင်လိုက်ဝယ်နေတာ နှောင့်ယှက်နေတာပေါ့။ လူကို ဘာများ. . .ပုတ်နေလဲ။ လမ်းလယ်ခေါင်မှာ အတင့်ရဲဖို့ မကြံနဲ့။ ကျွန်မလက်ဝါးက ပါးမရွေးဘူးမှတ်"

"ဟာ. . . အမိက တော်တော်စွာတာပဲ။ ကြက်တူရွေး





သက် နှုတ်သီးကောင်းပါလား။ အမိကို ဘာများ. . . ထိခိုက်မိလို့လဲ။ အနေသာကြီးပါ"

"ရှင်နော်"

"ဆရာမ"

"ဟင်"

သူမက ဒေါသတွေ ထွက်နေရာမှ စိတ်ကိုထိန်းလိုက်ရ၏။ အနောက်မှ ခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်တော့၊ တိုက် ၂ မှ မကြာခဏ တွေ့ဖူးနေသည့် အမျိုးသမီးကို တွေ့လိုက်ရလေသည်။

"ဆရာမ ဈေးဝယ်လာတာလား. . .။ အိမ်က သားလေအခုမှ ၇ တန်း ရှိသေးတယ်။ ဆရာမဆီမှာပဲ ကျူရှင်တက်ချင်တယ်ပြောပြောနေလို့။ အဲဒါ နောက်နှစ် ထားပေးမယ်လို့ ပြောထားရတယ်။ ဆရာမ ၈ တန်းကနေ. . . စသင်ပေးနိုင်မလားဟင်"

"ရပါတယ်. . .။ ညှာ အချိန်ညှိပြီး သင်လို့ဖြစ်ပါတယ် အစ်မ"

"ဝမ်းသာလိုက်တာ ဆရာမရယ်. . . ကျေးဇူးတင်ပါတယ်။ ဆရာမ သင်ပေးတဲ့ ကလေးတွေက ကျောင်းမှာ အမြဲ အဆင့် ၁ ကနေ ၅ ဝင်နေတော့ အိမ်က ကလေးတွေက အရမ်းဘက်ချင်နေကြတာ။ အတန်းငယ်သေးတော့ ဆရာမ မသင်ဘူးဆိုတာ သိလို့နည်းတားနေရတယ်"

"သြော်. . . ဟုတ်ကဲ့ပါ အစ်မ။ နောင်နှစ်မှ စထားပေါ့

နော်။ ညာ့ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ ဆရာမ"

သူမ ဟင်းရွက်ဆိုင်မှာ ကျသင့်ငွေရှင်းပြီး လှည့်ထွက်လာစဉ် အနောက်မှ တဖုန်းဖုန်း ပြေးလိုက်လာသည့် သူ့ခြေထောက်အသံ သူမနံဘေးမှ ဗွက်အိုင်ကို စွပ်ခနဲ နင်းမိတော့၏။

"ဟယ်. . . ရှင် ဘယ်လိုလူလဲ။ ဒီမှာ အကုန်ပေကုန်ပြီ ကျွန်မ သည်းမခံနိုင်တော့ဘူးနော်"

"ဆောရီး. . . ဆောရီးပါ ညာ။ နောက်တစ်ဆိုင် လိုက်ဝယ်ရင် မမီမှာစိုးလို့ ပြေးလိုက်ခဲ့မိတာပါ"

"ဘာရှင့်. . . လာပြန်ပြီ နောက်တစ်ဆိုင်ကို။ ရှင် ကျွန်မနာမည်ကို ခေါ်စရာ မလိုပါဘူး။ မပတ်သက်ချင်လို့ ကင်းကင်းနေတာတောင် နောက်က တကပ်ကပ်နဲ့. . . တောက်တဲ့နဲ့ အမျိုးတော်သလား မှတ်ရတယ်"

သူ့စကားကြောင့် အနီးနားရှိ ဈေးသည်တွေ အုံးခနဲ ရယ်လိုက်သဖြင့် သူ့နားရွက်ဖျားတွေ ရဲတွတ်သွားတော့၏။ ပတ်ဝန်းကျင်က ထင်လည်းထင်ချင်စရာ။ လှတပတ ကောင်မလေးနောက် တကောက်ကောက် လိုက်နေမိသဖြင့် သူ့ကို သို့လောသို့လောတွေ တွေးနေမိလောက်ပြီ။ သူက သူ့စိတ်ကူးနှင့်သူပါ။ တစ်ခါမှ ဝယ်မချက်ဖူးသဖြင့် ဘာဝယ်ရမှန်း မသိ။ ဈေးတောင် ဘယ်နားရှိမှန်း မသိ၍ ဉာဏ်ကြီး အကြံပေးသလို သူမ ဈေးသွားရာနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့ရတာပဲကြည့်။ သူမ ဝယ်သမျှကလေးယောင်စာမို့ သူကလည်း သူမ ဝယ်သည့်အတိုင်း တောက်လျှောက်လိုက်ဝယ်မိတာကိုး။ သူမ ကုန်ခြောက်ဆိုင်ရှေ့ ရပ်လိုက်တော့ သူက ဆန်ဝယ်ရန် သတိရသွားရင်း နှုတ်မှ ရေရွတ်လိုက်မိ၏။

"ဆန်. . . ဆန်"

"ရှင့်ဟာရှင် ဝယ်ပါလား. . .။ ဘာလို့ အနားကပ်ပြီး အော်နေရတာလဲ"

"အား. . . နားအူလိုက်တာ. . . တိုးတိုးပြောပါဗျ။ အသံကလည်း ဆရာမ မပြောရဘူး. . . စူးခံနေတာပဲ"

"အဲဒါ ရှင့်အပူလား. . . ဘယ်လိုရေစက်မှန်းကို မသိ။ မျက်နှာကိုက ကြည့်မရဘူး"

"ကြည့်မရလည်း မကြည့်နဲ့ပေါ့ကွ"

"ဘာရှင့်"

"အစ်မ ခါတိုင်းလိုပဲလား"

"အေး. . . ဟုတ်တယ် မောင်တိုး။ ငါးရံ့ခြောက် ရောက်ပြီလားဟင်"

"ရောက်ပြီ အစ်မ. . . ငါးဆယ်သားယူမှာ မဟုတ်လား"

"အေး. . . ချိန်လိုက်နော်"

ဆိုင်မှ ကောင်လေးက အာလူး၊ ကြက်သွန် အနီအဖြူ၊ ကြက်ဥ၊ ဘဲဥတွေ ချိန်တွယ် ရေတွက်၍ ထည့်လိုက်သဖြင့် သူ မျက်စိ မှုးသွားရ၏။ ဘာတွေ ဘယ်လိုဝယ်လိုက်သည် မသိသဖြင့်

အိတ်တွေထဲ လို ်ကြည့်နေမိသည်။ ကောင်လေးက ပုံးထဲထည့်ထား သည့် ငါးရံ့ခြေ ာ်အတွဲကို နှိုက်၍ ချိန်တွယ်ကာ အိတ်ထဲသို့ ထပ် ထည့်လိုက်ပါသ ်။ Calculator ဖြင့် ကျသင့်ငွေ တွက်နေစဉ် သူ မရိုးမရွ ဖြစ်လာ  မေးလိုက်မိ၏။

"အဲဒါတွေက တစ်ရက်စာပဲလားဟင်"

"ရှည်ပြန်ပြီ...။ ဒါ ရှင့်ကိစ္စလား"

သူ တွန့်ခနဲဖြစ်သွားပြီး ခေါင်းကုတ်လိုက်မိ၏။ ကောင် လေးက ကျသင့်ငွေပြောပြီး သူ့ကိုကြည့်ကာ ရယ်လိုက်ပါသည်။

"အစ်ကို့ကြည့်ရတာ ဈေးမဝယ်တတ်ဘူးနဲ့တူတယ် အစ် မရဲ့။ အစ်မဝယ်တဲ့အတိုင်း လိုက်လျှောက်ဝယ်လာပုံပဲ ဟုတ်လား"

"အင်း"

သူ့မထံမှ မျက်စောင်းတစ်ချက် ထပ်ရပြန်၏။ ကျသင့်ငွေ ရှင်းပေးပြီး ငွေပြန်အမ်းတာကို စောင့်နေလိုက်ပါသည်။

"ဟိုလေ... ဆန်က ဘယ်လိုရောင်းလဲဟင်"

"အစ်မတို့က ဆန်ရော၊ ဆီရော၊ ငံပြာရည်ပါ ပုံးလိုက် အိတ်လိုက်မှာတာ အစ်ကို။ ကျွန်တော်တို့ တိုက်ခန်းထိ အရောက် ပို့ပေးပါတယ်"

"ဩော်... ဒီလိုလား...၊ ဒါဖြင့် ပို့ပေးပါနော်။ ငွေ အကျေ ရှင်းပေးခဲ့ပါ့မယ်"

"အခန်းကို ပြောခဲ့လေ... အစ်ကို"

"ဟို... သူ့အခန်း"





"ဘာ... ဘာ... ရှင် လူပါးဝလှချည်လား။ ဘာ ကျွန်မ နေ်းလဲ။ လူကိုများ ရှင်နဲ့တစ်ခန်းတည်း အတူနေတယ် ထင်ရ ာင် အသားယူပြောချင်ဦး... တဲ့..."

သူ့မက သူ့လက်မောင်းကို ဖြန်းခနဲ ရိုက်ချလိုက်သဖြင့် က်နာ ရှုံ့တွသွားရင်း ပြန်ပြောလိုက်ရပါ၏။

"သူ့အခန်းဘေးက အခန်းမှာလို့ ပြောမလို့ပါဗျာ။ အား သား... နာလိုက်တာ... ဆရာမလို့ မပြောရဘူး။ လက်သံ ည်း ပြောင်ပ့ါ။ ဒါနဲ့များ ကျုရှင်အပ်တဲ့မိဘတွေက ရှိသေး ... အံ့ရော"

"ကြည့်စမ်း... ပြောပြန်ပြီ။ ရှင် တော်တော်စွက်ဖက်လှ ာ်းဟင်။ ရှင်နဲ့ ဘာဆိုင်လဲ"

"ညီရေ... အစ်ကို့ကို သူမှာသလိုပဲ ရောင်းနော်။ ဆန် က ဘယ်တော့ လာပို့မှာလဲ"

"၉ နာရီလောက်ရမယ် အစ်ကို...။ လောလောဆယ် ယ်တဲ့စာရင်းငွေပဲ... ချေခဲ့ပါ။ ဆန်အိတ်ပို့မှ ဘောက်ချာ ာ်ပေးမယ်နော်"

"အေး... ကျေးဇူးပါပဲကွာ"

'မောင်ဟိုးရေ... အစ်မကို မဆလာအထုပ်ကြီး ပေးပါ

သူ ဇဝေဇဝါဖြင့် ထပ်မှာရန် လည်ပင်းဆန့်လိုက်တော့၊ ခြင်းတောင်းကို အောက်ချလျက် သူ့ဘက်ကို ခါးထောက်

၍ ကြည့်လိုက်လေသည်။

"လိုက်ဝယ်ဦးမှာပဲလား. . . ဒီတစ်ခါတော့ ရှင့်ကျောကုန်းကို အဆုတ်ကွာအောင် ကျွန်မ ထုမိတော့မယ်နော်။ ပြီးတော့မှ အ[illegible] မဆိုနဲ့"

"မဆိုးပါဘူး ညာရယ်. . . ချစ်လို့ထုတာမို့ သည်းခံလိုက်ပါ့မယ်"

"ဘာ"

သူက လှစ်ခနဲ အနီးမှ ပြေးထွက်သွားလေ၏။ သူမ ရှေ့ ငွေ့ခုန်၍ ကျန်ခဲ့တော့သည်။ မောင်တိုးက သူမအဖြစ်ကို တဟားဟား သဘောတကျ ရယ်နေတော့၏။

"တော်တော်လူပါးဝတဲ့လူ. . . တွေ့ဦးမယ်"

"ဟင်းဟင်း. . . ခွင့်လွှတ်လိုက်ပါ အစ်မရယ်. . . သူ့[illegible] ကြည့်ရတာ အေးပါတယ်။ အစ်မကသာ ပြန်းခနဲ ရိုက်ချလိုက်တာ. . . တော်တော်နာသွားမှာပဲ။ အစ်ကို သနားပါတယ်"

"သနားရင် နင့်အစ်မနဲ့ ပေးစားလိုက်ပါလားဟဲ့"

"ကျွန်တော့်မှာ အစ်မအရင်းမှ မရှိတာဗျ. . . အစ်[illegible] လေးယောက်ပဲ ကျွန်တော့်ကို မောင်လေး တော်ထားတာလေ"

"နင်နော်. . . ငါ အာလူးနဲ့ ကောက်ပေါက်လိုက်ရ. . .[illegible] တော့မှာပဲ။ တော်ပြီ. . . သွားငတော့မယ်"

သူမ စူစူဆောင့်ဆောင့်နှင့် တိုက်ခန်းပေါ် ပြန်တက်[illegible] တော့၏။ ဟင်း. . . ဘယ်ဘဝရေစက်နဲ့များ ဒီလိုလူမျိုးနှင့် လာ[illegible]





[illegible]က်နေရပါလိမ့်။ သူနဲ့ဆုံတိုင်း သူမမှာ ဒေါသတွေ အလိပ်လိုက်[illegible]က်ရင်း စိတ်တိုနေရတော့သည်။ ကြာရင် သူမကို ပတ်ဝန်းကျင်[illegible] ဒေါသကြီးတဲ့ ဘီလူးမလို့ပဲ မြင်တော့မှာပါပဲ။ ဩော်. . . ဒုက္[illegible]ပဲလားလေ။

● ● ●

## အခန်း ( ၁၄ )

ဝယ်လာသမျှတွေ အကုန်ချလိုက်ပြီး၊ဘာကို ဘယ်ကစ
ရမယ်မှန်း မသိသဖြင့် ငုတ်တုတ်ထိုင်နေမိ၏။ ဦးကျော်ကြီးက
င်းအိုးနှင့် ထမင်းတည်ပြီးပြီမို့ ဆိုင်ထွက်ရန် ရေပင်ချိုးနေလေ
း

"ဦးကျော်ကြီး. . . ဟေ့ကောင် ဦးကျော်ကြီး"

"ဟေ. . . ဘာလဲကွ"

"ဒီမှာ. . . ငါ ဘာကို ဘယ်က စချက်ရမလဲ မသိဘူးကွ။
ကူဦး"

"ဟာ. . . ကြည့်ချက်လိုက်လေကွာ. . .။ မတတ်လည်း
ဘဲဥ တစ်ခုခုကြော်ပေါ့"

"အဲဒါတွေ မစားချင်လို့ အသားငါး ဝယ်လာတာလေကွာ။ ငါ မလုပ်တတ်ဘူးကွ. . . ခွပဲ"

ညက်ထူးက ချတ်နှာသုတ်ပဝါခြုံ၍ ရောက်လာ၏။ သူ ဝယ်လာသည်တို့ကို ကြည့်လိုက်ပြီး မျက်မှောင်ကျုံ့လိုက်လေသည်။

"ဘာတွေလျှောက်ဝယ်လာခဲ့တာလဲကွာ. . .။ ဘာမှလည်း မလုပ်တတ်ဘဲနဲ့"

"ငါလည်း. . . ဖွယ်ဖွယ်ရာရာ ချက်စားချင်လို့ပေါ့ကွ။ ဒါ တောင် ဟိုစွာတေးမ ဝယ်တဲ့အတိုင်း ဝယ်ခဲ့လို့ ဒီလောက်စုံတာ"

"မင်း တစ်ဈေးလုံး. . . ဝယ်လာတာလားကွာ။ ဒီလောက် အများကြီး ဘယ်လိုချက်မှာလဲ။ ငါကလည်း ဆီနဲ့ကြော်တာပဲ တတ် တာ။ ဘယ်လိုလုပ် ချက်ရမှာတုန်း"

"မင်း. . . ဟိုဘက်ကတစ်ယောက်ကို မေးကြည့်ပါလား။ ဘာဟင်းချက်လဲ. . . ဘယ်လိုချက်လဲ. . . ကြည့်ရှိုးမေးပေါ့"

"ဟာ. . . ငါ မမေးရဲဘူး။ သူ့မျက်နှာလေး ဒေါသထွက်ပြီး ဆောင့်အော်လိုက်ရင် ငါက အလိုလို ငေးမိသွားရော။ အဲဒါက ပြဿနာကွ။ ကောင်မလေးက ဒေါသထွက်လည်း လှနေတာပဲ"

"နှာဘူးတွေး တွေးနေပြန်ပြီ. . . မင်းအကြည့်ငမ်းလို့ သူ ငါ ပြဿနာတက်ရတာ။ နို့မို့ မိတ်ဆက်ပြီး ဘာညာကွိကွ ရောင် ရရဲ့သားနဲ့။ မင်းကြောင့်. . . မင်းညံ့လို့"

သူက ချဉ်ပေါင်စည်းဖြင့် ညက်ကြီးကျောကုန်းကို ဖြောင် ခနဲရိုက်လိုက်၏။ ညက်ထူးက တဟက်ဟက်ရယ်မောရင်း အိမ်ရှေ့





ဒီ ထွက်သွားတော့သည်။ ကျွတ်. . . ခက်တာပဲ. . . လေးယောက် သား အဆောင်မှာ နေကြစဉ်က အဆောင်ထမင်းဟင်းကိုသာ စား ခဲ့သည်။ တစ်ခါတစ်ရံ အပြင်ထမင်းဆိုင်မှာသာ အလျဉ်းသင့် သလို ဝယ်စားလိုက်ကြတာပါပဲ။ တိုက်ခန်းမှာ ဝယ်နေဖြစ်တော့ ချက်စားရန် သဘောတူပြီး တာဝန်က သူ့ခေါင်းပေါ် သာ ပုံကျလာ တော့သည်။

အိမ်မှာ နေကြကတည်းက မီးဖိုချောင်အလုပ်ကို တစ် ယောက်မှ ဝင်လုပ်ဖူးကြတာမဟုတ်။ ချက်ပြုတ်တတ်ဖို့နေနေသာ သာ. . . မီးသွေးမီးဖိုတောင် ကောင်းကောင်းမမွှေးတတ်ခဲ့။ မေမေ ကတော့ အချိန်တန် မိန်းမယူရင် မိန်းမ ချက်ကျွေးမည်ဟု ပြောခဲ့ သဖြင့် ခပ်ပေါ့ပေါ့ နေလာသမျှ အခုတော့ ဒုက္ခတွေ့နေရပြီ။ ရေ နွေးအိုး တည်ထားသည့် လျှပ်စစ်မီးဖိုကို ကြည့်လိုက်စဉ် မီးက ချက်သွားလေပြီ။ အဲဒါမှ အကြီးအကျယ် ဒုက္ခ။ နာရီက ၈ နာရီရှိ နေပြီ။ မနက်ကတည်းက သူ ဘာမှ မစားရသေး။ မိုသုံးကောင် ကတော့ အောက်ထပ် လက်ဖက်ရည်ဆိုင်မှာ ဆင်းဝါး၍ ဆိုင်ရာကို ထသီး ထွက်သွားကြလေပြီ။

နောက်ဖေးဘက် ဝရန်တာကို ထွက်ကြည့်လိုက်တော့ ဟို ဘက်ဝရန်တာမှာ အဝတ်တွေ ထုတ်လှန်းနေသည့် သူမကို မြင် လိုက်ရ၏။

"ညာ"

"ဘာညာလဲ. . . ရှင် ခေါ်ပြန်ပြီလား"

"ဟင်း . . . ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

"ဘယ်လိုမှ မခေါ်နဲ့ . . .။ ရှင်နဲ့ မခင်ချင်ဘူး . . . ဒါပဲ"

သူမက အဝတ်တွေလှန်းတာ ကုန်သွားပြီမို့ အထဲပြန်ဝင်ရန်ပြင်စဉ် သူ အမြန်တားလိုက်ရလေ၏။

"ခဏ . . . ခဏပါ ညာ . . .။ ဟိုလေ . . . မီးပျက်သွားတော့ အဲဒါ . . . ကျွန်တော် . . . ဘယ်လိုချက်ရမှန်း မသိလို့ မေးတာပါ"

"မီးသွေး မွှေးပေါ့ရှင့်"

"မီးသွေး မမွှေးတတ်လို့ ဘယ်လိုမွှေးရသလဲ ပြောပြပါလားဗျာ . . .။ မသိလို့မေးနေတာပါ။ စိတ်မဆိုးပါနဲ့ . . . ကျွန်တော် တောင်းပန်ပါတယ်"

"ခက်တာပဲ . . . အဲဒါ ပါးစပ်နဲ့ပြောလို့ ပြီးမှာမဟုတ်ဘူး ကိုယ့်ဟာကိုယ် ကြည့်လုပ်ပေါ့ . . .။ ဒါလေးတောင် မတတ်ရင် ချက်စားမနေနဲ့ . . . ငတ်"

သူမက ဒိုးဒိုးဒေါက်ဒေါက် ပြောချရင်း အခန်းထဲ ဝင်သွားတော့သည်။ သူ ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ပြီး မီးသွေးမီးနားမှာ ဆောင့်ကြောင့်ထိုင်လိုက်၏။ မီးသွေးတုံးကြီး သုံးလေးချောင်းကို ဖိုထဲထည့်လိုက်သည်။ ထိုးထိုးထောင်ထောင် ဖြစ်နေသဖြင့် ဓားမဖြင့် အတင်းထုထည့်လိုက်၏။ ထင်းရှူးဆီချောင်းကို မီးရှို့၍ ထောင်ထည့်လိုက်သည်။ အချောင်းလိုက် လောင်သွားပြီး ကုန်သွားတော့ မီးခိုးသာ အူထွက်လာပြီး မီးကမစွဲ . . .။ ကျွတ် . . .





အူထွက်လာသည့် မီးခိုးလုံးက မနည်းမနောမို့ သူမ ဝရန်တာဘက် ထွက်ရပ်ရင်း လှမ်းအော်လိုက်ရ၏။ မလုပ်တတ်လုပ်တတ်ဖြင့် မီးတွေလောင်ကုန်မှ ဒုက္ခ . . .။

"ဒီမှာရှင့် . . . ဒီမှာ . . . ခေါ်နေတာ ကြားလား"

"ဗျာ . . . ကျွန်တော့်ကို ခေါ်တာလား ညာ"

"ရှင်ပဲရှိတာ . . . ရှင့် မခေါ်လို့ ဘယ်သူ့ခေါ်ရမလဲ။ ကြည့်ဦး . . . မီးခိုးတွေ အူနေတာပဲ . . . ရှင် ဘာတွေလုပ်နေတာလဲ"

"မီးမွှေးနေတာလေ"

"တောက်ပြီလား"

"ဟင့်အင်း"

"ကျွတ် . . . ရှင်လုပ်ပုံနဲ့ တခြားတိုက်တွေပါ . . . အထိတ်တလန့် ဖြစ်ကုန်တော့မှာပဲ။ ကျွန်မ လာခဲ့မယ် . . . အရှေ့မှာ တံခါးလာဖွင့်ပေး"

"အင်း . . . အင်း . . ."

သူ အရှေ့တံခါးကို ပြေးဖွင့်လိုက်တော့ သူမက အပြင်မှ ဝင်လာခဲ့လေသည်။ အခန်းတစ်ခုလုံး ပစ္စည်းတွေ နေရာမချရသေးသလို အဝတ်အစားတွေ၊ ဘောင်းဘီတွေ၊ ပုဆိုးတွေက နေရာအနှံ့ ကလို့တွဲလောင်း။ ခေါင်းကိုရှောင်၍ ဝင်ခဲ့ရ၏။

"ညာ . . . အခု ဘာချက်ထားလဲဟင်"

"ငါးရံ့ဆန်လှော်"

"ငါးရံ့ဆန်လှော် . . . ဘယ်လိုချက်ရလဲဟင်"

သူမက သူ့ကို ဒိုင်းခနဲ မျက်စောင်းထိုးကြည့်လိုက်ပြီး မီးဖိုဘေးမှာ ထိုင်ချလိုက်ပါ၏။ မီးသွေးဖိုထဲ ပြွတ်သိပ်ထိုးထည့်ထားသည့် မီးသွေးတွေက မနည်းမနော။ ဒီကြားထဲ မိုးရေစိုလာသည်ထင့်။ ရေတွေ ခွဲနေလေတော့ ဒီမီးက စွဲပါတော့မလား။ သူမ စိတ်ညစ်ညစ်ဖြင့် လှစ်ခနဲ ပြုံးလိုက်မိ၏။

"မီးညှပ်ရှိလား"

"ရှိတယ်. . . ဒီမှာ"

သူမက မီးညှပ်ဖြင့် မီးသွေးတွေ အကုန်ပြန်နှိုက်ထုတ်လိုက်ပြီး အိတ်ထဲမှ ခြောက်သည့်အတုံးခပ်လတ်လတ်တွေကို ရွေး၍ အလယ်ချဲကာ စီထည့်လိုက်၏။ ထင်းရှူးဆီချောင်းကို ဓားမဖြင့် သေးသေးလေး ထပ်စိပ်ကာ ကန့်လန့်စီထားပြီးမှ ဖယောင်းတိုင်မှ မီးတို့၍ ထောင်ထည့်လိုက်၏။ မီးနည်းနည်းစွဲလာတော့ အပေါ်မှ နောက်ထပ် မီးသွေးတုံးကလေးများကို အသာတင်လိုက်ပါသည်။

"ယပ်တောင်ပေး. . ."

သူက အိမ်ရှေ့ခန်းမှ အမြန်ပြေးယူ၍ သူမထံ ပေးလိုက်၏။ တစ်ချက်နှစ်ချက် ခတ်လိုက်စဉ် တဖြောက်ဖြောက်အော်သံဖြင့် မီး စစွဲလေသည်။

"ကဲ. . . ရပြီ. . .။ သေချာကြည့်ထား. . . မီးသွေးရေစိုနေရင် တော်ရုံနဲ့ မီးမစွဲဘူးရှင့်။ အဲဒီအိတ်အောက်ထဲမှာ ရေတွေပါနေပုံရတယ်။ ဝရန်တာမှာဖြန့်ပြီး လှမ်းလိုက်ဦး. . . ဆက်လုပ်တော့. . .။ ညှာ သွားတော့မယ်"





"ဟိုလေ. . . ကျွန်တော့်ကို ငါး ဘယ်လိုခုတ်ရလဲ သင်ပေးပါလားဟင်"

"ဟောတော့. . . ရှင် ဒါလည်း မတတ်ဘူးလား"

"အင်း. . . သူငယ်ချင်းတွေကို ဖွယ်ဖွယ်ရာရာ စားစေချင်လို့ ညှာ ဝယ်တဲ့အတိုင်း ဝယ်လာခဲ့တာ။ ကျွန်တော်က ဆီနဲ့ ကြော်စားလွဲပြီး ဘာမှ မလုပ်တတ်ဘူး"

"ဟင်း. . . ခက်တော့တာပဲ။ ရှင့်အမေဆီက. . . ဒါလေးတောင် သင်မထားဘူးလား"

"ဟင့်အင်း. . . မေမေက ကျွန်တော် မီးဖိုချောင်ထဲဝင်လာရင် ရှုတ်လို့ဆိုပြီး အမြဲမောင်းထုတ်တယ်။ တတ်ဖို့မလိုဘူး တဲ့။ အချိန်တန် မိန်းမရရင် ချက်ကျွေးမယ်ဲလို့ပြောတယ်"

"ဒါဆိုလည်း မိန်းမ မြန်မြန်ယူလိုက်ပေါ့။ ပြီးရော. . . ကွဲ. . ."

"ယူမယ့်လူမှ မရှိသေးဘဲ ညှာရဲ့"

သူမက သူ့ကို မျက်လုံးပြူးကြည့်လိုက်တော့ သူ့မျက်နှာက ပကတိ ရိုးသားမှုကို တွေ့လိုက်ရသဖြင့် ဘာမှ ဆက်မပြောဖြစ်တော့။

"ကဲ. . . ဒါဆို ညှာ့အခန်းထဲက အိုးကိုချပြီးမှ ပြန်လာမယ်။ ဒီမှာ ရေနွေးအိုးပဲ တည်ထားနှင့်။ ဒီမနက် ဘာချက်စားမလဲ"

"မသိဘူးလေ. . . အများကြီးဆိုတော့ ဘာချက်ရမှန်း မသိ

တော့ဘူး"

"ဟင်း. . . ပြော,မပြောချင်တော့ပါဘူး။ ဒါဆို ကန်စွန်းရွက် ခြွေထား။ ခြွေရောခြွေတတ်ရဲ့လား"

"ဉာဏ်ကြီးကတော့ ငရုတ်ကျည်ပွေ့နဲ့ထုပြီး ကြော်ကျွေးတာပဲ"

"ဩော်. . . ဘယ်စားလို့ကောင်းပါ့မလဲ။ ကဲ. . . ချဉ်ပေါင်ရွက်ပဲ ချွေထားနှင့်။ ညွှာ လာခဲ့မယ်"

သူမက သူ့အခန်းထဲမှ ထွက်သွားတော့၏။ သူ ချဉ်ပေါင်ငါးစည်းစလုံးကို ခပ်မြန်မြန် ချွေနေစဉ် သူမ ပြန်ရောက်လာလေသည်။ သူမက မျှစ်ကို အိုးထဲထည့်၍ပြုတ်လိုက်ပြီး ငါး စ,ခုတ်၏။ သူက ချဉ်ပေါင်ချွေနေရာမှ လှမ်းကြည့်မိသည်။

"လာကြည့်ထားလေ. . ."

"အင်း. . . အင်း"

သူမက ငါးရံ့ကို ဓားဖြင့်ခြစ်၊ ခေါင်းဖြုတ်၊ ပါးဟက်ထုတ်ဗိုက်ခွဲ၊ ကလီစာထုတ်ကာ အကွင်းလေးတွေ တုံးလိုက်၏။ နနွင်းဆား၊ ဟင်းချိုမှုန့်လူး၍ ပန်းကန်ထဲ ထည့်ထားလိုက်ပါသည်။ မျှစ်အိုး နှစ်ခါရေဆူတော့ သူ့ကို ငါးကြော်ထားခိုင်းပြီး ပုစွန်ကို ခေါင်းနှင့်ဖင် ဖြုတ်နေ၏။

"အား. . . ဆီ စင်တယ်. . . ပူလိုက်တာ"

သူမထံမှ ခစ်ခနဲ အသံထွက်သွား၏။ ဂေါ်တစ်ချောင်းနှင့် ငါးကြော်နေသည့်ပုံစံက ဘာမှမလုပ်တတ်သည့် ကလေးလေးလို





ခင် ဘယ်လိုမှ အံမဝင်၊ ခွင်မကျ။ ဆီပေါက်၍ ဒယ်အိုးကို ရှောင်ကာ ကုန်းကုန်းကွကွနှင့်။ သူမ ငရုတ်သီး ထောင်းလိုက်ပြီး ပုစွန်ဆီပြန်ချက်ရန် ပြင်ထားလိုက်သည်။

"ဟယ်. . . အရမ်းလျှောက်မမွှေ လ။ မကျက်ဘဲနဲ့ အကုန်ကြေကုန်ပြီ။ ဒါကြောင့် ရှင့်ကို ဆီစင်တာပေါ့။ ရပြီ. . . ရပြီ ဒီမှာ တူးကုန်ပြီ၊ မြန်မြန်ဆယ်လေ. . . ကျွတ်. . ."

ပန်းကန်တစ်ဖက်၊ ဂေါ်တစ်ဖက်နှင့် ပြာနေသဖြင့် သူမက သူ့လက်ထဲမှ ဂေါ်ကိုယူ၍ ငါးကြော်တွေကို ဆယ်လိုက်သည်။ ချွေထားသည့် ချဉ်ပေါင်ရွက်ကိုမွှေပြီး အနည်းငယ်ကို မျှစ်နှင့်ရောရှာ၍ အချဉ်ရည်ဟင်းချက်၏။ ပြီးမှ ပုစွန်ဆီပြန် ချက်လိုက်သည်။ ကန်စွန်းရွက်နှစ်စီးခန့်ကိုချွေ၍ အရိုးကို ဓားဖြင့် သေးသေးမျှင်မျှင်လေးတွေ ခွဲဖြတ်ကာ ကြက်သွန်ဖြူထု၍ ဆီသတ်ကြော်လိုက်သည်။ သူက သူမ လုပ်နေသည်တို့ကို ဆောင့်ကြောင့်လေးထိုင်၍ ငေးကြည့်နေမိ၏။

"ဒီမနက်ကို ငါးကြော်ရယ်၊ ကန်စွန်းရွက်ကြော်ရယ်၊ ချဉ်ပေါင်ဟင်းရယ်. . . စား၊ ညနေမှ ပုစွန်ဟင်း. . . စား။ ကန်စွန်းရွက် ထပ်ကြော်ဦး။ အရည်ကတော့ လောက်ပါတယ်။ နေပါဦး. . .၊ ဒီတို့စရာတွေက ဘာနဲ့စားမှာလဲ၊ ငါးပိရည် ရှိလို့လား. . ."

"ဟင့်အင်း. . ."

"ကျွတ်. . . သူများဝယ်တာနဲ့ လျှောက်လိုက်ဝယ်တာပဲ။ ဘာမှမစဉ်းစားဘူး။ ညှာ. . . ဟိုဘက်ရောက်မှ လှမ်းပေးမယ်၊ ကျို

လိုက်နော်။ ငရုတ်မှုန့် မရှိရင် ငရုတ်သီးစိမ်း မီးဖုတ်ပြီးထောင်းဖျော်၊ ရလား. . .။ ပြီးရင် မီးသေချာသတ်နော်။ ရေမလောင်းနဲ့ ဖို့ကွဲသွားလိမ့်မယ်။ ကဲ. . . ညာ ပြန်ပြီ။ တကတည်းမှပဲ. . . ကိုယ့်အလုပ် ကိုယ်မလုပ်ရဘူး"

"ဈေးဇူးတင်လိုက်တာ ညာရယ်. . . တကယ်ပါ. . .။ နောက်ဆို ဘာချက်ရမလဲ. . . မေးမယ်နော်"

"တစ်ယောက်က ထမင်းချိုင့် ထည့်တယ်ဆို။ မနက် ဘယ်သူ ထချက်လဲ"

"ဆိုင်က ဝယ်ထည့်သွားရတာပေါ့။ ကျွန်တော်တို့မှ ထမချက်နိုင်တာကိုး. . ."

"အိပ်ပုပ်တွေပဲ. . . ဒီဟင်းတွေ နည်းနည်းဆီ သန့်သန့်ခပ်ထားပေါ့။ မနက် ပေါင်းအိုးနဲ့ ထမင်း ထချက်ထည့်သွားပါစေ"

"ကျွန်တော်တို့လေးယောက်က အစားကြီးတယ် ညာရဲ့. . . လောက်မှာမဟုတ်ဘူး"

"ဩော်. . . စည်းနဲ့ကမ်းနဲ့ ခွဲတမ်းနဲ့စားမှပေါ့။ ဘယ့်နှယ့်ကလေးတွေ ကျနေတာပဲ. . .။ အစစ လိုက်ပြောတော့ ကောင်းမလား။ ကြည့်ပါဦး. . . အဝတ်တွေကလည်း တန်းလန်းတွေချည်းပဲ. . .။ မလျှော်ကြဘူးလား"

"အဝတ်လျှော်တဲ့ ကုလားမ စုံစမ်းတုန်းပဲ"

"ကိုယ့်အဝတ်ကိုယ်လျှော်ကြပေါ့. . .။ ပိုက်ဆံ အကုန်ခံလို့. . .၊ စည်းကမ်းလုပ်"





"ကျွန်တော်တို့လျှော်ရင် မစင်ဘူး ညာရဲ့"

"ဟင်းနော်. . . စင်အောင်လျှော်ပေါ့။ ဆပ်ပြာနဲ့ ကော်လံအရင်တိုက်. . . ပြီးရင် ကုတ်၊ ချိုင်း၊ လက်အနား၊ ကျော၊ အောက်အနား. . . သေချာ ဘရပ်ချ်နဲ့တိုက်လျှော်။ စင်လွန်းလို့ ပင်မင်းအပ်တာထက်တောင်. . . သန့်သေး"

"ညာက တော်လိုက်တာနော်"

"ဟယ်. . . ဒါက မိန်းမတွေအလုပ်ကိုး. . . ရှင်ရဲ့"

"ကျွန်တော့်နာမည် ရဲဇင်ပါ ညာရဲ့. . . ရှင် မဟုတ်ပါဘူး"

သူမက သူ့ကို မျက်စောင်းထိုးလိုက်ပြီး အခန်းထဲမှ ထွက်သွားပါတော့သည်။ သူက အဝတ်တန်းတွေပေါ် တင်ထားသည့်အဝတ်တို့ကို သူ့အပုံနှင့်သူ ခွဲလိုက်၏။ အင်း. . . အခန်းကို သန့်သန့်ရှင်းရှင်း ထားဦးမှပဲ။ မဟုတ်ရင် သူတို့ကို သူမ အထင်သေးနေတော့မည်။

လျှော်စရာရှိတာတွေ လျှော်ပြီးနောက် မီးဖိုချောင်ထဲမှာ ဘတ်နိုင်သလောက်ရှင်း၊ ရေချိုးပြီးတော့ နေ့လယ် ၁၂ နာရီ ထိုးနေချေပြီ။ ဆိုင်ကို စဖွင့်ခါစမို့ လူသိပ်မသိသေးသဖြင့် အားလုံး အားနေသည်မို့ ထမင်းအတူစားဖြစ်လေ၏။

"ဟေ့ကောင် ဉာဏ်ကြီး. . .။ အဲဒါ ညနေစာ မနှိုက်ရဘူးလေကွာ"

"ဟာ. . . မင်းငါးလေးနဲ့ ငါ မဝဘူး"

"မရဘူး. . . တစ်ယောက် သုံးတုံးပဲ. . .၊ ဝအောင်စား။"

စည်းနဲ့ကမ်းနဲ့ စားမှပေါ့"

"နေပါဦး ငရဲရ. . .၊ အခုမှ လေသံမတွေက ပြောင်းကုန်ပါရောလား။ ဟင်းလေး ဖွယ်ဖွယ်ရာရာချက်ထားလို့ စားလို့ကောင်းတာကို. . . မသထာပြန်ဘူး"

"ညာက မှာထားတယ်လေ. . .၊ စည်းနဲ့ကမ်းနဲ့ စားတဲ့။ ညနေ ငါ ကန်စွန်းရွက်ပဲ ထပ်ကြော်မှာ"

"ဆရာကြီးဂိုက်က ဖမ်းနေပြီ. . .။ ပြောတော့ဖြင့် အစကတော့ မတည့်ဘူးလေးဘာလေးနဲ့"

"အဲဒါ မင်းကြောင့် ဖြစ်ရတာလေ။ သူကြည့်တာ မကြိုက်ရင် သွားမကြည့်နဲ့ပေါ့။ အခုမှ သူနဲ့ငါ ငြိမ်းချမ်းရေးရခါစ မင်းမနှောင့်ယှက်ပါနဲ့"

"သူက လှတာကိုးကွ. . .။ ဒေါသထွက်တဲ့ မျက်နှာလေးတောင်မှကြည့်လို့ကောင်းနေရင်. . . ရယ်မောလိုက်လို့များတော့ဖြင်း. . . "

"ငကြောင်. . . ငကြောင်"

ဝဏ္ဏက ဉာဏ်ထူးခေါင်းကို လက်သီးဖြင့် ထိုးလေတော့၏။ တကယ်ပါ ညာ. . . ကိုယ် စားခဲ့ဖူးသမျှဟင်းတွေထဲမှာ ဒီမနက်စားလိုက်ရတဲ့ဟင်းတွေလောက် အရသာရှိတာ တစ်ခါမှ မတွေ့ဖူးသေးတာ အမှန်ပါ။

❁ ❁ ❁



## အခန်း ( ၁၅ )

"အဲဒါနဲ့ပဲ. . . ချက်နည်းပြုတ်နည်းသင်တန်း တက်ရရော ဟုတ်လား"

"ဒါပေါ့"

ကျော်စွာ့အပြောကို သူ ပြန်ဖြေတော့ ကျော်စွာက တိတ် လေး ပြုံးလိုက်၏။ အောက်ထပ်မှ မုန့်ဝယ်၍ တက်လာသည့် သူတို့ရှိရာဆီ မုန့်ထိုးပြ၍ စားမလားမေးတော့ သူ ခေါင်း လိုက်၏။ စနိုးက အခန်းဘက် တစ်ချက်လှမ်းကြည့်ရင်း သူတို့ ဆီ လျှောက်လာလေသည်။

"ကိုရဲရေ"

"ဗျာ"

ရွှေပဒေသာစာပေ

"Feeling သီချင်းတွေ သိပ်မဆိုပါနဲ့နော်။ စနိုးတို့ထဲ ဒဏ်ရာရထားတဲ့သူတစ်ယောက် ရှိနေလို့ပါ"

"ဘယ်သူလဲ စနိုးရဲ့"

"ညွှာပေါ့"

"ညွှာ. . . ဟုတ်လား"

"ရှုး. . . တိုးတိုး. . . ဟုတ်တယ်. . .။ အလွမ်းသီချ တွေကို သတိထားပြီး ရှောင်ပေးပါ။ ကိုရဲတို့ စတီးတဲ့ညက နော ဖေးဝရန်တာမှာ တစ်ယောက်တည်းထွက်ပြီး ညွှာ ငိုနေတာ။ တစ် လုံးပဲ။ ဒါကြောင့်ပါ"

"သြော်"

"သွားပြီနော်"

စနိုး အခန်းထဲ ဝင်သွားတော့ သူတို့အုပ်စု ငြိမ်သွားကြ ကျော်စွာက ဖျာပေါ်မှာ မှောက်လျက်လှဲလိုက်ပြီး မေးထောက် ပြောလိုက်လေသည်။

"သူတို့လေးယောက်ထဲမှာ ညွှာက အကြည့်အခံဆုံး ဘာမှ မလိမ်းခြယ်ဘဲနဲ့. . . ပင်ကိုလှနေတာ။ ဘာဟန်ပန်မှလည်း မထုတ်ဘူး။ မင်းတို့နဲ့ စကားအကောင်း မပြောပေမယ့် ငါနဲ့တော့ သူ ကောင်းကောင်းပြောပါတယ်။ ညအမှောင်ထဲမှာတောင် အသားရောင်က ဖြူဝင်းနေတာကွ။ တစ်မျိုးလေးပဲ။ ဘယ်လို မှန်းကို မသိဘူး။ ငါလည်း မပြောတတ်ဘူး"

"မပြောတတ်ပေလို့ပဲ. . . ပြောများပြောတတ်ရင် တစ်





ပြီးမှာမဟုတ်ဘူး"

"အေးလေ"

"ဟုတ်တယ်. . . ကျော်စွာပြောတာ မှန်တယ်။ ငါကတော့ သူ ဒေါသထွက်တာကိုပဲ အမြဲကြည့်နေချင်တာ။ အထူးသဖြင့် ထဘီ တို ဝတ်ထားတဲ့ သူ့ခြေသလုံးသားလေးကို ငါ အသည်းယား တယ်။ ကိုက်စားချင်စရာလေး. . ."

"ခွေးနာ. . ခွေးနာ"

သုံးယောက်သား ညာဏ်ထူးကို ဝိုင်းထုလိုက်ကြတော့ ညာဏ် ထူး အောက်ဆုံးမှာ ပိသွားတော့၏။ ရယ်သံတွေ ဆူညံသွားစဉ် သူတို့အခန်းမှ အလန့်တကြားအော်သံ ကြားလိုက်ရ၏။ မှောင် သွားသည့်အခန်းကြောင့် သူ ထ၍လျှောက်လာခဲ့သည်။

"Fuse ပျက်တာ မဟုတ်ဘူးဟဲ့. . . ဘာဖြစ်တာလဲ မသိပါ ဘူး. . .။ ဒုက္ခပါပဲ"

"ဒေါက်. . . ဒေါက်"

"ညွှာရေ. . . ဘာဖြစ်လို့လဲ"

"ဟော. . . တစ်ယောက် တံခါး ထဖွင့်ပေးလိုက်လေ။ ကိုရဲ သံပဲ။ သူ ပြင်တတ်မှာပေါ့။ မေးကြည့်လိုက်ဦး"

"ဟမ်. . . တစ်ခန်းလုံး မှောင်မဲနေတဲ့ဟာ။ မသွားရဲဘူး။ မှာ ဓာတ်မီး ရှိနေတာပဲ သွားပါလား"

"တွေ့လား. . . ဘာမှကို အားမကိုးရဘူး။ အသုံးမကျတဲ့ တွေ"

သူမက ဗျစ်တောက်ဗျစ်တောက်ပြော၍ အခန်းတံခါးကို
ငှ်လိုက်တော့ သူ့ကို တွေ့လိုက်ရ၏။

"ဘာဖြစ်တာလဲ"

"မသိဘူး. . .။ Fuse လည်း မပျက်ပါဘူး"

"ကျွန်တော် ကြည့်ပေးမယ်လေ"

"ဝင်ခဲ့လေ. . .။ နေဦး. . . ညှာ ဖယောင်းတိုင် ထွန်း
ဖိုက်ဦးမယ်"

သူမက ဖယောင်းတိုင်မီးညှိ၍ အိပ်ခန်းထဲ တစ်တိုင်ထွန်း
းပးကာ အိမ်ရှေ့ကို တစ်တိုင်ထွန်း၍ ထွက်လာခဲ့သည်။ သူက
နှင့် Fuse ကို ဖွင့်၍ စစ်တော့လည်း ဘာမှမဖြစ်။ အဝင်ကြိုးမျက်
ဘာထင်၍ ကြည့်လိုက်တော့ ဆက်ထားသည့် ဝါယာကို အုပ်ထား
သည့်ထိပ်က ပျော်သွားသဖြင့် လွတ်နေသည်ကို တွေ့ရလေသည်။

"ဒီမှာကိုး. . .။ မီးတိပ်ရှိလား ညှာ"

"ဟင့်အင်း"

"ဒါဆို ဝဏ္ဏကို ယူခိုင်းလိုက်ပါလား"

သူမက သူ့လက်ထဲသို့ ဖယောင်းတိုင် ထည့်ပေးလိုက်ပြီး
အခန်းအပြင်ဘက်ကို ထွက်သွား၏။ သူ Main Switch ကို ချလိုက်
ပါသည်။ သူမ ပြန်ဝင်လာပြီး သူ့ထံ တိပ်ကမ်းပေးတော့ သူက
သူမကို ဖယောင်းတိုင် ပြန်ပေးလိုက်စဉ် သူမ လက်ပေါ် ဖယောင်း
စက်များ ကျသွားတော့၏။

"အ. . . ပူတယ်"





"ညှာ"

သူမက လက်ထဲမှ ဖယောင်းတိုင်ကို လွှတ်အချ၊ သူက
နိမ်တကြီးဖြင့် လှမ်းအဆွဲ ခုံပါစောင်း၍ သူမကိုယ်လုံးလေးပေါ်
ဘို သူ လဲကျလေ၏။

"ဝုန်း"

"ဟဲ့. . . ဘာသံတွေလဲ"

မှောင်မဲသွားသည့် ဧည့်ခန်းမှာ ကိုယ်ခန္ဓာနှစ်ခု ပူးကပ်
ပြီး သူမပါးပြင်ထက်မှာ နွေးခနဲ ဖြစ်သွားတော့သည်။

"အို"

"ဟာ. . . ညှာ. . . ဆောရီး. . . ဆောရီး. . . ကျွန်တော်
ငန်းရိမ်လွန်ပြီး ဖြစ်ကုန်တာပါ. . . ကျွန်တော်"

"တော်တော့. . . တော်တော့. . . စနိုးတို့ ထွက်လာပြီ"

သူမက ကျိုးရုန်းထလိုက်ပြီး လိမ့်ကျသွားသည့် ဖယောင်း
တိုင်ကို ကောက်လိုက်ပါ၏။

"ညှာ. . . ဘာဖြစ်တာလဲ"

"ကျွန်တော် ခုံပေါ်က ပြုတ်ကျတာပါ"

"ဩော်. . . စနိုးတို့ဖြင့် လန့်သွားတာပဲ။ ကိုရဲလုပ်တာ
ပြီးပြီလား"

"ဟင့်အင်း"

"စနိုး မီးပြပေးမယ်လေ"

သူ ခုံပေါ်ပြန်တက်တော့ သူမက မီးဖိုဘက် ရှောင်ထွက်

သွားတော့သည်။ ခဏအကြာ တစ်ခန်းလုံး မီးပြန်လင်းသွားပါ၏။ သူက အားလုံးကို နှုတ်ဆက်၍ ပြန်ခဲ့သည်အထိ ညှာ့ကို နောက်ထပ် မတွေ့ရတော့ပေ။ ဩော်. . . ညှာရယ်. . .။

သူပြန်သွားမှ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။ ရင်ရင် လှမ်းပြောလိုက်တာကို သေချာမကြားလိုက်၍ ပြန်မေးလိုက်ရသည်။

"ဘာလဲ ရင်ရင်. . .။ ညှာ မကြားလိုက်ဘူး"

"ညှာ တစ်ခုခုဖြစ်နေလားလို့။ မျက်နှာလည်း မကောင်းဘူး"

"ဟင့်အင်း. . . ဘာမှ မဖြစ်ပါဘူး"

သူမ မျက်နှာကို ခပ်လွှဲလွှဲဖြေလိုက်ရင်း မျက်ရည်က ဝဲလာ၏။ သဥ္စာက သူမလက်တစ်ဖက်ကိုဆွဲ၍ ခုတင်ဆီ ခေါ်ခဲ့သည်။

"ဟယ်. . . အဟုတ်ပဲ။ ဘာဖြစ်လဲ ညှာ. . . ပြေးကြည့်စမ်း ဒီသူငယ်ချင်းလေးယောက်ပဲ ရှိတာ။ ပွင့်ပွင့်လင်းလင်းပေါ့"

"အာ. . . ဘယ်လိုဖြစ်နေတာလဲ။ ဘာမှမဖြစ်ပါဘူး ဆိုနေမှ"

"ဘာမှမဖြစ်ရင် ဒီမျက်နှာကြည်ကြည်လေးက ပျက်နေမလား ညှာရဲ့။ ပြောစမ်း. . . ညှာ့ကို ဘယ်သူ ရည်းစားစကား ပြောလိုက်လို့လဲ။ ကိုရဲလား၊ ကိုကျော်စွာလား၊ ဒါမှမဟုတ်"

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့. . .။ တွေ့ကရာ လူက ငါ့ကိုကြိုက်မလားဟဲ့ စနိုးရဲ့။ တကတည်း. . . နင်တို့လို ရုပ် တပတလေးတွေကိုပဲ ကြိုက်မှာပေါ့"





"စကားလွှဲမချနဲ့လေ. . . ညှာ"

"ကျွတ်. . . ခက်လိုက်တာနော်"

"ဒါဆို. . . ကိုရဲပဲဖြစ်မယ်"

ရင်ရင်က ဝုန်းခနဲထရင်း သူမကို ဆွဲဖက်ကာ၊ နှလုံးခုန်သည့်နေရာကို စမ်းလိုက်သဖြင့် သူမ အသံစူးစူးလေးဖြင့် လန့်အော်လိုက်မိသည်။ သဥ္စာက သူမပါးစပ်ကို အမြန်အုပ်လိုက်ပါ၏။

"အသံမထွက်နဲ့လေ. . .။ တော်ကြာ ထပ်ရောက်လာမှာ"

"ပရမ်းပတာမတွေ. . . လူကို အရမ်းလုပ်တာပဲ။ ဘာမှ မဖြစ်ဘူး။ ညှာ့လက်ကို ဖယောင်းရည်လောင်သွားလို့ အခေါ်သူက လန့်ပြီး ခုံလဲကျတာ အဲဒါ ညှာ့အပေါ်ကို ပိသွားလို့"

"ဟယ်. . . ဒါ ဇာတ်လမ်းအစပဲ။ ဆက်ပြော. . . ဆက် ပြော. . .။ ပြီးတော့ ဘာတွေဆက်ဖြစ်ကြလဲ"

"ဖြစ်စရာလားဟဲ့. . .။ နင်တို့ ချက်ချင်း ရောက်လာတာပဲ ဟာ"

"ဟော. . . အဖျက်က လက်စသတ်တော့ ငါတို့ကိုး"

"ပြောပြန်ပြီ. . .၊ ဒီမှာ လန့်ဖြန့်ထူပူနေတာတွေ ဘယ် ရောက်ပြေးကုန်ပြီလဲ မသိတော့ပါဘူး။ အဲဒီရင်ရင်ကလည်း ဘာ ပြောပြောညှာမပြော. . . လက်သရမ်းဦး"

"ဖြန်း"

သူမက ရင်ရင့်လက်ကို ဖြန်းခနဲရိုက်ချလိုက်တော့ ရင်ရင်

က သူမကို ခုတင်ပေါ် ဆွဲလှဲချလိုက်ပြီး သူမမျက်နှာကို ငုံ့မွှေးလိုက်ပါ၏။

"သူက အဲဒီလိုလုပ်သွားရင် ဘယ့်နှယ့်လုပ်မတုန်း။ ဒို့ ညာလေးတော့. . . အသည်းတွေ ကြွေကုန်တော့မှာပဲ"

"ရှုစိမတွေ. . . လွှတ်"

သူငယ်ချင်းလေးယောက်သား ခုတင်ပေါ်မှာ လုံးထွေးရယ်မောနေကြ၏။ သူမ သက်မကို မသိမသာချလိုက်ရသည်။ မျက်နှာပူလိုက်တာနော်။ နောက်နေ့တွေမှာ သူ့ကို သူမ ဘယ်လို စကားပြောရပါတော့မလဲ။

**"မျက်ဝန်းများနဲ့ သူရယ်ကိုယ် ဆုံတွေ့တဲ့ခဏ× × ×**

**မျက်ဝန်းများနဲ့ အချစ်ကို တွေ့ရှိခဲ့ကြ× × ×**

**လောကကြီးရဲ့ အဆက်ပြတ်တာ လေဟာနယ်ထဲ× × ×**

**မိုးသားများအပြင် တို့နှစ်ဦး မျောလွင့်သွားကြ× × ×**

**နှလုံးသားထဲ ထိန်းချုပ်မရ ပြောထွက်မရ အချစ်ရဲ့ဆွဲအား× × × ထူးဆန်းတဲ့ တန်ခိုးများက တို့ကို ခေါ်ဆောင်သွားကြ× × ×**

**တိမ်လိုလွင့်မျောလိုက်× × × တိမ်လို ပြုလဲလိုက်× × × ရွှေနှင်းရာလွင့်ခဲ့ အချစ်ရဲ့လေညင်းထဲ× × × မင်းနဲ့တို့နှစ်ယောက် ခရီးထွက်ခဲ့× × × ဒူးဒုံးတဲ့ အမိန့်တော်အတိုင်း× × ×**

"ကြားလား. . . အချစ်သီချင်းချိုချိုလေးတွေ ဆိုပြနေပြီ။ ဒင်းတို့ထဲမှာ မရိုးမသားတွေ ပါတာသေချာပေါ့"

"လျှောက်ပြောနေပြန်ပြီ. . .။ မနက်အလုပ်ဆင်းရမှာ





ဟုတ်လား အိပ်တော့"

"ညာတော့ ဒုက္ခပဲ. . . ညဘက်ပြန်လာတော့ ကိုကျော်စွာ၊ ကော်မိုးလင်းတော့ ကိုရဲ၊ နေ့လယ် Photo သွားဆွဲတော့ ကိုဝဏ္ဏ၊ အအုပ်ဖတ်ဖို့ သွားဝယ်တော့ ကိုညာက်ယူး"

"သေပေ့ သေကြ၊ စိတ်တိုလာပြီ. . . လျှပ်ပြာမတွေရဲ့။ ကော် မထနိုင်မှ ဟုတ်ပေ့ဖြစ်နေမယ်။ ညာ. . . မနက် မထဘဲ လိုက်မှာနော်။ လိုက်စ,မနေနဲ့"

"ဒီလိုတော့ မရက်စက်ပါနဲ့. . . . သဲညှာလေးရယ်။ ကိုကို ချစ်လွန်းလို့ပါ" .

"ရွှတ်"

"အာ. . . ဘယ်လိုဖြစ်နေတာလဲ။ လူကို အလကားနေ အလကား ပိုက်ဆံမပေးရတိုင်း. . ."

"ပေးမယ်လေ. . . ရော့. . . ၁၅၀၀"

"သဥ္စာမ. . . နှာဘူးမ. . .။ အား. . . ဖယ်ဆို"

ရယ်သံတွေ တိုးတိုးကျိတ်ကျိတ် ထွက်လာပြီး အခန်းမီးလေး ဖျပ်ခနဲ မှောင်သွားလေ၏။

## အခန်း ( ၁၆ )

"ရော့..."

"ဒါက ဘာလဲ စန္ဒီးရဲ့"

"ကိုကျော်စွာ့အတွက် ထမင်းဘူးလေ...။ ညှာ ထည့်ပေး[illegible]က်တာ"

"အားနာစရာကြီးဗျာ"

"ဩော်... အားမနာပါနဲ့။ ကျေးဇူးတင်ရင် လကုန်တော့ [illegible]အတွက် တစ်ခုခုဝယ်ပေးပေါ့"

"ဘာဝယ်ပေးရမှာလဲ...။ ကျွန်တော်က မိန်းကလေး [illegible]ည်းတွေ မဝယ်တတ်ဘူးဗျ"

"အမယ်လေး... စန္ဒီးတစ်ယောက်လုံး ရှိတဲ့ဟာ။ ခေါ်

ပေါ့. . .။ လိုက်ဝယ်ပေးမယ်"

"ဒါဆို. . . ဟန်ကျတာပေါ့။ အလုပ်သွားမှာ မဟုတ်လား။ လာ. . . သွားစို့"

ကျော်စွာ၊ စနိုးနှင့်အတူ တိုက်ပေါ်မှ ဆင်းလာခဲ့၏။ ရေမွှေးနံ့ သင်းပျံ့ပျံ့ကို ရှူရှိုက်ရစဉ်မှာ ညတိုင်း အမှတ်တမဲ့ ရှူခွင့်ရခဲ့သည့် သနပ်ခါးရနံ့ကို လွမ်းမိသည်။ ညာနှင့်အမြဲ ညတိုင်းအတူ ပြန်နေကျ မဟုတ်လား။

ကုမ္ပဏီရောက်တော့၊ Show Room မှာ သန့်ရှင်းရေးလုပ်နေသည်ကို ကြီးကြပ်၍ လိုက်လံစစ်ဆေး၏။ နေ့လယ်ထမင်းစားချိန်မှာ လေးဆင့်ချိုင့်ကို ဖွင့်လိုက်တော့ ထမင်းက နှစ်ချိုင့်။ ငှက်ပျောသီးက နှစ်ချောင်း၊ ကြက်သားဆီပြန်ဟင်း တစ်ချိုင့်နှင့် အစိမ်းကြော်နှင့် ငါးပိကြော်ကို တစ်ချိုင့် ထည့်ပေးထားသည်ကို တွေ့ရ၏။ တစ်ချက်ကျိတ်ပြုံးလိုက်ပြီး ထမင်းကို ခပ်သွက်သွက်လေး စားလိုက်ပါသည်။ ရေဘူး ဖွင့်သောက်၍ Show Room ထဲ ပြန်ထွက်လာခဲ့သည်။

သူတို့တစ်အုပ်စုလုံး ညာ့ကိုသာ စိတ်ဝင်တစားဖြင့် စေဖန်နေကြမြဲ။ အသည်းကွဲဖူးသည့် မိန်းကလေးတစ်ယောက်ရဲ့ ဝေဒနာကို ကုစားပေးချင်သည့် ကရုဏာတို့က တအုံနွေးနွေး။ ညဏ်ထူးက အပြောင်အပျက် ပြောနေပေမယ့် ငရဲနဲ့ သူကတော့ အကြံတူနေလေပြီ။ အရာရာ ပွင့်လင်းကြပေမယ့် သူမနှင့် ပတ်သက်လာရင်တော့ လျှို့ဝှက် သိုသိပ်နေတတ်ပြီ။

မှန်ထဲမှာ ပေါ်လာသည့် ပုံရိပ်လေးကို ငေးကြည့်နေမိ၏။





ချက်စိမှားတာလား။ မဖြစ်နိုင်တာ. . . ဖက်ဖူးရောင် ဘလောက်စ်လေးနှင့် အနက်ခံမှာ ဖက်ဖူးရောင်အတုံးလေးများ ပါသည့် လုံခြည်ကို ခပ်တိုတို ဝတ်ထား၏။ ဆံပင်က ထုံးစံ တိုင်း ခေါင်းပေါ်မှာ ဒုံးထိုးထောင်ထောင်။ သူ နောက်ကျောဘ ကို လှည့်ကြည့်လိုက်ပါ၏။ အစစ်ပါပဲ။ သူတို့ရဲ့ သဲမြညာပေါ့။

"ညာ"

"ဟော. . . ကိုကျော်စွာ. . .။ ညာ့ ကျောင်းသားလေးရဲ့ အဖေက သူ့အိမ်မှာ ကွန်ပျူတာ ထားချင်လို့တဲ့။ အဲဒါ စုံစမ်းခိုင်းလိုက်လို့ လာကြည့်ရင်း မေးတာလေ။ သူ့အမျိုးသမီး ပါလာတယ်။ ဒီမှာ. . ."

"ရပါတယ် ညာရဲ့။ ကျွန်တော် လိုက်ပြပေးမှာပါ"

အတန်ကြာ လျှောက်ကြည့်၊ ဈေးမေးပြီး ကျော်စွာ ညွှန်းသည့် အမျိုးအစားကိုသာ သူမတို့ ငွေချေလိုက်၏။ မန်နေဂျာက သွက်လက်ဖျတ်လတ်စွာဖြင့် ငွေရေတွက်၍ပေးသည့် သူမကို ငေးကြည့်နေသဖြင့် သူ နှာကစ်လာလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . .။ နောက် လိုအပ်တာရှိရင်လည်း ဒီကိုလာခဲ့ပါ။ တစ်နှစ်အာမခံနဲ့ ပျက်သွားရင် ပြင်ပေးပါတယ်"

"ဟုတ်ကဲ့ရှင့်"

"ကျော်စွာနဲ့ အသိလား ခင်ဗျ"

"ရှင်"

"ဟုတ်ပါတယ် ဆရာ. . .၊ ကျွန်တော့်သူငယ်ချင်းပါ နာမည်က သဲမြညာတဲ့"

"ဩော်. . နာမည်လေးက လှလိုက်တာ"

သူမမျက်နှာ တစ်မျိုးလေး ဖြစ်သွားရ၏။ သူက စာရွက် စာတမ်းတို့ကို သေချာခေါက်၍ သူမထံ လှမ်းပေးလိုက်ရင်း၊ မန်နေ ဂျာရှေ့မှာပင် ခပ်ပိုင်ပိုင် ပြောချလိုက်ပါသည်။

"ညာ. . . ဒီနေ့ ထမင်းချိုင့် ထည့်ပေးလိုက်တဲ့ဟင်းထ ခါတိုင်းနေ့တွေထက် ပိုအရသာရှိနေတယ်။ စားလို့ အရမ်းကောင်း တာပဲ"

"ဟုတ်လား"

သူမ လှစ်ခနဲ ပြုံးလိုက်မိ၏။ ကိုကျော်စွာ့မျက်နှာ အမှိုး အကဲကိုကြည့်၍ သူမ နားလည်ပါသည်။ ဩော်. . . သဲမြညာမှာ ဒီအန္တရာယ်တွေက အရွယ်ရောက်လာတဲ့အထိ ရှိနေတုန်းပါလား လေ. . .။

သူမ ပြန်ခဲ့တော့ ညနေစောင်းနေပြီ။ တိုက်ခန်းပြန်၍ ရေချိုး၊ အဝတ်အစားလဲကာ စာသင်ရန် ပြန်ထွက်လာစဉ် ဈေး ကားဂွေ့မှာ လူတစ်ယောက်နှင့် တိုးမိပြန်၏။ လက်ထဲမှ စာအုပ် အချို့ ပြုတ်ကျသွားသည်။

"ဆောရီးပါ. . . ညာ"

သူဖြစ်နေသဖြင့် သူမမျက်နှာလေး ရဲခနဲဖြစ်သွားပါ၏။ သူ ကောက်၍လှမ်းပေးလာသည့် စာအုပ်ကို ဆတ်ခနဲယူ၍ ဈေး





ားကိုအဆင်း၊ သူက သူမရှေ့မှာ လက်ဆန့်၍ ကာဆီးလိုက်လေ သည်။

"ဟင်. . . ဘာလုပ်တာလဲ"

"ညာ့ကို တောင်းပန်ချင်လို့ပါ"

"အာ. . . ဘာကိုမှ တောင်းပန်မနေနဲ့။ ဖယ်. . . ဖယ်"

"မဟုတ်ဘူးလေး ညာရဲ့. . . ဟို"

"ညာ တောင်းပန်ပါတယ် ကိုရဲရယ်. . .။ ဘာမှ မဖြစ်ခဲ့ ဘူးလို့ပဲ မှတ်လိုက်ပါ။ ရှင်လုပ်နေပုံက ညာ့ကို ပိုအရှက်ကွဲစေ ာယ်ရှင့်"

"အဲဒီလိုဖြစ်သွားရင် ကျွန်တော် ထပ်ပြီး. . . တောင်းပန် ာတယ် ညာရယ်။ တကယ်ပါ"

"ဒါဆို. . . ဖယ်တော့လေ"

"ညာမှ ခွင့်လွှတ်တယ်လို့ မပြောသေးတာ"

သူမ သူ့မျက်နှာကို ဖျပ်ခနဲ မော့ကြည့်လိုက်ပြီး မျက်စောင်း လိုက်မိ၏။ တကယ်ပါပဲ. . .။ ကိုကျော်စွာတို့ လည်လည်ဝယ်ဝယ် ှသလောက် နုံနုံအအနှင့် သူ့ပုံစံက တကယ့်ကလေးလေးနှယ်။ အစကဖြင့် သူမကို ရိသဲ့သဲ့ စနောက်နေပြီး၊ အခုတော့ မခုတ်တတ် ကြောင်လေးပုံစံဖြင့်. . .။ တစ်ချိန်တုန်းက ရင်ထဲမှာ ရှိခဲ့ဖူးသည့် ကြီးလို လက်ရဲဇက်ရဲပုံစံမျိုး မဟုတ်ဘဲ အင်မတန် သိမ်မွေ့ရိုး ားသည့် အပြုအမူတွေက မျက်နှာကို ကြည့်ရုံဖြင့် သိသာစေနိုင် ၏၊

"ညှာ"

"ကျွတ်. . အင်းကွာ. . .။ ဖယ်ပေးတော့"

သူ ကျေနပ်စွာဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သော် ခွက်ခနဲ ပေါ်လွင်သွားစေသည့် ပါးပြင်ပေါ်မှ ပါးချိုင့်လေးတို့ ရုတ်တရက် မြင်လိုက်ရစဉ် သူမရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး စက္ကန့် ပိုင်းလေးမျှ အငိုက်မိသွားရလေ၏။ ကြည့်စမ်း. . .၊ ဘယ်လောက် များ အပြစ်ကင်းစင်တဲ့ မျက်နှာလေးလဲ။ တခြားသူစိမ်းယောကျ်ား တွေမှာ မတွေ့နိုင်သည့် ကလေးဆန်သည့် ဖြူစင်မှုအပြုံးလေးက သူမ၏အာရုံထဲသို့ ဖျပ်ခနဲ စူးနစ် ဝင်ရောက်ခဲ့ရလေပြီ။ သူက လက်နှစ်ဖက် နောက်ပစ်လျက် ဘေးဘက်သို့ ကပ်၍ရပ်ကာ သူမ ကို လမ်းဖယ်ပေးလိုက်ပါသည်။

သူမ ခြေလှမ်းတို့ကို ဆက်လှမ်းခဲ့ရလေ၏။ ရင်ထဲမှာ အစိပ်စိပ်အမွှာမွှာ ဖြစ်နေသည့် နှလုံးသားကို ဘယ်လိုဒဏ်ရာမျိုး မှ ထပ်မရစေလိုပါ။ အရွယ်မတိုင်မီက ရရှိခဲ့ဖူးသည့် သင်ခန်းစာ မျိုးကို ခုချိန်မှာ သူမ ထပ်သင်ဖို့ မလိုအပ်တော့ပါချေ။ သေဆုံး ခဲ့ပြီဟု ယူဆခဲ့မိသည့် နှလုံးခုန်သံကို ဟိုတစ်နေ့ညက အထိအတွေ့ တစ်ခုမှာ ထူပူရှက်သည်းစွာဖြင့် သိရှိခဲ့ရတော့ သူမကိုယ်သူမ စိတ် ဆိုး ဒေါသထွက်နေမိသည်။ မဖြစ်နိုင်ပါဘူး. . .။ တစ်ဒင်္ဂ အတွေ့ လေးမှာ သတိလက်လွတ်ဖြစ်သွားတာမျိုးပဲ ဖြစ်ပါစေလား။

ဘာမဟုတ်တဲ့ ဂြိုဟ်သနာအဖုအထစ်လေးတွေကြားမှာ ချေ ပြေလည်လည် ဖြစ်သွားခဲ့ရသည့် သူမတို့နှစ်အုပ်စုကြားမှာ တစ်





က်တာ ဖြူစင်မှုမျိုးကိုပဲ လိုလားပါသည်။ သူတို့အုပ်စုမှာ ကိုကျော် က အချောဆုံး၊ အသန့်ဆုံး၊ ဏ္ဍမြွေအရဆုံးဆိုပေမယ့် သူမ နိုးမှု ပိုခဲ့သည်က သူ့ကိုသာ။ တစ်အုပ်စုလုံးကို စိတ်ရှည်သည်းခံ ည့်စိတ်က သူမနှင့် ထပ်တူထပ်မျှ။ ဘယ်ကိစ္စမျိုးကိုမဆို လေး ာက်သား တိုင်ပင် ဆွေးနွေးကြပေမယ့် သူငယ်ချင်းတွေ၏ဆန္ဒ သာ ဦးစားပေး ရွေးချယ်ဘတ်တာ သူမလိုစိတ်မျိုး သူ့မှာ ရှိနေ င်။

ဇုတန်းဝိုင်း သင်အပြီး၊ ဒီဘက်အခန်းသို့ကူး၍ ၁၀ တန်း း မှာ စာမေးပွဲဖြေထားသည့် အဖြေစာအုပ်တို့ကို ပြန်ဝေပေး း ဇော်ဇော်တို့ကို ဆူရသေးသည်။

"ဇော်. . . ဘယ်လိုဖြစ်တာလဲ။ ခါတိုင်း ဒီလောက် အမှတ် မနည်းပါဘူး။ ကြည့်ပါဦး. . . အောင်မှတ်တောင် မနည်းရှာပြီး သားရတယ်။ မမ. . . ဒီလကို Report တင်ရင် အားလုံးကို ချက်ထည့်ပေးမယ်။ တစ်ဝိုင်းလုံး. . . အမှတ်တွေ လျော့တယ်။ မေးပွဲ ဒီလောက်နီးနေတဲ့ဟာ။ သင့်ပေးတဲ့လူက ပင်ပင်ပန်း သင်ရသလောက် ကြိုးစားချင်စိတ် မရှိကြဘူး။ ဒီပုံနဲ့ Final ဘယ်လိုဝင်ဖြေမှာလဲ။ အကုန်ကျကြမှာ သေချာတယ်။ မဖြစ် နင်တို့အားလုံးကို ငါ့အခန်းမှာ စာကျက်ဝိုင်း လုပ်ပေးမှဖြစ် မယ်။ October က စမယ်။ လူကြီးတွေကို ပြောထားနှင့်။ တ,စာအုပ်တွေ လာထပ်ကြ။

ဆူမှန်းသိတော့လည်း မျက်နှာငယ်လေးတွေဖြင့် သချာ

စာအုပ်တွေကို ကိုယ်စီ လာထပ်ကြသည်။ စိတ်ရှုပ်ရသည့်အထဲ ၉ တန်းတွေရော၊ ၁၀ တန်းတွေပါ ကြိုးစားအားထုတ်မှု လိုနေသေး၍ စိတ်ထဲမှာ မချင့်မရဲဖြစ်ရ၏။ White Board မှာ ယုန်ပုံကို ခပ်မြန်မြန်ဆွဲနည်း သင်၍ Label တွေထိုးကာ တစ်ခါတည်း အလွတ်ရအောင် သင်လိုက်ပါသည်။ ပုံဆွဲတော့ စည်သူနှင့် နိုင်ဦးတို့ကို သတိရသွား၏။ သူတို့တောင် မလေးရှား ရောက်နေတာ နှစ်နှစ်ကျော်နေပြီ။

"ကဲ. . . ဒီနေ့တော့ ဒီလောက်ပဲ"

ကလေးတွေ စာအုပ်ကိုယ်စီသိမ်းတော့ သူမလည်း စားပွဲပေါ်ရှိ File နှင့် ဗလာစာအုပ်ငါးအုပ်ကိုယူ၍ ရှေ့မှ စထွက်၏။

"မမ. . . ကျွန်တော် လိုက်ပို့မယ်လေ"

"မပို့နဲ့. . . ကိုယ့်စာကိုယ်ကျက်။ ငါ့ဟာငါ ပြန်မယ်"

ခပ်မာမာ ပြန်ပြောလိုက်ရင်းက လှေကားမှ ဆင်းလာခဲ့သည်။ လမ်းမီးတိုင်အောက်မှာ နာရီကိုကြည့်လိုက်တော့ ၉ နာရီပင် ထိုးတော့မည်။ ဆူလည်းဆူ၊ စာလည်း တော်တော်များများ သင်လိုက်သဖြင့် အချိန်တွေ ပိုကုန်မှန်းတောင် မသိတော့။ ကျွန်မနက်ဖြန် Sunday မှာ စာစီစာကုံး ရေးခိုင်းဖို့ရော၊ အိမ်စာပေးဖို့တောင် မေ့ခဲ့ပြီ။ သက်ပြင်းတစ်ချက်ကိုသာ ခပ်လေးလေး ချလိုက်၏။

ကားလမ်းကိုကူး၍ တိုက်ဘက်အချိုးကို ခပ်သွက်သွက်လေး လှမ်းခဲ့စဉ် ရှေ့မှာ လူတစ်အုပ် ဘွားခနဲ ပေါ်လာ၍ ...





...န့်ဖြန့်စွာ အော်လိုက်မိသည်။

"အမယ်လေး"

"ဟာ. . . ညာ. . . စနိုးတို့က ညာ ပြန်မရောက်သေးဘူး ...ားကြိုပေးပါဆိုလို့ ကျွန်တော်တို့ လာကြိုကြတာပါ"

"ဩော်. . . အသံမပေး ဘာမပေးနဲ့၊ ကွေ့ချလာတော့ ...လည်း လန့်သွားတာပေါ့"

"ပိုင်းကိုင်ပေးမယ်လေ"

"ရပါတယ် ကိုကျော်စွာ. . . နေပါစေ။ ဒီနေ့ ဘာချက်စား ...ကြလဲ"

"အာလူး မကျက်တကျက်"

"ဟောတော့. . . ထူးထူးဆန်းဆန်း"

"ဒီကောင် ငရဲလက်ရာပဲပေါ့။ ဘယ်လိုချက်ထားမှန်းကို ...ဘူး။ မကျက်အောင်ကို ချက်ကျွေးဘာ သိပ်တော်တာပဲ"

တစ်အုပ်စုလုံး ရယ်လိုက်ကြ၏။ သူမက နံဘေးနား ယှဉ်...ောက်နေသည့် သူ့ကို လှည့်ကြည့်လိုက်ပါသည်။

"ကျွေ့ ဆားထည့်မိလို့နဲ့တူတယ်. . .။ ညာ မှာထားတယ် ...။ အာလူးဆိုရင် ဆား အရင်မထည့်ရဘူး။ ကုလားပဲကျတော့ ... အရင်ထည့်လေ. . . အမြန်နူးလေးပဲ"

သူက နားရွက်ဖျားလေးကို ကုတ်၍ ရှက်ရယ်ရယ်နေတော့ ...၊ ဝဏ္ဏက လက်ဖက်ရည်ဆိုင်မှာ မုန့်ဝင်ဝယ်မည်ဟု ဆိုသဖြင့် ...တားလိုက်ပါသည်။

"မဝယ်ပါနဲ့ ကိုဝဏ္ဏ. . .။ ညှာ. . . ဒီည ချင်းသုပ် သု
ကျွေးဖို့ စီစဉ်ထားတယ်"

"ဟာ. . . တကယ်လား. . .။ ပျော်စရာကြီးပဲ"

"တစ်ခါတလေ စုံတွဲတေးလေးဘာလေး လာဆိုကြပါလား ညှာရာ"

"ညှာ. . . သီချင်းဆိုတာ ဝါသနာမပါဘူး ကိုကျော်စွာနဲ့ စနိုးနဲ့ သဥ္ဇာက ဒါမျိုးရတယ်"

"ညှာက Feeling သမားဆို"

သူမ ဘာမှမပြောဘဲ ပြုံးလိုက်ပါ၏။ လှေကားထစ်တို့ ဖြည်းဖြည်းချင်း တက်ခဲ့ကြသည်။

●

အခန်းထဲဝင်တော့ ဟိုသုံးကောင်က တတွတ်တွတ် ငြင်းခုန်နေကြလေ၏။

"ဘာတွေငြင်းခုန်နေကြတာလဲ။ ချင်းသုပ် သုပ်ဖို့ ညှာ ဝိုင်းကူဦးလေ"

"အလောင်းအစား လုပ်နေတာ ညှာရဲ့။ အဲဒီရင်ရင်
"ဘာများလဲဟယ်"

"သူတို့လေးယောက်မျက်နှာမှာ. . . ထူးခြားချက်တစ်
စီ ရှိတယ်တဲ့။ အဲဒါကို မှန်အောင်ပြောနိုင်ရင် မနက်ဖြန်ညပွဲ ရှ





လိုက်ပြမယ်၊ မုန့်လည်းကျွေးမယ်တဲ့ ညှာရဲ့"

"ပေါက်ပေါက်ရှာရှာအလုပ်ကို ရှာကြံပြီး လုပ်နေတယ်လို့ ရင်ရယ်"

သူမက အဝတ်အစားလဲ၍ မီးဖိုခန်းထဲဝင်ကာ၊ ဂေါ်ဖီ ပဲ၊ ခရမ်းချဉ်သီးနှင့် ငရုတ်သီးစိမ်းတို့ကို ရေဆေး၍ ပါးပါးလှီး ၏၊ ရင်ရင်က ကြက်သွန်ဖြူ နွှာပေးသည်။ သဥ္ဇာက စတီးဇလုံနှင့် ပန်းကန်ပြားနှစ်ချပ်ကို ဗီရိုထဲမှ ထုတ်၏။

"စနိုးက ကိုကျော်စွာနဲ့ပဲ အတူတူသွားတာများလို့ သူ့ ဦးတည်းပဲ မြင်တာပေါ့။ ကျန်တဲ့သုံးယောက်ကိုတော့ ဘယ်မြင် လဲ။ ညှာရော. . . သိလား"

"ဘာလုပ်မှာလဲဟာ"

"ဟာ. . . ညှာကလည်း၊ နေပြည်တော်မှာ ကားကောင်း သို့ သွားကြည့်ကြရအောင်ဟာ. . . နော်။ တစ်ခါတလေ . . . ခေါင်းရှုပ်ကြတာပေါ့"

သူမက ချင်းသုပ်ကို ဇလုံထဲ ထည့်သုပ်ပြီးမှ ပန်းကန်တွေ ပြောင်းထည့်ကာ ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်းကို ဘေးနှုတ် ပုံလိုက်၏။ ဇွန်းသေးသေးသုံးချောင်းစီကို ထည့်စိုက်လိုက် သက်ဆေးသည်။

"ညှာ. . . ဖြေနိုင်ရဲ့လား"

သူမက လက်သုတ်ပဝါဖြင့်သုတ်ရင်း ရင်ရင့်ကို လှည့် လိုက်ပါသည်။

"ညာဖြေတာ မှန်သွားရင်တော့ ရုပ်ရှင်လိုက်မကြည့်ပါဘူး ညာ့ကို အရုပ်တစ်ရုပ် ဝယ်ပေးရင်. . . တော်ပြီ"

"ဘာအရုပ်လဲ"

"နောက်မှပြောမယ်လေ. . .။ ကဲ. . . တစ်ပန်းကန် သူတို့ဝိုင်းကို သွားပို့ပေးလိုက်ပါ။ နောက်တစ်ပန်းကန်က ညာ အုပ်စု စားဖို့. . ."

"ဟဲ့. . . စနိုး. . . ယူမသွားနဲ့ဦးလေ။ နင် အခုသွား သူတို့လျှို့ဝှက်ချက်တွေကို မြင်သွားမှာပေါ့"

စနိုးက ပန်းကန်ကိုမ၍ ထရပ်လိုက်ရာမှ ပြန်ထိုင်ချလို ပါသည်။ သူမက ဆီပုလင်း၊ ငံပြာရည်ပုလင်းတို့ကို နေရာတ ပြန်သိမ်းလိုက်ပါ၏။

"ကိုကျော်စွာရဲ့မေးစေ့အောက်မှာ အမာရွတ်လေးရှိတ ကိုဝဏ္ဏရဲ့ ဘယ်ဘက်နားထင်ထောင့်လေးမှာ မှည့်နက်လေးရှိတ ကိုညဏ်ထူးရဲ့ ညာဘက်မျက်ခွံပေါ်မှာ ဒဏ်ရာလေးရှိတယ်။ သူ မျက်မှန် အမြဲတပ်ထားလို့ မသိသာတာ။ မျက်မှန်ချွတ်ရင် မြ တယ်။ ညာပြောတာ. . . မှန်ရဲ့လား ရင်ရင်"

"ဒီသုံးယောက်လုံး မှန်တယ်။ နောက်ဆုံးတစ်ယော

သူမက ကျိတ်ပြုံးလိုက်ပြီး နောက်ဖေးဘက် ပြတင်းပေ ကို ပိတ်လိုက်၏။

"ကိုရဲမှာက နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်ရင် ပါးနှစ် မှာ ပါးချိုင့်ခွက်လေး. . . ပေါ်လာတယ်။ ဒါပေမဲ့ နောက်တ





နိုသေးတယ်"

"ဟင်. . . ဘာရှိသေးတာလဲ"

"သူ့ရဲ့ ညာဘက်နဖူးထောင့်လေးမှာ စာနီမှတ်လေး ရှိ ာယ်။ ဆံပင်တွေ ဖုံးနေလို့ မမြင်ရတာ။ ကဲ. . . ဟုတ် လား"

သုံးယောက်သား သူမဆီ ဝုန်းခနဲ ထလာ၍ ဖက်လိုက်ြ ေလ၏။ သူမ လန့်ဖျပ်ရင်း သူတို့လက်တွေကို ရိုက်ထုတ်လိုက်ပါ သည်။

"ညာ. . . ပြောစမ်း။ နင် အဲဒီစာနီလေးကို ဘယ်တုန်း ာ. . . တွေ့တာလဲ"

"ပြောစရာလားဟဲ့"

"ဟာ. . . မရဘူး. . . ပြော"

"စနိုးတို့ သီချင်းဆိုချင်ရင် သူတို့နဲ့ သွားဆိုချင်ဆိုနော်။ ညာ. . . ကလေးတွေ အိမ်စာ စစ်စရာရှိလို့ မလိုက်တော့ဘူး"

"ညာ. . . လူလည်မကျနဲ့နော်။ ပြောဆို. . ."

"ဟင်း. . . ဟင်း. . . မီးပျက်သွားတဲ့ညတုန်းကပါ"

"ဩော်. . . ဒီလိုလား"

"ကဲ. . . ညာ စာစစ်တော့မယ်။ သွားကြတော့. . . ဟိုမှာ စကားပြောကြမယ်ဆိုရင် နှစ်ပန်းကန်လုံး ယူသွား. . .။ ညာ ားတော့ဘူး"

သုံးယောက်သား အပြင်ကို ထွက်သွားကြတော့၊ စာကြည့် ာ ဝင်ထိုင်ပြီး အိမ်စာတွေ အမှတ်ခြစ်လိုက်ပါသည်။

ရင်ရင်တို့ ပြောသလိုပင် မနက်ဖြန် ရုပ်ရှင်သွားကြည့်လိုက်တာပဲ ကောင်းမည်ထင်၏။ ကောင်းပါတယ်လေ၊ တစ်ခါတလေလေး စိတ်ကို လွှတ်လပ်ခွင့်ပေးသင့်တာ အမှန်ပါပဲ။

● ● ●



## အခန်း ( ၁၇ )

မနက်စောစောထ၍ ပဲပြုတ်နှင့် ထမင်းကို ကြော်၏။ ငါးပိကျော်ကို ပန်းကန်ပြားထဲထည့်၍ ရေတိသီးစိမ်းနှင့် ကြက်သွန်နီအကွင်းလိုက် ပါးပါးလှီးကာ ရှာလကာရည်ဆမ်းပြီး အုပ်ဆောင်းနှင့် အုပ်ထားလိုက်ပါသည်။ ပိတ်ရက်မို့ နေမြင့်အောင် အိပ်နေကြသည့် သူငယ်ချင်းတွေကို မနှိုးရက်တော့ဘဲ ပေါင်းအိုးဖြင့် ထမင်းအိုးတည်ကာ ဈေးသွားရန် ပြင်ဆင်ပြီး၊ အခန်းတံခါးကို အဖွင့်၌ အခန်းရှေ့မှာ ရပ်နေသည့်သူ့ကို ရုတ်တရက် တွေ့လိုက်ရလေ၏။

"ဟယ်. . . ကိုရဲရယ်. . .။ လန့်လိုက်တာ"

"ကျွန်တော်လည်း ဈေးသွားမှာပါ ညာ။ ဒီမှာ. . . ညာ့အတွက် လက်ဆောင်"

"ဟင်. . . ဘာအထိမ်းအမှတ်နဲ့ ပေးရတာလဲ"

"ဘာရယ်မဟုတ်ပါဘူး. . .။ စိတ်ထဲမှာ သိပ်ပေးချင်နေတဲ့ဆန္ဒတွေ ဖြစ်နေလို့ပါ"

သူမက သူလှမ်းပေးသည့် မွေးပွဲဝက်ဝံရုပ်အဖြူလေးကို ယူ၍ ဧည့်ခန်းရှိ Show Case ပေါ် တင်လိုက်ပြီး၊ ဈေးသို့ အတူထွက်လာခဲ့ပါသည်။

"ဒီနေ့ ဘာချက်စားမှာလဲ. . . ညာ"

"အုန်းနို့ခေါက်ဆွဲ ချက်စားမယ် ကိုရဲရဲ့။ ညနေအတွက် ကြက်သားနဲ့ဘူးသီး ကာလသားဟင်း ချက်မလို့"

"ကျွန်တော်တို့ လာဝိုင်းကူပေးမယ်လေ"

"ကူရမှာပေါ့၊ အုန်းသီးခြစ်ဖို့ တပ်ကူ လိုတဲ့ဟာကို. . .။ လာ. . . ဈေးဝယ်ကြစို့"

သူမတို့ ဝယ်စရာရှိတာတွေ စုံလင်အောင်ဝယ်၍ တိုက်ခန်းကို ပြန်ရောက်တော့ အကုန်လုံး နိုးနေလေပြီ။ မီးဖိုခန်းလေးထဲမှာ ရှစ်ယောက်သား စုပြုံ၍ ပျော်ပျော်ပါးပါး ချက်ပြုတ်စားသောက်ပြီး လက်ဖက်သုပ် စားနေစဉ် ကျော်စွာက သူမအနီးသို့ကပ်၍ တိုးတိုးလေး ပြောလိုက်လေ၏။

"ညာ့ဖို့ ကျွန်တော် လက်ဆောင် ပေးထားတယ်နော်"

"ဘာလက်ဆောင်လဲ"

"အရုပ်"

"ဟင်. . . ဝက်ဝံရုပ်လား"





"မဟုတ်ပါဘူး. . . ယုန်ရုပ်လေးပါ။ စနိုး သိမ်းထားပေးတယ်"

"ဪ. . . ကျေးဇူးပဲနော်"

ဝဏ္ဏက လက်ဖက်စားနေရာမှ Show Case ပေါ်တွင်ရှိ ဝက်ဝံရုပ်ကို သတိထားမိသွားသည်။

"ဒါ. . . ဘယ်သူ့ဟာလဲ"

"ဟယ်. . . ဟုတ်ပ။ ဘယ်တုန်းက. . . ရှိနေမှန်းတောင် မသိဘူး"

"စနိုးအရုပ် မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ညာ့ဟာပါ. . ."

"ဟင်. . . ဘယ့်တုန်းက ဝယ်လိုက်တာလဲ။ ငါတို့တောင် မသိသေးဘူး"

"မဝယ်ပါဘူး. . .။ သူများ လက်ဆောင်ပေးတာပါ"

"ဘယ်သူပေးတာလဲ"

သူမ တစ်ချက်ပြုံးလိုက်ပြီး မသိမသာလေး သူ့ကိုကြည့်လိုက်တော့ နီရဲသောမျက်နှာဖြင့် ခေါင်းငုံ့၍ ရှက်နေသည့် ကောင်လေးကို တွေ့လိုက်ရလေသည်။

"ဘယ်သူပေးပေးပေါ့ဟယ်"

"အမယ်. . . ဒိုင်လျှိုမလုပ်နဲ့လေ ညာရဲ့။ ပြောပါ. . ."

"ကာယကံရှင်က မသိစေချင်ဘူးတဲ့"

"ဒီလိုလား"

ကျော်စွာ ကွက်ခနဲ မျက်နှာပျက်သွားပါ၏။ သူ့ထက် ပိုဦးသူ ရှိနေပါရောလား။ သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွလေး ချလိုက်မိ၏။

"ည ရုပ်ရှင်သွားကြည့်ရင် ညာရော. . . မလိုက်ဘူးလား"

'အမှန်တော့ မလိုက်ချင်ဘူး. . . ကိုဝဏ္ဏရဲ့။ ညာက တစ်ယောက်တည်း စာအုပ်တစ်အုပ်နဲ့ ငြိမ့်နေရတာကို ပိုကြိုက်တယ်"

"ဒါဆို ညာတစ်ယောက်တည်း. . . ကျန်ရစ်ခဲ့မှာပေါ့။ ကျွန်တော်တို့ပါ အကုန်သွားကြမှာ"

"အေးလေ ညာရဲ့. . . လိုက်ခဲ့ပါတော့။ နင်ကြိုက်တဲ့ ဝတ်ခေါင်းသုပ် ဝယ်ကျွေးပါ့မယ်ဟဲ့. . .။ လိုက်ခဲ့နော်"

သူမကို ကလေးတစ်ယောက်လို ဝိုင်းချော့နေကြသဖြင့် သူမ ခေါင်းကိုသာ ညိတ်ပြလိုက်ရတော့၏။ သူတို့အားလုံးကို ပျော်စေချင်ပါသည်လေ။

ညနေ ၆ နာရီခွဲပွဲကြည့်မှာမို့ ဖြီးလိမ်း ပြင်ဆင်နေကြ၏။ ခေါင်းကို အုန်းဆီလိမ်းနေစဉ် ရင်ရင်က သူမကို ပြောလိုက်လေသည်။ ခန္ဓလယ်က လျှော်ထားသည့်

"ဆံပင်ကို ဒီအတိုင်း တစ်ခါတလေလေး. . . ချပါလား ညာရယ်"

"ဟယ်. . . ညဘက်ကြီးကို"

"တစ်ဝက်ဖြစ်ဖြစ် စည်းပေါ့. . .။ နင့်ဆံပင်အိအိလေး





ေတွကို လိမ်ပြီးခေါက်တင်တာ နာကုန်ပြီ. . .။ တကတည်းမှပဲ"

"ညာရေ. . . ဟိုတစ်လက ငါဝယ်ပေးတဲ့ ဝတ်စုံလေး ဝတ်ါဟယ်. . . နော်"

"လုပ်ပြန်ပြီ သဇ္ဇာရယ်. . .။ မိုးချုပ်ကြီး အဖြူဝတ်ရင်ာင်းနေမှာပေါ့။ ရှက်စရာကြီး"

"ဘာဖြစ်လဲ. . . ဝတ်သာဝတ်"

"ညာ. . . ရုပ်အညိုကွက်လေးပဲ ဝတ်မှာပါ"

"မလုပ်ပါနဲ့ဟယ်. . . အဲဒီအဖြူလေး ညာ တစ်ခါမှ မဝတ်ေသးဘဲနဲ့. . . မရဘူး ဝတ်. . .။ ဟဲ့. . . စန္ဒီးရေ. . . ပြင်လို့မပြီးေသးဘူးလား. . .။ ကြာလိုက်တာ"

သူမ သဇ္ဇာဝယ်ပေးသည့် အင်္ကျီအဖြူလေးကို အနက်ခံမှာအဖြူစပေါ့လေးများပါသည့်လုံခြည်နှင့် တွဲဝတ်လိုက်ပါ၏။ ဆံပင်ကို ရင်ရင်က တစ်ဝက်စည်းပေးပြီး မှန်ရှေ့ ရပ်ကြည့်လိုက်တော့အရင်ပုံစံနှင့် မတူသည့် သူမကိုယ်သူမ ပြန်မြင်လိုက်ရလေသည်။ သူမ ခုတင်ပေါ် ထိုင်ချလိုက်ပါ၏။

"ဟဲ့. . . ညာ"

"ညာ. . . မလိုက်ချင်တော့ဘူး"

"ဟယ်. . . ဘယ်လိုဖြစ်တာလဲ။ ကိုရဲတို့တောင် အောက်ကြိုစောင့်နေပြီဟာကို. . .။ အဲဒီလို မလုပ်ပါနဲ့ဟာ"

"အေးလေ. . . လာ. . . ထ. . . သွားမယ်"

သူမကို ဟိုဘက်ဒီဘက် တွဲထူကာ အပြင်သို့ ထွက်ခဲ့ကြ

ဏ်။ လှေကားထစ်တွေကို ဝရန်းသုန်းကား ဆင်းခဲ့ပြီး လမ်းပေါ် ရောက်စဉ် လက်ဖက်ရည်ဆိုင်ထဲမှ သူတို့အုပ်စုလည်း ထွက်လာလေသည်။ အဖြူရောင် ဘလောက်စ်အကျီလေးပေါ်မှာ အသည်းပုံ အနက်စ ပေါ့သေးသေးမှုန်မှုန်လေးများကြဲ၍ ကော်လံပါအကျီ လက်ဖောင်းလေးဖြင့် နုနယ် လှပနေပါသည့် မိန်းကလေးကို သူတို့အုပ်စု ငေးကြည့်သွားမိရ၏။ သူမက သူတို့ကို မျက်စိပြူးကြည့်လိုက်ပြီး မျက်နှာလေး ရဲတက်သွားလေ၏။

"ဟယ်. . . ဘာဖြစ်လို့ ဒီလောက်ထိတောင် ကြည့်နေကြတာလဲ"

"ဟို. . ."

"ညာက ခါတိုင်းလို ကပိုကယိုဖက်ရှင်လေး မဟုတ်တော့လို့ အံ့သြနေတာပါ ရင်ရင်ရဲ့"

"ညာကြီးတော့. . . ဒီတစ်ခါ ညာ့ခြေသလုံးတင် မဟုတ်ဘူး။ တစ်ကိုယ်လုံးပါ ကိုက်စားချင်စိတ် ပေါက်နေပြီဗျ"

"ဟာ. . . ခွေးသား ဝဏ္ဏ"

ရယ်သံတွေ အုန်းခနဲ ထွက်လာ၏။ မြို့ထဲဘက်ကို ခပ်မှန်မှန် လျှောက်ခဲ့ကြသည်။ ကျော်စွာနှင့်ဝဏ္ဏ လက်မှတ်သွားဝယ်စဉ် သူမတို့ ဝက်ခေါင်းသုပ်ဆိုင်မှာ ထိုင်ဖြစ်ကြ၏။ အသုပ်ကို အရင်မှာထားလိုက်ပြီး သူက အကြမ်းပန်းကန်လုံးတို့ကို ရေနွေးနည်းနည်းလောင်းဆေးလိုက်ပြီးမှ ရေနွေးဖြည့်ပေးလိုက်သည်။ ကျော်စွာတို့ ရောက်သည်နှင့် အသုပ်တွေ အဆင်သင့်ဖြစ်ပြီမို့ စားကာ၊ သူ





ငွေရှင်းတော့ သူက သူမလက်ကို ဆွဲလိုက်မိ၏။

"ညာ. . . ကျွန်တော် ရှင်းမှာ"

"ဟယ်. . . မဟုတ်တာ။ ရှစ်ပွဲဆို မနည်းဘူး ကိုရဲရဲ့။ နေပါစေ. . . ညာပဲ ရှင်းပေးလိုက်မယ်"

"မလုပ်ပါနဲ့. . . ကျွန်တော် ရှင်းပါရစေ"

"ကဲ. . . ငြင်းမနေနဲ့ဟေ့။ ငါ ရှင်းပြီးပြီ"

သဉ္ဇာက ပြောပြီး ထရပ်လိုက်သဖြင့် သူမတို့ အကုန်လုံးထွက်လာကြသည်။ ဝဏ္ဏနှင့်စနိုးတို့ မုန့်တွေ ဝယ်နေကြတာမို့ သူတို့ကို ရပ်စောင့်နေစဉ် ကောင်လေးတစ်အုပ်က သူမအနီးမှ အဖြတ်ဝင်တိုက်မိသွားသဖြင့် ယိုင်သွားစဉ် သူက သူမလက်မောင်းလေးကို ဖမ်းထိန်းလိုက်ပါ၏။ ရုံထဲဝင်ကြတော့ အချိန်နီးပြီမို့ ပြူဝင်လိုက်တာ မှောင်မှောင်မဲမဲထဲ စမ်းတဝါးဝါး လျှောက်ကြရတော့သည်။ အလျှိုလျှို အသီးသီး ဝင်သွားသည့်အတန်းထဲ မြောက်သောက်ဝင်ထိုင်မိစဉ် သူမနှင့် သူက လမ်းမကြီးဘက် အစွန်ဆုံးဖြစ်နေလေ၏။

ကြော်ငြာတွေ ပြနေစဉ် လက်ဆင့်ကမ်း ပေးလာသည်မို့ မုန့်ထုပ်တို့ကို သူမ ခေါင်းခါပြ၍ မယူဖြစ်ပါ။ ရုပ်ရှင်ကြီး စပြစဉ် သူမလက်ထဲသို့ PK ဘူးလေး ရောက်လာသဖြင့် ဖျပ်ခနဲ လှည့်ကြည့် သူက ပိတ်ကားဆီသို့သာ အကြည့်ကို ပို့ထားလေ၏။ သူမ လှစ်ခနဲ ပြုံးမိသည်။ ဘာလုပ်လုပ် နိုးကြောင်နိုးဝှက် လုပ်တတ်သူ့နှင်းသည့်သူ့ကို အသည်းတယားယားဖြစ်မိ၏။ ဘယ်လိုလေးမှန်း

ကို မသိပါဘူး။

အပြန်မှာတော့ မထင်မှတ်ဘဲ မိုးက တဝေါဝေါရွာလေ တော့သည်။ ဘယ်သူမှ ထီးယူမလာသဖြင့် မိုးရေတောထဲ ဒီအတိုင်း ပြန်ကြရတော့မည်။ မိုးချုပ်နေပေမယ့် ယောကျ်ားလေးအုပ်စုနှင့် အတူပြန်ရမည်မို့ ရေစိုလျှင် အသားကပ်တော့မည့် အင်္ကျီအဖြူ ကြောင့် သူမ စိတ်ရှုပ် ထူပူကာ နောက်ဆုံးမှာ ရပ်ကျန်ခဲ့၏။ အလျှို လျှို ပြေးထွက်သွားကြသည့်အုပ်စုထဲမှ သူက သူမကို ပြန်လှည့်ခေါ် ပါသည်။

"လာလေ. . . ညာ"

သူမ ခေါင်းကို ခါယမ်းပြလိုက်၏။ သူက ဝတ်ထားသည့် ရှပ်လက်တို မီးခိုးရောင်လေးကို ကြယ်သီးဖြုတ်၍ ချွတ်လိုက်ပြီး သူမအင်္ကျီပေါ်မှ ထပ်ဝတ်စေပါသည်။ စွပ်ကျယ်ချိုင်းပြတ်လေးဖြင့် မိုးရေထဲ အရင်ဆင်းကာ သူမကို လက်ကမ်းပေးလိုက်၏။ သူမက သူ့ထံ ပြန်လက်ကမ်းလျက် လေ့ကားထစ်အရင်းမှာ အိုင်နေသည့် ရေစီးကြောင်းကို ကျော်လိုက်ပါသည်။

သူ့ဆွာ လက်နှစ်ဖက်ပိုက်ကာ သူမနှင့်အတူ လျှောက်ခဲ့၏။ လင်းခနဲ လက်သွားသည့် လျှပ်ရောင်ကြောင့် သူ့လက်မောင်းကို လှမ်းဆွဲမိတော့ သူက သူမလက်ကလေးကို ချိုင်းကြားထဲညှပ်ကာ ဆက်လျှောက်လာခဲ့ပါသည်။ အာရုံထဲမှာ လွန်ခဲ့သည့် သုံးနှစ်ကျော် က မြင်ကွင်းတို့ကို မြင်နေရ၏။ ဒီလိုပဲ မိုးတွေရွာနေတုန်း သူမကို ကိုကြီး ပွေ့ချီခဲ့တာလေ။





မျက်ရည်တို့က မိုးရေတို့နှင့်အတူ ရော၍ စီးကျသွား၏။ တ်နှင့်လူက မကပ်တော့။ မျဉ်းကျားကူးရန် ရပ်ရမှာကို သတိ ားမိဘဲ သူမခြေလှမ်းတို့ကို ဆက်လှမ်းလိုက်သည်။

ကားမီးရောင်တွေ လင်းထိန်သွားစဉ် သူမလက်ကို ဆတ် နဲဆွဲ၍ ပွေ့ဖက်လိုက်သည့်အသိကိုသာ နောက်ဆုံး သိလိုက်လေ ၏။

"ညာ. . . ညာ"

သူ ပွေ့ဖက်ထားသည့် လက်အစုံကြား သူ့ရင်ခွင်ထဲမှ မှုပ်လျက် သူမ ငိုရှိုက်နေမိ၏။ သူက ဘာမှ ဆက်မပြောတော့ လမ်းဆုံကြီးမှာ ဒီအတိုင်း မတ်တတ်ရပ်နေရတော့သည်။ နံဘေး တ်သွားသည့် ကားတွေပေါ်မှ ဟွန်းသံနှင့်အတူ ဟေးခနဲ အော် တို့ကို ကြားနေရပေမယ့် သူမကို အငိုတိတ်အောင် ဘယ်လိုမှ ချော့တတ်ပေ။

ရှေ့မှကူးသွားသည့် နှစ်အုပ်စုကလည်း အနောက်ကို လှည့် ဖော်မရ။ သူတို့နှစ်ယောက်ကျန်ခဲ့တာကိုလည်း သတိမထား ။

သူ. . .၊ သူမမေးစေ့လေးကို ကိုင်လှုပ်လျက် သတိဝင် င် တတွတ်တွတ် အော်ခေါ်နေစဉ် သူမ၏ မျက်လုံးဝိုင်းဝိုင်း ား ဖျပ်ခနဲ ပြန်ပွင့်လာလေ၏။

သူမ သူမလက်မောင်းလေးကို တင်းတင်းကျပ်ကျပ်လေး င်၍ ကားလမ်းတွေ တစ်ခုပြီးတစ်ခုကူးကာ တိုက်ခန်းရှိရာ

သို့ ပြန်ခဲ့လေ၏။ သေချာပါတယ် ညာ...။ ကိုယ်တော့ ဒီည
တစ်ညလုံး အိပ်လို့ပျော်နိုင်မယ် မထင်တော့ပါဘူး။

❁ ❁ ❁



အခန်း ( ၁၈ )

"ညာတော့ ဖျားနေပြီ ကိုရဲရေ...။ အဲဒါ ၁၀ နာရီကျရင် နောက်ဘက်တိုက်အောက်က 'မေတ္တာရိပ်' ဆေးခန်းကို လိုက်ပို့ လိုက်ပါနော်။ စနိုးတို့သုံးယောက်လုံး ဒီနေ့ ခွင့်ယူလို့ မရလို့ပါ။ အတွက် ရင်ရင် ကြက်သားဆန်ပြုတ် ပြုတ်ပေးခဲ့တယ်။ သူ ာက်ခါနီး နွှေးပေးလိုက်ပါဦး။ အခန်းကို စေ့ရုံပဲ စေ့ခဲ့တယ်။ ကြာ... အထဲမှာ သူ တစ်ခုခုဖြစ်နေမှာစိုးလို့ သိလား"

"ဟောဗျာ... ညာက တော်တော်နေတာပဲ"

"ခါတိုင်း... ဒီလောက်မဟုတ်ပါဘူး ကိုရဲရဲ့။ မနေ့က ရတော့ထဲ လျှောက်တုန်း သူ အတိတ်ကို ပြန်သတိရသွားတာ။ စိတ်ထိခိုက်သွားလို့ပဲ"

"ဩော်. . . ဖြစ်ရလေ ညာရယ်"

သူက ဆိုင်ထဲမှာ မြင်လက်စ TV ကို လက်စသတ်လိုက်ပြီး တိုက်ခန်းပေါ် တက်ခဲ့၏။ ၈ နာရီခွဲနေပြီမို့ သူမကို တစ်ခုခုကျွေး ရန် အရင်ပြင်ရမည်မို့ သူမ အခန်းတံခါးကို အသာ တွန်းဖွင့်ဝင် သည်။ မီးဖိုပေါ်ရှိနေသည့် ဆန်ပြုတ်အိုးကို မီးခလုတ်ဖွင့်လိုက်၏။ အုပ်ဆောင်းဖြင့် အုပ်ထားသည့်စားပွဲကို လှမ်းကြည့်လိုက်တော့ ငရုတ်ကောင်းမှုန့်ဘူးနှင့်အတူ သေးသေးလေး ညှပ်ထားသည့် ကြက် သွန်မြိတ်ပန်းကန်ကို တွေ့ရ၏။ အိပ်ခန်းတံခါးကို အသာတွန်းကြည့် တော့ နှစ်လုံးဆက်ထားသည့် ခုတင်ပေါ်မှာ ခွေခွေလေး အိပ်ပျော် နေသည့် သူမကို မြင်ရလေသည်။ အခန်းထဲသို့ ခြေသံဖွ၍ ဝင်ပြီး ရင်း သူမနဖူးကို အသာစမ်းမိတော့ ကိုယ်က တော်တော်ပူနေသေး ၏။

စောင့်မကြည့်လို့ မဖြစ်ဘူးထင်၏။ အောက်ထပ်သို့ ဆင်း ခေါက်ပြေးဆင်း၍ ဝဏ္ဏကို ဆေးခန်းမှာ တိုကင်သွားယူခိုင်းရသည် စတိုးဆိုင်မှ ပါရာစီတမောဝယ်ကာ အပေါ်ပြန်ဟက်လာခဲ့၏။ ဆန် ပြုတ်အိုးကို မီးခလုတ် ပိတ်လိုက်ပြီး ပန်းကန်လုံးကြီးကြီးတစ်ခု ဗီရိုထဲမှယူ၍ ဆန်ပြုတ် ထည့်လိုက်ပါ၏။ ငရုတ်ကောင်းနှင့် ကြက် သွန်မြိတ်ကို အပေါ်မှ အသာဖြူးလိုက်သည်။

ပန်းကန်ပြားတစ်ချပ်ပေါ်မှာ ဆန်ပြုတ်ပန်းကန်လုံး တင်၍ သူမ အိပ်ပျော်နေသည့် ခုတင်ဘေးစားပွဲပေါ် တင်လိုက် ပါသည်။ လိုအပ်၍ ဆေးထိုးသင့်လျှင် ထိုးပါက အစာတစ်ခုခု





ဖြစ်မည်မို့ သူမကိုကျွေးရန် နိှုးရပေမည်။ ထိုင်ခုံပေါ်ထိုင်၍ သူမထံ က်ကိုလှမ်းစဉ် မျက်နှာပေါ်မှ သွေးကြောစိမ်းစိမ်းလေးများကို ငေးသား ကြည့်နေမိ၏။

တင်းတင်းစေ့ ပိတ်ထားသည့် ချစ်စဖွယ် နှုတ်ခမ်းလေး စ်စုံ၊ သူ ကိုင်လှုပ်ခဲ့သည့် မေးစေ့လုံးလုံးလေး၊ နက်မှောင်ကာ ည်၍ကော့နေသည့် မျက်တောင်စိပ်စိပ်လေးများ၊ နဖူးပေါ် ကပို ယို ဝဲကျနေသည့် ပိတုန်းရောင် ဆံနွယ်လေးတွေ၊ အို. . . ဘယ်လို ကြည့်ကြည့် ကြည့်မဝနိုင်သည့် မျက်နှာလေးကို တစိမ့်စိမ့်ကြည့် ရင်း သူ့ရင်ထဲမှာ တဒုတ်ဒုတ်နှင့် တိုး၍ခုန်လာသည့် ရင်ခုန်သံ ကို အတိုင်းသား ကြားနေရ၏။

ဒါ အချစ်ပေါ့ ညာ. . . ။ စတွေ့ခါစက ရန်ထောင် ဖောင် ခဲ့သည့် သူမ၏နှုတ်ခမ်းလေးကို မမေ့နိုင်ဘဲ မကြာခဏ စကား ကြရင်း စွဲလမ်းနေခဲ့ရတာ အချစ်ပေါ့။ ဖွင့်ပြောခွင့် ရချင်ပေ ညာ့ရင်ထဲက မကျက်သေးတဲ့ ဒဏ်ရာတွေကို ပို၍ဆိုးရွား င် လုပ်သလို ဖြစ်နေမှာစိုးလို့ ကိုယ့်ကိုယ်ကို ချုန်းအုပ် ထိန်းချုပ် ဉ်မှာ အကြံ့တူနေသည့် ကျော်စွာနှင့် သူ ယှဉ်ပြိုင်ရတော့မည်။ ည်ရော၊ အရုပ်အမောင်းပါ သူ့ထက် သာလွန်သည့် ကျော်စွာ သူ မယှဉ်သာပေမယ့် နှလုံးရည်ချင်း ယှဉ်ပြိုင်စဉ်မှာတော့ င်ရချင်ပါသည်လေ။

သူ အရုပ်ပေးသည့်နေ့မှာပင် ကျော်စွာကလည်း သူမကို ဖြူလေး ဝယ်ပေးခဲ့သည့် တိုက်ဆိုင်မှုက သူ့ကို ပို၍တွေဝေစေ

လေ၏။ အချိန်အတိုင်းအတာအရ သူနှင့် အများဆုံး ရင်းနှီးခွင့်ရ သော်လည်း ည ၈ နာရီပြန်တိုင်း အတူတူပြန်လေ့ရှိကြသည့် ကျော်စွာနှင့် သူမက သူ့ထက် ပိုရင်းနှီးနေလေသလား။

ပထမနေရာကို ရပိုင်ခွင့် မရှိသော်ငြား၊ ဒုတိယလူ ဖြစ်ခွင့် လေးတော့ ပေးပါလား ညာ့ရယ်. . .။ ဒဏ်ရာတွေနဲ့ မွန်းကျပ်ပြည့် သိပ်နေတဲ့ ညာ့ရဲ့နှလုံးသားကို အေးမြတဲ့ မေတ္တာရေစင်လေး ကိုယ် ပက်ဖျန်းပေးပါရစေ။ နာကျင်စရာတွေသာ ပြည့်နှက်နေ တဲ့ ညာ့ရဲ့ အတိတ်အိပ်မက်ဆိုးတွေထဲက ဆွဲထုတ်ပိုင်ခွင့် ရချင် ပါတယ် ညာရယ်. . .။

အပြုံးတို့ ရှားပါးလှတဲ့ ညာ့ရဲ့ တည်တင်းတဲ့ မျက်နှာလေး မှာ အပြုံးချိုချိုလေးတွေ ဖြစ်တည်စေဖို့ ကိုယ်ပြုလုပ်ပေးချင် တယ်။ တစ်ယောက်တည်း ငေးငေးငိုင်ငိုင်နဲ့ အတွေးလွန်နေတတ် တဲ့ညာ့ကို ချစ်စကားတွေကိုသာ ဖွဲ့နွဲ့တီတာစွာ ပြောဆိုတတ်အောင် ဖို့ ကိုယ် သင်ပေးပါရစေ။

အမှတ်မထင် နမ်းရှိုက်မိခဲ့ဖူးတဲ့ ညတစ်ညကစပြီး ကိုယ် ရဲ့အိပ်မက်တွေထဲမှာ သနပ်ခါးရနံ့တွေသာ လှိုင်လှိုင်မွှေးခဲ့တာ အမှန်ပါ ညာ. . .။ ဖဲဒီပါးပြင်လေးကို တရားဝင် နမ်းရှိုက်ပိုင်ခွင့် ကိုယ် ရနိုင်ပါ့မလား. . .။ ဖျပ်ခနဲ ကိုင်မိခဲ့ဖူးတဲ့ ခပ်နွေးနွေး လက် ကလေးကို တစ်သက်တာ ဆုပ်ကိုင် လက်တွဲခွင့် ကိုယ် ရယူချင် တယ် ညာရယ်. . .။

❀





လေးပင်သော မျက်တောင်တို့ကို ခပ်ဖြည်းဖြည်းဖွင့်လိုက် ၏။ မြင်ကွင်းထဲမှာ သူမမျက်နှာကို အငေးသား ထိုင်ကြည့်နေ သည့် သူ့ကို မြင်လိုက်ရ၍ သူမ ဆတ်ခနဲ ထထိုင်လိုက်ပါသည်။ . . . ခေါင်းထဲမှာ ကိုက်ခဲလိုက်တာနော်. . .။

“ဖြည်းဖြည်း ညာ. . .။ ကျွန်တော် ဆန်ပြုတ်တိုက်ဖို့ လာ တာပါ. . .။ ညာ အိပ်မောကျနေတော့ မနှိုးရက်တော့ဘူး”

“ရပါတယ်”

“ဆန်ပြုတ်သောက်လိုက်ပါဦး. . .။ ပြီးရင် ပါရာလေးတစ် လောက်သောက်ပြီး ပြန်မှိန်းနေပါ။ ၁၀ နာရီ. . . ထိုးခါနီးရင် ကျွန်တော် လာပြန်နှိုးပါ့မယ်။ ဆေးခန်းမှာ ဝဏ္ဏ တိုကင်ယူပြီးပါပြီ။ ကျွန်တော် ဧည့်ခန်းမှာပဲ ထိုင်စောင့်နေမယ်နော်”

“အားနာလိုက်တာ”

“မလိုပါဘူး ညာရယ်. . . မိတ်ဆွေသူငယ်ချင်းတွေပဲဟာ။ ဆန်ပြုတ်လေးပူတုန်း. . . သောက်လိုက်ပါဦး”

သူမက ဆန်ပြုတ်ပန်းကန်ကိုကိုင်စဉ် လက်တွေ တုန်နေ သဖြင့် သူကပင် ကိုင်ထားပေးပါသည်။ အတော်များများ သောက် ပြီးတော့ ဆေးတိုက်ကာ ပြန့်လှဲနေစေသည်။ လွှမ်းခြုံထားသည့် စောင်ကို ပိုလုံအောင် ပြန်ခြုံပေးလျက် ဆန်ပြုတ်ပန်းကန်ကို ယူကာ အခန်းအပြင်သို့ ထွက်လာခဲ့လေသည်။

ဧည့်ခန်းမှာ စာအုပ်ဖတ်၍ တအောင့် ထိုင်စောင့်နေပြီး ၁၀ နာရီ ထိုးခါနီး သူမကို နှိုးရန်ထလာစဉ် အခန်းထဲမှာ အဝတ်

အစားလဲ၍ ထွက်လာသည့် သူမကို တွေ့လိုက်ရ၏။ ရှပ်အင်္ကျီအညို ကွက်လေးနှင့် လုံချည်အညိုကို တွဲဝတ်၍ မျက်နှာလေး ညှိုးနွမ်း ကျနေသည့် သူမကို သူက ကရုဏာသက်မိနေသည်။

"သွားမယ် ကိုရဲရေ. . . အဖျားတော့ သိပ်မရှိတော့ပါဘူး ဆေးခန်းပြပြီးရင် အဲဒီနားမှာ မုန့်တီ ဝင်သောက်ရအောင်နော်"

"ဟာ. . . ညာကလည်း နေမကောင်းဖြစ်နေတဲ့ဟာကို တော်ကြာ မတည့်မှ ဒုက္ခ"

"ရိုးရိုး အအေးမိပြီး ဖျားတာပါ ကိုရဲရယ်. . . တည့်ပါ တယ်။ ဪ. . . ကိုရဲကို ညာ အင်္ကျီအသစ်တစ်ထည် ပြန်ဝယ် ပေးမယ်နော်"

"ဘာဖြစ်လို့လည်း ညာရဲ့. . . ညတုန်းက အင်္ကျီ ပြန်ပေး ရင် ပြီးတာပဲ။ မဝယ်ပါနဲ့"

"မဟုတ်ဘူး ကိုရဲရဲ့. . . ညာဝတ်ပြီးသားအင်္ကျီကို ကိုရဲ ပြန်ဝတ်ရင် ဘုန်းနိမ့်မှာစိုးလို့ပါ"

"ကျွန်တော် ပြန်မဝတ်ဘူးလေ. . .။ အမှတ်တရပဲ သိမ်း ထားလိုက်ပါ့မယ် ညာရယ်"

သူမက အမှတ်မထင် ဖျပ်ခနဲ မော့ကြည့်လိုက်တော့ သူ့ သူ့ခြေထောက်ကို ငုံ့ကြည့်၍ အကြည့်ကို လွှဲထားလိုက်လေ၏။ ဪ. . . ကိုရဲရယ်။ ဆင်ခြင် ထိန်းသိမ်းနေမှန်း သိထားပေမဲ့ လွတ်ခနဲ လွတ်ထွက်လာတတ်တဲ့ ကိုရဲရဲ့ သံယောဇဉ် တစ်စွန်းတစ စကို ညာ မြင်နေ သိနေပါတယ်။ ဒါပေမဲ့ ကိုရဲရယ်. . .။ ညာဟာ





အချစ်ဆိုတာကို သိပ်ကြောက်နေတဲ့ မိန်းကလေးတစ်ယောက် ဖြစ် နေခဲ့ပါပြီ။ ကိုရဲတို့ တစ်အုပ်စုလုံးကို တရင်းတနှီး ပေါင်းသင်းနေ ပေမယ့် ညာနဲ့ တစ်အူထုံ့ဆင်း မောင်နှမတွေ၊ အစ်ကိုတွေလိုသာ သဘောထားချင်ပါတယ်. . .။

ပြီးတော့ ကိုရဲလို စိတ်ထားအင်မတန်နူးညံ့တဲ့ ကောင်လေး နဲ့ ညာ့လို အသည်းကွဲဖူးတဲ့ မိန်းကလေးနဲ့ မတန်ပါဘူးကွယ်။ တမင် မှတ်ထားခဲ့တဲ့ အတိတ်ဆိုးတစ်ခုကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကိုရဲ တို့အားလုံးကို သိစေချင်ပါတယ်။ ဒါမှလည်း ကိုရဲတို့ လေးယောက် လုံးဟာ ညာ့အပေါ်မှာ ညီမလေးတစ်ယောက်လို တစ်သက်လုံး သဘောထားသွားနိုင်မှာလေ. . .။ ညာ့နှလုံးသားက အဖြူရောင် လေး မဟုတ်တော့ပါဘူး။ အမဲစက် ကျခဲ့ဖူးလို့ အမဲကွက်ကြီး ၁၇န်း သင်းနေခဲ့တဲ့ အကျည်းတန် နှလုံးသားတစ်ခု ဖြစ်နေခဲ့တာကို ကိုရဲ တို့ကို သိထားစေချင်တာ အမှန်ပါလေ. . .။

ဆေးခန်းရောက်တော့ ထိုင်ခုံမှာ ခဏထိုင်စောင့်ပြီး သူမ အလှည့်မှာ အထဲသို့ ဝင်လာခဲ့ပါ၏။ ဒေါက်တာခင်မေလွင်က သူမ ကို မြင်တော့ နှစ်မြို့က်စွာ ပြုံးပြလိုက်ပါသည်။

"တစ်ယောက်တည်းလား ညာ. . .။ ဘာဖြစ်ပြန်ပြီလဲ"

"အစ်ကိုတစ်ယောက် လိုက်ပို့ပါတယ် မမ။ မိုးမိပြီး ဖျား တာပါ"

အဖျားတိုင်း၊ သွေးပေါင်ချိန် တိုင်းပြီးတော့ ဒေါက်တာက သူမကို သောက်ဆေးအတွက် ဆေးညွှန်း ရေးပေးသည်။

"အဖျားက နည်းနည်းပဲ ရှိတာပါ။ ကောင်တာမှာ ထုတ်ယူသွားနော်။ မျက်စိရော. . . သွားစစ်ကြည့်သေးလား ညာ"

"ဟင့်အင်း မမ. . . ကြည့်နေကျ စာကြည့်မျက်မှန်ကိုပဲ တပ်ဖြစ်နေတုန်းပါ။ အားလည်း မအားသေးတော့. . ."

"တစ်ရက်တော့ သွားဖြစ်အောင် သွားလိုက်လေ ညာ။ တော်ကြာ မျက်မှန်အထူကြီး တပ်ရတဲ့အထိ မှုန်သွားရင် မကောင်းဘူး။ နေဦး. . . ညာ့အစ်ကိုကိုပဲ ထွက်ပြောလိုက်တော့မယ်"

သူမနှင့်အတူ ဒေါက်တာပါ ထွက်လာတော့ သူက သူ့လက်ထဲမှ စာရွက်ကိုယူ၍ ဆေးယူကာ ငွေရှင်းလိုက်ပါသည်။

"ညာ့ကိုကိုရေ. . . ညီမလေးကို တစ်ရက်လောက် မျက်စိသွားစမ်းပေးလိုက်ဦးနော်။ သူ့မျက်စိက တစ်ခါတစ်ခါ မျက်ရည်တွေ ကျလာတတ်တယ်။ မပေါ့ကြနဲ့"

"ဩော်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ ဒေါက်တာ"

"မမ. . . ညာတို့သွားတော့မယ်။ ကျေးဇူးတင်ပါတယ်နော်"

"အေး အေး ညာ. . . သွားဖြစ်အောင် သွားဦးနော်"

"ဟုတ်ကဲ့ပါ မမ"

သူတို့ အပြင်ပြန်ထွက်လာပြီး မုန့်တီဆိုင်မှာ ထိုင်လိုက်ကြ၏။ မုန့်နှစ်ပွဲ မှာလိုက်ပြီး ငါးဖယ်ကြော်၊ ပဲကြော်ဖြင့် လာချပေးသည့် မုန့်ပွဲတွေထဲသို့ ငရုတ်ရည်တွေ၊ ငံပြာရည်တွေ၊ အချဉ်ရည်တွေ ထည့်ကာ သူ့ထံသို့ သူမ တစ်ပန်းကန် ရွှေ့ပေးလိုက်လေသည်။





"ဟာ. . စပ်ကုန်မှာပေါ့ ညာရဲ့"

"မုန့်တီဆိုတာ အဲဒီလို စားရကာ ကိုရဲရဲ့။ စားကြည့်၊ အရသာရှိတယ်"

သူ နှာခေါင်းရှုံ့ပြလိုက်ပြီး မုန့်ရည်ကို တစ်ဇွန်းခပ်သောက်ကြည့်လိုက်၏။ ချိုချဉ်ငံစပ် ဖြစ်နေသည်မို့ တွန့်ခနဲ ဖြစ်သွားတော့ သူမက သဘောတကျဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။

"ကုန်အောင် စားရမှာနော်"

"ခုက္ခပါပဲ ညာရာ"

သူမက ရယ်ရယ်မောမောဖြင့် သူမ မုန့်ပန်းကန်လုံးထဲသို့ အချဉ်အငံအစပ်တွေ ခပ်များများ ထပ်ထည့်ကာ တရှုးရှုးနှင့် စားနေတော့၏။ သူမ စိတ်ဆိုးမည်ကို စိုးရိမ်သဖြင့် ကျိတ်မှိတ်ကာ ကုန်ကုန်အောင် အမြန်မျိုချရင်း သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲလာသည်။ သူမက နောက်ထပ် တစ်ပန်းကန် ထပ်မှာလျက် စားနေ၏။ သူစား၍ ကုန်သွားတော့ သူမက ထပ်မှာရန် ပြင်စဉ် သူ လန့်တကြား တားဆီးလိုက်ရပါသည်။

"မမှာပါနဲ့တော့ ညာ. . . တော်ပြီ။ ကျွန်တော် မသောက်တော့ဘူး. . . တကယ်ပါ"

"အကြော်နဲ့ ဟင်းရည်တော့ သောက်ပါ. . . ကိုရဲရဲ့။ ခပ်ပြေပေါ့"

"အင်း"

သူ သံရှည်ဆွဲ၍ပြောတော့ သူ့ကို သူမ တော်တော်သနားသွားရပါ၏။ သူ ဟင်းရည်သောက်အပြီးမှာ ဘေးနားရှိ မုန့်ဆိုင်မှ သကြားလုံးဝယ်၍ သူ့လက်ထဲသို့ သူမ ထည့်ပေးလိုက်ပါသည်။

"ဘာလဲ ညာ"

"ငုံထားလိုက်လေ. . .။ ကိုရဲ တော်တော်စပ်သွားတယ် မဟုတ်လား။ ညာက ဖျားနေတော့ အခိုးအငွေ့တွေ ပွင့်ချင်လို့ စားရင်း ကိုရဲကို ကျွေးမိတာပါ။ ညာ တောင်းပန်ပါတယ်. . . စိတ် မဆိုးပါနဲ့နော်"

သူ့မျက်နှာကို မော့ကြည့်၍ တောင်းပန်နေသည့် သူမ မျက်နှာလေးကို သူ အငေးသား ကြည့်နေမိရင်း ရင်ထဲမှာ တငြိမ့်ငြိမ့် ခုန်လာလေ၏။ ခုနကပဲ တစ်ခါမှ မတွေ့ဖူးခဲ့သည့် အပြုံးလေးကို မြင်ခွင့်ရခဲ့သည်။ ဟော. . . အခု သူ့မျက်နှာကို မျက်နှာငယ်လေးဖြင့် မော့ကြည့် တောင်းပန်နေပုံ ဟန်လေးကလည်း တစ်မျိုးလေး။ ညာရယ်. . . ကိုယ်တော့ ကြာရင် ရင်ထဲက အကြောင်းတွေ ပွင့်ထွက်ကုန်တော့မှာပဲ. . .။

တိုက်ခန်းလှေကားကိုတက်စဉ် မောသဖြင့် လှေကားသုံးထစ်အရောက်မှာ သူမ ရပ်လိုက်ရသည်။ သူက သူမကို ရပ်စောင့်နေတော့ သူမက အမိပွာယ်ဖော်၍ မရနိုင်သည့် မျက်ဝန်းလေးများဖြင့် သူ့ကို ကြည့်လာ၏။

"ကိုရဲ"

"ဟင်"





"ညာ့ကို. . . ညာ့ကို ညီမလေးလို့ ခေါ်နိုင်မလားဟင်"

သူ တအံ့တသြဖြင့် သူမကို ငုံ့ကြည့်လိုက်မိ၏။ သူမမျက်နှာ ပေါ်မှာ ခပ်နွမ်းနွမ်းအပြုံးလေး ပေါ်လာသည်။

"ကိုရဲသာ ညာ့အစ်ကိုဖြစ်ရင် ကိုရဲလက်မောင်းကို မှီပြီး ာ တက်ချင်လို့ပါ"

"ညာရယ်. . . ခွင့်တောင်းစရာ လိုလို့လား။ ဘာမှ မဖြစ် ဘူး. . . လာ"

သူမက သူ့လက်မောင်းကိုချိတ်၍ အားယူကာ လှေကား ဆက်တက်လာခဲ့သည်။ အခန်းဝ ပြန်ရောက်တော့ မောနေသည့် သံတိုးတိုးဖြင့် သူမ ထပ်ပြောလိုက်ပါ၏။

"ညာ့ကို ဘာကြောင့် ညီမလေးလို့ ခေါ်စေချင်သလဲဆိုတဲ့ ကြောင်းကို တစ်ရက်တော့ ညာပြောပြမှာပါ. . . တစ်ရက်ပေါ့"

"ရပါတယ်. . . ညာ. . . ကျွန်တော် နားထောင်ပေးမှာပါ။ ဆေးသောက်ပြီး အိပ်တော့နော်။ ကျွန်တော် ဆိုင်ခန်းမှာပဲ ရှိနေ ်။ ညာ ခေါ်ချင်ရင် ကော်ရစ်တာမှာ ထွက်ရပ်လိုက်။ သိလား"

"အင်း"

"ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ ပြောချင်ပါတယ် ညာ။ ကယ်လို့ ညာပြောတဲ့ စကားတွေကို နားထောင်ပြီးရင် ညာ့ကို မလေးလို့ ကျွန်တော် မခေါ်ချင်ဘူး။ အဲဒါ အမှန်ပဲ။ ပြီးတော့ နံစော့်ကိုလည်း ကိုကိုလို့ ခေါ်မှာကို ကျွန်တော် အခေါ်မခံနိုင် ဘူး"

သူမ့်နှုတ်ခမ်းလေး ခပ်ဟဟ ဖြစ်သွားလေ၏။ မျက်လုံးလေး အဝိုင်းသားဖြင့် ကြည့်နေပါသည့် သူမကို တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီး ဖျပ်ခနဲ ကျောခိုင်းလျက် သူ ဆင်းလာခဲ့တော့၏။ ဘာသဘောလဲ ညာ. . .။ ကိုယ့်ကို ရှေ့ဆက်ခွင့်မပေးဘဲ သံမဏိတံခါးကြီး ကြိုပိတ်ဖို့ မကြိုးစားပါနဲ့လား။ လေးယောက်စလုံးနဲ့ ရင်းနှီးနေပါလျက် ကိုယ့်ကိုမှ ဘာဖြစ်လို့ ဒီလိုအခေါ်အဝေါ်မျိုး ပြောင်းလဲ ခေါ်ဝေါ်စေတာလဲ ညာရယ်. . .။

ညာ့နှလုံးသားကို အရင်က လူဆီမှာပဲ အပြီးတိုင် ထားခဲ့တာကို ကိုယ် နားလည်ပါတယ်။ ဒါပေမဲ့ ညာရယ်. . .။ အတိတ်ကို အတိတ်မှာပဲ ထားခဲ့တာ အကောင်းဆုံးပါ။ ညာ့ရဲ့အတိတ်ကို ပြန်လွမ်းဆွတ် တမ်းတနေတော့လည်း ညာ့အတွက် ဘာတစ်ခုများ အကျိုးဖြစ်ထွန်းလာမှာတဲ့လဲ။ အတိတ်ကန့်လန့်ကာကို ဆွဲခွာပြီး ဘဝကို လက်တွဲကျကျ ဆက်လျှောက်နိုင်ဖို့ ဆွဲခေါ်ချင်တဲ့ ကိုယ့်လက်တွေကို ပုတ်ခါချဖို့ မင်း ပြင်နေပြီလားကွာ။

● ● ●



## အခန်း ( ၁၉ )

“ကိုဝဏ္ဏရေ. . .။ ဒါလေး မိတ္တူကူးပေးထားပါတဲ့”

“ညာကိုယ်တိုင် မလာဘူးလား”

“မသိပါဘူး. . .။ ညာတစ်ယောက် ဟိုတစ်ပတ် ဖျားပြီး
...တည်းက ရင်ရင်တို့ကို စကားတောင် ခပ်ဟဟ မပြောတော့ဘူး။
...ဘာဖြစ်လဲ မေးပြန်တော့လည်း ခေါင်းပဲ ခါပြတယ်။ အချိန်ပြည့်
...ကျောင်းစာအုပ်တွေနဲ့ တကုပ်ကုပ် လုပ်နေ၊ မှတ်နေတာပဲ”

“သူ့စိတ်ထဲ မကြည်လင်လို့နေမှာပါ ရင်ရင်ရယ်”

“ရင်ရင် ထားခဲ့ပြီနော်. . . သွားပြီ”

“အေး. . . အေး”

သူက အတွင်းဘက်မှာ ကက်စက်ပြင်နေရာမှ နားစွင့်

နေမိရင်း သက်ပြင်းကိုသာ ချလိုက်၏။ ဘယ်လိုလဲ ညာ၊ ကိုယ့်ဘက်က မလွန်သေးပါဘဲ မင်း ခုလိုရှောင်နေတော့ ကောင်းမလား။ မိတ္တူဆွဲတိုင်း ဟိုလူနဲ့ ခိုင်း၊ ဒီလူနဲ့ခိုင်း လူကြုံပါးနေတာ ဘယ်လောက်ကြာနေပြီလဲ။ ညတိုင်းတော့ ကျော်စွာနှင့် အတူပြန်ကြရင်း စကားစမြည် ပြောနေကြတာက ပုံစံမပျက်စေမယ့် သူ့ကို ရှောင်နေတာကတော့ ပိုပြီးသိသာစေနေပြီ။

"မင်းတို့ ဘာပြဿနာ ဖြစ်ကြသေးလဲ ငရဲ"

"ဟင့်အင်း"

"ပြဿနာ မရှိဘဲနဲ့တော့ သူ ဒီလိုမဖြစ်ပါဘူးကွာ။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာလဲ. . . မင်း သူ့ကို ဖွင့်ပြောလိုက်ပြီလား"

"ကျွတ်. . . မဟုတ်ပါဘူးကွာ"

"မဟုတ်ရင် ဘာလဲကွ. . .။ မင်းတို့ဟာက မင်းကလည်း ငူငူငိုင်ငိုင်. . .။ ဟိုတစ်ယောက်က မူပျက်. . . ဘာတွေလဲ"

"ဟာ. . . ငါ မသိဘူးကွာ။ စိတ်ရှုပ်ရတဲ့ကြားထဲ"

သူက ကက်ဆက်ကို ဒီအတိုင်း ထားလိုက်ပြီး ချွတ်ထားသည့် ရှပ်အင်္ကျီကို ယူဝတ်လိုက်၏။

"ဒါက ဘယ်လဲ"

"မြို့ထဲဘက်"

"ဒီကက်ဆက်က ညနေ လာယူမှာ မဟုတ်လား။ ဆိုင်ဖွင့်တာမှ ဘာမှမကြာသေးဘူး။ မိတ်ပျက်အောင် မလုပ်နဲ့"

"ခဏပဲ သွားတာပါကွာ. . . ပြန်လာရင် ဆက်ပြင်မှာပေါ့





သိတယ်. . .။ ဆရာ မလုပ်နဲ့"

ဝဏ္ဏကို ခပ်ဆောင့်ဆောင့်ပြော၍ ဆိုင်ပြင်သို့ ထွက်လာခဲ့၏၊ ရင်ထဲမှာ နုံးချိ၍ လူက မအီမသာ စိတ်ပြေလက်ပျောက်ဒီလျှောက်လိုက်သော်လည်း ဘာမှမထူး။ သိမ်ကြီးဈေးထဲရှိအကြက်သည်ဆိုင်မှာ မှာထားသည့် ပစ္စည်းသေတ္တာကို ဝင်ယူ၍နှံခဲ့တော့ နေ့လယ် ၂ နာရီခွဲနေလေပြီ။ ဆိုင်ကိုပြန်ရောက်တော့ဏ္ဏနှင့် ညဏ်ကြီးက လက်ဖက်ရည် သွားသောက်မည်ပြောသဖြင့် ဆိုင်စောင့်ကျန်နေခဲ့ပါ၏။

"ညာ လာယူရင် သူ့စာရွက်တွေ ဒီပေါ်မှာ တင်ပေးထားတယ်။ ပေးလိုက်နော်. . . ငရဲ"

"ကျွတ်. . . အေး အေး"

သူက ညနေလေးနာရီတွင် လာယူမည့် ကက်ဆက်ကို တစိုက် ဆက်ပြင်နေခဲ့ပါ၏။

ဆိုင်ရှေ့မှာရပ်၍ ကက်ဆက် ငုံ့ပြင်နေသည့် သူ့ကို ငေးကြည့်နေမိသည်။ ဆံပင်တွေကို ဟိုတစ်ချောင်း ဒီတစ်ချောင်း နဖူးဝဲကျနေပုံက သူမ ရင်းနှီးခဲ့ဖူးသည့် လူတစ်ယောက်နှင့် သွားနေပါရောလား။ အလုပ်ကို စိတ်ဝင်တစားဖြင့် ငုံ့၍လုပ်နေသဖြင့် သူမ ရောက်နေတာကို သတိထားမိပုံမပေါ်။ ဘာဖြစ်လို့များ သူနဲ့ ဆင်နေရတာလဲ ကိုရဲရယ်. . .။ ညာ သူ့ကို မုန်းချင်နေတာ။ ကိုမုန်းသင့်တာမို့ ညာ ကြိုးစား မုန်းမေ့နေချိန်မှာ ညာ့အနား ကိုရဲ ရောက်လာတာလေ. . .။

သွားတက်လှလှလေးတွေနဲ့ ညှာ့နှလုံးသားကို သိမ်းပိုက်ပြီး ကွဲကျေစေခဲ့တဲ့လူထက် အပြစ်ကင်းစင်တဲ့ ပါးချိုင့်ကလေးကို ညှာ အမှတ်ပေးမိခဲ့တာပါ။ ဒါပေမဲ့ ကိုရဲရယ်. . .၊ ကိုရဲက ညှာ့ သံယောဇဉ်ရှိပုံလေး အရိပ်အယောင်ပြပြီး ညှာ တောင်းဆိုတာကို တော့ ငြင်းရက်တယ်နော်. . .။

"ဟာ. . . ဟိုကောင် ညှာ့ကို မပေးဘူးလား"

ဘေးနားရောက်လာသည့် ဝဏ္ဏက ဗီရိုပေါ်မှ စာရွက်အိတ် ကို သူမထံ ယူပေးလိုက်ပါ၏။ သူမက ထောင်တန်နှစ်ရွက်ကို လှမ်း ပေးလိုက်ပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

"ဟေ့ကောင် ငရဲ. . .။ မင်း တော်တော်လွန်နေပြီနော်"

"ဟာ. . . လာရစ်ပြန်ပြီ။ ဘလိုင်းကြီး. . ."

"ရစ်တာ မဟုတ်ဘူးကွ. . .။ ဆိုင်ရှေ့မှာ ညှာရပ်နေတာ တော်တော်ကြာနေပြီ။ မင်း. . . ဘာလို့ ထမလာတာလဲ"

"ဘယ်သိမလဲကွ. . . .။ ဒီမှာ အလုပ်လုပ်နေတာကို"

"မင်းဟာက အရေးကြီးသလား. . . ညှာက အရေးကြီး သလား"

"ဝဏ္ဏ. . . ငါ့ဒေါသကို မင်း မဆွနဲ့နော်"

"ဆွတော့. . . မင်းက ဘာလုပ်ချင်လဲကွ။ မင်း မတူမတန် သလိုချိုးလို့ ဟိုမှာ ကောင်မလေး ငိုသွားပြီ"

သူ့လက်ထဲမှ Screw Driver အောက်သို့ လွတ်ကျသွား လေ၏။ သူ့မျက်နှာ အကြီးအကျယ် ပျက်လေပြီ။





"မင်းရော. . . ကျော်စွာပါ ညှာ့ကို စိတ်ဝင်စားနေကြတာ ကို့ သိတာပဲ။ ကျော်စွာက အလိုက်သင့်လေး ရောနိုင်သလောက် း သူ့ကို ဒီလို ကျပ်ကျပ်လုပ်ရင် သူ့အချစ်ကို ဘယ်တော့ရမှာလဲ။ း. . . ကျန်ရစ်ဖြစ်ဖို့ပဲ ရှိတယ်။ အလကားကောင်"

"ဝဏ္ဏ. . . မင်း"

"မကျေနပ်ရင် ငါ့ကို ထိုးချင်ထိုး. . . ဘာမှမဖြစ်ဘူး။ ငါ ပြောနေတာ မင်းအတွက်ကွ။ ခိုးချင်လိုက်တာလည်း ပြောလို့. . .၊ က်နေ့တာလည်း ချာလို့ဆိုတာ မင်းလိုကောင်မှ အစစ်"

သူ ထိုင်သည့် သစ်သားခုံကို ပိတ်ကန်ပစ်လိုက်၏။ ခါး ာက်ရပ်လိုက်ရင်း ခေါင်းကို မော့လိုက်မိသည်။ ရင်ထဲမှာ မွန်း ပ် ပိတ်လှောင်နေ၏။ ညှာရယ်. . . ဘာဖြစ်လို့များ မျက်ရည်ကျ ာတဲ့လဲ. . .။

ညနေစာကို တစ်ပန်းကန်မျှသာ အဖြစ်စားလိုက်ပါ၏။ ္ဏနှင့် ဦးဏကြီးက ကော်ရစ်တာမှာ ဖျာခင်းထိုင်နေလေပြီ။ ခုတင်ပေါ်မှာ ဆန့်ဆန့်ကြီးလှဲကာ မျက်လုံးကို ပိတ်ထားမိသည်။ ခနဲ မိုးသံတွေ ကြားရစဉ် ဝဏ္ဏနှင့် ဦးဏကြီး အထဲသို့ ပြန်ပြေး လာခဲ့၏။ ကော်ဖီကို ခါတ်ဘူးဖြင့်ဖျော်၍ စားပွဲပေါ်တင်လျက် အုပ်ဖတ်လိုက်၊ ကော်ဖီသောက်လိုက်ဖြင့် ငြိမ့်နေကြသည်။ ခဏ ကြာ ကျော်စွာ ပြန်လာလေ၏။

"ဟိုကောင် ငရဲကော. . ."

"အထဲမှာ. . . လွမ်းနာကျနေလေရဲ့"

"လွမ်းနာ. . . ဟ. . . ထူးဆန်းပါလား"

"ဟုတ်တယ် ဖိုးကျော်ရေ. . .။ ညာနဲ့. . . ငရဲကြား
အကြောင်းတစ်ခုတော့ ရှိနေပြီ။ သူတို့နှစ်ယောက် တစ်ယော
တစ်ယောက် ရှောင်နေတာ တစ်ပတ်ကျော်နေပြီ။ ဘာမှန်းကို မ
ဘူး။ နှစ်ယောက်စလုံး မေးလို့လည်း မရနဲ့။ ကြားထဲမှာ ငါတို့တော
စိတ်ညစ်လာပြီ"

"ဩော်"

ကျော်စွာ တအံ့တဩ ဖြစ်သွားရ၏။ ညာနှင့်အတူ ပြ
လာတိုင်း ပုံမှန်စကားတွေသာ ပြောဖြစ်ကြစဉ် အရိပ်အမြွက်မှ
သူ့ရင်ထဲက အကြောင်းကို လုစ်ခနဲ ပြောမိတော့ ညာက လိမ္မာ
နပ်စွာ ရှောင်ရင်း သူ့ကို အခင်မင် မပျက်စေခဲ့။ ညာ စိတ်ဆိုးသွာ
မှာစိုး၍ ရှေ့ကို ဆက်မတိုးရဲချိန်မှာ ရဲဇင်နှင့် ညာက ပတ်သ
နေပါရောလား. . .။

"ဘာချက်လဲ"

"အမဲသားပြုတ်ကြော်နဲ့ ချဉ်ပေါင်ဟင်းချို ငါးဖိလည်
ကြော်ထားတယ်။ သွားစားချေ. . . ဒီကောင် ထမင်းမဝင်လို့ ထမ
တွေ အများကြီးကျန်တာ ခဏာခဏပဲ"

"ဟင်း. . . ငရဲနဲ့တော့ ခက်ပါ့ကွာ"

"ဒေါက်. . . ဒေါက်"

"ဟော"

ဥက္ကာကြီးက အခန်းတံခါးကို ထဖွင့်လိုက်၏။ အပေါ





စနိုးက ရပ်ရင်း အခန်းထဲကို ဟိုဒီချောင်းကြည့်လိုက်ပါသည်။

"ဟိတ်. . . ဘာချောင်းကြည့်တာလဲ"

"ကိုရဲကို. . ."

"ဘာကိစ္စလဲ"

"ညာ့ကို သွားကြိုခိုင်းမလို့. . . ညာ ၉ နာရီမှ ပြန်လာမှာ။
လည်း ပါမသွားဘူး. . . အဲဒါ"

"သူတို့နှစ်ယောက် စိတ်ကောက်နေတာ နင် သိလား။ ဒီ
ကောင်လည်း တစ်ခွန်းမှ မေးလို့မရဘူး"

"သိတော့သိတယ်. . . သိပ်မသေချာဘူး။ မနေ့ကတော့
ပြောတယ်။ သံယောဇဉ်ဆိုတာ မထားတတ်ရင် အကောင်းဆုံး
ရင်အပူ ငြိမ်းစေတယ်လို့ ပြောတယ်"

"ဟော. . . ဒါ သဲလွန်စပဲ"

"ဒါပေါ့. . . ဒါကြောင့် သူ့ကို တမင်သွားကြိုခိုင်းမလို့။
သူတို့နှစ်ယောက် ပြန်ခေါ်ကြမှာလေ"

"ဟုတ်တယ်. . . ဟုတ်တယ်"

"ငါ သွားပြောပေးမယ်"

ကျော်စွာက အိပ်ခန်းတံခါးကို အသာဟလိုက်တော့ ခုတင်
မှောက်အိပ်နေသည့် ရဲဇင်ကို တွေ့ရ၏။

"ငရဲ. . . ဟေ့ကောင်. . . အိပ်ပျော်နေပြီလား"

"ဘာလဲကွာ"

"ညာ. . . ထီး မပါသွားဘူးတဲ့။ အဲဒါ မင်းသွားကြိုပေး

လိုက်ပါကွာ"

"ဟာ. . . မသွားချင်ပါဘူးကွာ။ မင်းတို့. . . တစ်ယောက် ယောက် သွားပါလား။ ငါ မိုးရေထဲ မထွက်ချင်ဘူး"

"ဟ. . . ငါ အခုပဲပြန်ရောက်တာ။ ထမင်းတောင်မှ မစား ရသေးဘူး"

"ဟိုနှစ်ကောင် ရှိတာပဲ လွှတ်လိုက်"

ဝဏ္ဏက ကျော်စွာ့နောက်မှာရပ်ရင်း လှမ်းပြောလိုက် သည်။

"ညွှာက မင်းလာမကြိုရင် ပြန်မလာတော့ဘူးတဲ့။ သူ့ ချင်ရာ သွားတော့မယ်လို့ ပြောသွားတယ်"

"မဟုတ်တာတွေ လျှောက်မပြောနဲ့. . . ဝဏ္ဏ။ မင်းနေ"

စနိုးက ဧည့်ခန်းမှာ ထိုင်နေရင်း ပါးစပ်ပိတ်၍ ရယ်လိုက် မိသည်။

"အေး. . . သူပြန်မလာရင် ဟိုကောင်လေး ဦးလေးတော့ ပွတာပေါ့။ သူက ညွှာ့ကို စိတ်ဝင်စားနေတာကိုး"

သူ ဝုန်းခနဲ ထရပ်လိုက်၏။ ကျော်စွာနှင့် ဝဏ္ဏက တံခါး ကို ပြန်ပိတ်လိုက်ကာ ဧည့်ခန်းသို့ အမြန်ထွက်လာကြသည်။

"ထလာပြီ. . . ထလာပြီ. . . မျောက် ငါးပိကိုင်မိလို့"

သူတို့အုပ်စု ကျိတ်ရယ်လိုက်မိကြ၏။ သူက ပုဆိုး အနည်းငယ် တိုဝတ်လိုက်ပြီး ဧည့်ခန်းသို့ လိုက်လာပါသည်။

"ဘယ်မှာလဲ ထီး။ ပေး. . ."





"မယူလာဘူး. . . ကိုရဲရဲ့။ စနိုးတို့ ထီးတွေကလေ ဖဲထီး ဘွဆိုတော့ အခုလို လေပြင်းတွေ ကျလာရင် လန်ပြီး ကျိုးကုန် ရာ. . . အဲဒါ"

"ကဲ. . . ငါ့ထီးနဲ့ပဲ သွားတော့မယ်။ သူက ဘာဖြစ်လို့ နောက်ကျရတာလဲ"

"ဒီညနေ ၁၀ တန်းကလေးတွေ ၃ နာရီ မေးခွန်း စစ်မယ် ့ စာရေးခဲ့တာပဲ"

"ဟွန်း. . . ကိုယ့်အန္တရာယ်တော့ ကိုယ်မသိဘူး။ ညကြီး ချုပ် သူများအိမ်မှာ"

သူက အခန်းထောင့်မှာ ထောင်ထားသည့် ခုာလီထီးအနီ ရောင်ကိုယူ၍ အခန်းထဲမှ ထွက်ခဲ့တော့သည်။ စနိုးက သူ့နောက်မှ ပြေးလိုက်လာပါ၏။

"ကိုရဲ. . . ညွှာ့ကို မအော်နဲ့နော်။ အခုတလော သူ အရမ်း နည်းနေတယ်။ ည,ညလည်း တစ်ယောက်တည်း ကျိတ်ပြီး ငိုငို တာ. . . ကြာပြီ"

"အဲဒါ နင်တို့ ချော့ကြပေါ့"

"ချော့မရလို့ပေါ့ ကိုရဲရဲ့။ တကတည်းမှပဲ. . . သူပဲ သူများ ယ်ချင်းကို ဘာတွေပြုစားထားပြီလဲ မသိဘဲနဲ့။ ကိုယ်လုပ် းတဲ့အလုပ်. . . ပြီးအောင်လုပ်မှပေါ့"

"ဟာ. . . ငါ ဘာမှမလုပ်ပါဘူးဟ"

"ဘယ်သိနိုင်မလဲ. . .။ ညွှာ့မှာ နေမကောင်းဖြစ်ပြီး

ကတည်းက ပိန် ပိန်လာတာ။ လေတိုက်လိုက်တာနဲ့ လဲတော့မယ့် အတိုင်းပဲ။ ညှာ တစ်ခုခုဖြစ်သွားရင် စနိုးတို့အားလုံး ကိုရဲကို ခွင့်လွှတ်မှာ မဟုတ်ဘူး။ သိလား . . . ဟွန်း"

"ကျွတ် . . . ပြဿနာပဲကွာ"

သူ လှေကားထစ်တို့ကို သွက်သွက်နင်း၍ မိုးရေထဲသို့ ထီးတစ်ချောင်းဖြင့် ထွက်ခဲ့၏။ ထီးအပို ယူမလာမိလို့ ညှာ စိတ်ခုလေမလား။ ညှာက မိုးရွာတာကို ကြောက်သည့်သူပဲလေ။ ကားလမ်းကို ဖြတ်ကူး၍ ဂိတ်အနောက်ဘက် တိုက်အောက်လှေကားဝမှာ ရပ်စောင့်စဉ် အပေါ်မှ ကောင်လေးတစ်ယောက်နှင့်အတူ သူမ ဆင်းလာလေ၏။

"ဇော် . . . လိုက်မပို့နဲ့တော့။ မမကို အိမ်က လာကြိုနေပြီ ရတယ် . . ."

ကောင်လေးက သူ့ကို ဖြုတ်ကြည့်ကြည့်၍ အပေါ်သို့ ပြန်တက်သွားပါသည်။ သူမ အောက်ဆုံးလှေကားထစ် ရောက်တော့ သူက ထီးကိုဖွင့်လိုက်ပြီး သူမကို လှမ်းပေးလိုက်၏။ သူမ ထီးယူလိုက်စဉ်မှာ သူက မိုးရေတောထဲ ဒီအတိုင်း ထွက်လျှောက်ခဲ့ပါသည်။

သူမမျက်ဝန်းမှ မျက်ရည်တို့ ပေါက်ခနဲ ကြွေကျသွား၏။ ညှာနဲ့ ထီးအတူမဆောင်းဝံ့အောင် မတန်ဘူးပေါ့။ ဟုတ်လား ကိုရဲ ရယ်။ ညှာ . . . နားလည်လိုက်ပါပြီ။ ကိုရဲ မခေါ်မပြော မဆက်ဆံချင်တဲ့ ညှာ့ကို ဘယ်တော့မှ မပတ်သက်စေရတော့ပါဘူး။





သူမက သူ့နောက်မှ ကားလမ်းကို ခပ်သုတ်သုတ် လိုက်ခဲ့ပြီး သူ့ပခုံးပေါ် ထီးကို တင်ပေးလိုက်ကာ သူ့အနီးမှ ပြေးထွက်သွားတော့၏။ ရုတ်တရက်မို့ သူ အံ့ဩသွားပြီး နောက်မှ လှမ်းခေါ်လိုက်သည်။

"ညှာ . . . ညှာ . . . နေဦး"

သူမက မရပ်မနား ဆက်ပြေးသွားသဖြင့် သူ အနောက်မှ ပြေးလိုက်ခဲ့စဉ် တိုက်ပေါ်သို့တက်ကာ အခန်းထဲ ဝင်သွားတော့၏၊ ဧည့်ခန်းမှာ ထိုင်နေသည့် ရင်ရင်တို့က သူမကို တအံ့တဩ ကြည့်လိုက်ကြသည်။

"ညှာ . . . ဘယ်လိုဖြစ်ပြီး . . ."

သူမ ဘာမှမပြောဘဲ အိပ်ခန်းထဲဝင်ကာ ရှိုက်ကြီးတငင် ငိုက်မိပါတော့၏။ ကံကြမ္မာရယ် . . . ညှာ့ကို စိတ်ချမ်းသာခွင့် ဆိုး တစ်ခါတော့ အလှည့်ပေးပါတော့လား။

● ● ●

## အခန်း ( ၂၀ )

"ဘယ်လိုဖြစ်ရတာလဲကွာ"

"ငါ သွားကြိုခဲ့တာပဲကွ"

"မင်း သွားကြိုတာ ဘာလဲကွ. . .။ ပြီးတော့လည်း နှစ်ယောက်စလုံး မိုးရေတွေ ရွှဲပြီး. . . ပြန်ရောက်လာတာ။ မင်းက အကြောင်းလား. . .။ ဟိုက မိန်းကလေးကွ"

"ငါ သူ့ကို ထီးပေးလိုက်တာပဲ"

"ရဲဇင်. . . မင်း"

ကျော်စွာက သူ့အင်္ကျီကော်လံစကို ဆွဲလိုက်သဖြင့် ဝဏ္ဏ ညာဏ်ကြီးက အမြန်ထဆွဲလိုက်လေ၏။

"မင်း ဘာသဘောလဲ. . . ရဲဇင်။ ထီးတစ်ချောင်းတည်း

တောင် အတူမဆောင်းချင်လောက်အောင် ညှာက ဘာဖြစ်နေလို့လဲ။ မင်းလုပ်ပုံက မဟုတ်ဘူးကွ။ ဟိုခမျာ. . . မင်း သူ့ကို မတူသလို မတန်သလို ဆက်ဆံခံရတာ နာတာပေါ့။ ဒါကို နည်းနည်းလေးမှ မင်း. . . မစဉ်းစားမိဘူးလား"

သူ ဆက်တီပေါ် ပစ်ထိုင်ချလိုက်၏။ ခေါင်းထဲမှာ မူးနောက်နေသည်။ ပြဿနာတွေက ဘာမှန်းကိုမသိ။ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်လာရတယ်လို့။ အလုပ်သွားရန် ကျော်စွာ တံခါးကို ဖွင့်လိုက်စဉ် အပြင်မှာ ရောက်နေသည့် ရင်ရင့်ကို မြင်လိုက်ရ၏။

"ကိုကျော်စွာ. . . ကိုဝဏ္ဏရော"

"ရှိတယ် ရင်ရင်. . . ဘာဖြစ်လို့လဲ"

"ကိုဝဏ္ဏ. . . ခဏ"

"ဘာဖြစ်လို့လဲ ရင်ရင်"

"ညှာ. . . ညှာ. . . သတိလစ်နေလို့. . . အဲဒါ"

"ဘာ"

သူ ထိုင်ခုံမှ ဝုန်းခနဲ ထရပ်လိုက်ပြီး အခန်းဝမှာ ပိတ်ရပ်နေသည့် လူတွေကို တိုးဝှေ့ထွက်ကာ သူမရှိရာဆီ အပြေးလာခဲ့မိ၏။ အိပ်ခန်းထဲမှာ တကြော်ကြော် အော်ခေါ်၍ ငိုနေသည့် စနိုးက သူ့ကိုမြင်လိုက်သော် ညှာ့ထံ အလာမခံဘဲ သူ့ရင်ဘတ်ကို ဆောင့်တွန်း၍ အော်လွှတ်လေတော့သည်။

"သွား. . . ရှင်မလာနဲ့. . . ရှင် လုံးဝ လာစရာမလိုဘူး။





ရှင့်ကြောင့် ညှာ ဒီလိုဖြစ်ရတာ။ ညှာ ခံစားနေရတာ ရှင့်ကြောင့်၊ ရှင့်မျက်နှာ မကြည့်ချင်ဘူး။ ရှင်. . . အခုထွက်သွား"

သူ စနိုး ပြောနေသည်ကို ဂရုမစိုက်ဘဲ ညှာ့ကို ကျုံးပွေ့၍ ချီလိုက်ပါသည်။ စနိုးက သူ့ကျောကုန်းကို တအုံးအုံး ထုရိုက်၍ ငြန်ချခိုင်းနေသည်။ သူ့နှုတ်မှ မပီမသ ရေရွတ်နေသည်တို့က တီးတိုးမျှသာ။

"ညှာ. . . ဆေးရုံ. . . ဆေးရုံ"

"စနိုး. . . မလုပ်နဲ့လေ။ ဆေးရုံရောက်ဖို့ အရေးကြီးနေ ာ။ ဖယ်ပေး. . . ဖယ်ပေး"

ဝဏ္ဏက စနိုးလက်တို့ကို ချုပ်၍ ဖယ်ကာ သူနှင့်အတူ က်ပေါ်မှ ပြေးဆင်းလာခဲ့၏။ လမ်းမကြီးရောက်သည်အထိ သူမ ပွေ့ချီလျက် ဝဏ္ဏ တားပေးသော Taxi ပေါ်တက်ကာ ဆေးရုံ သို့ ထွက်လာခဲ့ပါသည်။ ထိုင်ခုံပေါ် ထိုင်လျက်သား ပွေ့ချီထား ည့် သူမမျက်နှာလေးကို ပါးအပ်၍ နှုတ်မှလည်း အဆက်မပြတ် ွတ်တွတ် ခေါ်နေမိသည်။ အာရုံမှာ ဘာတစ်ခုမှ ရှိမနေတော့။

ထရော်လီပေါ် တင်ခေါ်သွားသည့် သူမလက်ကလေးကို သာလွှတ်ပေးလိုက်ရင်း နံရံမှာ ကျောမှီလိုက်၏။ ဝဏ္ဏက သူ့ ကို ခပ်သာသာလေး ပုတ်လိုက်သည်။ အနောက်မှ တစ်ပြုံကြီး က်လာသည့် သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ရေ သံ ဗလုံးဗထွေး၊ မျက်လုံးအစုံကို မှိတ်ချလိုက်တော့ မျက်နှာ ပူနွေးသွားလေ၏။

ဟုတ်ႛ ယ်. . . သူ့ကြောင့် ညှာ ဒီလိုဖြစ်ရတာပါ။ သူ တရားခံပါ။ မရည်ရွယ်ပါဘူး ညှာ။ ညှာ မကြိုက်မှန်းသိလို့ ကိုယ် ဆင်ခြင်လိုက်တာပါ။ ကိုယ် ဖွင့်မပြောဖြစ်ခဲ့တာပါ။ ကိုယ့်နောက် ဆုတ်ဖို့ ဆုံးဖြတ်ပြီး ရှေ့တိုးရန် ကြံစည်နေမိသည့် ခြေလှမ်းတို့ကို သတိထိန်းချုပ်၍ ရပ်တန့်လိုက်တာ ကိုယ့်အထွက် ပြင်မရတော့တဲ့ အမှားတွေလား။

ကျောမှီထားသည့် နံရံကို လက်သီးဖြင့် လှည့်၍ထိုးချလိုက်စဉ် ဖြာခနဲ ထွက်လာသည့် သွေးတို့နှင့်အတူ အာမေဋိတ်သံတွေက ဖြိုင်တူပေါ်လာ၏။

"ဟာ"

"မလုပ်နဲ့လေ. . . ငရဲ။ မလုပ်နဲ့"

အဆက်မပြတ် ထိုးချလိုက်သည့် ဘယ်ညာလက်နှစ်ဖက်ကို ဝဏ္ဏက အတင်းဆွဲချုပ်တော့ သူ ရုန်းထွက်လိုက်၏။ ညက်ကြီးက သူ့ကို ရှေ့မှပွေ့ဖက်လိုက်သဖြင့် သူ ညက်ကြီးပခုံးပေါ် ခေါင်းတင်၍ ကလေးတစ်ယောက်လို ငိုချလိုက်ရင်း နှုတ်မှ တတွတ်တွတ် ပြောနေမိတော့သည်။

"ငါ. . . ငါ ညှာ့ကို သိပ်ချစ်တာပါကွာ။ ငါ သူ့ကို အရမ်း ချစ်နေတာကွ။ ငါ့ကို. . . ငါ့ကို မောင်နှမတစ်ယောက်လိုပဲ ခေါ် သူပြောတော့ ငါ. . . ငါ. . . နောက်ဆုတ် ရှောင်ရှားခဲ့တာပါ။ ထဲမှာ ပြောချင်တာတွေ အများကြီးပဲ။ ငါ. . . ငါ. . . ပြောမထွက် ဘူး။ မပြောရက်ဘူး။ ငါ့ကြောင့်. . . ငါ့ကြောင့် သူ့အသ





နောက်တစ်ခါ ထပ်ကွဲမှာကို စိုးရိမ်ပြီး ငါ ဆင်ခြင်ခဲ့တာ။ ငါ. . . ငါ သူ့ကို သတ်သလိုဖြစ်နေပြီ။ ငါ့ရင်တွေ ကွဲကုန်ပြီ။ ငါ့ရင်တွေ ကွဲကုန်ပါပြီကွာ"

စိတ်မခိုင်သည့် စနိုးထံမှ ငိုသံအကျယ်ကြီး ထွက်လာ၏။ င်ရင်နှင့် သဥ္ဇာက မျက်ရည်တစမ်းစမ်း။ ကျော်စွာက သူ့ကို အငေး ား ကြည့်နေမိသည်။ သူ ညက်ကြီးကို ဖက်ထားရာမှ ခွာလိုက် ၏၊ အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။

"ညှာ. . . ဒီလောကကြီးမှာ မရှိတော့ရင် ငါလည်း မနေ ာ့ဘူး"

ဖြန်းဆို သူထွက်ပြောတော့ အကုန်လုံး အုတ်အော်သောင်း း ပြေးအလိုက် ကျော်စွာက သူ့လက်ကို လှမ်းဆွဲကာ ချုပ်လိုက် ၏။

"ရဲဇင်. . . ငရဲ. . . စိတ်ကိုထိန်းမှပေါ့။ ညှာ ဘာမှမဖြစ် ာက်ပါဘူးကွာ။ သတိထားပါ"

"ကျော်စွာ. . . ငါ. . . ငါ. . . သူ့ကို သိပ်ချစ်တာပါကွာ။ မရှိတော့ရင်. . . သူ မရှိတော့ရင် ငါ မနေတော့ဘူး"

"ငါသိပါတယ်. . . ငါသိပါတယ် ရဲဇင်ရာ။ စိတ်ကို လျှော့ ချလိုက်. . . ဆေးရုံရောက်နေပြီပဲ။ ခဏနေ သူ သတိရလာ ။ မင်း. . . ဒီလိုဖြစ်နေရင် ညှာ့ကို ဘယ်လို အားပေးမှာလဲ။ ာ မင်းကိုပဲ တွေ့ချင်တာ။ မင်းမျက်နှာကိုပဲ မြင်ချင်တာလေ"

သူ့ကို ထိုင်ခုံတန်းရှိရာဆီ ဆွဲခေါ်၍ ထိုင်ခိုင်းကြ၏။ ငှ

ငေါင်ငေါင်ပုံစံဖြင့် ဘူထိုင်နေစဉ် ရင်ရင်က အရက်ပျံနှင့်ဂွမ်း သွား ဝယ်ကာ ကွဲသွားသည့် သူ့လက်ဖမိုးနှစ်ဖက်ကို ဆေးပေးနေသည်။

"ရှစ်နာရီ ထိုးတော့မယ်. . . အလုပ်တွေကို ဖုန်းဆက်ပြီ ခွင့်တိုင်ကြဦး။ ပေး. . . ရင်ရင်. . . ငါ လုပ်ပေးမယ်. . . သွားကြ

ဝဏ္ဏ သတိပေးလိုက်မှ ကျော်စွာနှင့်ရင်ရင်တို့ သုံးယောက် သား ဖုန်းရှိရာသို့ အပြေးထွက်သွားကြ၏။ အခန်းထဲမှ နာ့စ်မလေး ထွက်လာတော့ သူ အမြန်ထ၍ မေးလိုက်ပါသည်။

"ဆရာမ. . . ညာ့အခြေအနေ"

"ကောင်းသွားပါပြီရှင်. . . အခု သူအိပ်ပျော်နေပါတယ် ခဏဝင်ကြည့်ကြပေါ့။ ဆေးရုံတော့ တစ်ပတ်လောက် တင်ရမယ် အဖျားပျောက်ပြီး စိတ်ချရမှ ပြန်လွှတ်မယ်လို့ ဆရာဝန်ကြီး ပြောပါတယ်ရှင်။ အို. . . ရှင့်လက်မှာ ဒဏ်ရာနဲ့ပါလား"

"ဒါဖြင့်. . . ကျွန်တော် ဝင်ကြည့်တော့မယ်နော် ဆရာ

"ဟင်. . မဖြစ်ဘူးလေ။ ရှင့်မှာ ဒဏ်ရာတွေ ရှိနေတာ ပိုးတွေဘာတွေတော့ ဝင်ကုန်တော့မှာပဲ"

သူက အခန်းဆီသို့ ခြေကိုလှမ်းတော့ နာ့စ်မလေးက ဆေး တွေ၊ ပတ်တီးတွေယူလျက် သူ့နောက်သို့ အပြေးလိုက်လာတော့ ခုတင်ထက်မှာ ဖြူဖျော့စွာ အိပ်ပျော်နေသည့် သူမမျက်နှာလေး မျက်တောင်မခတ်မိအောင် ငေးနေမိသည်။ လက်ဖျံသွယ်သွ လေးမှာ Drip ချိတ်ထားသည်မို့ နာကျင်နေမည့် ညာ့ကို သနား မိ၏။ ဪ. . . ညာရယ်. . .။ ညာ ခံစားနေရတဲ့ ဝေဒနာ





အကုန်လုံးကို စုပုံသိမ်းကျုံးပြီး ကိုယ်သာ ယူလိုက်ချင်တော့တာပါ ပဲ။

နာ့စ်မလေးက သူ့လက်တို့ကို ဆေးထည့်၍ ပတ်တီးစည်း နှောင်ပေးနေသော်လည်း သူ့အကြည့်ကို သူမထံမှ မခွာမိ။ လိုအပ် သည့် ဆေးဝါးတို့ကို ဝယ်ယူရန် ဝဏ္ဏနှင့်ဉာဏ်ကြီး ထွက်သွားတော့ သူမနံဘေးမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ညာ. . . ကိုယ့်ကို ဘယ်လိုပြစ်ဒဏ်မျိုး ချပေးချင်သလဲ။ လောက်အထိ ခံစားနေရတဲ့ ဒဏ်ရာတွေနဲ့ ညီမျှအောင် သေဒဏ် ာ ချပေးလိုက်ပါတော့လား ညာရယ်။ ညာ ဥပေက္ခာပြုလိုက်မှာ။ ညာ မုန်းမေ့လိုက်မှာကို ကိုယ် မရပါရစေနဲ့။ ကိုယ် လက်မခံပါရစေ ့ ညာ။ အဲဒီအရာတွေကို ရတာနဲ့၊ ကိုယ်သွက်သွက်ခါ ရူးသွားပါ မှာမယ်။ ရူးသွားပါလိမ့်မယ်ကွယ်။

ခေါင်းလေး အနည်းငယ် လှုပ်ယမ်းကာ နှုတ်မှ တီးတိုး ည်းတွားလိုက်သံကို ကြားလိုက်ရ၏။ ထိုင်ခုံကို ခုတင်အနီးသို့ းကပ်လိုက်မိသည်။ လက်ဝါးလေးတစ်ဖက်ကို ပတ်တီးစည်းထား ည့်လက်ဖြင့် အသာဆုပ်ကိုင်ထားလိုက်၏။ ရှည်လျား နက်မှောင် သည့် မျက်တောင်လေး ဖြည်းဖြည်းချင်း ပွင့်လာလေသည်။

"ညာ"

"ညာ. . . ညာ. . . ဘယ်ရောက်နေတာလဲ"

"ဆေးရုံကို"

သူ ညာ့လက်ဝါးလေးကို သူ့ပါးဆီမှာ ကပ်လိုက်ပါ၏။ ညာ

က သူ့လက်မှ ပတ်တီးဖြူဖြူတို့ကို တအံ့တဩ ကြည့်လိုက်ပါသည်

"ကိုရဲ. . . မငိုနဲ့လေ။ ညှာ ဘာမှမဖြစ်ပါဘူး"

"ညှာ. . . ကိုယ်. . . ကိုယ်တောင်းပန်ပါတယ်။ ညှာ ညှာ့ကို ကိုယ့်ကြောင့် စိတ်မဆင်းရဲစေချင်လို့ ကိုယ် ညှာ့ကို ရှောင်ရှောင်နေမိတာပါ. . . ကိုယ့်. . ."

"ညှာ. . . နားလည်ပါတယ် ကိုရဲရယ်။ ညှာ့ကြောင့် ကိုလည်း စိတ်မဆင်းရဲစေချင်ပါဘူး။ ညှာ့ကို တောင်းပန်ဖို့ မ ပါဘူး"

"ညှာ. . . ကိုယ်. . . ညှာကို"

သူ ဘာမှ ဆက်မပြောဖြစ်တော့ဘဲ လက်အစုံဖြင့် ညှာ လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပါတော့သည် အခန်းဝရောက်သည့် ကျော်စွာက ရင်ရင်တို့ကို အသာလက် ပြလိုက်ပြီး အခန်းထဲမှ မြင်ကွင်းလေးကို ကြည့်နေမိ၏။ ကြည့် ဦး. . .။ ခုတင်ဘေးမှ လူနာမလေး၏လက်ကို ဆုပ်ကိုင်ထား လွတ်ထွက်သွားတော့မတတ်။ တစ်ယောက်ကိုတစ်ယောက် မျော သွားမှာစိုးသည့် ကြည့်ခြင်းတို့ဖြင့် အပြန်အလှန် ငေးနေကြသ မှာ ပတ်ဝန်းကျင်ကိုတောင် သတိမထားမိတော့သလိုနှယ်။

"အဟမ်း. . . အဟမ်း"

ဖျတ်ခနဲ လက်ကလေးကို ပြန်ချလိုက်ရင်း သူ ထရပ် မိ၏။ ရင်ရင်တို့အုပ်စုက အနီးသို့ ရောက်လာလေသည်။ စ သူ့ကို မျက်စောင်းတစ်ချက် ထိုးဖြစ်အောင် ထိုးလိုက်ပါ၏။





"ကိုရဲ. . . ရှင် စနိုးသူငယ်ချင်းကို ဘာတွေပြောနေပြန်ပြီ သဲ။ ဒီမှာ ဆေးရုံပေါ် ရောက်နေပြီနော်။ နောက်တစ်ခါဆို ညှာ ဘစ်ခါတည်း အသက်ပါ. . . ပါသွားလိမ့်မယ်"

"ကျွန်တော် ဘာကိုမှ မပြောရပါလား စနိုးရယ်။ တကယ် ပါ"

"ဘာမှမပြောဘဲ. . . ညှာ့လက်ကို ရှင် ကိုင်ခွင့်ရပါ့မလား။ ပြောင်မလိမ်ပါနဲ့"

"ဟာ. . . တကယ်ပြောနေတာပါ စနိုးရယ်။ ကျွန်တော် လိမ်မပြောပါဘူး"

"အတည်ပေါ့"

"အင်း. . . ဟာ. . . ဘာကိုလဲ"

"ခုဏတုန်းက. . . အပြင်မှာငိုပြီး ပြောနေခဲ့တာတွေလေ။ ညှာ့ကို အရမ်းချစ်နေတာပါဆိုပြီး နံရံကိုတောင် လက်သီးတွေနဲ့ ထိုးသေးတာ မဟုတ်လား"

"အာ. . ."

သူ မျက်နှာရဲရဲဖြင့် ဟိုဘက်လှည့်သွားတော့ အခန်းထဲမှာ ရယ်သံတွေ ထွက်သွား၏။ သူမရင်ထဲ သိမ့်ခနဲ ဖြစ်သွားရသည်။ ဪ. . . ကိုရဲရယ်. . .။ ညှာ့အပေါ်မှာ ဒီလောက်အထိ အစိုးရိမ် ကြီးတောင် ချစ်ရသတဲ့လား. . .။

ကျော်စွာက သူ့လက်ကိုယူ၍ ညှာ့လက်ကလေးပေါ်ကို တင်ပေးလိုက်၏။ သူ လက်ကို ပြန်မ,ယူလိုက်တော့ ညှာက

ပြုံးလိုက်မိသည်။ အရှက်ကလည်း သည်းပါ့။ သူငယ်ချင်းတွေရှေ့မှာ မဖုံးနိုင်မဖိနိုင် ရှက်အားပိုနေသည့် သူ့မျက်နှာကို လှမ်းကြည့်ရင်း သူမ နားလည်လိုက်မိရသည်က သူမဘဝမှာ အချစ်သစ်တစ်ဖန် မွေးဖွားခဲ့ပြီ ဆိုတာပါပဲ. . .။

ကြည့်ပါဦး. . .။ ဘယ်လောက် အပြစ်ကင်းစင်တဲ့ကောင်လေးပါလဲ။ သူ ဘယ်လိုပဲ ဟန်ဆောင် ဖုံးကွယ်နေခဲ့ပါစေ။ နောက်ဆုံးမှာတော့ သူမကို သူငယ်ချင်းတွေရှေ့မှာ ဝန်ခံရတာပဲ မဟုတ်လား။ ရှင် ဘာများ တတ်နိုင်သေးလဲ ကိုရဲလေးရယ်. . . ဟင်. . .

"ပြောလိုက်လေ. . .။ ရှင် မပြောရင် ညွာက ဘယ်လိုမှာလဲ"

သူ ခေါင်းကို တဖျင်းဖျင်း ကုပ်လိုက်မိ၏။ ကျော့်စွာ သူ့ခေါင်းကို သူမအနီးထိရောက်အောင် အတင်းဖိလိုက်လေသည်။ သူ ခပ်မြန်မြန်ဖြင့် သူမ ကြားသာရုံ တီးတိုးလေး ပြောလိုက်တော့၏။

"ကိုယ်. . . ညွာ့ကို သိပ်ချစ်နေခဲ့တာ ကြာပါပြီ"

● ● ●



## အခန်း ( ၂၀ )

လှေကားထစ်များကို ဆင်းလိုက်တော့ မိုးစက်လေးတွေ ...ဖွဲ့ဖွဲ့ ကျလာ၏။ ထီး မပါလာသဖြင့် သူမ သက်ပြင်းတစ်ချက်ကို ...လေးလေး ချလိုက်မိသည်။ လက်ထဲရှိ Plastic File ကို ခေါင်း ...တင်၍ မိုးရေထဲ ထွက်လိုက်စဉ် မိုးမစိုသဖြင့် မော့ကြည့်လိုက် ...တော့ အပေါ်မှ မိုးထားသည့် ချာလီထီး အနီရဲရဲလေး။ သူမ လှည့်ကြည့်လိုက်တော့ အနောက်မှာ ခပ်ပြုံးပြုံး ရပ်နေသည့် သူ့ကို တွေ့...က်ရလေ၏။

သူမ ပြန်ပြုံးပြလိုက်ပြီး သူ့လက်မောင်းတစ်ဖက်ကို ချိတ်တွဲ...က်လေသည်။ ကားလမ်းကိုအကူးတွင် လေပြင်းတစ်ချက်က ဝေ့...က်လိုက်သဖြင့် သူ့ဘက်ကို သူမ တိုးကပ်သွားတော့ သူက လက်

ကိုဖြုတ်၍ သူမပခုံးလေးကို နွေးထွေးစွာ ဖက်ထားလိုက်လေ၏။ အမယ်. . . ဒါကျတော့ တတ်သားပဲ။ သူမနှုတ်ခမ်းလေးကို သွားဖြ ကိုက်၍ ကျိတ်ပြုံးလိုက်မိသည်။

"ညာ"

"ရှင်"

ငေ "စိတ်မဆိုးဘူး မဟုတ်လား"

ဆုံး၊ ပလက်ဖောင်းပေါ် ရောက်သည်နှင့် မေးလိုက်သည့် လာသူမ မျက်စောင်းထိုးလိုက်တော့ သူက ဟက်ခနဲ ရယ်လိုက်ပြ နဲ့ သူမ၏နဖူးလေးကို ငုံ့မွှေးလိုက်လေ၏။

မှာ "အို. . . မောင်. . . လမ်းမကြီးမှာ"

"မသိဘူးကွာ. . .။ မောင်အသည်းတွေ ယားလာလို့"

သူမ သူ့လက်မောင်းကို ဆွဲဆိတ်လိုက်တော့ သူ့ရယ်သံ ပိုကျယ်လာ၏။

"ဘယ်လိုဖြစ်နေတာလဲ. . .။ သူများတွေ ကြားကုန်တေ မှာပဲ"

"ကြား ကြားပေါ့. . .။ မောင့်မှာ အခုမှ ရင်ခုန်တိတ် ကို မနာလိုဖြစ်ချင်လည်း ဖြစ်ကြပါစေတော့"

သူမတို့ ကြည်နူးစွာ ရယ်ဖြစ်ကြ၏။ တိုက်ဘက်ထော ချီးကို ကွေ့စဉ် လက်ဖက်ရည်ဆိုင်မှ 'အငဲ'၏အသံက ညှို့ယူ ထိုးဖောက်ထွက်လာ၏။

●





"မင်းလေး ဆိုးခားဇမ်း အချစ်လေး× × ×

ညတိုင်း ကိုယ်မက်တဲ့ ဒီချစ်အိပ်မက်× × ×

ဒီရင်မှာ ကြည့်လိုက်× × × ချစ်လိုက်ဟော့× × ×

မျက်လွှာ လေးကို မချနဲ့ × × × အကြည့်တွေ သိပ်လှလို့× × × င်းမျက်လုံးကြောင့် ရူးခဲ့× × × ငါကြွင်းရာ မယ် မတားနဲ့တော့ × × × အချစ်တွေ မင်းကိုပေးမယ်× × × လှမ်းယူလိုက်တော့ဟော့× × × ချစ်ခဲ့ခြင်း ငါ့အတွက်× × × ပိုင်လို့ ရှိဝေ အဆိပ်တက်ခဲ့× × ×

လွှတ်လပ်စွာ ဖဲခဲ့× × × ငါ့ရဲ့အချစ်ကမ္ဘာ ဒီ့ဟောင်း× × × ကမ်း ပုံတဲ့အချစ်နဲ့ × × × ငါ့နှလုံးသား× × × မင်းတိုက်စားလိုက်ဦး× × × ချစ်များနဲ့ လှမ်းယူဦး× × × ငါ့အချစ်များ လှမ်းယူဦး× × ×

မင်းကို အနမ်းတွေပေးမယ် × × × အချစ်တွေ လှပစို့× × × မင်း ချစ်ခဲ့ခြင်းရဲ့× × × ညတစ်ည လိုချင်တယ်× × × အတွေးတွေ လှပ × × ×

"ကြားလား. . . ညာ"

"ဘာလဲ"

"အငဲက. . . အနမ်းတွေ ပေးမယ်တဲ့"

"ကြည့်. . . ဘယ်လိုဖြစ်နေတာလဲ။ တော်တော်အူမြူးနေ

တယ်။ ဟုတ်လား. . ."

"ဟင်း ဟင်း. . . မောင်တို့လှေကားတက်ရင် ထောင့်ချိ
ကျ မှောင်တယ် မဟုတ်လား"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီတော့မှ ဆက်ပြောတော့မယ်. . . လာ"

"မောင်နော်"

လှေကားထစ်တို့ကို သူမ အပြေးတက်လိုက်တော့ သူ
သူမလက်ကလေးကို ဖျတ်ခနဲ ဆွဲလိုက်၏။ သူမ လန့်အော်မိရင်
သူ့ရင်ခွင်ထဲသို့ ထွေးခနဲ ပစ်ကျသွားလေသည်။ တဒင်ဖြစ်စဉ်တ
ခုမှာ သူမနှလုံးသားလေးတစ်ခုလုံး လေတံခွန် စီးရသည့်နှယ် လွ
မျောလျက်သား။ အတန်ကြာမှ သူက သူမကိုယ်လေးကို အသ
ပြန်မတ်ပေးလိုက်လေ၏။

"မောင်. . . မကောင်းဘူး. . . သွား"

"ဟုတ်လား. . . မောင်ကတော့ သိပ်ကောင်းတယ်လို့ ထ
တာပဲ ညာရဲ့"

"ဟွန်း. . . ဘာကောင်းတာလဲ။ ညာက မောင့်ကို သိ
အပြစ်ကင်းစင်တဲ့ကောင်လေးလို့ အစက ထင်ထားတာ။ ဒီလိုသ
သိရင် ပြန်မချစ်မိပါဘူး"

"ချစ်ပြီးစလစ်လေ ညာရဲ့. . .။ ခုမှ ပြန်ပြင်လို့ ဘယ
မလဲ။ ဘွာခတ်ရင် အတိုးရော၊ အရင်းပါ ပြန်တောင်းမှာ"

"တတ်တယ်. . . သိပ်တတ်နေ။ သိလား"





"မောင်လည်း စိတ်ကို ထိန်းတာပဲ. . . ညာရဲ့။ ဒါပေမဲ့
ညာ့မျက်စောင်းလေးကို တွေ့လိုက်ရတိုင်း ရင်ထဲမှာ ကလိကလိ
ဖြစ်လာပြီး လွတ်လွတ်သွားလို့ပါ"

"အမယ်လေး. . . မျက်စောင်းတောင်မှ မထိုးရဲတော့ဘူး။
ကြောက်စရာကြီး"

"မကြောက်ပါနဲ့ ညာရဲ့၊ ချစ်စရာပါကွာ. . . နေဦး။ တံခါး
ခေါက်နေဦး. . . ခဏ"

သူက သူမနဖူးလေးကို ထပ်နမ်းလိုက်စဉ် ချပ်ခနဲ တံခါး
ပွင့်သွားပြီး ရင်ရင်တို့သုံးဦးသား မြင်သွားတော့၏။

"ဟယ်"

သူမမျက်နှာလေး ရဲခနဲဖြစ်သွားတော့ သူက သူမခေါင်း
လေးကို ရင်ခွင်ထဲ ထည့်ဝှက်ထားလိုက်၏။

"ဟောတော်. . . ဘယ်လိုဖြစ်တာတုန်း"

"ရင်ရင်တို့ကလည်း တံခါးတောင် မခေါက်ရသေးဘူး။
ဘာဖြစ်လို့ တံခါးကို ဖွင့်လိုက်ရတာလဲ။ ဒီမှာ. . . ညာ အရမ်းရှက်
သွားပြီဗျ"

"သိမလား ကိုရဲရဲ. . . ကြာနေလို့ ခဏထွက်ကြည့်မလို့
ဖွင့်လိုက်တာ။ ဒီလို မရိုးမသား လုပ်နေမယ်ဆို ဘယ်ဖွင့်ပါ့မလဲ"

"ဟာဗျာ. . .။ ကျွန်တော်တို့က ဘာ မရိုးမသား လုပ်နေ
လို့လဲ"

"ဟင်. . . ခုဏပဲ မရိုးမသား လုပ်တာ မဟုတ်လို့ ဘာလဲ"

"အဲဒါ ချစ်လို့နမ်းတာပဲ. . . မနာလို မရှိပါနဲ့။ ညာ့လို အနမ်းခံချင်ရင် ရင်ရင်တို့လည်း ချစ်သူရှာကြပေါ့"

"အံမာ. . . အံမာ. . အဲဒါ ဘာစကားကြီးတုန်း။ သေမို့ သာပြင်တော့"

"အာ. . . ညာရေ. . .။ ဒီမှာ မောင့်ကို ဝိုင်းထုနေပြီ"

"ကြည့်စမ်း. . . မောင်တွေဘာတွေနဲ့ သိပ်ဟုတ်နေတယ် ပေါ့လေ။ အစကတော့ မခုတ်တတ်တဲ့ ကြောင်လေးလို ရိုးရိုးကုပ် ကုပ်လေး. . . အခုတော့ ချစ်သူ ရသွားတာနဲ့ မဏ္ဍပ်တိုင် တက်ပြ နေလိုက်တာ။ ကဲ. . . ဂဲ"

သူ့ကို ဝိုင်းထုနေကြသည့် သူငယ်ချင်းများကိုကြည့်ရင်း သူမ ဟက်ဟက်ပက်ပက် ရယ်နေမိတော့သည်။ သူက သုံးယောက် လက်မှလွတ်အောင် ရှောင်ရှားရင်း အခန်းထဲ ဝင်ပြေးတော့၏။ ရင်ရင်တို့က ပြန်လာပြီး သူမလက်ကိုဆွဲ၍ အိပ်ခန်းထဲ ခေါ်လာခဲ့ လေသည်။

"ကုန်ပါပြီ. . . ကုန်ပါပြီ. . . ကြည့်စမ်း. . . ညနေက ဖွေး နေအောင် လိမ်းသွားတဲ့ သနပ်ခါးတွေ မရှိတော့ဘူး။ ဒီလောက် တောင် ကဲရှသတဲ့လား"

"အာ. . . သဥ္ဇာကလည်း ပေါက်ကရ"

"ဘာပေါက်ကရလဲ. . . ဒီမှာ မှန်ထဲ သေချာကြည့်ဦး။ မျက်နှာတစ်ခုလုံး သနပ်ခါးတွေ ကွက်တိကွက်ကျား ဖြစ်နေတာ တောင် ညာချင်သေးတယ်. . . ဟင်း"





သူမက သဥ္ဇာ ပြလိုက်သည့် မှန်ဝိုင်းလေးကို ကြည့်လိုက် သော် တကယ်ပဲ ဟိုကွက်ဒီကွက် ဖြစ်နေသည့် သနပ်ခါးတို့ကြောင့် မျက်နှာလေး ရဲတွတ်သွားပြီး ခေါင်းအုံးပေါ် မှောက်လှဲကာ မျက်နှာ ကို ဝှက်ထားလိုက်တော့သည်။ ရှက်လိုက်တာနော်. . .။ တကယ်ပါ . . . .။

"ညာ. . . ဟဲ့"

သူမပခုံးကို ဆွဲထူကြသော်လည်း သူမက အတင်းပင် ခေါင်းအုံးကို လက်ဖြင့် ဖိကပ်ထားပါ၏။

"ဟဲ့. . . ဩော်. . . မွှန်းပြီးသေတော့မှာပဲ။ ညာ. . . ဒီမှာ ရင်ရင်ပြောမလို့. . . ညာ. . . ရှက်မနေနဲ့။ ရင်ရင်တို့က ညာ့ကို ချစ်လို့ စနေကြတာပါ။ ညာ အခုလို ပျော်နေတာ တွေ့ရလို့ ငါတို့ အားလုံး ဝမ်းသာနေကြတာ သိလား။ ညာ့ကို တစ်ခါမှ ဒီလို သွက် သက်တဲ့ဟန်လေးတွေ၊ ရှက်စနိုး အမူအရာလေးတွေ မမြင်ဖူးတော့ အံ့ဩနေမိတာပေါ့။ ထဦး. . . မွှန်းတော့မှာပဲ"

သူမ ခေါင်းအုံးကို ဖယ်လိုက်တော့ မျက်ရည်တို့ စိုရွှဲနေ သဖြင့် ရင်ရင်တို့ အလန့်တကြား ဖြစ်ကုန်ကြတော့သည်။

"ဟယ်. . . ငိုနေပြီ။ ဒုက္ခပါပဲ ညာရယ်. . .။ သဥ္ဇာက ချစ်စနိုး စလိုက်တာပါ။ ညာ့ကို အရှက်ရအောင်လုပ်တာ မဟုတ်ပါ ဘူး။ သိလား. . ."

"ညာ. . . ညာ သိပါတယ်"

"ဒါဖြင့် ဘာလို့ မျက်ရည်ကျရတာလဲ"

သူမ ခေါင်းကို ခါယမ်းလိုက်ပါ၏။ ရင်ရင်က သူမ၏ နောက်ကျောဘက်မှ သိုင်းဖက်လိုက်လေသည်။

"ရှက်ပြီး ငိုရပြန်တာလား. . . ညာရယ်"

"ဟင့်အင်း. . . မဟုတ်ပါဘူး။ ညာက မောင့်ကို သနားသွားလို့ပါ"

"ဟောတော်. . . ဒီ ကိုဖိုးကဲလေးကိုများ သနားစရာလား ညာရဲ့"

"နင် မသိပါဘူး သဉ္ဇာရယ်. . .။ မောင်ကလေ ညာ့ကံ မဟုတ်ဘူး။ အင်မတန် ရိုးသား အေးဆေးတဲ့ ယောကျာ်းလေးတစ်ယောက်ပါ။ ညာ့ကို မောင်ချစ်တဲ့အချစ်က အချစ်ဦးဆိုတာ ညာ သိနေတော့ ညာ့အနေနဲ့ မောင့်ကို ဒုတိယချစ်သူဖြစ်ခွင့်သာ ပေးနိုင်ရလို့ပါ။ မောင်က ညာပြောရင် ဘာမဆို ခေါင်းညိတ် လက်ခံခဲ့တာချည်းပဲ။ တစ်ခါမှ ကန့်ကွက်ခဲ့ဖူးတာ မဟုတ်ဘူး။ ညာ့စိတ်ထဲ ငါ့ခိုက် အနာဂတ်ဖြစ်မှာကို သိပ်စိုးရိမ်တတ်တယ်။ ညာ. . . ညာ. . . မောင့်ကို တကယ်ချစ်တာပါ။ ဒါပေမဲ့ ညာ့အပေါ် မောင်ချစ်သလို ချစ်ခြင်းမျိုးကို လိုက်လိုက်လှဲလှဲ ပြောမပြတတ်ဘူး။ တစ်ခါတစ်ခါ မောင်တစ်ချက်လောက် ငိုင်သွားတာမျိုး မြင်ရတတ်တော့ မောင့်ကို ညာ အားနာလာတယ်"

"အမယ်လေးနော်. . . နင့်အလှည့်ကျမှပဲ ကိုယ့်ချစ်သူကို အားနာရတယ်လို့"

"ဒီခံစားချက်မျိုးကို နင်တို့ နားမလည်ပါဘူး ရင်ရင်ရယ်။





ယောကျာ်းဆိုတာမျိုးက သူတို့သာ ရည်းစားတွေ မှီလိုပေါက်အောင် ထားချင်ထားမယ်။ သူတို့ရွေးချယ်တဲ့ မိန်းကလေးကိုတော့ အချစ်ဦးပဲ ဖြစ်စေချင်တယ်။ မောင်လည်း ဒီလိုပဲနေမှာပေါ့။ ညာက ပထမဆုံးချစ်သူ ရှိခဲ့ဖူးတော့ မောင့်ကို အရင်လူလောက် ညာ မချစ်ဘူးလို့ သံသယဝင်မှာကို စိုးတယ်။ ဒါပေမဲ့ မောင်က ညာ့ကို အဲဒီလိုမျိုးတော့ မထင်ပါဘူး။ ညာ့ဟာညာ တွေးပြီး. . . စိတ်မကောင်းဖြစ်နေမိတာပါ"

"ဖြစ်ရလေ ညာရယ်. . .။ ဟိုတစ်ယောက်အကြောင်း သူ့ကို ဖွင့်ပြောပြလိုက်ပေါ့။ ဒါဆို. . . ညာ့စိတ်ထဲ ရှင်းသွားမှာလေ"

"ဟင့်အင်း. . . မောင်က ပြောတယ်။ ညာ ထပ်ပြီးခံစားရမှာ၊ ငိုရမှာကို မလိုချင်ဘူးတဲ့။ အတိတ်မှာ ညာ ဘယ်သူ့ကိုပဲ ချစ်ခဲ့ချစ်ခဲ့ မောင် မပိုင်ဘူး။ မောင်ပိုင်တာ ညာ့ရဲ့ လက်ရှိပစ္စုပ္ပန်နဲ့ အနာဂတ်ကိုပါတဲ့။ အဲဒီလို သဘောထားကြီးလေ. . . ညာ ပိုခံစားရလေပါပဲ။ ညာ. . . ညာ့မျက်နှာက သူများနမ်းခဲ့ဖူးတဲ့. . . "

"အို. . . ညာရယ်"

သူမ ငိုရှိုက်လိုက်တော့ သူငယ်ချင်းတွေက သူမကို ပွေ့ဖက်ပြီး နှစ်သိမ့်ပေးကြပါသည်။ အပြင်မှာ မိုးတို့က ရွာသွန်း၍ကောင်းနေဆဲ။ တစ်ချိန်က မိုးစက်လေးတွေကို ချစ်ခဲ့ဖူးတဲ့ သူမ၊ မိုးရေထဲ ပြေးဆော့ ပျော်မြူးခဲ့သည့် သူမရဲ့အတိတ်တို့ဟာ အဲဒီမိုးရေတွေအောက်မှာပဲ အကျည်းတန် အရုပ်ဆိုးစေတဲ့ အဖြစ်အပျက်ကြီးတစ်ခုကို ဖန်တီးပေးခဲ့တာ မဟုတ်လား။ အတိတ်ကို

ဘယ်လိုပဲ မေ့မေ့ ဘက်ခဲ့ပါတယ် ပြောပြော၊ အသက်အရွယ် ငယ်သေးစဉ် နုနယ်တဲ့ နှလုံးသားက ဒဏ်ရာတွေကို မောင့်ကို မမြင်စေချင်ပါ။ မောင့်ကို တစ်သက်တာ ပျော်ရွှင်စေချင်ပါသည်လေ။

● ● ●





'လရဲ့ည'

ကမ္ဘာကြီး ငုံးလျှမ်း
ငြိမ်းချမ်းခြင်းပုံဆောင်
ခေါင်ခေါင်မြည် ကျွန်းမော နေတဲ့ည
အဲဒီညဟာ
ဟာဝေယံတော သူတို့ရဲ့
မလုံ့တလုံအလှနဲ့
ကျက်သရေရှိနေတဲ့ ညလည်းဖြစ်ရဲ့

ဗီတာဆိုရဲ့ စုတ်ချက်နဲ့
ရုပ်တရက် ထွက်ပေါ်လာတဲ့ည

အဲဒီညဟာ
ကော်မေမိတြွစ်ပညာတွေ သင်ပေးနေတဲ့
'ဆရာဦးဗမ်'ကို တမ်းတာလို့

ကဗျာတွေ ရေးနေလျှက်က
ကယ်ရိုကောရှာ ဖြစ်သွားခဲ့ရတဲ့ ညလည်းဖြစ်ခဲ့.

ပုံသဏ္ဍာန်မျိုးစုံရဲ့ လှည့်ကွက်နဲ့
မာယာတောမှာ မောခဲ့ရတဲ့ည

အဲဒီညဟာ
ရီရယ်လစ်ဇင်လမ်းထက်မှ
သီအိုရီမြစ်ကျွန်းထဲကို
မြှုတ်ကျခဲ့ရတဲ့ ညတစ်ညလည်းဖြစ်ခဲ့.

ဖြစ်တည်ခြင်း၊ ဖျက်သုန်းခြင်းနဲ့
အမြဲခွန်တွဲနေတဲ့ည

အဲဒီညဟာ
ဆာဟာရအာလယ်ခေါင်မှာ
အိုအေစစ်ကို တောင့်တနေတဲ့
ဒုက္ခသည်ညလည်းဖြစ်ခဲ့.





ဘာပဲဖြစ်ဖြစ်ပေါ့လေ
အဲဒီညဟာ
ချစ်သူရဲ့အတူ
တခဏတော
ရပ်တည်ခွင့် ရခဲ့ပေမယ့်
ကျွန်ပေါင်း တောင်ချီ
ရောင်နီ မပျို့ခင်မှာ
လနဲ့အတူ
ကြိုးမိန့်ချခံရမယ့်
ကျိန်စာသင့်ညလည်း ဖြစ်နေလေရဲ့ ။

## အခန်း ( ၂၂ )

'M' စာလုံးလေး ထွင်းထားသည့် ရွှေချည်းသက်သက် ာက်ဖြတ်လက်စွပ်လေးကို လက်ဝဲဘက် လက်ခလယ်မှာ အသာ ပေးလိုက်ပါ၏။

"ဟယ်. . . အတော်ပဲတော့၊ လှလိုက်တာ။ ကိုရဲ ဘယ်ဆိုင် ဝယ်ခဲ့တာလဲ"

"ပုံစံ ကြိုမှာထားတာပါ ရင်ရင်ရဲ့"

"ဒီဇိုင်းလေးက မရိုးမဆန်းလေး. . . မိတယ်ကွာ"

သူက ညာ့လက်ဖမိုးလေးကို ဖျတ်ခနဲ ယူမွှေးလိုက်တော့ င်တို့အုပ်စု ထအော်ကြလေ၏။

"ကိုရဲနော်. . . လူရှေ့သူရှေ့တောင် မရှောင်တော့ဘူး"

"ကိုယ်ချင်းစာပေါ့ ရင်ရင်ရဲ့. . .။ အပြင်ခေါ်သွားမယ်
တော့လည်း ထည့်မပေးကြဘဲနဲ့"

"အမယ်. . . လစ်ရင် လစ်သလို အခွင့်အရေးယူတတ်
ဘယ်လိုလုပ် စိတ်ချရပါ့မလဲ။ တော်ကြာ ညွှာကိုခေါ်သွားပြီး နယ်
တစ်ခါတည်းသုတ်ခြေးရင် စန်းတို့ ရင်ကျိုးရချည်ရဲ့"

"ဟာဗျာ. . . စန်းကလည်း၊ ကျွန်တော်တို့ ချစ်သူသ
တမ်း တစ်လပြည့် အထိမ်းအမှတ်လေးတော့. . . ဘုရားသ
ရုပ်ရှင်ကြည့်၊ မုန့်စားတော့ ထွက်ချင်တာပေါ့"

"စိတ်မချပါဘူးနော်. . .၊ အခုအိမ်မှာ ကြာဆန်ချက် ခ
စားကြတာပဲ။ ရုပ်ရှင်ကို ညမှ အားလုံးအတူတူ သွားကြည့်ကြ
ပေါ့။ အဲဒီလို ခွဲခြားခွဲခြား မလုပ်ကြေး. . ."

သူက နှာခေါင်းကို ရှုံ့တွပြလိုက်တော့ သူမက သ
တကျ ရယ်လိုက်မိ၏။

"တစ်ခါတလေလေး. . . နှစ်ယောက်တည်း လွတ်
လပ်လပ် ကြည့်ချင်တာပေါ့။ စိတ်ပုပ်တွေ၊ အပျိုကြီး ဖြစ်ပါစေ

"ကြည့်စမ်း. . . သူကမှ စိတ်ပုပ်စိတ်ယုတ် အကြံ
များ"

ဖွင့်ထားသည့် တံခါးဝသို့ ဝဏ္ဏ အပြေးရောက်လာ

"ညွှာရေ. . . ပုသိမ်က ဖုန်းလာနေတယ်။ အရေး
တယ်တဲ့"

"ဟင်"





သူမ ထရပ်လိုက်တော့၊ သူပါ သူမနှင့်အတူ အောက်ထပ်
းဆိုင်ကို အမြန်ဆင်းလာခဲ့၏။ မမော်က ဘေးနားချထားသည့်
းကိုယူ၍ သူမကို ပေးလိုက်ပါသည်။

"ဟဲလို"

"သမီးလား. . . ဖေဖေပါ"

"ဖေဖေ. . . ဘာဖြစ်လို့လဲဟင်"

"သမီး. . . စိတ်ကို ခိုင်ခိုင်ထားနော်၊ သမီးမမ ဆုံးပြီ။
မလည်း အိပ်ရာထဲ လဲနေတာ ကြာပြီ။ အခြေအနေ မကောင်း
အဲဒါ သမီး လာဂို့ရရင်. . ."

"ညွှာ. . . ညွှာ. . . သတိထားလေ"

သူခေါ်သံ မဆုံးခင် ခွေခနဲ ယိုင်လဲကျလာသည့် ညွှာ့ကို
ပွေ့ချီလိုက်ရ၏။ မျက်ရည်တွေ အိုင်ထွန်းလျက် သူ့လက်ပေါ်
ပျော့လေး ပါလာတော့သည်။ သူငယ်ချင်းတွေ ပြာယာခတ်
ာ ခုတင်ပေါ် အသာတင်၍ ယပ်ခတ်ပေးသူကခတ်၊ ခြေမ
ကချိုးနှင့် အလုပ်ရှုပ်ကုန်ကြ၏။

သူက ညွှာ့မျက်နှာလေးကို ကိုင်လှုပ်၍ တတွတ်တွတ် ခေါ်
သည်။ ဩော်. . . ညွှာရယ်. . .။

သူမ ခဏအကြာ သတိရလာ၏။ သူမကို ငုံ့ကြည့်နေသည့်
ချင်းတွေကို တစ်ချက်ကြည့်လိုက်ပြီး ထထိုင်လိုက်သည်။ သူ
မလက်ဖျားလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားတော့ သူ့ကို
ပြီး ရင်ခွင်ထဲသို့ဝင်ကာ ဝမ်းနည်းပက်လက် ငိုချလိုက်လေ၏။

❦

"ညာ. . . ညာ. . . ဘယ်သူ ဘာဖြစ်လို့လဲ။ ငါတို့ကိုလည်း ပြောပြဦးလေ။ ဒါမှ နင့်ရင်ထဲ ပေါ့သွားမှာပေါ့"

သူမက သူ့ကို ခပ်တင်းတင်းလေး ဖက်လိုက်သဖြင့် ညာ အတော့်ကို အံ့သြနေမိတော့သည်။ ညာ ဘာဖြစ်ပါလိမ့်။ ရင်ဘတ် တစ်ခုလုံး တစ်ခဏချင်း မျက်ရည်တို့ ရွှဲရွှဲစိုကုန်လေပြီ။ ညာက မျက်စိကို စုံမှိတ်ထားရာမှ တီးတိုးပြောလာ၏။

"မေမေ. . . မေမေ. . . အခြေအနေ မကောင်းဘူးတဲ့ ဖေဖေက ပြန်လာခိုင်းတယ်"

"ဟယ်. . . အဲဒါ နင် သွားရမှာပေါ့ ညာရဲ့။ ငိုနေလို့ ပြီး မလား။ ပြင်ဆင်စရာရှိတာ ပြင်လေ"

"ဟင့်အင်း. . . ညာ. . . ညာ. . . မသွားချင်တဲ့ကိစ္စက နေပြီ"

"ဟဲ့. . . ဘာလဲ"

"မမ. . . မမက ဆုံးပြီတဲ့"

"ဘာ"

ရင်ရင်တို့ တစ်ယောက်မျက်နှာတစ်ယောက် အမိပ္ပာယ် ပါပါ ကြည့်လိုက်မိကြ၏။ သူက ခုချိန်ထိ ဘာမှ မသိဘဲ ဝေဝေ

"ဒုက္ခပါပဲ. . . အဲဒါမှ ဒုက္ခ. . . နောက်ဆက်တွဲ ပြဿနာ က ပိုရှုပ်မှာ သေချာတယ်။ ခက်တာပဲ ညာရယ်။ ရင်ရင်တို့ကလည်း ဒီလ ခွင့်လုံးဝယူလို့ မရဘူး"

"ငါတော့ မြင်နေပြီ. . .။ ညာ ဟိုရောက်ရင် သူတို့





နဲလွှတ်တော့မှာ မဟုတ်ဘူး. . . သေချာတယ်"

"ဘာတွေလဲ စနိုးရယ်။ ကျွန်တော်တော့. . . ဘာတစ်ခုမှ းမလည်တော့ဘူး"

"ကိုရဲကို စနိုးတို့ ရှင်းပြမှာပါ။ ခဏစောင့်ဦး. . . အခု ညာ့ကို ဆေးတိုက်ပြီး အိပ်ခိုင်းလိုက်တော့။ ပြီးရင် ဘာဆက်လုပ် ရမလဲ ဆွေးနွေးမယ်"

သူက ညာ့ကို ချော့မော့ကာ ဆေးတိုက်၍ အိပ်စေပါသည်။ ညာက သူ့လက်ဝါးတစ်ဖက်ကို ဆုပ်ကိုင်ထားသဖြင့် မလွှတ်ရဲ။ အိပ်ပျော်သွားမှသာ အသာလေးဖြုတ်၍ စောင်ခြုံပေးကာ ဧည့်ခန်း ထွက်လာခဲ့၏။

"ကိုရဲကို ညာဖွင့်ပြောဖို့ ကြံခဲ့ဖူးတယ်။ ကိုရဲက အပြောမခံ တော့ ညာ မပြောဖြစ်ခဲ့တာပါ။ ညာက သိပ်သနားဖို့ကောင်းတဲ့ ကလေးပါ။ သူ ငယ်စဉ်ကတည်းက သူ့အမေက အတင်းကို ချုပ်ထိန်းခဲ့တာတဲ့။ အစ်မဖြစ်တဲ့လူက သိမ်မွေ့လေ၊ သူက ယောကျ်ားလေးဆန်ဆန် နေခဲ့လေပဲ။ ပေါင်းတာလည်း ယောကျ်ား း သူငယ်ချင်းတွေနဲ့ပဲ ပေါင်းခဲ့တာပါ။ သူ့အမေက ညာ့ကိုဆို နှာသာ တစ်ချက်မှ ပေးခဲ့တာ မဟုတ်ဘူး။ အမြဲ ရိုက်နှက် မခဲ့တာချည်းပဲ။ အစ်မလုပ်တဲ့သူ သူ့အပေါ် ဗိုလ်ကျတာတောင် မေက အစ်မဘက်ကိုပဲ အမြဲ အလေးသာခဲ့တာချည်းပဲ။ အဖေ တော့ သူ့အပေါ် တော်တော်ချစ်ရှာပါတယ်။ သူနဲ့ပတ်သက်ပြီး တွေ မကြာခဏ စကားများကြတယ်။ ဒီလိုနဲ့ သူ ၁၀ တန်း

နှစ်မှာ သက်ပိုင်မှုဆိုတဲ့ လူတစ်ယောက်နဲ့ ဆုံခဲ့တယ်။ အဲဒီ. . . ကိုသက်ပိုင်က သူ့အစ်မနဲ့ တစ်ကျောင်းတည်းပဲ။ မေဂျာတော့ မဟုတ်ဘူးပေါ့။ ကျောင်းမှာ တော်တော်စွံတဲ့ရုပ်မျိုးနဲ့လူပါ။ ကိုသက်ပိုင်က တက္ကသိုလ်က အချောအလှတွေကို စိတ်မဝင်စားဘဲ သူတို့မြို့ပြန်ရောက်တော့မှ အမှတ်မထင် ဆုံခဲ့တဲ့ ညာ့ကိုမှ စိတ်ဝင်စားခဲ့တယ်လေ။ ညာ့အိမ်ကို ဝင်ထွက်ပြီး ညာ့အကြောင်းကို သူ့အိမ်မှာ အမြဲပြောနေတော့ သူ့အိမ်က လူကြီးတွေက ညာ့ကို သတိထားမိသွားပါလေရော။ သူတို့က အဲဒီမြို့မှာ အချမ်းသာဆုံးမိသားစုပဲ။ ညာ့ကို မြင်မြင်ချင်းပဲ သူနဲ့ သဘောတူကြတယ်။ ဒါပေမဲ့ ညာ့မိဘတွေကတော့ ညာ့ကို သဘောမတူကြဘူး"

"ဘယ်လို"

"ဟုတ်တယ်. . .။ သူတို့က ကိုသက်ပိုင်ကို အကြီးမနဲ့ သဘောတူကြတာ။ တစ်နေ့ မထင်မှတ်ဘဲ ညာနဲ့ ကိုသက်ပိုင် ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ်။ ကိုသက်ပိုင်မိဘတွေက ညာ့ကို လိုလိုချင်ချင်နဲ့ ရတနာပစ္စည်းတွေ ဆင်ဖို့တောင်. . . ထုတ်ပြကြ အထိပဲ။ လက်ထပ်ရင် ဘာကိုလက်ဖွဲ့မယ်ဆိုတာက အစပေါ့။ အဲ မှာ ညာ့မိဘတွေက ညာ့ကို အိပ်ခန်းထဲ သော့ပိတ်ထားပြီး ကျောင်း ထုတ်လိုက်တယ်"

"ဟာ. . . ရက်စက်လိုက်ကြတာ"

"ဒီ့ထက် ပိုရက်စက်တာက ညာ့ကို ဖြတ်စာ အတင်းခေ ခိုင်းလိုက်တဲ့ကိစ္စပဲ။ ညာ့ခမျာ စာမေးပွဲ ဖြေခွင့်ရဖို့ အဲဒီစာ





ဩနစားပြီး ရေးပေးလိုက်ရတာ။ အဲဒီမှာ ကိုသက်ပိုင်က အထင် တွေလွဲပြီး ညာ့အစ်မနဲ့ အရွဲ့တိုက်ပြီး တွဲတော့တာပဲ။ ညာ့ခမျာ ာကို နေ့ရောညပါ အမြဲကျက်လွန်းခဲ့လို့ ဆေးရုံကော်င် တင်ရတဲ့ အထိ အားပြတ်ခဲ့တယ်။ ရေသောက်ရုံကလွဲပြီး အစာမှ မစားခဲ့တာ ား အဲဒီဆေးရုံပေါ်မှာ ညာဟာ. . . မွေးစားသမီးဆိုတာကို မထင် တ်ဘဲ သိလိုက်ရတာပဲ"

"ဖြစ်ရလေ. . . ညာရယ်"

"တကယ်တော့ ညာဟာ သူ့အဖေနဲ့ တူအရီးတော်တာပါ။ အေက မုဆိုးမြီး ဆိုးသွမ်းတော့ အမွေဖြတ်ခံရတယ်။ မအေက ညာ့ကို မွေးပြီးပြီးချင်း မီးတွင်းထဲမှာပဲ ဆုံးတယ်။ ရက်သားလေး ညာ့ကို သူ့အဖေလက်ထဲ အပ်သွားပြီး ဖအေရင်းက ဆုံးသွားတာပဲ။ ဘွားအေလုပ်သူက မသေခင် သားအငယ်ကို စာချုပ်နဲ့ အမွေတွေ ပေးခဲ့တယ်။ ဒီတိုက်ခန်းဟာ. . . ညာ ဒုတိယနှစ်မှာ ရှေ့နေက တစ်ဆင့် ရခဲ့တဲ့ အဖေ့အမွေပေါ့။ ညာ ၁၀ တန်း ဖြေခါနီးမှာ သူ့ အစ်မနဲ့ ကိုသက်ပိုင် ခိုးရာလိုက်သွားကြတယ်"

"ဗျာ"

"ညာ. . . ရင်ကွဲနာ ကျခဲ့ရတာ အတိုင်းထက် အလွန်ပါ ။ ၁၆ နှစ်အရွယ်လေးနဲ့ သူ ခံစားခဲ့ရတဲ့ ကြေကွဲ နာကျင်မှုတွေက င်နဲ့တောင် မမျှတပါဘူး။ ဒါပေမဲ့ ညာဟာ လွမ်းစရာကို နာစရာ ပြီး စာမေးပွဲကို D သုံးလုံးနဲ့ အောင်ခဲ့တာပါ"

ညော့ခန်းမှာ တိတ်ဆိတ်သွားကြ၏။ ရင်ရင်တို့သုံးယောက်

က မျက်ရည်ကို ကျိတ်သုတ်နေကြလေသည်။

"ကိုသက်ပိုင်က ညာ့အစ်မကို မချစ်ဘဲနဲ့ လက်ထပ်ခဲ့တာပဲ။ သူ မိန်းမယူလိုက်ပြီးမှ မှားသွားတဲ့နောင်တကို ရခဲ့တာပါ။ ညာ့အစ်မက ညာ့ကို သိပ်မုန်းတယ်။ အမွေခွဲပေးရမှာကအစ ညာ့ကို မပေးချင်ဘူး။ မင်္ဂလာဦးညကတည်းက ညာနဲ့ပတ်သက်ပြီး အကြီးအကျယ် ရန်ဖြစ်ကြတာတဲ့။ ကိုသက်ပိုင်တို့ ဆွေမျိုးတစ်အုပ်စုလုံးကလည်း ညာ့ကိုပဲ လိုလားကြတာ။ ညာနဲ့ပဲ သဘောတူတာလေ။ အဲဒီတော့ ညာ့အစ်မက ညာ့ကို အဲဒီမြို့မှာ မနေနိုင်အောင် လုပ်တော့တာပဲ။ ညာဟာ အစ်မကိုငဲ့ညာပြီး အသည်းကွဲတဲ့ဝေဒနာ အရှက်ရတဲ့မျက်နှာနဲ့ အဲဒီမြေကို စွန့်ခွာခဲ့တာ ဘယ်တော့မှ အဲဒီမြေကို ပြန်မနင်းတော့ဘူးလို့ ညာ ဆုံးဖြတ်ခဲ့တယ်။ အခု ညာ့အစ်မကြောင့် ညာ ပြန်ရမယ်။ အဲဒီမှာ ညာ့အစ်မ သေသွားပြီဆိုတော့ ကိုသက်ပိုင်တို့ဆွေမျိုးတွေက ညာ့ကို ပြန်မလွှတ်တော့မှာ အသေအချာပဲ။ သူတို့က ညာ့ကို သိပ်ချစ်ကြတာ။ ကိုသက်ပိုင်ကအစ ညာ့ကို မြတ်မြတ်နိုးနိုးနဲ့ ငုံထားမတတ် ချစ်ခဲ့တာ ကိုရဲရဲ့။ ညာတော့. . . နဂိုကမှ စိတ်က ယဲ့ယဲ့ရယ်"

သူ ခေါင်းငိုက်စိုက်ကျသွားတော့၏။ ရင်ခွင်ဦးမှာ အရင်ဦးဆုံး ချစ်ခဲ့သည့်ချစ်သူကို ညာ မည်သို့ ရှောင်ရှားနိုင်မည်နည်း။ သိစိတ်ဖြင့် မည်သို့ပင် ငြင်းဆန်စေကာမူ မသိစိတ်ကို သူမ လွန်ဆန်လို့ ရနိုင်ပါ့မလား။ ဘာပဲဖြစ်ဖြစ် ချစ်သူကို စိတ်ချမ်းသာပျော်ရွှင်စေချင်တာ သူ့ဆန္ဒ အမှန်ပါ။ တကယ်ပါ ညာ. . . ညာ့ရင်





ထဲက ဆုံးဖြတ်ချက်ကိုသာ မောင် အတည်ပြုမှာပါ။ ညာ ဘယ်သူ့ကိုပဲ ရွေးရွေး. . . ညာ့အတွက်ဆိုရင် ောင့်နှလုံးသားကိုပါ ညာ့သက်ထဲ ထည့်ပေးဝံ့ပါတယ် ညာရယ်။

● ● ●

# အခန်း ( ၂၃ )

အဝတ်အစား သုံးလေးစုံခန့်ကို အိတ်ထဲ ထည့်နေရင်း မျက်ရည်ကို သုတ်လိုက်၏။ သူငယ်ချင်းသုံးယောက်သား ဘေးနားမှာ ဝိုင်းကူ၍ ချော့နေရသည်း

"စိတ်ကို လွှတ်မပေးနဲ့နော်. . . ညာ။ ဟိုက တစ်ချက်လောက် ကြွေပြလိုက်တာနဲ့ နင် ပါမသွားနဲ့"

"ပါစရာလားဟဲ့. . . အစ်မအလောင်းတောင် မြေကျသေးတာ မဟုတ်ဘဲနဲ့"

"ပြောလို့ရမလားဟဲ့. . .။ နင့်စိတ်ကို ဟိုက တစ်ဆွေလုံးတစ်မျိုးလုံး အတွင်းသိ အစင်းသိဟာကို။ ချက်ချင်းကြီး မဟုတ်တောင် နင့်ကို ဒီပြန်လွှတ်မှာတော့ မဟုတ်တာ သေချာတယ်"

"စိတ်မခ‌ရင်လည်း လိုက်ခဲ့ကြပါလား"

"ကိုရဲကို မခေါ်သွားပေါ့"

"မဖြစ်သေးဘူး. . . မေမေ့အခြေအနေက ဘာမှန်းမသိ။ သမီးလုပ်သူက ရည်းစားကိုပါ တစ်ခါတည်း ခေါ်လာသလို ဖြစ်နေမှာပေါ့။ ညာ အဲဒီလောက်. . . မျက်နှာမပြောင်ရဲဘူး"

"ငါတော့ ရင်လေးတယ်. . . ညာရယ်။ နင် စိတ်ပျော်ပုံနဲ့ ဟိုက အသာလေး အမိဖမ်းမှာ. . . ဟင်း"

"နင်တို့ အဲဒီလို စိုးရိမ်နေကြတော့ ညာက ဘယ်လိုလုပ် စိတ်ဖြောင့်ဖြောင့်နဲ့ သွားလို့ရမှာလဲ။ စိတ်ညစ်လာပြီ"

"ညာရေ. . . ပြီးရင် သွားစို့"

ဧည့်ခန်းသို့ ဝင်လာသည့် သူက အော်လိုက်သဖြင့် သူမ အိတ်ကို ဇစ်ဆွဲပိတ်လိုက်၏။ ကလေးတွေ စာမေးပွဲပြီး၊ ဒီဇင်ဘာ ၁၀ ရက် ကျောင်းပိတ်ထားသည်မို့ သူမ ခရီးထွက်ဖို့ ခွင့်ယူ၍ ရ သွားသည်။ ပြဿနာမရှိ။ ပြဿနာက ပုသိမ်ကျမှ ကြုံရရှင်းရမှာ ရင်တွေ ပူလိုက်တာနော်။

အိတ်ကိုဆွဲ၍ အပြင်ထွက်လာတော့ နွမ်းလျသည့်ပုံစံဖြင့် သူ့ကို မြင်လိုက်ရ၍ တစ်ညလုံး အိပ်ပျော်ပုံမရမှန်း သိလိုက်ပါသည်။

"မောင် ဆွဲပေးမယ်"

"ဟင့်အင်း. . . ဘုန်းနိမ့်မယ်။ လုံခြည်တွေ ပါတယ်'

"လက်က ဆွဲတာပဲ ညာရာ. . . ဘာမှ မဖြစ်ပါဘူး။ ပေး"

"နေပါ. . . ဆိုနေမှ"





"ညာ. . . လေးနေမှာစိုးလို့ပါ ညာရယ်"

"ကဲ. . . ရော့ ရော့. . ."

သူမ လှမ်းပေးသည့် အိတ်ကိုယူ၍ လက်ကလေးကို ဆုပ်ကိုင်လိုက်ပါ၏။ လက်မှာ စွပ်ထားသည့် လက်စွပ်လေးက ညာ့ အသားရောင်လေးနှင့် လိုက်ဖက်ကာ ဝင်းပနေလေသည်။

"ညာ. . . ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် မောင်ပေးတဲ့ လက်စွပ်ကို မချွတ်ပါနဲ့နော်"

"ဟင်. . . မောင့်စကားက ဘာသဘောလဲ။ ညာက မေမေ အသည်းအသန်ဖြစ်လို့ ပြန်တာလေ။ မောင်ပေးတဲ့ လက်စွပ်ကို ချွတ်ပစ်စရာလား။ အမိပွာယ် မရှိတာကို"

သူက သက်ပြင်းချလျက် လမ်းမထက်မှာ Taxi တစ်စီးကို လှမ်းတားလိုက်၏။ ဒဂုံဧရာအဝေးပြေးကို ညွှန်လျက် တက်စီးလိုက်ပါသည်။

"တကယ်လို့ပေါ့လေ. . . ညာ့ကို ဒီပြန်မလွှတ်တော့ရင် မောင့်ဆီကို ဖုန်းဆက်ခေါ်နော်။ မောင် လိုက်လာမယ်။ ညာ့ကို မောင် လာခေါ်မှာပါ"

သူမ မောင့်မျက်နှာကို တအံ့တဩ မော့ကြည့်လိုက်၏။ မောင်က အပြုံးနွမ်းနွမ်းလေးဖြင့် သူမကိုကြည့်ကာ လက်ကိုသာ သွတ်တမ်း ဆုပ်ထားလေသည်။

"ညာက ဒီကို ပြန်ဖြစ်အောင် ပြန်လာမှာပါ မောင်ရဲ့။ ညာ့အလုပ်က ဒီမှာ၊ ညာ့နှလုံးသားကလည်း ဒီမှာ ရှိနေတာ။ ပြန်

မလာလို့ ဘယ်ရပ်မလဲ။ မောင် လိုက်လာတော့ ညာ့အတွက် ကောင်းတာပေါ့။ ဒီလိုလုပ်. . . ညာ. . . ဟိုကို ရောက်ပြီး တစ်ပ အကြာ မောင် လိုက်လာခဲ့လေ. . . နော်"

"ဒါဆိုလည်း မောင် လိုက်လာပါ့မယ်။ ဒါပေမဲ့ ဘာ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့နော်၊ ညာဆုံးဖြတ်တာကိုပဲ မောင် လက်ခံ ပါ. . .။ အဲဒါကို ယုံနော်"

"ဟင်. . . မောင် ဘာကိုဆိုလိုတာလဲ"

"လောလောဆယ် ဘာမှ မတွေးပါနဲ့. . . ညာရယ်။ ခေါင်းထဲမှာ မှတ်ထားဖို့က ညာ ဘာလုပ်လုပ် မောင် မကန့်ကွ ဘူး။ ညာ စိတ်ချမ်းသာဖို့သာ အဓိက၊ သိလား. . .။ မောင့်ကို ညာပြီး ညာတာဝန်တွေ ပီ၊ စိတ်တွေလေးနေမှာကို မောင် မလိုလ ဘူးနော်"

"မောင်ရယ်"

သူမက မောင့်လက်ကို ပြန်ဆုပ်ကိုင်လိုက်ပါသည်။ မော က သူမကို စိတ်မချသလို တစ်လမ်းလုံး တတွတ်တွတ်နှင့် မှာတ တွေသာ ချွေနေခဲ့၏။ အဝေးပြေးကားပေါ်ရောက်တော့ ကားထွ ခါနီးမှ ကားပေါ်က ဆင်းသွားခဲ့လေသည်။ မှန်ပြတင်းမှ လက်တ ပြနှင့် ရန်ကုန်မြေကို ခဏခွာလာခဲ့ရပါ၏။ ညာတော့ မောင့် အချိန်နဲ့အမျှ လွမ်းနေချစ်နေမြဲပါကွယ်၊

●





မှန်လုံပေါ်မှဆင်း၍ Taxi ဖြင့် အိမ်ကို တန်းလာခဲ့၏။ ရောက်တာ ကြာခဲ့ပြီဖြစ်သည့် မြို့လေးက သူမစိတ်ထင် အရင်လို ဟုတ်ဘဲ ခြောက်သွေ့နေသယောင်။ ခြံရှေ့မှာ ကားရပ်၍ ငွေချေ ာ သူမ အိမ်ပေါ်သို့ တက်လာခဲ့သည်။ တိတ်ဆိတ် ငြိမ်သက်နေ သည့်အိမ်က ခြောက်ချားဖွယ်ရာပင်။ ဧည့်ခန်းမှာ အိတ်ကို ချလိုက် ည့် အတွင်းခန်းမှ ထွက်လာသည့် ဖေဖေ့ကို မြင်လိုက်ရလေ၏။

"ဖေဖေ"

"သမီး. . . သမီးလေး"

သူမ ဖေဖေ့ကို အပြေးဖက်၍ မျက်ရည်ကျရပြန်၏။ ဖေဖေ သူမကို ပွေ့ဖက်ထားရင်း သူမဆံစလေးများကို ငုံ့နမ်းလိုက်ပါ သည်။ အတော်ပိန်ကျသွားသည့် ဖေဖေ့ရင်ထဲမှာ ဘယ်လောက်ထိ ထိခိုက်စရာ ဝေဒနာတွေ ရနေပြီလဲ။

"သမီးမမကို ဆုံးတဲ့နေ့မှာပဲ မီးသဂြိုဟ်လိုက်ပြီ။ သမီး အိမ် သွားဦးမလား"

"မသွားတော့ပါဘူး ဖေဖေ. . .။ မေမေ့ကိုပဲ"

"သမီးမေမေကို ဆေးရုံက ခေါ်ခဲ့ရပြီ။ အခန်းထဲမှာ ရှိ ာယ်"

"မေမေ ဘာဖြစ်တာလဲဟင်"

"သားအိမ်ကင်ဆာ"

"အို"

"သမီးမမက ဦးနှောက်သွေးကြော ပြတ်သွားတာ။ မောင်

သက်ပိုင်တောင် သဘော်က ပြန်ရောက်တာ သိပ်မကြာသေးဘူ

"ညာ. . . မေမေ့ကို သွားတွေ့ဦးမယ် ဖေဖေ"

"ခဏ. . . ခဏလေး သမီး. . . ဖေဖေ ပြောဦးမယ် သမီး သိထားဖို့က ဖေဖေ သမီးကို သိပ်ချစ်တာကို ယုံပါ။ ပြီးေ သမီးအတွက်ဆိုရင် သမီးစိတ်ချမ်းသာမှု တစ်ခုကိုပဲ ဖေဖေ ဦးေ ပေး မယ်။ ဒါပေမဲ့. . . အခုလောလောဆယ် သမီးမေမေ ပြောခ တာတွေကို နားထောင်ပေးလိုက်ပါ။ သူ့ဆန္ဒကို နောက်ဆုံးအနေ ဖြည့်ဆည်းပေးလိုက်ပါကွယ်. . . နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

သူမ မေမေ့အိပ်ခန်းတံခါးကို အသာဖွင့်လိုက်၏။ အနေ ထောင့်ကပ်ထားသည့် တစ်ယောက်အိပ် ခုတင်လေးထက်မှာ မ်း နေသည့် အရိုးပေါ် အရေတင် မေမေ့ကို အံ့ဩ မှင်တက်စွာ ေ ကြည့်နေမိ၏။ ခုတင်ပေါ် အသာလေး ထိုင်လိုက်စဉ် ဖြူဖျော့ေ မျက်ခွံတို့ ပွင့်လာလေသည်။

"သမီး. . . သမီးလေး. . . ပြန်လာတယ်"

"ဟုတ်ပါတယ် မေမေ။ ညာ. . . မေမေ နေမကောင်း သတင်းကြားလို့ ပြန်လာခဲ့တာပါ။ မေမေ သက်သာရဲ့လားဟ

မေမေက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်ပြီး ထံ လက်တစ်ဖက် ကမ်းလိုက်၏။ သူမ မေမေ့လက်ပိန်ပိန်လေး ဆုပ်ကိုင်လိုက်ပါသည်။ အို. . . ကြည့်ပါဦး. . .။ အရိုးပြိုင်းပြ ထနေတဲ့လက်တွေက အရင်လို သူမကို ရိုက်နှက် ဆုံးမနိုင်ခွင့်





တော့ဘူးလား။

"သမီးမမ. . . သမီးမမ. . . ဆုံးသွားပြီ"

"ညာ. . . သိပါတယ် မေမေ"

"မေမေ့ကို ခွင့်လွှတ်ပါ"

"ညာ့ကို တောင်းပန်ဖို့ မလိုပါဘူး မေမေရယ်။ မေမေတို့ ညာ့အပေါ် ထားရှိတဲ့ စေတနာ မေတ္တာတွေကို ညာ နားလည်ပါ ဘယ်။ ညာ့ကို အရွယ်ငယ်ငယ်နဲ့ စိတ်အလိုမလိုက်ဖို့ တားဆီး ဆုံးမခဲ့တာတွေကို ညာ့စိတ်ထဲ ဘာမှ အမှတ်မထားပါဘူး။ ပြီးခဲ့တာ တွေ ပြီးပါစေတော့. . . မေမေ။ အဲဒီအကြောင်းကို တွေးမနေပါနဲ့။ င်ပန်းပါတယ်။ အမိကဲ့ မေမေ စိတ်ချမ်းသာဖို့နဲ့ လူကျန်းမာဖို့ ါနော်"

မေမေက အသက်ကို ခက်ခဲ ပင်ပန်းစွာ ရှူသွင်းနေရရှာ ၏၊ သူမမျက်နှာပေါ်မှ မျက်ရည်တစ်ပေါက် စီးကျသွားသည်။ ဒနာတွေ ပြင်းပြစွာ ခံစားနေရရှာသည့် မေမေ့ကို သူမ မကြည့် က်နိုင်တော့။ မေမေ့ကိုယ်လေးကို အပေါ်မှ ခပ်ဖွဖွလေး ဖက် ားလိုက်ပါ၏။ မေမေက သူမနားအနီးသို့ကပ်ကာ တီးတိုး ဆို လသည်။

"မေမေတို့ မတရားခဲ့တာတွေကို မေ့လို့မရတော့ဘူး။ ပြီး ာ့ သမီးရင်ထဲက ထုတ်ယူခဲ့တဲ့ နှလုံးသားတစ်ခုကို သမီးလက် ဲကို ပြန်ပေးခဲ့ချင်တယ်။ သမီး. . . လက်ခံပါ"

"မေမေ. . . ညာက. . . ညာက"

"မေမေ့ဆန္ဒကို လက်ခံပါလား သမီးရယ်။ မေမေ့ကို ချစ်ရင် ခေါင်းညိတ်ပေးပါ။ မေမေ့မြေးလေးကို ဘယ်သူစိမ်း မိထွေးလက်ထဲကိုမှ ထည့်မပေးနိုင်ဘူး။ ကလေးကို သနားပါ သမီးရယ်"

"အို. . . မေမေရယ်"

သူမ မေမေ့ဘေးမှာ ထိန်းမရနိုင်တော့ဘဲ ငိုကျွေးနေမိ၏။ နောက်နားဆီမှ ဖေဖေက သူမပခုံးလေးကို အသာညှစ်၍ သတိပေးလိုက်လေသည်။ မျှော်လင့်တကြီး ကြည့်နေရှာသည့် မေမေ့မျက်ဝန်းများကို ကြည့်၍ သူမနှုတ်မှ ဘာတစ်ခုမှ မပြောနိုင်တော့ဘဲ ခေါင်းကိုသာ ခပ်မြန်မြန် ညိတ်ချလိုက်တော့ မေမေ့မျက်နှာမှာ ပီတိအပြုံးလေး ပေါ်လာ၍ ငြိမ်သက်သွားတော့သည်။

"မေမေ. . . မေမေရယ်. . . ညှာ ရောက်လာပြီလေ။ ညှာကို အံ့ရင်လို ဆူပါဦးလား။ ရိုက်နှက် ဆုံးမပါဦးလား။ ညှာ မေမေ့ကို စိတ်ခုမနေပါဘူး။ ညှာ့ကို. . . ညှာ့ကို ရက်သားလေးကတည်းက ကျွေးမွေး ပြုစုခဲ့တဲ့ မေမေ့ကို ညှာ အရမ်းချစ်တာပါ။ မေမေ မေမေ. . ."

"စိတ်ကိုထိန်းပါ သမီးရယ်. . . ထိန်းပါ"

"ညှာ. . . တာဝန်မကျေဘူး ဖေဖေ။ မိဘနှစ်ပါးကို ကျွေးမွေးလုပ်ကျွေးရမယ့်အချိန်မှာ ညှာက. . . ညှာက မိဘရင်ခွင်က ခွာပြီး အဝေးမှာ. . . အဝေးမှာ"

"သမီးရယ်. . . သမီးအပြစ် မဟုတ်ပါဘူး။ ဒါတွေအားလုံးဟာ သမီးမေမေကြောင့် ဖြစ်လာတဲ့ အကျိုးဆက်တွေလေ။ အဲ





ဒီလို မသတ်မှတ်ရဘူး။ ဘာပဲဖြစ်ဖြစ်. . . သမီးတာဝန် သမီး ကျေပွန်ပါတယ်ကွယ်။ သမီးမေမေရဲ့ နောက်ဆုံးဆန္ဒကို. . . ဖြည့်ပေးခဲ့တဲ့အတွက် သမီးကို ဖေဖေ ကျေးဇူးတင်ပါတယ်။ တကယ်ပါ. . .၊ သမီးဟာ ဖေဖေတို့ရဲ့ အချစ်ဆုံး၊ တန်ဖိုးအထားရဆုံး၊ သမီး အလိမ္မာလေးပါပဲ"

မေမေ့ရှာပနကိစ္စကို ဖေဖေကပင် ဦးစီးဦးဆောင် ပြုလုပ်သွားပါ၏။ မမနှင့် သုံးရက်သာကွာ၍ ဆုံးသည်မို့ သူတို့အိမ်မှာသည်း အလုပ်တွေ ရှုပ်နေပေလိမ့်မည်။ မေမေ့ကိုပြုစု၍ ကျေးဇူးဆပ်ခွင့် မရလိုက်ပေမယ့် ဖေဖေ့ကိုတော့ မျက်နှာလွှဲ ခဲပစ် မထားခဲ့ပါ။

ဖေဖေ့ကို ဒီက စီးပွားရေးတွေ အကုန်စွန့်လွှတ်ရောင်းချ၍ ရန်ကုန်ကို ခေါ်သွားတော့မည်။ ခြံလေးတစ်ခြံဝယ်၍ အခြေချမည်။ ကုမ္ပဏီရှယ်ယာများ ဝင်ခိုင်းကာ ဖေဖေ့ကို နားနားနေနေနေစေမည်။ ဒီနယ်မြေမှာ ညှာ တစ်စက္ကန့်တောင်မှ မနေချင်တာ ဖေဖေ အသိဆုံးပါနော်။ ဖေဖေ ညှာနဲ့အတူ လိုက်နေနိုင်ပါ့မလား။ မေမေ ခေါင်းချခဲ့သည့်နေရာမှာပဲ တစ်သက်လုံးနေဖို့ ဆုံးဖြတ်ခဲ့ရင် ညှာ ဘာလုပ်ရမလဲ။

အတွေးတွေ ဂယက်ရိုက်ကာ လူက အိပ်ရာထဲ ခွေနေမိတော့၏။ သက်ရှိထင်ရှား ရှိနေသေးတဲ့ ဖေဖေ့ကို ပြုစုရင်း ကျေးဇူးဆပ်ခွင့် ပေးလှည့်ပါလား ဖေဖေရယ်။

● ● ●

## အခန်း ( ၂၄ )

ရက်လည်ဆွမ်းသွပ်ပြီးသည့်ရက်အထိ မေမေ့ကို ဘာတစ်
ခုမှ မတိုင်ပင်ဖြစ်သေး။ ညနေစောင်းမို့ ဧည့်ခန်းမှာ တစ်ယောက်
ာည်း ထွက်ထိုင်နေမိသည်။ နံရံပေါ် ချိတ်ထားသည့် မေမေ့ဓာတ်
ုကို မော့ကြည့်တော့ မေမေက သူမကို ပြုံးပြနေလေ၏။ ဖုန်တွေ
ကြောင့်လား မျက်နှာက မှုန်မှိုင်းမှိုင်း။ ကြက်မွေးတံမြက်စည်းလေး
ကိုယူ၍ မှန်ချပ်ကို အသာအယာလေး သုတ်ပေးနေစဉ် သူမ ခြေ
နှစ်ဖက်ကို လာဖက်လိုက်သည့် ပျော့ပျောင်း သွယ်လျသော လက်
ာလေးနှစ်ဖက်ကြောင့် ရုတ်တရက် လန့်သွားရ၏။

"အမေ့. . ."

သူမ အနောက်ကို လှည့်ကြည့်လိုက်တော့ ဂါဝန်အဖြူလေး

နှင့် ဆံပင်တိုတိုလေးကို နှစ်ဖက်စည်းနှောင်ကာ သူမကို ခပ်ပြုံးပြုံး လေး မော့ကြည့်နေပါသည့် သုံးနှစ်ကျော်အရွယ် ကလေးမလေး တစ်ယောက်ကို မြင်လိုက်ရသည်။

"မေမေ"

"ဘုရား. . ."

လက်ထဲမှ ကြက်မွေးက ကြမ်းပေါ်သို့ ဒေါက်ခနဲပြုတ်ကျ သွားတော့သည်။ သူမ ဒူးထောက်ထိုင်ချလိုက်ပြီး ကလေးကို သေချာ ကြည့်နေမိ၏။ ဘုရား. . . ဘုရား. . . သူမမှ သူမအသေးစားလေး ဖြစ်နေပါရောလား။ ကလေးမလေးက သူမလည်တိုင်ကို ဖက်၍ ပါးပြင်ကို ရွှတ်ခနဲ နမ်းရှိုက်လိုက်လေ၏။ ရင်ထဲမှာ ထိတ်ခနဲဖြစ် သွားပြီး ကလေး၏လက်ကလေးကို အသာဖြုတ်လိုက်ပါသည်။

"သမီး. . . လူမှားနေပြီကွယ့်။ အန်တီက သမီးရဲ့မေမေ မဟုတ်ပါဘူး"

"ဟင်. . . ဟုတ်ပါတယ်။ သဲသဲဖေဖေကရော ဘွားဘွား တွေ၊ ဘိုးဘိုးတွေကပါ ပြောထားတာ။ မေမေက သဲသဲဆီကို ပြန်လာ မှာတဲ့. . .။ အခုပြန်လာပြီလေ"

"မဟုတ်. . . မဟုတ်ပါဘူး သမီးရယ်"

"ဟုတ်ပါတယ် မေမေရဲ့။ ဟောဒီထဲမှာလေ. . . ဖေဖေနဲ့ မေမေ့ပုံကို အတူတူထည့်ထားတာ သိလား. . .။ မေမေက သဲသဲရဲ့ မေမေအစစ်ပါ"

ကလေးမလေးက ဆွဲထားသည့် အံသည်းပုံဆွဲကြိုးလေး၏





ထုတ်ပြလိုက်ပြီး သူမကို အတင်းပြန်ဖက်လိုက်ပြန်၏။ သူမ ကလေး ကို ပွေ့ချီလိုက်စဉ် အိမ်ဝမှ ဝင်လာသည့် သူ့ကို မြင်လိုက်ရလေ သည်။ တဒင်္ဂ မှင်တက်စွာ ကြည့်နေမိရာမှ သူမမျက်လွှာကို အသာ ချလိုက်၏။ ထိုင်ခုံမှာ ထိုင်လိုက်ရင်းက ကလေးကို ပေါင်ပေါ်မှာ ဘင်ထားမိသည်။ ကလေးမလေးက သူမနားရွက်တွေ၊ နှာခေါင်းနှင့် မေးစေ့လေးကို တစ်ခုချင်း လျှောက်ကိုင်နေပြီး သဘောကျနေ လေ၏။

"သမီးနာမည်. . . ဘယ်လိုခေါ်သလဲ"

"သဲမြညှာ"

"ဘယ်လို"

"သဲမြညှာလေ မေမေရဲ့. . .။ သဲသဲက မေမေနဲ့ နာမည် အတူတူပဲဟာကို"

ကလေးက သူမကို ခွထိုင်၍ တင်းကျပ်စွာ ဖက်ထားလိုက် လေ၏။ သူမ တအံ့တသြဖြင့် သူ့ကို မော့ကြည့်လိုက်တော့ သူက အပြုံးနွမ်းနွမ်းဖြင့် ခေါင်းကို ညိတ်ပြလိုက်လေသည်။

"ဘာသဘောနဲ့. . . ဘာသဘောနဲ့ ဒီနာမည်ကိုမှ ပေးခဲ့ရ ဘာလဲ"

"သက်ပုံရဲ့ဆန္ဒပါ ညှာလေး. . .။ ကိုကြီးကိုယ်တိုင်က လည်း ညှာလေးရဲ့နာမည်ကိုပဲ ပေးချင်နေတော့ သူပေးခဲ့တာပါ"

သူမ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်မိသည်။ ဒုက္ခပါ ပဲ. . .။ ကလေးကလည်း သူမကို တမေမေတည်း မေနေတော့၊ သူမ

ဘာဆက်လုပ်ရမှာလဲ။ ကိစ္စတွေ မြန်မြန်ပြီး မြန်မြန်ပြန်ချင်ပါတယ်ဆိုမှ သူတို့သားအဖက လာရှုပ်နေလေပြီ။

"ညာလေး. . . ဒီကို အပြီးပြန်လာတာ မဟုတ်လား"

"ဟင့်အင်း"

"ညာလေးဖေဖေက ညာလေးကို ဒီမှာပဲ အပြီးခေါ်ထားတော့မယ်လို့ ပြောတယ်"

"မနေပါဘူး. . . နေလို့လည်း မရဘူး။ ညာ့အလုပ်ကရန်ကုန်မှာ။ ပြီးတော့. . . ပြီးတော့ ညာ့နှလုံးသားကလည်း ရန်ကုန်မှာပဲ ကျန်နေခဲ့တာ"

သူ့မျက်ခုံးနှစ်ဖက် ပြိုင်တူမြင့်တက်သွားပါ၏။ နှုတ်ခမ်းထက်မှာ သရော်ပြုံးတစ်ခု ပေါ်လာသည်။

"ဟုတ်လို့လား ညာလေးရဲ့။ ကိုကြီး သိထားတာက ညာလေးနှလုံးသားက ဒီမြို့မှာ ကျန်ရစ်ခဲ့တာပါ"

သူ့မ နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်မိ၏။ မမသေတာတောင် ဘာမှ မကြာသေး။ သူ့နှုတ်က ဒီလိုစကားမျိုး ထွက်တာ အံ့ဩစရာ။ မောင်နဲ့များ ကွာပါ့။ မောင်ဆို ညာ့ကို ဒီလို ခင်ကြောကြောလေသံမျိုး၊ အမူအရာမျိုးနဲ့ တစ်ခါမှ ပြောဖူးခဲ့တာမဟုတ်။

"မေမေ. . . သဲသဲတို့နဲ့ တစ်ခါတည်း ပြန်လိုက်မှာ မဟုတ်လားဟင်"

"ဟင့်အင်း. . . မလိုက်ပါဘူး။ ဒါက အန်တီ့အိမ်လေး၊





သမီးနဲ့ သမီးဖေဖေက ကိုယ့်အိမ်ကို ကိုယ်ပြန်ကြပေါ့"

"ဟင်. . . မရဘူး. . . မရဘူး။ လိုက်ခဲ့ရမယ်. . . လိုက်ခဲ့ရမယ်. . .၊ ဖေဖေ. . . ရအောင်ခေါ်ပေး။ သဲသဲ မေမေနဲ့ အတူဘူ အိပ်ချင်တာကို"

ကလေးက သူ့မပေါ်မှ လျှောဆင်းကာ ခြေဆောင့်၍ သူ့ကိုဒှစ်တိုက်တော့သည်။ သူက ခပ်ပြုံးပြုံးပင် လက်ပိုက်ကြည့်နေလေ၏။

"ပြီးတော့. . . အန်တီ့ကို အန်တီလို့ပဲ ခေါ်ပါ"

"ဟင့်အင်း. . . မေမေက မေမေပဲပေါ့။ ဘွားဘွားက မှာသားတယ်။ မေမေလို့ပဲ ခေါ်ရမှာတဲ့။ နော်. . . ဖေဖေရယ်"

သူက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး ခပ်ဟက်ဟက် ရယ်လိုက်လေ၏။ သူ့မ ထိုင်ခုံမှာ ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်လိုက်ပါသည်။

"ကလေးကိုခေါ်ပြီး ပြန်ပါတော့. . . ကိုသက်ပိုင်မှူး။ ရှင်တို့ကို ညည့်ခံစကားပြောဖို့ ညာ့မှာ အချိန်မရှိဘူး။ ညာ. . . ပြန်ဖို့ပြင်ဆင်ရဦးမှာ"

"မေမေတို့၊ ဘွားဘွားတို့က ညာလေးကို တွေ့ချင်နေကြတယ်။ ညာလေးက လိုက်တွေ့မှာလား။ ဒါမှမဟုတ် ဘွားဘွားတို့ကပဲ ညာလေးကို လာတွေ့ရမလားတဲ့။ ကိုကြီးကို မေးခိုင်းလိုက်တယ်"

"ညာ. . . မတွေ့ချင်ဘူး။ ဘယ်သူနဲ့မှလည်း မဆုံချင်

တော့ဘူး။ ညှာ အခုပြန်လာတာ မေမေ့ကိုစွဲကြောင့်ပဲ။ အခု မေ
တိစ္စတွေ အားလုံးပြီးနေပြီ။ ညှာ ဖေဖေနဲ့ တိုင်ပင်ပြီးရင် ရန်ကု
ကိုပြန်မှာ. . .။ ဒီမြေမှာ တစ်မိနစ်၊ တစ်စက္ကန့်တောင်မှ နေခ
တာ မဟုတ်ဘူး"

"ဟင်း ဟင်း. . . ညှာလေးနှလုံးသားတွေ အရည်ပေ
ကုန်မှာကို စိုးရိမ်လို့ မဟုတ်လား ညှာလေးရဲ့။ ကိုကြီး သိပါတယ်

"ရှင်. . . စကားကို ဆင်ခြင်ပြီးပြောပါ ကိုသက်ပိုင်မှု
မမဆုံးတာမှ တစ်ပတ်ကျော်ပဲ ရှိသေးတယ်။ ရှင့်ပါးစပ်က သိက္
မရှိတဲ့စကားမျိုး မပြောပါနဲ့"

"အခုမှ လွန်ခဲ့တဲ့သုံးနှစ်ကျော်က သဲမြညှာကို ကိုကြ
ပြန်တွေ့ရတာကိုး. . ."

"တောက်"

သူမ ဒေါသတကြီး တောက်ခေါက်လိုက်တာတောင် သူ
အပြုံးမပျက်ပေ။ အဲဒီနောက် သူ စားပွဲဘေးနားမှာ ရပ်နေသည
ကလေးကို ပွေ့ချီလိုက်၏။ ကလေးက အချိုမခံဘဲ ရွတ်ရွန်းက
သူမဆီ ပြေးလာပြီး လုံခြည်ကို အတင်းဆွဲထားလေသည်။

"သမီး. . . ဖေဖေတို့ ပြန်ကြရအောင်"

"ဟင့်အင်း. . . သဲသဲ. . . မေမေပါမှ ပြန်လိုက်မယ်၊
မေမေကို ပါအောင်ခေါ်ပေးပါ ဖေဖေရယ်နော်"

"မေမေက နောက်တော့ လိုက်ခဲ့မှာပေါ့ သမီးရဲ့။ ဖေဖေ
တို့ အရင်ပြန်နှင့်ကြမယ်လေ. . . နော်"





"ဟင့်အင်း. . . ဟင့်အင်း. . . တော်ကြာ မေမေ့ကို ဟိုလူ
ကြီးတွေက သေတ္တာကြီးထဲထည့်ပြီး သဲသဲဆီက အပြီးခေါ်သွားရင်
ဘယ်လိုလုပ်မလဲ။ မေမေ ပျောက်သွားမှာပေါ့။ သဲသဲ အခုမှ မေမေ့
ကို ပြန်တွေ့ရတာ မပြန်ဘူး။ မေမေ မပါရင်. . . မပြန်ဘူး"

သူမစိတ်ထဲ ထိန်းမရနိုင်တော့ဘဲ ငိုရှိုက်ကာ ကြမ်းပြင်
ပေါ် ထိုင်ချလိုက်ပါ၏။ ကလေးက သူမကိုဖက်၍ လိုက်ငိုနေလေ
သည်။ ဘယ်လိုလုပ်ရမလဲ။ ညှာ ဘယ်လိုလုပ်ရမလဲ။ မောင်. . . ဒီ
မှာ ညှာ့ကို မရုန်းသာ မလူးသာအောင် ကြိုးတွေနဲ့ ချည်နှောင်နေ
ကြပြီ။ ညှာ့အဖြစ်ကို လာကြည့်ပါဦး။

"ဟော. . . ဘယ်လိုဖြစ်တာတုန်း။ ငါ့မြေးက သူ့အန်တီ
ကိုဖက်ပြီး အငိုပြိုင်နေတာလားကွ. . . ဟော"

"အန်တီဟုတ်ဘူး ဘိုးဘိုးရဲ့။ သဲသဲ မေမေပါ"

"ဟောဗျာ"

"မေမေက သဲသဲဆီကို နောက်တစ်ခေါက် ပြန်လာခဲ့မယ်
လို့ ပြောသွားတာလေ။ အခု မေမေက. . . မေမေက သဲသဲတို့အိမ်
ကို မလိုက်ဘူးတဲ့ ဘိုးဘိုးရဲ့"

"ခဏတစ်ဖြုတ်တော့ လိုက်သွားလိုက်ပါ. . . သမီးရယ်။
ကလေး စိတ်ကျေနပ်အောင်"

"ညှာ မလိုက်ချင်ဘူး ဖေဖေ"

"သမီးရယ်. . . ကလေးလည်း မဟုတ်တော့ဘူး။ လူကြီး
ဘတွေးမျိုးနဲ့ တွေးကြည့်ပါဦး"

ဖေဖေက သူမခေါင်းကို အသာပွတ်၍ ချော့လိုက်၏။ ကလေးက စစ်ကူရသွားတော့ အငိုတိတ်ကာ သူမ၏ မျက်ရည်တို့ကို လက်သေးသေးလေးဖြင့် သုတ်ပေးနေလေသည်။

"ဖေဖေက လာချော့လေ"

"ဟား. . . ဟား. . . ဟား. . . ငါ့မြေးကတော့ စံပဲဟေ့။ အင်း. . . သဲမြညာ အသေးစားလေး. . .။ အငယ်မပုံစံ အငယ်အချိုးအတိုင်း တစ်ပုံစံတည်းပဲ"

"ပြန်ကြမယ်နော် မေမေ. . . လာ. . . ထ"

သူမကို လက်မောင်းမှ ဆွဲထူနေတော့ သူမ အသာထလိုက်ရ၏။ ဝတ်ထားသည့် ဘလောက်စ်အကျႌကို ဆွဲဆန့်လိုက်သည်။ ကလေးက အချိခံရန် သူမကို လက်ကမ်းပေးလိုက်သဖြင့် သူမပွေ့ချီလိုက်ပါ၏။

"ညာပြန်လာရင်. . . ဖေဖေနဲ့ တိုင်ပင်စရာ ရှိတယ်နော်။ ဖေဖေ စောင့်နေပေးပါ"

"အေးပါ သမီးရယ်. . . အေးပါ"

"ဘိုးဘိုး. . . သဲသဲတို့ သွားပြီနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ. . . ဟုတ်ကဲ့ပါ"

ကလေးက ဖေဖေ့အပြောကို သဘောတကျဖြင့် တခစ်ခစ်ရယ်လိုက်လေ၏။ သူမ အိမ်ပေါ်မှဆင်းတော့ သူက ကားရှေ့ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ ကားကို ညင်သာစွာ မောင်းထွက်ခဲ့ပါ၏။ ဆောင်းတွင်းမို့ ညနေငါးနာရီခွဲလောက်ပင် နှင်းတို့ထကျနေလေပြီ။





ခြံဝင်းထဲမှာ အရင်တုန်းကအတိုင်း ပန်းပင်တွေ ဝေဆာနေ၏။ ကြီးကြီး စိုက်ထားသည့် နှင်းဆီပွင့်တို့က အစီအရီ ပွင့်အာသျက်။ တိုက်ရှေ့ ကားထိုးရပ်လိုက်တော့ သူ ဖွင့်ပေးသည့် တံခါးမှဆင်းကာ သူမလက်ကိုဆွဲ၍ ကလေးက တိုက်ထဲသို့ လှမ်းအော်လိုက်လေသည်။

"ဘွားဘွားရေ. . . ဘိုးဘိုးရေ. . . မေမေ ပါလာပြီ။ ဘွားဘွားကြီးရေ. . . ဘွားလေးရေ. . . သဲသဲ မေမေ့ကို ခေါ်လာပြီ"

အိမ်ထဲမှ လူကြီးတွေ ဧည့်ခန်းဆီ ခပ်သွက်သွက် ထွက်လာကြ၏။ ပန်းရောင်လွှမ်းနေသည့်မျက်နှာဖြင့် သူမ မော့ကြည့်လိုက်တော့ ကြီးကြီးက သူမကို ဝမ်းသာအားရ ပြေးဖက်ပါတော့သည်။

"သမီးလေး. . . သမီးလေး. . . ပြန်လာပြီ"

"ကြီးကြီး"

"အမယ်လေး. . . သမီးရယ်။ အန်တီလေးတို့က သမီးကို ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ ထင်ထားတာ။ သမီးက ဒီမြို့ကို တော်တော်စိတ်နာသွားတာကိုး"

"ကဲ. . . သမီးကို ထိုင်ခိုင်းကြပါဦးကွာ။ မဏ်တတ်ကြီး အလွမ်းသယ်မနေကြနဲ့. . . လာ. . . သမီးလာ"

"ဘဘ. . . ကျန်းမာပါတယ်နော်. . . ဘွားရော"

"ရှိပါ့တော် ရှိပါ့. . . ပုတီးစိပ်နေလို့ ချက်ချင်း ထွက်မလာဖြစ်တာပါ မြေးရယ်။ ကြည့်ပါဦး. . . ဘွားမြေးက အရင်ကထက်

ရွှေပဒေသာစာပေ

ထောင် ပိုပြီးချောပါလားဟဲ့. . . ဟင်း ဟင်း"

သူမ ထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ ကလေးက သူမပေါင်ပေါ် တက်ထိုင်၍ မေးဖျားလေးကို နမ်းလိုက်ပါ၏။ သူမ ကလေးကို အသာဖက်ကာ ပါးလေးကို ငုံ့မွှေးလိုက်မိသည်။ လူကြီးတွေအားလုံးက ကျေနပ်သည့်အကြည့်တို့ဖြင့် ငေးနေကြ၏။

"မေမေ. . . သဲသဲကို ထမင်းခွံ့ကျွေးနော်"

"မြေးရယ်. . . မေမေက စိတ်ပင်ပန်းနေတာလေ"

"ဟင်. . . ဘွားကလည်း၊ ဘွားပဲ အခုမေမေက သဲသဲကို ချစ်မှာ၊ အလိုလိုက်မှာ၊ ထမင်းခွံ့ကျွေးမှာဆို. . .။ အရင်မေမေလို သဲသဲကို မရိုက်ဘူးဆို"

"သမီး. . . သဲသဲ"

သူက တစ်ချက်ဝင်ဟန့်လိုက်သော်လည်း ကလေးက သူမ လက်မောင်းကို ကိုင်လှုပ်၍ တိုးတိုးလေး ပူဆာနေသဖြင့် ခေါင်းညိတ်ပြလိုက်ပါ၏။

"ဟေး. . . ဒါမှ သဲသဲမေမေအစစ်။ ဘွားလေးရေ. . .၊ ထမင်းဆာပြီ. . . မေမေနဲ့ တူတူစားမယ်"

"အေးပါ. . . အေးပါ။ လာ. . . ဘွားလေးနဲ့အတူ ထမင်းသွားခူးကြရအောင်"

အန်တီလေးက ကလေးနှင့်အတူ အိမ်နောက်ဖေးဘက် ဝင်သွား၏။ သူက သူမအနီးရှိ ခုံမှာပင် ဝင်ထိုင်လိုက်ပါသည်။

"သမီးလေး. . . ရန်ကုန်မှာ ဘာလုပ်သလဲ"





"ညာ. . . ကလေးတွေ ကျူရှင်ပြပါတယ် ကြီးကြီး။ နောက်ပြီးတော့ လက်မှုပညာနဲ့လည်း စီးပွားဖြစ်ပါတယ်"

"ဒီမှာ ပြန်မနေဘူးလား. . .။ သမီးဖေဖေတစ်ယောက်တည်း ရှိတော့တာ"

"ဟင့်အင်း. . . ညာ ရန်ကုန်မှာပဲ အခြေချဖို့ ဆုံးဖြတ်ပြီးပါပြီ ကြီးကြီး။ ဖေဖေ့ကို ဒီည ညာ တိုင်ပင်မှာပါ။ ဖြစ်နိုင်ရင် ဖေဖေ့ကိုပါ ရန်ကုန်ကို အပြီးခေါ်သွားချင်တယ်။ ညာ မေမေ့ကို ပြုစုခွင့် မရလိုက်ပေမယ့် ဖေဖေ့ကိုတော့ အခုလိုအဖြစ်မခံနိုင်ဘူး"

"ဖြစ်ပါ့မလား မြေးရယ်. . .။ မြေးဖေဖေက ဒီဇာတိကို စွန့်လိမ့်မယ် ထင်သလား"

"ညာ. . . အတတ်နိုင်ဆုံး ညှိကြည့်မှာပါ ဘွား"

"သမီး ဒီလိုပဲ နေသွားတော့မှာလား။ အိမ်ထောင်ပြုဖို့ရော အစီအစဉ် မရှိဘူးလား"

သူမ နှလုံးခုန်သံတွေ တိုးဆောင့်ခုန်လာ၏။ နားထဲမှာ ရင်ရင်တို့ ပြောလိုက်သည့် စကားသံတွေကို ပြန်ကြားနေမိသည်။

"ညာ. . . အိမ်ထောင်ပြုမှာပါ။ ညာ့မှာ. . ."

"ညာလေးက ရန်ကုန်မှာ ချစ်သူရှိတယ်လို့ ပြောတယ်လေ။ ဒါပေမဲ့. . . ကျွန်တော် မယုံဘူး"

"ဟဲ့. . . သားကလည်း. . ."

"ဒေါ်ဒေါ်က သူ မသေခင် ညာလေးကို လက်ထပ်ဖြစ်အောင် လက်ထပ်ဖို့ ကျွန်တော့်ကို တဖွဖွ ပြောသွားတာ၊ မေမေတို့

အသိပဲဟာ။ ညာလေးကို. . . ကျွန်တော့်လက်ထဲမှာပဲ စိတ်ချတယ် လို့ ပြောခဲ့တာပဲ”

“ဟင့်အင်း. . . မဖြစ်နိုင်ဘူး။ ညာ. . . ညာ. . . မောင့်ကို လက်ထပ်ဖို့ ကတိပေးပြီးပြီ။ ညာ. . . အပျက်မခံနိုင်ဘူး”

“သေချာရဲ့လား. . . ညာလေးရဲ့။ သဲသဲကို ဒီအတိုင်း ထားပစ်ခဲ့ဖို့ ညာလေးနှလုံးသားက မာကျောရင်တော့. . . ကိုကြီး ဒီကိစ္စကို လက်ခံလိုက်မယ်”

ခေါင်းထဲမှာ မူးနောက်လာ၏။ အကြည့်ကို စားပွဲဆီသို့ လွှဲထားလိုက်၏။ လူကြီးတွေထံမှ သက်ပြင်းကိုယ်စီ ချလိုက်သံကို ကြားလိုက်ရသည်။

“မြေးဖေဖေနဲ့ ဘွား. . . တိုင်ပင်ကြည့်ဦးမှာပါ”

သူမ ဘာမှဆက်မပြောတော့ပါ။ တစ်ချိန်က ပျော်ရွှင်ခဲ့ဖူးသည့် ဤအိမ်မှာ အခုလို စိတ်ဆင်းရဲစရာမျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု သူမ မတွေးမိခဲ့။ စိတ်က ရန်ကုန်သို့သာ အပြေးနှင်နေခဲ့သည်။

အဲဒီနေ့ညနေ သဲသဲလေးကို ထမင်းခွံ့ကျွေးတော့ သူက နံဘေးမှာ ထိုင်ငေးရင်း သဘောကျနေတော့၏။ လွန်ခဲ့သည့် သုံးနှစ်ကျော်က သူမကို ပြန်မြင်ယောင်နေခဲ့မိသည်။ အဲဒီတုန်းက. . . အဲဒီတုန်းက. . . ညာ့ကို သူကိုယ်တိုင် ထမင်းခွံ့ကျွေးခဲ့တာလေ။

သိပ်မိုးမချုပ်ခင် ထပြန်ခဲ့တော့ သူက အတင်းလိုက်ပို့မည် ပြောသည်ကို ငြင်းဆန်၍ တစ်ယောက်တည်း ပြန်ခဲ့ပါ၏။ သဲသဲ





လေးကို ချော့သိပ်ခဲ့သည်မို့ ဘာပြဿနာမှ ထပ်မဖြစ်ခဲ့ပါချေ။ အိမ်ကိုပြန်ရောက်တော့ ဖေဖေက အိပ်ပျော်သွားခဲ့လေပြီ။

● ● ●

## အခန်း ( ၂၅ )

"ဖေဖေက ဇာတိမြေကိုစွန့်ပြီး သမီးနဲ့ ရန်ကုန် လိုက်နေရ ယ် ဟုတ်လား. . .သမီး"

"ဟုတ်ပါတယ် ဖေဖေ. . .။ ဖေဖေ့ကို ညာ နားစေချင်လို့ ၊ ညာတို့သားအဖ အိမ်လေးတစ်လုံးနဲ့ ခြံလေးတစ်ခြံ ဝယ်နေကြ ယ်လေနော်. . .။ ညာ ဖေဖေနဲ့ ခွဲမနေချင်လို့ပါ။ ဖေဖေ့ကို ပြုစု ှင့် ရပါရစေ"

"ဖေဖေ ဟိုမှာလိုက်နေတာထက် သမီး ဒီမှာပြန်နေတာ ာ ပိုမသင့်တော်ဘူးလား. . .၊ စဉ်းစားကြည့်ပါဦး သမီးရယ်။ သမီး ုပ်တဲ့လုပ်ငန်းက ဖျက်ပစ်လိုက်လို့ ဘာမှမဖြစ်လောက်ပါဘူး။ ၁ဖေ့ကိုယ်ပိုင်လုပ်ငန်းတွေက သမီးဘွားဘွား အစပျိုးပေးခဲ့တဲ့

လက်ငုပ်လက်ရင်းလေ။ အဲဒါကို. . . ဖေဖေက ဖျက်ပစ်လိုက်ရမှာ
လား"

"ညှာ. . . ညှာ. . . ဒီမှာ မနေချင်လို့ပါ ဖေဖေရယ်"

"သမီးက ခံစားချက်ကို သိပ်ဦးစားပေးတာကိုး. . . ထား
လိုက်ပါ။ ဟိုးတစ်ချိန်က အကြောင်းကြောင်းကြောင့် ဖေဖေ့
ရင်ခွင်ထဲက သမီး ထွက်သွားခဲ့ပြီးပြီ။ ဒီအချိန်မှာ သမီးကို ဖေဖေ
ရင်ခွင်ထဲ ပြန်သိမ်းချင်တာပေါ့။ သမီးကို နာကျင်အောင် လုပ်မယ့်
သူတွေ ဒီအိမ်မှာ မရှိကြတော့ဘူးလေ။ သမီးပဲ ငယ်ငယ်ကတည်း
က ဖေဖေ့ကို ပိုချစ်ခဲ့တာပါဆို. . .။ ကြည့်ပါဦး. . . သမီး ဖေဖေ့
ကို ပစ်သွားခဲ့တာ သုံးနှစ်ကျော်ပြီ။ အဲဒါ နည်းနည်းနောနောအချိန်
တွေလား။ နာကျင်ခံစားနေရတဲ့ သမီးနှလုံးသားက ဒဏ်ရာလေး
ကျက်ပါစေတော့ဆိုပြီး သမီးဆန္ဒကို ဖေဖေ လိုက်လျောပေးခဲ့တာ။
တင့်တောင်းတင့်တယ် နေခွင့်ရအောင် ဖေဖေ့အမွေတွေ ခွဲပေးခဲ့
တာ။ အခုဆို ဖေဖေ့မှာ သမီးတစ်ယောက်ပဲ ရှိတော့တာပါ။ ဖေဖေ
ပိုင်ဆိုင်သမျှ အရာအားလုံး သမီးပဲရမှာ။ ဖေဖေ အသက်ကြီးပြီ
သမီးရယ်။ လုပ်ငန်းတွေအားလုံးကို သမီးနာမည်နဲ့ ဖေဖေ လွှဲချင်
ပြီ။ အဲဒီတော့. . . ရန်ကုန်မှာ အပြီးနေဖို့ အစီအစဉ်ကို သမီးဖျက်
လိုက်ပါ"

"ဖေဖေပြောတော့ ညှာ့ကို စိတ်ချမ်းသာစေရပါမယ်ဆို။
ညှာ ဒီမှာနေရင် တကယ် စိတ်ချမ်းသာရမှာမှ မဟုတ်ဘဲ"

"သမီးရယ်. . . ဘဝကို ဦးနှောက်နဲ့ ရွေးချယ်ဆုံးဖြတ်ပါ။





နေရာတကာ နှလုံးသားကို ဦးစားမပေးရဘူးလေ။ ဖေဖေ သမီးကို
မောင်သက်ပိုင်နဲ့ လက်ထပ်ဖို့ အတင်းမတိုက်တွန်းချင်ပေမယ့် မြေး
လေး သဲသဲကိုတော့ လစ်လျူရှုလို့ မရဘူး။ သမီးမမဟာ မောင်
သက်ပိုင်ကို လက်ထပ်ခဲ့ပေမယ့် တစ်ယောက်နဲ့တစ်ယောက် ကြင်
မကြင်နာကြပဲ။ ဒီကြားထဲ အိမ်မှာ ပေါ်ကြော့နေသလို ဟိုအိမ်မှာ
သွားနေတယ်။ အိမ်ရှင်မတာဝန်ယူဖို့ နေနေသာသာ မိဘအိမ်မှာ
နေစဉ်တုန်းကလို သုံးဖြုန်းခဲ့တာချည်းပဲ။ မောင်သက်ပိုင်လည်း
ဒဏ်ကို တော်တော်ခံရရှာတာ။ သုံးနှစ်လုံးလုံး သူ သည်းခံလိုက်
သွားတော့ ဒီမှာ သမီးမမက သောင်းကျန်းချင်တိုင်း သောင်းကျန်း
နေတော့တာပဲ။ သဲသဲကိုတောင် မမွေးဘဲ ဖျက်ချမလို့လုပ်လို့ သမီး
မမေ မနည်းတားခဲ့ရတာ။ မွေးလာတော့လည်း ကလေးကို နည်း
နည်းလေးမှ ဂရုစိုက်တာ မဟုတ်ဘူး။ အနားကပ်လာရင်တောင်မှ
ဖက်လွှတ်သေးတယ်။ ကလေးခမျာ. . . မိဘအရင်းတွေ ရှိပါလျက်
မိဘရင်ခွင်မှာ မနေရဘဲ မေတ္တာငတ်ခဲ့ရတာ သမီး ကိုယ်ချင်းစာ
ကြည့်ပါ။ ဒီကလေးကို ရင်ငွေ့ပေးမယ့်သူဟာ. . . သမီးကလွဲလို့
ဘယ်သူဖြစ်နိုင်မှာလဲ။ ဒီအချိန်ထိ မောင်သက်ပိုင်ကို သားမက်
တော်ချင်တဲ့သူတွေ ဒုနဲ့ဒေး ရှိနေတုန်းပဲ။ ဖေဖေ့ရဲ့သမီး ရှိနေလို့
သူတို့ ဘာမှ မလှုပ်ရှားဝံ့တာ။ အတွေးမမှားပါနဲ့ သမီးရယ်။ ကိုယ်
နဲ့ မေတ္တာမျှခဲ့ဖူးတဲ့လူကို ပြန်လက်တွဲရမှာပဲ. . . ဘာကိုများ ဝန်
လေးနေရတာလဲ"

"ဖေဖေ. . .။ ညှာ့မှာ. . . ညှာ့မှာ ချစ်သူ ရှိနေပြီ"

"ချစ်သူရှိတာနဲ့ အိမ်ထောင်ပြုတာ တခြားစီပါ သမီးရယ်။ လောလောဆယ် ခေါင်းမညိတ်ချင်တောင် သေချာစဉ်းစားပြီး ဆုံးဖြတ်. . .။ ရန်ကုန်မှာ စာသင်တဲ့ကိစ္စက မတ်လဆို ပြီးပြီမဟုတ်လား။ အဲဒီလကုန်ရင် တစ်ခါတည်း အပြီးပြန်လာခဲ့။ သမီးဘဝကို ဖေဖေ မောင်သက်ပိုင်လက်ထဲမှာပဲ စိတ်ချတယ်။ ဒါပဲ. . ."

သူမမျက်နှာကို လက်ဝါးဖြင့် အုပ်၍သာ ငိုချလိုက်၏။ မောင်ရေ. . . ညာ့ကို အမြန်သာ လာခေါ် လှည့်ပါတော့။ ညာ. . .၊ ညာ ဒီမှာဆက်နေရင် ကြာလာတာနဲ့အမျှ ရင်ကွဲပြီး သေဖို့ပဲ ကျန်တော့တယ်။ ညာ့ကို ဘယ်သူမှ မငဲ့ညာကြဘူး။ မကြင်နာကြဘူး။ နားလည်မပေးကြဘူး။ ညာ မောင့်ကိုပဲ တမ်းတနေတာကို မောင် မသိဘူးလားကွယ်. . .။

"အီး ဟီး ဟီး. . . မေမေနဲ့ပဲ တူတူနေမယ်။ မေမေနဲ့ပဲ တူတူအိပ်ချင်တယ်. . . အီး"

အိမ်ရှေ့မှ ပေါ်လာသည့် ကလေးငိုသံကြောင့် သူမ မျက်ရည်ကို သုတ်လိုက်ရ၏။ ဘာဖြစ်လာပြန်ပြီလဲ။

အိမ်ရှေ့ဘက်ထွက်၍ ကြည့်လိုက်တော့ လှေကားမှ ပြေးတက်လာသည့် သဲသဲက သူမဆီ အပြေးရောက်လာပါတော့သည်။

"မေမေ. . . မေမေက ညတုန်းက အတူတူအိပ်နေပြီး ပျောက်သွားတော့ သဲသဲက မေ့မေ့ကို ဟိုလူကြီးတွေ သေတ္တာထဲ ထည့်ပြီး ခေါ်သွားတယ်မှတ်လို့ အော်ငိုတာ။ ဖေဖေက မေမေ ဒီအိမ် ပြန်သွားတာတဲ့။ မေမေက သဲသဲကို တစ်ယောက်တည်း ဘာလို့





ထားခဲ့တာလဲ"

"သမီးရယ်. . . သမီးမှာ ဖေဖေလည်း ရှိတယ်။ ဘိုးဘိုးတွေလည်း ရှိတယ်။ ဘွားဘွားတွေလည်း အများကြီး ရှိတယ်လေ။ သူတို့နဲ့ အတူတူနေမှပေါ့။ အန်တီက ရန်ကုန်ပြန်တော့မှာ သမီးရဲ့"

"ဟင့်အင်း. . . ဟင့်အင်း. . . မေမေသွားရင် သဲသဲလည်း လိုက်မှာ။ သဲသဲ မေမေ့ကို သိပ်ချစ်တယ်။ မေမေနဲ့ မခွဲနိုင်ဘူးနော် မေမေ"

ကလေးက သူမကို သူ့လက်သေးသေးလေးဖြင့် အတင်း ဖက်တွယ်ထားလေ၏။ လှေကားမှ သူနှင့်အတူ ဘဘနှင့် ကြီးကြီးပါ တက်လာကြလေသည်။

"ဟော. . . ကိုမောင်မောင်သန့်နဲ့ မထိပ်ထားတို့ပါ ပါလာတာကိုး။ ထိုင်ကြပါ ခင်ဗျာ။ ဟေ့. . . သမီးရွှေစာရေ. . . ဒီမှာ ဦးကြီးကြီးတို့ဖို့ ကော်ဖီလေးမုန့်လေး. . . လုပ်ကွယ်"

"ညှိသည်တွေ မဟုတ်ပါဘူး ကိုဘချစ်ရယ်။ လျှောက်လုပ်မနေပါနဲ့။ အမှန်က မေမေကိုယ်တိုင် လိုက်လာချင်တာ။ အသက်ကြီးလာပြီဆိုတော့ အထိုင်အထက သိပ်ကောင်းတော့တာ မဟုတ်လို့ ကျန်ခဲ့တယ်"

"ပြောစရာရှိရင် ကျွန်တော် လာခဲ့ပါ့မယ်ဗျာ။ ဒေါ်ဒေါ့ကို တစ်ရက်လာတွေ့ပါ့မယ်"

"ကောင်းတာပေါ့ ကိုဘချစ်ရာ. . . အဆင်ပြေတာပေါ့"

လူကြီးတွေ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပေမယ့် သူက သူမ

ထိုင်နေသည့် ညှော်ခန်းဝ ကြမ်းပြင်ပေါ်မှာပင် ထိုင်ချလိုက်ပါသည်။ အငိုမျက်နှာကို တစ်ဖက်သို့ သူမ လွှဲလိုက်ပါ၏။

"ဒီမျက်ရည်တွေက. . . ကျတုန်းပဲလား။ ဘယ်တော့မှ ခန်းမှာလဲ"

"အဲဒါ. . . ရှင့်အပူ တစ်ပြားမှ မပါဘူး။ ပြောစရာလည်း မလိုဘူး"

"သမီး. . . ကိုယ့်ထက် အကြီးကိုနော်"

ဖေဖေ လှည့်ဆူလိုက်သဖြင့် သူမ သူ့ကို မျက်စောင်းပိတ်ထိုးပစ်လိုက်၏။ သူက သဘောကျစွာ ရယ်လိုက်ရင်း ခေါက်တင်ထားသည့် သူမ၏ ထိုးထိုးထောင်ထောင် ဆံစလေးများကို ဆွဲ၍ စလိုက်သည်။ သူမ သူ့လက်ကို ဖြန်းခနဲ ပုတ်ချလိုက်၏။

"မြေးရေ. . . လာဟေ့. . . ဒီမှာ မုန့်လာစား. . . လာလာ. . . ဖေဖေတို့ စကားပြောကြပါစေ"

သဲသဲက မုန့်စားရမည်ဆို၍ အဘိုးအဘွားတွေဆီ ဝေါ်ခနဲ ထသွားတော့သည်။ သူမ အိမ်ပေါ်မှ ဆင်းခဲ့တော့ သူပါ သူမအနီးမှ လိုက်ဆင်းလာလေသည်။

"ညှာ ပြောစရာရှိတယ်"

"ပြောလေ ညှာလေးရဲ့. . .။ ကိုကြီး နားထောင်နေတာပဲ"

"ရှင်. . . ညှာ့ကို စကားပြောရင် အဲဒီနာမ်စား ထည့်မသုံးပါနဲ့။ ရှင် တစ်ခါသုံးလိုက်တိုင်း ညှာ့ရင်ထဲမှာ တစ်ချက်အောင့်တယ်





ရှင့်. . .။ သိရဲ့လား"

"ဒီနာမ်စားကို ညှာလေးနဲ့ ပတ်သက်ပြီး သုံးခဲ့တာ ဘယ်လောက်ကြာနေပြီလဲ။ ဒါ ညှာလေး. . . မြတ်မြတ်နိုးနိုး ခေါ်ခဲ့ဖူးတဲ့နာမည်လေ. . .။ မေ့မသွားပါနဲ့"

"ဒီမှာ ဘာမှ အပိုတွေ ပြောမနေနဲ့။ ညှာ ရှင့်ကို ဘယ်တော့မှ လက်မထပ်ဘူး။ တမလွန်ကနေ မကျေမနပ်နဲ့ စောင့်ကြည့်နေမယ့် မမကို ညှာ ငဲ့ကွက်ရမှာပဲ။ ရှင့်ဘဝမှာ ရှင့်စိတ်တိုင်းကျ ရွေးချယ် လျှောက်လှမ်းခဲ့ပြီးပြီ။ အခုတစ်ခါ ရှင့် ညှာ့ကို ထပ်ပြီး မနှောင့်ယှက်ပါနဲ့တော့ ကိုသက်ပိုင်မှူး။ ရှင် ခွဲခဲ့တဲ့ နှလုံးသားကို နောက်ထပ်တစ်ခါ ထပ်ခွဲဖို့ မကြိုးစားပါနဲ့။ ရှင့်ကို ညှာ မချစ်နိုင်တော့ဘူး။ မေ့ထားခဲ့ပြီးပြီ။ ညှာ့နှလုံးသားကို ညှာ. . . မောင့်ကိုပဲ အပြီးပေးထားခဲ့တာ။ ညှာ. . . မောင်ကလွဲလို့ ဘယ်ယောကျ်ားကိုမှ လက်ထပ်မှာ မဟုတ်ဘူး။ အဲဒါကို ရှင်သိထား. . ."

"မသိဘူး. . . သိလည်း မသိချင်ဘူး။ ဒီမှာ ညှာလေး၊ ကိုကြီး မှားခဲ့ဖူးတာ မှန်တယ်။ အဲဒါဟာ ညှာလေး ရေးလိုက်တဲ့ စာကြောင့် မှားခဲ့ရတာပါ။ တရားခံက. . . ညှာလေးပဲ။ ညှာလေးကြောင့် ကိုကြီးဘဝ ကမောက်ကမ ဖြစ်ခဲ့ရတာလေ။ သက်ပုံနဲ့ ပေါင်းရလို့ ကိုကြီး တစ်ရက်ပျော်ခဲ့တယ် ထင်နေလား။ ညှာလေးနဲ့ ပတ်သက်ပြီး ပြဿနာဖြစ်တဲ့ရက်တွေနဲ့သာ ရင်ဆိုင် ရှင်သန်ခဲ့ရတာပါ။ ကိုကြီးရင်ထဲမှာ ဟိုတုန်းကလည်း ညှာလေးပဲ ရှိတယ်။ အခုလည်း ညှာလေးပဲ။ နောင်လည်း ညှာလေး ရှိနေမှာ အမှန်ပဲ"

"မကြားချင်ဘူး. . . ဘာမှ မကြားချင်ဘူး"

"မကြားချင်လို့ မရဘူး. . .။ ကိုကြီးပိုင်ခဲ့တဲ့ ပန်းတစ်ပွင့်ကို သူများလက်ထဲတော့ အပါမခံနိုင်ဘူး။ ညှာလေး ကိုကြီးကလွဲလို့ ဘယ်သူ့ရင်ခွင်ထဲကိုမှ ဝင်စရာမလိုဘူး။ ညှာလေးကို ကိုကြီးသိပ်ချစ်တယ်။ နောက်ထပ်တစ်ခါတော့ အဝေးမခံနိုင်ဘူး။ ညှာလေးဟာညှာလေး ရင်ထဲမှာ ဘယ်သူ့ကိုပဲ ချစ်နေချစ်နေ. . .၊ ကိုကြီးကလွဲလို့ ဘယ်သူနဲ့မှ လက်ထပ်လို့ မရဘူး"

"ဟင့်အင်း. . .ဟင့်အင်း. . .ညှာ မောင့်ကိုပဲ ယူမှာ။ မောင့်ကိုပဲ လက်ထပ်မှာ. . .။ ဘာမှ ဆက်မပြောနဲ့"

"ညှာလေး. . . မင်း"

သူက သူမကို ရင်ခွင်ထဲသို့ အတင်းဆွဲသွင်း၍ မျက်နှာကို ငုံ့နမ်းရန် ကြံရွယ်စဉ် သူမက ရှိသမျှ အင်အားတို့ဖြင့် ရုန်းလိုက်ပါသော်လည်း မလွတ်ချေ။

ရင်ထဲမှာ ရှက်တာရော၊ ဒေါသဖြစ်တာတွေပါ စုပြုံ၍ လူက ကတုံကယင်ဖြစ်လျက် ခြေမခိုင်တော့။ တင်းကျပ်စွာ ဖက်တွယ်ထားသည့် သူ့ရင်ခွင်ထဲမှာ အသက်ရှူ မွန်းကျပ်လျက် မျက်စိအစုံကိုသာ ပိတ်ထားလိုက်ရတော့သည်။

မောင်ရယ်၊ ညှာတော့. . . ညှာတော့ သူထောင်တဲ့ ပိုက်ကွန်မှာ ရုန်းလို့မရတော့ပါလား. . .။

"ညှာ"

"ဟင်"





အံ့ဩမှုတို့ဖြင့် ချုပ်ထားသည့်လက်တို့ ပြေလျော့သွားစဉ် ခြံဝကို လှမ်းကြည့်လိုက်တော့ မောင်. . . သူမ၏ မောင်ပါလား။

ရဲဇင် အံ့ဩမှင်တက်စွာ ငေးကြည့်နေရာမှ သတိဝင်လာ၍ ရုတ်တရက် ပြန်လှည့်ထွက်ခဲ့၏။ မောင် နားလည်လိုက်ပါပြီ ညှာ။ ညှာ့ရင်ထဲမှာ မောင့်အတွက် နေရာလွတ် မရှိအူးဆိုတာ မောင် ကောင်းကောင်းကြီး သိလိုက်ပါပြီ။ ညှာရယ်. . .မောင်ကတော့ မောင့်ချစ်သူကို ပြန်ခေါ်ဖို့ လိုက်လာခဲ့တာ။ ဒီရောက်တော့ မောင့်ချစ်သူက ချစ်ဦးသူရဲ့ ရင်ခွင်နွေးမှာ အမောဖြေလို့ပါလား။ မောင်တော့. . . မောင်တော့ ရင်တွေကွဲကုန်ပါပြီ ညှာရယ်။

"မော့ာင်. . . မောင်"

"ညှာလေး"

"လွှတ်. . . လွှတ်. . . ရှင် ခုချက်ချင်းလွှတ်။ မောင် အထင်လွဲသွားပြီ။ အဲဒါ ရှင့်ကြောင့်၊ ရှင့်ကို မုန်းတယ်။ သိပ်မုန်းတယ်။ မောင်. . . ညှာ့ကို မုန်းလိုက်တာနဲ့ ရှင့်ကို လူ့လောကထဲမှာ အရှင်မထားဘူး။ မောင်. . . မောင်ရေ့"

"ညှာလေး. . . ညှာလေး. . . မသွားရဘူး။ မသွားရဘူး"

သူက သူမကိုယ်လုံးလေးကို အနောက်မှ သိုင်းဖက်၍ ချုပ်ထားလေ၏။ သူမ မြင်ကွင်းထဲမှ မောင့်ပုံရိပ်လေးသည် တဖြည်းဖြည်း ဝေး၍. . . ဝေး၍. . . ကွယ်ပျောက်သွားခဲ့လေပြီ။

"မောင်"

သူမ အော်သံအဆုံးမှာ လောကကြီးတစ်ခုလုံး ချာချာ

လည်၍ မဲမှောင်ငှ ားခဲ့ပါလေပြီ။

မောင်. . .။ ညှာ့ရဲ့မောင်တော့ ညှာ့ကို အထင်လွဲ၍ထား ရစ်ခဲ့လေပြီကော။

● ● ●



## အခန်း ( ၂၆ )

မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်၏။ နံဘေးမှာ ဝိုင်းကြည့် နေသည့် မျက်နှာတို့ကို မကြည့်ဘဲ မျက်နှာကြက်ဖြူဖြူကိုသာ မော့ ကြည့်လျက် နှုတ်မှ တတွတ်တွတ်ရွတ်နေမိ၏။

"မောင်. . . ညှာ့ကို အထင်လွဲသွားပြီ။ ညှာ့ကို မမုန်းလိုက် နဲ့။ မောင်ထင်သလို မဟုတ်ပါဘူး။ ညှာ မောင့်ကို သိပ်ချစ်တယ်။ မောင့်ကိုပဲ ညှာ လက်ထပ်မယ်"

စကားတို့က တစ်ခုပြီးတစ်ခု ထပ်ကာထပ်ကာ ဖြစ်လာ သည်။ ဒေါက်တာဝေဝေအောင် ခေါင်းကို ခါယမ်းပြလိုက်၏။ သူ ငယ်လေး၏ လက်ပါးလေးကို တင်းတင်းလေး ဆုပ်ကိုင်ထားလိုက် သည်။

"သူ. . . တော်တော် စိတ်ထိခိုက်သွားပုံပဲ။ သူ့ကို စိတ်ထိခိုက်စရာဖြစ်အောင်. . . ဘာမှ ထပ်မလုပ်မိပါစေနဲ့ အန်ကယ်။ သူ့နှလုံးသားက ခံနိုင်ရည်ရှိပုံ မရဘူး။ ခေါင်းထဲမှာလည်း သူ့ချစ်သူ ကလွဲလို့ ဘာကိုမှ ထည့်လို့မရတော့ဘူး. . . အနားယူပါစေ"

"ဒေါက်တာရယ်. . . သမီးကို ကုလို့မရတော့ဘူးလား သမီးလေး ကျန်းမာဖို့ အန်ကယ် ဘာလုပ်ပေးရမလဲ။ ကူညီပါဦး ကွယ်. . .။ အန်ကယ် တောင်းပန်ပါတယ်"

"ဒီကိစ္စက ဆေးကုလို့ရတာ မဟုတ်ပါဘူး အန်ကယ်။ စိတ်ကို စိတ်နဲ့ပဲ ကုလို့ရတာပါ။ အရေးအကြီးဆုံးက သူ စိတ်ချမ်းသာအောင် သူဖြစ်စေချင်တာ မှန်သမျှ လိုက်လျောပေးလိုက်ပါ။ ဒါမှ မဟုတ်ရင် အန်ကယ့်သမီးကို လွှင့်ပစ်လိုက်သလို. . . အလဟဿ ဖြစ်သွားပါလိမ့်မယ်ရှင်"

"အို. . . သမီးရယ်"

"ကျွန်မကို ခွင့်ပြုပါဦး. . . မှာတာတွေ မမေ့ပါနဲ့နော် လိုအပ်သလောက် ဆေးတွေ ပေးခဲ့ပါမယ်"

ဒေါက်တာနှင့် သူမဖေဖေ အခန်းထဲမှ ထွက်သွားကြ၏။ သူကတော့ သူမအနီးမှာ ထိုင်စောင့်နေဆဲ။

"ညှာလေး"

"မောင့်ကို ပြန်ခေါ်ပေးပါ။ မောင် အထင်လွဲသွားတယ်"

"ဖြစ်ရလေ ညှာလေးရယ်။ ကိုကြီးကြောင့်ပါ. . . ကိုကြီးကြောင့် ညှာလေး အခုလိုဖြစ်ရတာပါ။ ကိုကြီး. . . ကိုကြီး ဘယ်လိုဖြေဆည်ရမလဲ ကလေးရယ်။ ဟင်. . . ကိုကြီးအတ္တတွေ သိပ်ကြီးခဲ့လို့ ကလေးရဲ့ နုနယ်တဲ့ နှလုံးသားလေး နောက်တစ်ခါ သပ်ကွဲရတာပါ။ ကိုကြီးကို ခွင့်မလွှတ်နိုင်တော့ဘူးလား။ ကိုကြီး ကို. . . ကိုကြီးကို နာကြည်း မုန်းတီးလိုက်ပြီလားကွယ်"

"မောင့်ကိုပဲ လက်ထပ်မယ်နော်. . . ညှာ မောင့်ကို ကတိပေးထားတာ။ ညှာ မျက်နှာမများချင်ဘူး။ မောင့်ကိုပဲ သိပ်ချစ်တယ်"

"ညှာလေးရယ်. . ကိုကြီးတော့ ရင်ကွဲပါပြီ။ ရင်တွေ ကွဲကြေကုန်ပါပြီ ကလေးရယ်"

သူ သူမကိုယ်လုံးလေးကို ခုတင်ထက်မှ သိမ်းကျုံး ပွေ့ထူလိုက်၏။ သူမအကြည့်တို့က ရီဝေဝေ။ နှင်းဆီပွင့် နှုတ်ခမ်းလွှာတို့က ခပ်ဟဟ။ ထိုနှုတ်ခမ်းလေးများကြားမှ ရေရွတ်နေသံက တိုးလျ လှ၏။ ဪ. . . ညှာလေးရယ်. . .။ ညှာလေး စိတ်ချမ်းသာစေဖို့ ကိုကြီးရဲ့ နှလုံးသားတစ်ခုလုံးကို ညှာလေးရဲ့ ခြေဖဝါးအောက်မှာ ဒူးနှင်းခွင့် ပေးလိုက်ပါတော့မယ်ကွယ်. . .။

အိပ်ဆေးရှိန်ကြောင့် မျက်တောင်လေးတွေ တဖြည်းဖြည်း မှေးစင်းလာကြ၏။ အဲဒီနောက် နှစ်ခြိုက်စွာ အိပ်မောကျသွားလေ တော့သည်။ သူ သူမကို အိပ်ရာထက်မှာ အသာလေး ပြန်ချပေး လိုက်ပါ၏။ စောင်ထူထူလေးကို ရင်ဘတ်လုံသည်အထိ လွှမ်းခြုံ ပေးလိုက်ပါသည်။ ကိုကြီးကို ခွင့်လွှတ်ပါ. . . ခွင့်လွှတ်ပေးပါ ညှာ လေးရယ်။ ပိုင်ဆိုင်ခွင့် မရနိုင်တော့တဲ့နောက် ကိုကြီးရဲ့ သည်းဦး

ပန်းလေးကို နောက်ဆုံးအနေနဲ့ နောက်ဆုံးအနေနဲ့ နမ်းရှိုက်ခွင့်ပေးပါ။ နမ်းရှိုက်ခွင့် ရပါရစေတော့. . .။

သူမျက်နှာ သူမမျက်နှာအနီးသို့ တိုးကပ်လာ၏။ ဆံလေးများ၊ နဖူးပြင်လေး၊ မျက်ခုံးမို့မို့လေးများ၊ ပါးပြင်နှစ်ဖက်၊ မေး ားလေး၊ ပန်းနုရောင်ဖျော့ဖျော့ နှုတ်ခမ်းလေးကို နောက်ဆုံး ငုံနမ်းပြီး အခန်းထဲမှ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။ အထိန်းအကွပ်မဲ့ ခုန်ပေါက်နေသည့် ရင်ခုန်သံတို့သည် သူ့ဘဝအတွက် နောက်ဆုံး ခုန်ခွင့်သာ ဖြစ်တော့၏။

သမီးရေ. . .။ ဖေဖေတို့ နောက်ထပ်မေမေကို ထပ်ရှုံးလွှတ်လိုက်ရပြန်ပြီ။ ဖေဖေတို့ လွမ်းတဲ့အခါ သမီးရင်ဘတ်လေးပေါ်က ဆွဲကြိုး၊ ဒါမှမဟုတ် ဖေဖေ့ရင်ခွင်ဘတ်ပေါ်က ဆွဲကြိုးလေးကို ဖွင့်ကြည့်ပြီး အလွမ်းဖြေကြတာပေါ့။ အိပ်မက်တွေထဲမှာပဲ ဖေဖေတို့မိသားစု ပျော်ပျော်ရွှင်ရွှင် ဆော့ကစားကြတာပေါ့နော်။

ညာလေးရယ်. . .။ ကိုကြီးကတော့ ညာလေးကို ဘယ်တော့မှ မုန်းလို့မရနိုင်ပါဘူး။ မေ့ဖျောက်ပစ်လို့လည်း မရနိုင်ပါဘူး။ ညာလေးနဲ့ ချစ်ခဲ့တဲ့ ကာလများစွာကို ပြန်တမ်းတရင်း လွမ်းတဲ့သူ ဖြစ်နေဦးမှာပါပဲ။ ကိုကြီးရဲ့ နှလုံးသားပုံရိပ်လေးကို ဒီဘဝမှာ ဘယ်တော့မှ ပိုင်ဆိုင်ခွင့် မရနိုင်တော့ပေမယ့် နောင်ဘဝဆိုတာများ ရှိခဲ့ရင် ပိုင်ဆိုင်ခွင့် ရပါရစေတော့. . .။

ညာလေးကို ချစ်လွန်းလွန်းလို့ ကိုကြီးရဲ့ သွေးသားအရင်းချာ သမီးလေးကို 'သဲမြညာ' လို့ပဲ ကိုကြီး အမည်ပေးခဲ့တာ မှား





ါဘူး။ သမီးဟာ သက်ပုံရဲ့သွေး ဆိုပေမယ့် မသိစိတ်နဲ့ ဖုံးအုပ်ထားတဲ့ နောင်တအမှားတွေမှာ ညာလေးရဲ့ပုံရိပ်တွေသာ စွဲထင်ရစ်လို့ ညာလေးရဲ့ ကိုယ်ပွားပုံတူလေးကို ကိုကြီး ရခဲ့ရတာပါ။ သမီးဟာ ညာလေးရဲ့ ကိုယ်စား၊ ညာလေးရဲ့ကိုယ်ပွားစစ်စစ်ပါပဲ။ လွန်တဲ့ သုံးနှစ်ကျော် လေးနှစ်လောက်က ကိုကြီးရင်ထဲကို စူးနစ်ရောက်ခဲ့တဲ့ ချစ်သဲညာရဲ့ ပုံရိပ်တွေကို ပြန်မြင်နေရသလိုပါပဲ။

စကားပြောရင် ဟန်မရှိဘဲ အရှိကိုအရှိအတိုင်း ပြောတတ်တာ၊ ခြေဆောင့်ပြီး စိတ်ကောက်ပြတာ၊ နှစ်ဖက်စည်းထားတဲ့ ဆံ လေးကို ခါယမ်းပြီး ငြင်းခုန်တတ်တာ၊ နှုတ်ခမ်းလေးစူပြီး ငိုမဲ့မဲ့ တာ၊ နည်းနည်းလေး လေသံမာသွားတာနဲ့ ဝိုင်းစက်စက် မျက် းရွဲလေးထဲက မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်ကျပြီး ငိုတတ်တာတွေဟာ ကိုကြီးရဲ့ သဲမြညာအတိုင်းပါပဲကွယ်. . .။

နွမ်းဖူးတဲ့ပန်းဟာ ညှိုးပြီးရင် ညှိုးခြောက်ဖို့ပဲ ရှိတော့ပါ။ ဘယ်တော့မှ ပြန်မလန်းဆန်းနိုင်တော့တာကို ကိုကြီး သိတယ်။ ဖူးသစ်စ ပန်းငယ်ကလေးကို ကိုကြီးရဲ့ မည်းညစ်နေတဲ့ ဘ္ဘအပုပ်အသိုးတွေနဲ့ မခူးခြွေရက်တော့ပါဘူး။ ကိုကြီးနဲ့ မတန် တော့ပါဘူးကွယ်. . .။

နှလုံးလမ်းကြောင်းက အားမကောင်းခဲ့လေတော့ ကံစီမံ ကိုသာ မျက်စိမှိတ်ပြီး နာခံလိုက်ပါတော့မယ် ညာလေးရယ်။ ဘဝ ဤမျှသာပေါ့. . .။ အကယ်၍များ သံသရာအဆက်ဆက် ထပ်မံကြုံဆုံခဲ့ရင် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံပါရစေနဲ့လို့ ကိုကြီး

ထပ်ကာတလဲလဲ ဆုတောင်းနေမိပါတယ်။

ဘဝမှာ တစ်ယောက်တည်းကိုသာချစ်၊ တစ်ယောက်တည်းကိုသာ မြတ်နိုး၊ တစ်ယောက်တည်းကိုသာ ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းရတဲ့ အချစ်ဦးမှ အချစ်ဆုံးထိ အဆုံးတိုင် ချစ်သူဖြစ်ခွင့်ကိုသာ ရစေလိုပါတယ်ကွယ်. . . ။

ကိုကြီးရဲ့ နှလုံးသားထောင့်တစ်နေရာမှာ ကိုကြီး သိပ်ချစ်တဲ့ညာလေးကို စိတ်ကူးနဲ့ပဲ အပြီးတိုင် နေရာပေး ထည့်သိမ်းထားလိုက်ပါတော့မယ်။ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခွင့်ရမှ ချစ်ခြင်းပီသတာ မဟုတ်ပါဘူး။ ပေးဆပ်ခြင်းသက်သက်နဲ့လည်း ချစ်နေရရတာပါပဲ။ ညာလေး သိထားဖို့က ကိုကြီးရဲ့နှလုံးခုန်သံတွေမှာ သွေးခုန်နှုန်းတွေမှာ၊ ရှူသွင်းထုတ်လိုက်တဲ့ ဝင်သက်ထွက်သက်မှန်သမျှတို့မှာ ညာလေးကို မြတ်မြတ်နိုးနိုးချစ်မိတဲ့ ချစ်ခြင်းတွေ အမြဲ ရှင်သန်စီးဆင်းနေမှာပါပဲ။ ဩော်. . . ကလေးရယ်။ ကိုကြီးရဲ့ အသက်၊ ကိုကြီးရဲ့နှလုံးသား၊ ကိုကြီးရဲ့ဘဝလေးရယ်. . . ။

● ● ●





Now I realized the joy there can be in loving when it is possible to be unreserved and tender with loved one.

**မိမိချစ်သောသူအား အစွမ်းကုန် ချစ်နိုင်ပြီး ယင်းသို့ ချစ်မိသည့်ခံစားမှုကိုလည်း ချစ်သူသိအောင် ဖော်ပြနိုင်သောအခါ အချစ်၏အရသာသည် မည်မျှ ရွှင်လန်းစရာကောင်းသည်ကို ယခုတော့ ကျွန်ုပ်သဘောပေါက်မိပေပြီ၊**

## အခန်း ( ၂၇ )

မှန်လုံကားပေါ်မှာ ထိုင်လျက် လိုက်ပါလာရင်း တရိပ်ရိပ် ပြေးနေသည့် ပတ်ဝန်းကျင်ရှိ မြင်ကွင်းတို့ကို အငေးသား ကြည့်လာ၏။ မောင် ရှိနေပါ့မလား။ ညွာ့ကို မြင်ရင် အလွမ်းတွေ ပြည့်နှက်နေတဲ့အကြည့်မျိုးနဲ့ ကြည့်နေမလား။ ဒါမှမဟုတ် နာကျင်စိမ်းကားတဲ့အကြည့်နဲ့ တင်းမာစွာကြည့်လေမလား။ မောင်ရယ်. . .၊ ညွာလုံးသားကို မောင့်ဆီမှာပဲ အပြီးတိုင် အပ်ခဲ့တာပါကွယ်. . .။

ဘယ်ဘက်လက်မှာ ဝတ်ဆင်ထားသည့် လက်စွပ်လေးကို ကြည့်လိုက်ပြီး နှုတ်ခမ်းဝမှာ အသာကပ်လိုက်မိကာ၊ ရင်ထဲမှာ မောင့်ကို နင့်နင့်သီးသီး တမ်းတနေမိတော့သည်။ မောင်ရော ညွာ့ကို တမ်းတနေမလားဟင်။ ကားပေါ်ရှိ ကက်ဆက်မှ သီချင်းသံ

ထွက်ပေါ်လာလေ၏။

'ရောက်လာချိန်မှာတော့ အဆင်သင့်ဖြစ်အောင်× × × အမြဲတမ်း ရှင်းလင်းထားပါတယ်× × × ဝေးနေပါသော်လည်း မျှော်လင့်ဆဲပါ× × × ပြကွဒိန်စာရွက်များ၊ တစ်ရွက်ခ်ီ လွန်ပေးမယ်× × × မင်းအတွက် ရင်မှာ× × × တစ်နေရာစာ ကိုယ်ဦးထားတယ်× × × အို× × × အချစ်ရေ× × ×

အလွမ်းတွေ မြုံနေတဲ့စိတ်ကူးများ၊× × × ညညကျ အိပ်မက် ဖြစ်လာတော့× × × လှိုက်ဖိုရင်ခုန်ခြင်း မနက်ခင်းတိုင်း× × × အနမ်းတွေ ဝေဆာတဲ့ အတိတ်မှာနေထိုင်ရင်း၊× × × မင်းအတွက် ရင်မှာ× × × တစ်နေရာစာ ကိုယ်သိမ်းထားတယ်× × × အို× × ×

နေမယ်မနေဘူးကတော့ မင်းရဲ့သဘောပါ× × × သေချာတဲ့ နေရာက ရှိခဲ့ပြီ× × × မရေရာတဲ့ အကြောင်းတရားတို့ ဖိစီးသည့်တိုင်× × × သေချာတဲ့ ဒီနေ့ထိထက်တိုင်× × × ဖန်တီးလို့ မရတဲ့နေရာကို× × × ဖျက်ဆီးလို့ မရတဲ့နေရာကို× × × သိမ်းထားခဲ့တာ ကြာပါပြီ× × × ဦးထားခဲ့တာ ကြာပါပြီ× × × စောင့်မားခဲ့တဲ့ အချိန်တွေဟာလည်း သိပ်× × × ကြာပြီ × × ×

အချစ်ဆိုတာဟာလည်း ခက်သားလားကွယ်× × × ရှင်းပြတိုင်း မရတဲ့ ပုစ္ဆာလို× × × ဝေးနေပါသော်လည်း မရဘူးလို့ထင်× × × လွမ်းနေပေမယ့်လည်း× × × မပြီးထင်သူရယ်× × မင်းအတွက် ရင်မှာ တစ်နေရာစာ ချန်ထားဆဲပါ× × × '





'Rဇာနည်' ၏ စွဲနစ်စွာ သီဆိုသံက သူမကို ထပ်ဆင့် အလွမ်းတွေ ပေးလေပြီကော။ မျက်ဝန်းမှာ မျက်ရည်တို့ ဖွဲ့သီလာခဲ့လေပြီ။ မျက်နှာကို ပြတင်းဘက် လှည့်လိုက်တော့ ပါးပြင်ပေါ် ပေါက်ခနဲ ကျသွားတော့သည်။ ညှာ မငိုချင်တော့ဘူး မောင်. . .။ သူ့မျက်ရည်တွေကို ခန်းခြောက်သွားအောင် မောင် ဖန်တီးပေးပါ။ ဘဝကိုယ်လုံး တောက်လောင်နေတဲ့ အလွမ်းမီးတွေကို မောင် ငြိမ်းသတ်ပေးပါ။ မောင့်ရင်ခွင်နွေးမှာ တစ်သက်တာ ခိုနားခွင့် ပေးလှည့်ပါနော်. . .။

လှိုင်သာယာကားဝင်းထဲသို့ ကားက ချိုးကွေ့ ဝင်ချလိုက်၏။ လက်ဆွဲအိတ်တစ်လုံးနှင့် လက်ဆောင်ပစ္စည်းတွေ ထည့်လာသည့်ခြင်းကို တစ်ဖက်စီဆွဲ၍ ကားပေါ်မှ ဆင်းလာခဲ့၏။ မောင့်ကို တွေ့ချင်သည့်ဇောဖြင့် ခြေလှမ်းတို့က သွက်လျက်သား။ Taxi ဘစ်စီးကိုတား၍ တက်ခဲ့သည်။ ကားကူရှင် နောက်ကျောပေါ် ခေါင်းကိုမှီ၍ မျက်စိအစုံကို မှိတ်ထားလိုက်သည်။ အမြင်တွေ ပိုဝါးလာသလိုပါပဲလား. . .။

●

ရပ်သွားသည့် ကားပေါ်မှ ဆင်း၍ တိုက်ပေါ်သို့ ပြေးတက်လာခဲ့၏။ မောင်တို့ဆိုင်ခန်း ပိတ်ထားသည်ကိုတွေ့၍ တိုက်ခန်းမှာ ရှိနေကြမည်အထင်ဖြင့် လှမ်းကြည့်လိုက်တော့ သော့ခတ်လျက်

သား၊ အင်အားမရှိတော့သည့် ခြေလှမ်းတို့ဖြင့် နွမ်းလျစွာ ရပ်၍ အခန်းတံခါးကို ခေါက်လိုက်ပါ၏။ ချပ်ခနဲ တံခါးဖွင့်သံနှင့်အတူ သူငယ်ချင်းသုံးယောက်ကို မြင်လိုက်ရလေသည်။

"ဟယ်. . . ညွှာ. . . ညွှာ ပြန်လာပြီ။ ဝမ်းသာလိုက်တာ"

ပြေးဖက်လိုက်သည့် သူငယ်ချင်းများ၏ လက်ထဲမှာ ဖျော့တော့စွာ ပါသွားရပြီး ဧည့်ခန်းမှာ ထိုင်လိုက်ကြသည်။ ရင်ရင်က အထုပ်တွေကို အထဲသွင်းလိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်၏။

"သူတို့ရော. . . ဘယ်သွားကြလဲ"

"ကိုရဲအဖေ မျက်စိခွဲတာကို လိုက်သွားကြတယ်"

သူမ လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။ သူငယ်အိမ်နက်နက်လေး မျှော်လင့်တကြီးဖြင့် ရင်ရင့်လက်ကို ဆွဲကိုင်လိုက်မိသည်။

"ဟယ်. . . ညွှာရယ်. . . နေမကောင်းဘူးလား။ ကြည့်စမ်း. . . လက်တွေလည်း အေးစက်နေတာပဲ"

"မောင်. . . မောင်. . . ဘာပြောလဲဟင်"

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ သူမက သူငယ်ချင်းများ၏မျက်နှာကို တစ်ဦးစီ စေ့စေ့လိုက်ကြည့်နေမိသည်။

"ညွှာ. . . စိတ်ကိုထိန်းကွယ်။ နင့်ကြည့်ရတာ အားမရလိုက်တာ။ ဖြူဖျော့ဖျော့နဲ့ လူမမာရုပ် ပေါက်နေပြီ"

"ညွှာ. . . ညွှာ. . . ဆေးရုံက ဆင်းလာခဲ့တာ"

"ဘာရယ်"





"ရန်ကုန်ရောက်ရင်. . . ဒီမှာဆက်ပြပါလို့ ဆရာဝန်က သေချာမှာလိုက်တယ်"

"ဘယ်ဆေးရုံ သွားရမှာလဲ"

"စိတ်ကျန်းမာရေးဆေးရုံ"

"ဘာ. . . ဟဲ့. . . ပေါက်တတ်ကရ. . . ညွှာနော်"

"ဟုတ်တယ်. . . ညွှာ. . . ညွှာတော့ ရူးနေပြီ။ တကယ်ပြောနေတာ ရင်ရင်ရဲ့။ ညွှာလေ. . . မောင့်ကို အများကြီး ရှင်းပြစရာတွေ ရှိတယ်။ မောင် နားထောင်ချင်ပါ့မလား။ မောင် ညွှာ့ကို အထင်လွဲသွားတယ် ရင်ရင်ရဲ့။ ညွှာလေ. . . ညွှာ. . . မောင့်ကိုပဲ ချစ်တာပါ။ မောင်နဲ့ပဲ လက်ထပ်ချင်တာ။ ဒါပေမဲ့. . . ဒါပေမဲ့ မောင်က ညွှာ့ကို ယုံတော့မှာ မဟုတ်ဘူး။ ညွှာ့အဖြစ်က ဆိုးပါတယ်။ အတိတ်ကလည်း အရုပ်ဆိုး အကျည်းတန်ခဲ့တယ်။ ပစ္စုပ္ပန်ကလည်း မသန့်ရှင်းပြန်ဘူး။ ညွှာတော့. . . ညွှာတော့ သေသွားတာကမှ ကောင်းပါတယ်"

"အို. . . နိမိတ်မရှိတာတွေ မပြောနဲ့ ညွှာရယ်။ ကိုရဲကို ရင်ရင်တို့ ဝိုင်းရှင်းပြမှာပါ။ ဘာမှ မစိုးရိမ်နဲ့နော်။ လာ. . . လာ အခန်းထဲမှာ အနားယူလိုက်ဦး။ ညွှာ. . . အရမ်းပင်ပန်းနေပြီ"

ရင်ရင်နှင့် စန္ဒီးက သူမကို ဟိုဘက်ဒီဘက် တွဲရပ်တော့ သူမ အသာတကြည် လိုက်လာခဲ့၏။ အခန်းထဲကိုရောက်တော့ လက်ဝံရုပ်လေးကို ယူ၍ပိုက်ကာ ခုတင်ပေါ် လှဲချလိုက်ပါသည်။

"ခြင်းတောင်းထဲမှာ လက်ဆောင်တွေ ပါလာတယ်။ ကျွတ်

ကျွတ်အိတ်တစ်လုံးက ရင်ရင်တို့အတွက်၊ အနီရောင်ကျွတ်ကျွတ်အိတ်က သူတို့အတွက်နော်"

"အေးပါ. . . အေးပါ. . . အခုလောလောဆယ် ညှာ အိပ်ပျော်အောင် အိပ်လိုက်နော် သိလား"

"မောင်ပြန်လာရင်, ညှာ့ကို နှိုးနော်. . . သိလား ရင်ရင်။ ညှာ့ကို ဆေးရုံလိုက်ပို့နိုင်မလားလို့။ မျက်စိထဲမှာလည်း ကြည့်လို့မကောင်းတော့ဘူး။ မှုန်ဝါးဝါးပဲ မြင်ရတယ်"

ရင်ရင်တို့သုံးဦးသား ညှာ့ကို ငေးကြည့်နေ၏။ အိပ်ခိုင်းနေပါသော်လည်း အိပ်ပျော်ခြင်းမရှိဘဲ မျက်စိက ကြောင်တောင်တောင်ဖြင့် အပေါ်ကိုသာ ငေးနေလေသည်။

ကိုရဲ ရင်ဖွင့်ထားသည့် စကားလုံးတွေသာ ပြောလိုက်ရင် ညှာတော့ တစ်ခါတည်း ရူးသွားမည်ထင်၏။ ညှာရယ်. . . သနားစရာကောင်းလိုက်တာ. . .။ ဘာတွေဘယ်လိုဖြစ်ခဲ့တာလဲ သူငယ်ချင်းရယ်. . .။

နောက်ဆုံးတော့ မတတ်သာသည့်အဆုံး အိပ်ဆေးတိုက်လိုက်တော့မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။ ညနေစောင်းတော့ ဆေးရုံမှ ကျော်စွာတို့ ပြန်ရောက်လာသဖြင့် ရင်ရင်က ညှာဝယ်လာသည့် လက်ဆောင်ထုပ်ကို သွားပေးပါ၏။

"ညှာ. . . ပြန်ရောက်နေပြီ ကိုကျော်စွာ။ ဒီမှာ. . . သူ လက်ဆောင်တွေ ဝယ်လာပေးတယ်"

"ငရဲက သူ့အဖေကို စောင့်ကျန်ခဲ့တယ်. . . ရင်ရင်ရဲ့"





"ကိုရဲ ပြန်လာတော့. . . ညှာ့ကို အတွေ့ခံပါ့မလား။ ညှာတော်တော် နေမကောင်းဖြစ်လာတယ်"

"ဒုက္ခပါပဲ. . .။ ငရဲက သူ့အဖေဆေးရုံကဆင်းရင် နယ်ကို အပြီးပြန်တော့မယ်လို့ ပြောနေတာ"

"ဒီပုံအတိုင်းဆို ညှာတော့. . . ညှာတော့. . . အသက်ရှည်မှာ မဟုတ်တော့ဘူး။ အခုတောင် လူက ယွဲ့ယွဲ့လေးပဲ ကျန်တော့တယ်။ သူ. . . ကိုရဲကို ရှင်းပြချင်တယ်တဲ့"

"ဟင်း. . . ခက်တာပဲ. . .။ ရဲဇင်က ပြတ်ပြီဆိုရင် ဘာမှဆက်ပြောလို့ရတာ မဟုတ်ဘူး။ ညှာ့ကို သူချစ်သူရဲ့ရင်ခွင်ထဲမှာ ရောက်နေတာကို မျက်မြင်ကိုယ်တွေ့ မြင်လာပြီးကတည်းက သူ့ရဲ့ ကွဲသွားတဲ့အသည်းကို နယ်မှာပဲ ကုစားတော့မှာတဲ့။ ဒီမှာ ဆက်နေရင် ညှာ့ပုံရိပ်တွေ မြင်နေရမှာပဲ. . . သူ မခံစားနိုင်ဘူးတဲ့ ရင်ရင်ရယ်။ သူတို့နှစ်ယောက်ကို ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ"

"လောလောဆယ် ရင်ရင်တို့လည်း ကိုရဲအကြောင်းကို ညှာ့ကို ဖွင့်မပြောသေးဘူး။ တော်ကြာ တစ်ခုခုထပ်ဖြစ်မှာ စိုးလို့"

"အင်း. . . သူတို့ချင်းတွေ့မှ ရှင်းလိုက်တာပဲ ကောင်းပါတယ်"

"အင်းလေ. . . ဒါဖြင့် ရင်ရင် သွားမယ်နော်"

ညက နှင်းမှုန်တို့ လွှမ်းခြုံလျက် မှုန်ပျပျသာ သာနေလေ၏။ ဝရန်တာမှာ ထွက်ရပ်နေရင်း လမင်းကို ငေးနေမိသည်။ အသက်ရှူရတာ သိပ်မဝ။ မနက်ဖြန်ပဲ ဆေးရုံသွားရင် ကောင်း

မလား။ ဟင့်အင်း မဖြစ်သေးပါဘူး။ ရင်ရင်တို့ အလုပ်သွားကြမှာလေ။ ပြီးတော့ ညာလည်း စာသွားသင်ရဦးမှာ။ မောလိုက်တာနော်။ ဆရာဝန် ပေးလိုက်တဲ့ဆေး သောက်ဦးမှ။ နှလုံးကလည်း မကောင်း။ မျက်လုံးကလည်း မကောင်း။ ညာတော့ လူမမာကြီးလုံးလုံး ဖြစ်နေပါရောလား။

စာကြည့်စားပွဲအံဆွဲထဲ ထည့်ထားသည့် မျက်မှန်က ထားနေကျနေရာမှာ မရှိ။ ဘယ်နား အထားမှားမိပါလိမ့်။ စားပွဲပေါ်ထားတာ ညာ့ဆေးတွေပဲ။ အဖုံးက အပြာရောင်။ ဟုတ်တယ်၊ ဒါအပြာလား၊ အစိမ်းလား။ သိပ်မသဲကွဲ။ ဖွင့်၍ လက်ထဲမှာ ကြည့်လိုက်တော့ ဖြူဖြူလုံးလေးတွေ၊ ဟုတ်မှာပါ။ ပုလင်းကို ပြန်ချရင်း လက်ထဲမှ ဆေးတွေပြန်ထည့်စဉ် သဥ္ဇာက သူမလက်တို့ကို ပုတ်ချလိုက်လေ၏။

"ခွမ်း . . ."

"ဟဲ့"

"ညာ . . . ညာ . . . အဲဒါ ဘာလုပ်တာလဲ"

"ဆေး သောက်မလို့လေ"

"ဘာရယ် . . ."

ရင်ရင်နှင့် စန်းပါ ကျုံးထလျက် အနှံ့အပြား ပြန့်ကြဲနေသည့် ဆေးလုံးများနှင့် ကွဲနေသည့် ဆေးပုလင်းကို တအံ့တသြ ကြည့်လိုက်ကြ၏။

"ညာ . . . မောလို့ပါ"





"မောရင် . . . သဥ္ဇာတို့ကို နှိုးပါလား။ ဘာဖြစ်လို့ အိပ်ဆေးတွေ တစ်ပုံကြီး သောက်ဖို့ ကြံတာလဲ ညာရဲ့ . . . ဟင်။ ဒီဆေးတွေ အများကြီးသောက်မိရင် ညာ သေသွားမှာပေါ့။ ဒါကို မသိဘူးလား"

"မဟုတ်ပါဘူး . . .။ ညာ . . . တစ်လုံးတည်း သောက်မလို့ပါ"

"ဒါ . . . တစ်လုံးလား။ လက်ထဲမှာ ကိုင်ထားတာ ဆယ်လုံး မကဘူး ဒုက္ခပါပဲ"

"ညာရယ် . . . ဘာတွေလျှောက်လုပ်နေတာလဲဟင်"

"ညာ မညာပါဘူး ရင်ရင်ရယ် . . .။ ညာ့နှလုံးဆေးကို တစ်လုံးတည်း သောက်မလို့ပါ။ အဲဒါ တကယ်ပါ"

"နှလုံးဆေး . . .၊ နှလုံးဆေးက ဒီအံဆွဲထဲမှာလေ။ ဟဲဒါက အိပ်ဆေးတွေလေ ညာရဲ့"

"အိပ်ဆေး . . . ဟုတ်လား။ ပုလင်းအဖုံးက အပြာလေးလေ"

"အဲဒါ အစိမ်းရောင်အဖုံး . . . ညာရဲ့"

"ညာ့မျက်စိထဲ အပြာမှတ်နေတာ။ တကယ်ပါ သဥ္ဇာရယ်။ ညာ နှလုံးဆေးထင်ပြီး တစ်လုံးတည်း သောက်မလို့ပါ။ ကျန်တဲ့ ဆေးတွေကို ပုလင်းထဲ ပြန်ထည့်မလို့ လုပ်နေတုန်း . . . သဥ္ဇာ ပုတ်ထုတ်လိုက်တာလေ။ ဒီမှာ . . . ကွဲကုန်ပြီ"

သူမက ပုလင်းအကွဲများကောက်ရန် ပြင်လိုက်တော့ စန်းက သူမကိုဆွဲ၍ ခုတင်ပေါ် ထိုင်ခိုင်းလိုက်ပါ၏။

"မလုပ်နဲ့ ညာ. . .။ ရင်ရင် လုပ်လိမ့်မယ်. . . ထိုင်"

"ညာ့မျက်စိ တော်တော်မှန်နေတာပဲ။ မဖြစ်ဘူး၊ မနက်ဖြန် မျက်စိသွားစစ်ရအောင်နော်။ မျက်မှန်လိုတော့ အသစ်ပြောင်းတာပေါ့ ဟုတ်ပြီလား. . .။ ရင်ရင် ခွင့်ယူလိုက်မယ်"

"မောင်နဲ့အတူတူ သွားပြမလားလို့. . . ရင်ရင်ရဲ့"

"ကိုရဲက သူ့အဖေကို စောင့်နေလို့ ဆေးရုံမှာပဲ ရှိနေတယ် ညာရဲ့။ ဒီကိုတောင် ပြန်မလာဘူး။ ဦး. . . ဆေးရုံကဆင်းမှ တွေ့ကြပေါ့"

"အင်းလေ. . . မောင် မအားလည်း နေပါစေ။ ရပါတယ်"

"ညာ. . . ပြန်မေးလိုက်ပါလား။ မနက်လင်းတော့မှပဲ ရင်ရင်တို့ ရုပ်နာရီလောက် သွားကြတာပေါ့နော်"

"အင်း. . . အင်း"

ဘမှ ခုတင်ပေါ် လှဲချလိုက်ပါ၏။ သူငယ်ချင်းသုံးယောက်သား ညာ့ကိုစိတ်မချနိုင်ဘဲ မိုးလင်းသည်အထိ ငုတ်တုတ်ထိုင်စောင့်နေကြလေသည်။

● ၈ ●



အခန်း ( ၂၈ )

"ဘယ်က ဟာလဝါ ဝယ်လာတာလဲ"

"ဝယ်လာတာ မဟုတ်ဘူး. . .။ ညာ ယူလာတာ"

"ညာ ယူလာတာ. . .၊ သူ ရောက်နေတယ်ပေါ့။ သူ့လူ ...ရာ ပါလာ လား။ ဒါဆိုရင်တော့ ဖေဖေ ဆေးရုံက ဆင်းတာနဲ့ . . . နယ်ကို တန်းပြန်တော့မယ်"

"ညာနဲ့တော့ တွေ့သွားပါဦး ငရဲရာ. . .။ သူ့ခမျာ ယှဲ့ယှဲ့ ...းပဲ ရှိတော့တယ်။ ဘာလူမှ ပါမလာဘူး။ အခုတောင် ရင်ရင် ...ဆေးရုံ လိုက်ပို့နေတယ်"

"ဘာဖြစ်လို့လဲ"

"လောလောဆယ် မျက်စိစစ်တာပဲ။ ပြီးရင် နှလုံးခွဲရမယ်

ဆိုလား. . .။ သိပ်တော့ မသေချာပါဘူး"

"ငါက သူ့လူနဲ့ အဆင်ပြေပြီး. . . ယူဖြစ်ပြီထင်တာ"

"ယူမယူတော့ မသေချာဘူး။ စိတ်ကျန်းမာရေး ဆေး ရောက်ဖို့တော့. . . သေချာတယ်။ မနက်လေးနာရီလောက်က အိ ဆေးတွေ ထသောက်ပြီး သေကြောင်းကြံစည်တာ ကံကောင်း သဋ္ဌာ လက်ဦးသွားလို့. . . သီသီလေးမှီတာ"

"ဘာရယ်"

"ဟုတ်တယ် ငရဲ. . .။ အခု ညာက အရင်တုန်းက ည မဟုတ်တော့ဘူးကွ။ ငေးငေးငိုင်ငိုင်နဲ့ သူ့နှုတ်ကလည်း တဖွဖွ ရွတ်နေတာ တမောင်မောင်နဲ့။ မင်း သူ့ကို အထင်လွဲသွားတာ သူ တောင်းပန်ချင်ပါတယ်တဲ့။ ငါတော့ ကြိုမြင်နေတယ် ကောင်. . .။ မင်းသာ မုန်းတယ်လို့ ပြောလိုက်ကြည့်။ သူ တစ် တည်း ရူးပြီးမှ. . . သေမှာ"

"ငါ မယုံရဲဘူး ဝဏ္ဏရာ။ ဒီကို ခဏပြန်လာပြီး ကျော ပိတ်ရင် သူ အပြီးပြန်ချင် ပြန်မှာပေါ့။ ငါက. . . ငါက ဘယ မျက်နှာနဲ့ သူ့ကို ရင်ဆိုင်ရမှာလဲ။ သူ စိတ်ချမ်းသာတဲ့လမ်းကို ရွေးပါစေဆိုပြီး ငါ ထားရစ်ခဲ့တာလေ"

"အေး. . . ပထမတစ်ခါလည်း ဆေးရုံပေါ် ရောက်သွ တာနော်။ အခုတစ်ခါဆိုရင်တော့ ငါ မပြောတော့ဘူး"

ကင်တင်းမှာထိုင်၍ ထမင်းစားနေရာမှ ရပ်လိုက်၏။ ဝ ဘာလဝါဘူး ယူလာပေးတော့မှ ညာ ရောက်နေမှန်း သူ သိလို





ရခြင်းပင်။ ညာရယ်. . .၊ မောင် ဘယ်လို ယုံကြည်ရမလဲ။ မောင့် ဗျက်စိထဲက မြင်ကွင်းက ခုချိန်ထိ မပျောက်သေးတာ အမှန်ပါ. . .။

"ငါ. . . ဒီည စောင့်ပေးမယ်"

"နေပါစေ ဝဏ္ဏ. . .။ မနက်ဖြန် ဖေဖေ ဆေးရုံက ဆင်း မှာပဲ။ ငါပဲ ဆက်စောင့်မယ်"

"မင်းကို ညာ မျှော်နေတာလည်း. . . သိဦး"

"အေးပါ. . . ငါ ညာနဲ့ တွေ့မှာပါ။ စိတ်ချ. . ."

"ဒါဖြင့် ငါပြန်တော့မယ်"

"အေး"

●

ညှော်ခန်းထဲ ညာထိုင်လိုက်တော့ သုံးယောက်သား ခေါင်း ခဲသွားကြ၏။ အရင်ထက်ပို၍ ပိန်သွယ်သွားပုံလေးက အထင်း သား။ အသစ်တပ်လာရသည့် မျက်မှန်ကို ချွတ်၍မရသဖြင့် တပ် သားရတော့ စိတ်အိုက်နေရသည်။

"ညာ့ကို မညာပါနဲ့နော်. . .။ ညာ အမှန်အတိုင်းပဲ သိချင် ပါ။ မောင် တကယ်ပဲ ဒီမှာ မရှိတော့တာလား"

"ရှိပါတယ် ညာရဲ့. . .။ ဆေးရုံမှာပါ"

"ဒီကို တစ်ခါမှ ပြန်မလာဘူးဆိုတော့ ညာ့ကို မမြင်ချင် တော့လို့ ရှောင်တာနေမှာပေါ့နော်"

"မဟုတ်ပါဘူး ညာရဲ့. . .။ မနက်ဖြန် သူ့အဖေ ဆေးရုံဆင်းမှာပါ။ သူ ညာနဲ့တွေ့မှာ. . . စိတ်ချ"

သူမ တစ်ချက်ငိုင်ကျသွားသည်။ နောက်မှ အားယူ၍ ပြုံးလိုက်ပါ၏။

"မောင့်ကို ပြောပေးပါ ကိုကျော်စွာ။ ညာ. . . ညာ. . ."

သူမ စကားကို ဆက်မပြောဘဲ ရပ်လိုက်ကာ မျက်ရည်ဝဲလာမိသည်။ မောင်ရယ်. . .၊ ညာ့မှာ မောင့်ကို ရှင်းပြချင်တဲ့ ခွန်အားတွေတောင် မရှိတော့ပါလား။

"ဖြည်းဖြည်းပြောလေ. . . ညာ။ ကျွန်တော်တို့ သူ့ကို ပြောပေးမှာပါ။ ဖြည်းဖြည်းသာပြော. . ."

"မနက်ဖြန်ညနေမှ မောင်ပြန်ရောက်မှာဆိုတော့ ညာကလေးတွေကို စာသွားသင်နေရပြီလေ။ ပြီးတော့ မောင့်ခမည်းအဖေကို စောင့်ရတော့ ပင်ပန်းမှာ. . . မောင်နားပါစေ။ မောင်မေးမှသာ ပြောလိုက်ပါ။ ညာ. . . မောင့်အပေါ် သစ္စာမမဲ့ပါဘူးလို့။ ညာ့ရင်ထဲမှာ မောင်ပဲရှိတာပါ။ မောင့်ကိုပဲ ညာ လက်ထပ်မှာပါပေမဲ့. . . ဒါပေမဲ့. . . မောင် ညာ့ကို ရွံနေ မုန်းနေရင်တော့ ညာ နောက်ဆုတ်ပေးပါ့မယ်။ မောင် ညာ့ကို ရှောင်ပြီး နယ်ကိုပြန်ဖို့ မလိုပါဘူး။ ညာပဲ. . . ညာပဲ. . . ဒီကနေ ထွက်သွားပေးပါမယ်လို့ သေသေချာချာ ပြောပေးပါ ကိုကျော်စွာ။ ညာ တောင်းပန်ပါတယ်"

"အင်းပါ ညာရယ်. . . ကျွန်တော် သေချာပြောလိုက်ပါ့မယ်. . . စိတ်ချပါ"

"ညာ့ကို မောင် ငြင်းမှာပဲ. . . ညာ ဒီလက်စွပ်လေး ပြန်ပေးပါ့မယ်။ မောင်က ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒီလက်စွပ်ကို ချွတ်ရဘူးလို့ မှာထားလို့ပါ. . . နော်"

မျက်ရည်လေးဝဲလျက် ပြောနေပုံလေးက သနားစရာလေးပင်။ ဘေးမှာ နားထောင်နေသည့် သူတို့သုံးယောက်စလုံးတောင် ငိုချင်လာမိသည်။ သူမ ထရပ်လိုက်၏။ နောက်ထပ် ဘာမှ ထပ်မပြောတော့ဘဲ အခန်းထဲမှ ထွက်သွားတော့သည်။

●

စာကြည့်စားပွဲမှာထိုင်၍ Notes စာရွက်တို့ကို ပြန်စစ်နေစဉ်။ ရင်ရင်က Tea mix တစ်ခွက်ဖျော်၍ စားပွဲပေါ် လာတင်ပေးသည်။

"မျက်စိအာရုံ သိပ်မစိုက်နဲ့လေ ညာ။ ဆရာဝန် မှာထားတယ် မဟုတ်လား။ ညဘက်ကြီး ပိုဆိုးဦးမယ်။ အနားပေးလေ"

"ရင်ရင်ရယ်. . .။ နဂိုကမှ ညဘက် မအိပ်ရတဲ့ကြားထဲ ဒီလိုနှယ့် Tea mix ဖျော်တိုက်ရတာလဲ"

"ညာ သောက်ချင်တယ်ဆိုလို့ပါ စနိုးရယ်"

သူမ တစ်ချက်ပြုံးလိုက်ပြီး Tea mix ကို အေးအောင်ထား၍ ဖြည်းဖြည်းချင်း သောက်လိုက်ပါသည်။ စာရွက်တွေကို File

ထဲထည့်ကာ အံဆွဲထဲ ထည့်သိမ်းလိုက်သည်။ ခုတင်ပေါ် ဇက်ထိုင်၍ ဝက်ဝံရုပ်လေးကို ဖက်ထားလိုက်ပါ၏။

"မနက်ဖြန် မောင်တို့သားအဖအတွက် ညှာ ဟင်းချက်ထားတာ ပို့ဖြစ်အောင် ပို့ပေးနော် ရင်ရင်။ မောင်က စားတော်စားပါ့မလား မသိပါဘူး။ ပြီးတော့ မောင် ဘာပြောသလဲ နားထောင်လာခဲ့ပေးနော်။ မောင် ဘာပြောပြော ညှာ့ကို အမှန်အတိုင်း ပြောပါ။ ညှာ. . . ကြုံလာသမျှကို ခံနိုင်ရည်ရှိအောင် ကြိုးစားမှာပါ။ အင်း. . . မောင် မပြောပေမယ့် ညှာက ကြိုသိပြီးသားပါ။ မောင် ညှာ့ကို အရမ်းရွံရှာနေမှာပဲ. . . သိလား ရင်ရင်။ မောင် ညှာ့ဆီကို လာတော့လေ ညှာ့ကို. . . ညှာကို ကိုကြီးက အတင်းပွေ့ဖက်ပြီး"

"ညှာရယ်. . . တိုက်တိုက်ဆိုင်ဆိုင်မှ ဖြစ်ရတယ်လို့"

"ဟုတ်တယ်. . . ညှာ့ကိုက ချစ်ကံခေလွန်းတာပါ ရင်ရင်ရယ်။ ညှာ့ကိုလေ. . . သူတို့ အရမ်းကို ချစ်နေကြတုန်းပဲ။ သဲသဲကဆို. . . သဲသဲဆိုတာ မမနဲ့ ကိုကြီးရဲ့သမီးလေးပေါ့။ နာမည်က သဲမြညှာတဲ့။ ညှာ့နာမည်ကိုပဲ ပေးထားတာ။ သဲသဲက ညှာ့ကို မေမေလို့ပဲခေါ်တယ်။ ဘွားတို့ကလေ ညှာ့ကို ရှိသမျှရတနာပစ္စည်းတွေပုံပြီး တင်တောင်းကြတာပါ။ အဲဒါတွေ ညှာ မလိုချင်ဘူး၊ အထူးသဖြင့် ကိုကြီးက အရင်ကထက်ပိုပြီး အတင့်ရဲလာတယ်၊ ညှာ့ကို ဆုံးရှုံးရမှာ သိပ်စိုးရိမ်တာပေါ့"

အင်္ဂ သိပ်ကြီးတဲ့လူ. . .။ သူတစ်ကိုယ်လုံး အတ္တတွေနဲ့ ပိတ်လှောင်ဖုံးအုပ်နေတာပဲ။ သူ့စိတ်တိုင်းကျ ညှာ့ကို အပိုင်သိမ်း





ချင်တာ. . .။ ပထမတော့ သဲသဲကြောင့် ညှာ တော်တော်တွေဝေခဲ့မိတာ အမှန်ပဲ။ ဒါပေမဲ့ ကိုကြီးရဲ့ အပြုအမူတွေကြောင့် ညှာ သူ့ကို ပိုကြောက်လာမိတာ။ သူ့အချစ်က ညှာ့ကို လောင်မြိုက်စေတယ် ရင်ရင်ရဲ့. . .။ မောင်ကလေ ညှာ့ကို အမြဲ စိတ်ချမ်းသာအောင်ထားတာ"

"ညှာလေ. . . ညှာ. . . မောင့်မျက်နှာလေးကို မြင်ချင်လွန်းလို့ ဒီကို အပြေးပြန်လာခဲ့တာပါ။ မောင့်ကို ရွေးချယ်ဖို့ ညှာ စွန့်လွှတ်ခဲ့ရတာတွေ အများကြီးပဲ။ အထူးသဖြင့် ဖေဖေက ညှာ့ကို စိတ်နာသွားတာ။ နှလုံးသားနဲ့ ခံစားချက်ကိုပဲ ဦးစားပေးတဲ့သမီးတဲ့။ ညှာ မမှားပါဘူးနော်။ ညှာ့နှလုံးသားဟာ သူတို့ကြောင့် တစ်ခါသေခဲ့ပြီးပါပြီ။ အခု မောင့်ကြောင့် ရှင်သန်လာတဲ့ နှလုံးသားကို သူတို့လက်ထဲ ထည့်မပေးနိုင်ပါဘူး။ ညှာ့ကို တစ်ခါလေးတော့ အနိုင်ယူခွင့် ပေးသင့်တာပေါ့နော်. . .။ ပြောသာပြောရတာပါလေ. . .၊ မောင်က ညှာ့အဖြစ်အပျက်ကြီးကို မျက်ဝါးထင်ထင် တွေ့သွားရရှာတာ"

"မောင် သနားပါတယ်။ ဘယ်ဘက်ကပဲတွေးတွေး မောင်က သိပ်သနားဖို့ကောင်းတာ ရင်ရင်ရဲ့။ သူ့ခမျာ ဒုတိယနေရာမှာ သူများနမ်းရှိုက်ပြီးသား ပန်းတစ်ပွင့်ကိုတောင်မှ ပိုင်ဆိုင်ခွင့်ရဖို့ စောင့်နေရရှာတာ။ ညှာ ဆုံးဖြတ်ထားပါတယ်။ တကယ်လို့ ညှာ့အကြောင်းတွေကို မောင့်မိဘတွေ သိသွားပြီး သဘောမတူဘူးဆိုလာရင် ညှာ. . . ညှာ နောက်ဆုတ်ပေးမှာပါ။ မောင်နဲ့ ဘဝချင်း

မပေါင်းစပ်ရပေမယ့် ချစ်သူ ဖြစ်ခွင့်ရခဲ့ရုံလေးနဲ့ ညာ ကျေနပ်ပါတယ်။ မောင်. . . ညာ့ကို ခေါင်းခါလိုက်တာနဲ့ ညာ ဒီမြေက အဝေးဆုံးကို ထွက်သွားမှာပါ။ ညာ ထွက်သွားလို့ ရင်ရင်တို့ ဒီအခန်းကနေ သွားစရာမလိုဘူးနော်။ သိလား. . . ညာ့မှာ. . . ညာ့မှာ သွားစရာမြေက သိပ်ကျဉ်းလွန်းပါတယ်"

ဘာတစ်ခုမှ ပြန်မပြောနိုင်တော့ဘဲ ညာ့ကို အငေးသား ကြည့်နေ၏။ ညာက ဝက်ဝံရုပ်လေးကို ခပ်ဖွဖွ နမ်းလိုက်ပြီး ခုတင်ပေါ် လှဲလိုက်ပါသည်။

"အချစ်ဆိုတာ လူတွေကို ရူးသွပ်စေတယ်တဲ့။ ညာက လက်တွေ့ကြုံလို့သာ ယုံလိုက်ရတာပါ။ ဘာပဲဖြစ်ဖြစ်. . . ရင်ရင်တို့လည်း ဘဝမှာ အချစ်ဆိုတာကို တစ်ကြိမ်တစ်ခါတော့ ကြုံကြရမှာပါပဲ။ အဲဒီအခါ ညာ့လိုအမှားမျိုး၊ ညာ့လို နောင်တမျိုး မရရှိစေဖို့ သတိနဲ့ ဆင်ခြင်ကြပါနော်။ ဟင်း. . . ဟင်း. . . ညာကတော့ အသည်းနှလုံး ဟက်တက်ကွဲဖူးလို့ သိခဲ့ပါပြီ။ အင်း. . . ညာ့ရင်ထဲမှာ အသည်းနှလုံးတောင် အကောင်းပကတိ ရှိသေးရဲ့လား မသိတော့ပါဘူး။ အစိတ်စိတ်အမြွာမြွာကွဲပြီး အငွေ့ပျံသွားပြီ ထင်ပါရဲ့"

"ညာရယ်"

သူမ မျက်ဝန်းအစုံကို မှိတ်ချလိုက်၏။ မျက်ဝန်းမှ မျက်ရည်စီးကြောင်းနှစ်ခု စီးဆင်းသွားတာကို မသုတ်ဖြစ်တော့ပါ။ ဒီအတိုင်း စီးကျပါစေလေ။

● ● ●



အခန်း ( ၂၉ )

လှေကားရင်းမှောင်ရိပ်မှာ ရပ်စောင့်နေ၏။ အပေါ်ထပ်မှ ခပ်မှန်မှန် ဆင်းလာသည့်ခြေသံကို ကြားရသည်။ မီးလုံးနီနီလေး သွန်းထားသည့် အလင်းအောက်မှာ သူမ ပေါ်လာ၏။ ညာလက်ဖြင့် File ကို ရင်ခွင်ထဲ ပိုက်ထား၏။ အသစ်တပ်ထားရသည့် မျက်မှန်ကိုင်းကို ဘယ်လက်ဖြင့် တွန်းတင်လိုက်စဉ် လက်ခလယ်မှ လက်စွပ်လေးက မီးရောင်ဖြင့် လက်ခနဲဖြစ်သွားလေသည်။

ကြည့်ပါဦး. . .။ ဘယ်လောက် ကျက်သရေရှိလိုက်တဲ့ မောင့်ချစ်သူလေးလဲ။ ထုံးစံအတိုင်း ခေါင်းပေါ်မှာ ဆံပင်လေးတွေက ထိုးထိုးထောင်ထောင်၊ လုံခြည်က တိုနံ့နံ့၊ ပြော ညာဝတ်ထားတာ သူ့ရှပ်မီးခိုးရောင်လေးပါလား။ သူ အလင်းအောက်ထဲ ထွက်

ရယ်လိုက်တော့ သူမက တအံ့တသြဖြင့် သူ့ကို ငေးကြည့်လိုက်ပါ၏။ သူ့က ညာဘက်လက်ကို ကမ်းပေးလိုက်ပါသည်။

သူမမျက်နှာမှာ ရှက်ပြုံးတစ်ခု ပွင့်လာ၏။ မျက်မှန်ကြည်ကြည်လေးအောက်ရှိ မျက်ဝန်းနက်လေးများ တလက်လက် တောက်ပလာလေသည်။ လှေကားထစ်များကို ပြေးဆင်း၍ သူ့လက်ထဲသို့ သူမလက်ကလေးကို ထည့်ပေးလိုက်ပါ၏။ သူက အရင်ဦးဆုံး လက်ဖမိုးလေးကို ယူ၍ မွှေးလိုက်၏။ လက်မှတစ်ဆင့် သူမ၏ကိုယ်လုံးလေးကို ဖျတ်ခနဲ ဆွဲ၍ ပွေ့ဖက်ထားလိုက်သည်။ မှောင်ရိပ်ကျနေသည့်နေရာမှာပင် သူမလည်တိုင်လေး နွေးခနဲ ဖြစ်သွားလေ၏။

သေချာတာကတော့ မှောင်နှင့်ညှာ ဘာတစ်ခုမှ ဖြေရှင်းပြစရာ မလိုတော့ဘဲ နားလည်မှု ရလိုက်ကြတာသာ အမှန်ပင်ဖြစ်တော့၏။

In his arms I never thought of anything except how they felt around me.

**သူ့လက်များနှင့် သိုင်း၍ ပွေ့ဖက်ထားခြင်းကို ခံစားမိရုံမှတစ်ပါး ကျွန်မ အခြား ဘာကိုမှ မတွေးမိတော့ပါ…၊**

**လေးစားလျက်…**

**မမသဉ္ဖြူမောင်**

**18th Aug: 2007**
**PM ( 11 : 13 )**

ရင်တာဖိုဖို
ရင်တာသိမ့်သိမ့်
အပျော်လေးတွေနဲ့
ရင်သိမ့်တုန်ဝတ္ထု

# ကောင်းကင်ကိုကို

သမုဒယကမ်းခြေမှာတင်ကျစ်ရစ်ခဲ့သော
အချစ်ပန်းလေးတစ်ပွင့်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၅၉၃၁၁၀၇